ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏ ကြွေးကြော်သံ

အတွဲ(၃) အမှတ်(၂) ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ









# စာတည်းအဖွဲ့ အမှာ

## နှစ်ချုပ်နဲ့ ICJ (နိုင်ငံတကာတရားရုံး)

(အပိုင်း ၁)

က။ နှစ်ဆန်းကနေ နှစ်ကုန်အထိ တိုင်းပြည်အခြေအနေဟာ အားရစရာမရှိ။ အီလည်လည်ကြီး ဖြစ်လာလိုက်တာ နှစ်ကုန်မယ်လည်းလုပ်ရော တခါတည်း ICJ နဲ့တိုးတော့တာပါပဲ။ မြေပဲလှော် မကျက်တကျက် ဝါးနေရင်း နောက်ဆုံးအအောက်တတောင့် ဝါးမိလိုက်တာနဲ့ တူနေပါတော့တယ်။

တိုက်ပွဲသံတွေက ဆူညံနေတယ်။ အပစ်ရပ်ကာလဆိုတာကလည်း ဟန်ပြပဲ။ တနေရာ ရပ်ထားရင် တနေရာက ဖြစ်နေတယ်။ အရှေ့ခြမ်းရပ်ထားရင် အနောက်ခြမ်းမှာ ပြောင်းဆန်နေတယ်။ တအုပ်စုတဖွဲ့နဲ့ သောက်ပွဲစားပွဲ ဖြစ်နေရင် နောက်တအုပ်စုအတွက် ကျင်းကျယ်ကျယ်နက်နက် တူးထားနိုင်းသလို ဖြစ်နေတယ်။

NCA အတွက်ဖွဲ့ထားတဲ့ ကော်မတီ၊ ကော်မရှင်၊ အလုပ်အဖွဲ့တွေက ဆွေးနွေးပွဲတွေ ပြည်တွင်းမှာ လုပ်လိုက် အိမ်နီးချင်းနိုင်ငံတွေမှာလုပ်လိုက် လုပ်နေတာ ပြတ်တယ်မရှိ၊ မရှင်းမရှင်းရလဒ်တွေနဲ့ အကောင်အထည်မပြနိုင်တာတွေပဲ ထွက်လာနေတယ်။ ဒါတွေကို နိဂုံးချုပ်ပြီး တိုင်းရင်းသားတွေဘက်က အသံမျိုးစုံ ထွက်လာခဲ့တယ်။

- တပ်မတော်က ကပျက်ယပျက်လုပ်နေလို့ NCA မအောင်မြင်တာ

- လက်မှတ်ထိုးထားတဲ့ အဖွဲ့တွေနဲ့တောင် ပြေလည်အောင်မလုပ်နိုင်တာ မထိုးရသေးတဲ့ သူတွေနဲ့ဆို စဉ်းစားကြည့်

- ကိုယ့်မှာ လက်နက်ကိုင်အင်အားကြီးထွားလာအောင် လုပ်မထားနိုင်ရင် ဘာမှပြောလို့ဆိုလို့ရမှာ မဟုတ်ဘူး

စစ်တပ်ဘက်ကတော့- 'တပ်ချုပ်ကပြောတယ်၊ လက်နက်ကိုင်ပြီး ငြိမ်းချမ်းရေးစကားပြောနေလို့ မဖြစ်ဘူး' ...တဲ့

အစိုးရဘက်ကတော့- မပေးနိုင်တာတွေ တောင်းဆိုနေတာ ဘယ်လိုလုပ်ပေးရမလဲ-တဲ့။ ချုပ်လိုက်ရင် ဒီနှစ်တော့ ငြိမ်းချမ်းရေးနဲ့ ဝေးပြန်ပြီ။

ခ။ လွှတ်တော်နိုင်ငံရေး လွှတ်တော်ထဲမှာ ပွဲဆူအောင် လုပ်နိုင်တဲ့အဖွဲ့က ၂ ဖွဲ့ပဲ ရှိတယ်။ ဒီချုပ်နဲ့ စစ်တပ်ကိုယ်စားလှယ် အစုပဲ။ စစ်တပ်ဘက်က တနှစ်လုံး ပြောနေတာက ကာလုံခေါ်ရေး၊ ၂၀၀၈ ခြေဥ အနှစ်သာရ မပြောင်းရေးဖြစ်ပြီးတော့ ဒီချုပ်လှမ်းလာတာက ၂၀၀၈ ပြင်ဖို့ဆိုတာ ဖြစ်လေတော့ ထိပ်တိုက်တိုးမိနေတယ်။

စစ်တပ်က ဒီချုပ်ခြေလှမ်းကို နည်းမျိုးစုံနဲ့တားတယ်။ အာဏာသိမ်းလို့ရနိုင်တယ်ဆိုတဲ့ မြိမ်းခြောက်သံတွေ ထွက်လာတယ်။၂၀၀၈ ပြင်ရေးကို ၂၀၀၈ ဘောင်ထဲက လစ်ဘရယ်နည်းနဲ့ပြင်မှာဆိုတာ ရှင်းသွားတဲ့အခါ ပွဲပြီးမီးသေ ပြန်ဖြစ်သွားတယ်။

သို့သော် NCA မှာတော့ ပေါင်းလူပ်ရှားကြတာ တွေ့ရတယ်။ ဒီလို နှစ်ကိုယ့်တစိတ် ပေါင်းလည်းပေါင်း တိုက်လည်းတိုက် ပေါ်လစီကျင့်သုံးပြီး လှုပ်ရှားနေကြတာကတော့ ကြာပါပြီ။ စစ်အုပ်စုဘက်က စစ်တပ်လုပ်ဟန်အတိုင်း တိုက်ပြီး ဒီချုပ်ဘက်က နိုင်ငံရေးအကွက်နဲ့တိုက်တာ - ဒါပဲ ကွာတယ်။ ကိုယ့်အကျိုးစီးပွားနဲ့ကိုယ် တိုက်နေကြတာ ဖြစ်တယ်။ မျှော်ထားတာ မရတော့လို့ ပွင့်ထွက်လာကြတဲ့ သဘော ဆောင်ပါတယ်။

ခုနောက်ပိုင်းမှာတော့ ဒီချုပ်ဘက်က ဦးပေါ်ဦးဆင်ဖြူတော်စီမံကိန်းလိုမျိုး အခု ၅၀ ရာခိုင်နှုန်း တပြည်လုံး မီးလင်းပြီ၊ နောက် ၁၀ နှစ် (၂၀၃၀) ဆိုရင် တပြည်လုံး လျှပ်စစ်မီး ထိန်ထိန်လင်းစေရပါမယ်ဆိုတာမျိုး၊ အာဆီယံမှာ တိုးတက်မှုအမြင့်ဆုံး ဖြစ်နေပြီဆိုတာမျိုး ကြော်ငြာတွေ ဝင်လာရပါတော့တယ်။

၀။ သံတမန်ရေး- ဒီနှစ်အတွင်းမှာ နိုင်ငံကြီးတွေအားလုံးလောက် ဗမာပြည်ကို ပစ်ကွင်းထားပြီး ကသောကမျော ဝင်ဟယ်ထွက်ဟယ် ဖြစ်လာကြတယ်။ ထူးခြားချက်အနေနဲ့ တချို့များ (ရုရှားသံအမတ်၊ ဂျပန်သံအမတ်) ဗမာလို အင်တာဗျူးမေးတာဖြေတာ ဝါဒဖြန့်တာ လုပ်နိုင်တဲ့ အဆင့်ရောက်အောင် လေ့လာခဲ့ကြပြင်ဆင်ခဲ့ကြတာ တွေ့ရတယ်။ ဖြတ်လမ်းက မီအောင်လိုက်တဲ့ သဘောပဲ။ တရုတ်ပြည်ဘက်ခြမ်းမှာလည်း တရုတ်-ဗမာ သင်တန်းတွေ ခေတ်စားနေတာကြာပါပြီ။ သူတို့တတွေက ဗမာပြည်က စစ်တပ်ကိုရော ဒီချုပ်အစိုးရကိုပါ နည်းနည်းမှ မဝေဖန်၊ အပြစ်မပြောတာ ထူးထူးခြားခြား တွေ့နေရတယ်။

ဒီလိုနဲ့ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ အမေရိကန်၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ အီးယူ စတဲ့ စီးပွားရေးအင်အားကြီးတွေရဲ့ ထိပ်သီးတွေ၊ သံတမန်တွေ အလျှိုလျှို ဝင်လာနေကြပါပြီ။ ကိုယ်က (ဒီချုပ်ကော စစ်တပ်ကကော) ကမ်းလှမ်းတာလည်း ပါတယ်။

အိမ်သာလို့ ဧည့်လာတဲ့သဘောတော့ ဟုတ်ဟန်မတူပါ။

(အပိုင်း ၂)

## ဂမ်ဘီယာက စလိုက်တဲ့ ICJ

(၁)

ဒေါ်အောင်ဆန်းစုကြည် ICJ သွားတဲ့ကိစ္စအပေါ် ခြုံထဲကကြက်တွေ ခြေပြင်းပြနေတယ်။ တကယ်အာရုံစိုက်သင့်တာက စည်းဝိုင်းထဲမှာခွပ်နေတဲ့ ကြက်တွေရဲ့ ခွပ်လက်အပေါ်မှာ ကြည့်ဖို့လိုတယ်။ ခုခွပ်ပွဲကတော့ ပြီးသွားပါပြီ။ အရှုံးအနိုင် အဖြေမပေးသေး။ အားထားလောက်တဲ့ ပြည်တွင်းဥပဒေပညာရှင်တွေကတော့ ဟိုဘက်(ဂမ်ဘီယာ) က အသာစီးရတယ်လို့ အကဲဖြတ်တယ်။ ဟိုဘက်က (၉) မဲ ရဖို့လွယ်တယ်။ ဒီဘက်ကရဖို့မလွယ်ဘူး ပြောသူက ပြောတယ်။ နိုင်ငံတကာရေးရာမှာ ဥပဒေဟာလည်း ကြက်ဥအရောင် တိမ်တောင်သဖွယ်ပဲဖြစ်နေလို့ ကျွန်တော်တို့က ဒီဥပဒေသမားတွေရဲ့စကားကို အလေးထားရမှာပါ။

(၂)

ခြံတွင်း (ပြည်တွင်း/ပ) ကြက်တွေထဲမှာ လော်ဘီသမားတွေ ပါတယ်။ အခွင့်သင့်သခိုက် ပေးချင်တဲ့ မက်ဆေ့ချ်တွေ တယောက်တမျိုး ပေးကြတယ်။ ကိုယ့်အတွက်နေရာရအောင် လုပ်တဲ့လူလည်း တွေ့ရတယ်။

- win - win ဖြစ်သွားပြီလို့ ခွဲခြမ်းစိတ်ဖြာ ပြသူကပြ

- ဒီပြဿနာကြောင့် ခေါင်းဆောင်တွေ အတွေးအခေါ် ပြောင်းလဲလာမလားလို့ ဖြစ်ချင်တာကို ပြောသူကပြော

- စစ်တပ်ရော ဒီချုပ်ရော အမြတ်ထွက်သွားပြီး တိုင်းပြည်က ရှုံးကျန်တာမျိုး မဖြစ်သင့်

- စစ်တပ်ကလူတွေ လိုက်မယ်ပြောပြီး ဘာ့ကြောင့်မလိုက်သလဲ မေးခွန်းထုတ်သူက ထုတ်တယ်

- အမျိုးသားရင်ကြားစေ့ရေး ဖြစ်လာနိုင်တယ်ဆိုတဲ့ နိုင်ငံရေးပုရောဟိတ်များရဲ့အသံ

- တိုင်းပြည်ကို ကယ်တင်တာနဲ့ စစ်အုပ်စုကို ကယ်တင်တာ တထပ်တည်းထားသင့်ရဲ့လား စသည်

(၃)

ဖြစ်ရတဲ့ကိစ္စ- ဗိုလ်နေဝင်းလက်ထက်ကစပြီး စစ်အုပ်စုဟာ ကိုယ့်နိုင်ငံထဲက လူတွေကို စိတ်ကြိုက် သတ်လာတာ ဖြစ်တယ်။ ဒီအကျင့်ပါလာတဲ့ စစ်တပ်က တခြားနိုင်ငံနဲ့ သမိုင်းကြောင်းရှိတဲ့ ဆက်နွယ်နေတဲ့ ရိုဟင်ဂျာဆိုတဲ့ လူတွေကို အစုလိုက်အပြုံလိုက် သွားသတ်နှင်ထုတ်လိုက်ရာကနေ ပြဿနာစတက်တာ ဖြစ်တယ်။

ဒီကနေ အတိုင်ပင်ခံပုဂ္ဂိုလ်လည်း မနေရ၊ အရပ်သား၊ စစ်သား သမ္မတ (ဟောင်း/သစ်) လည်း အမှုထဲ ဆွဲထည့်ခံလိုက်ရတယ်။ တိုင်းပြည်ပါ တရားခံဖြစ်တော့မယ်။ အဓိကတရားခံက သူတို့ပဲလို့ ထင်ရှားလာတော့မှ စစ်အုပ်စုအနေနဲ့ မျက်လုံးပြူးမျက်ဆံပြူး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်တော့တာပါ။ ဒါပေမဲ့ တိုင်းပြည်ကတော့ ကမ္ဘာမှာ ICJ ရဲ့ တတိယမြောက် တရားစွဲခံရတဲ့နိုင်ငံ ဖြစ်သွားပါပြီ။ ကြားရမြင်ရတဲ့ အနေအထားအရ ရိုဟင်ဂျာခေါ်မွတ်စလင်တွေလို လူ့အခွင့်ရေး အချိုးဖောက်ခံရ၊ အသတ်ခံရ အဓမ္မပြုကျင့်ခံနေရတဲ့ တိုင်းရင်းသား အများစုကတော့ ICJ ခုံရုံး ရောက်သွားတဲ့ကိစ္စ ခပ်ကြိုက်ကြိုက်ပဲတဲ့။ ဒါမှ တတိုင်းပြည်လုံး ဖြစ်နေတာ တကမ္ဘာလုံးက သတိထားမိသွားမှာလို့ တွက်တယ်။

၆၈ ရာခိုင်နှုန်းရှိတယ်ဆိုတဲ့ ဗမာအမျိုးသားတွေထဲမှာတော့ ကြိုက်သူလည်းရှိ မကြိုက်သူလည်းရှိ ဖြစ်နေတယ်။ တဦးချင်းစီရဲ့ ရှုထောင့်အသီးသီးက အကြောင်းပြချက်တွေကိုတော့ မီဒီယာအသီးသီးမှာ ဖော်ပြနေတာ မိုးလုံးပြည့်ဖြစ်နေပါပြီ။ မဖော်ပြတော့ပါ။ ကြိုက်မကြိုက်ကွဲလွဲတာ သဘာဝကျသလို ကွဲလွဲခွင့် လည်း ရှိပါတယ်။

(၄)

ဒေါ်စုခြေလှမ်းနဲ့ပတ်သက်ပြီး သူတို့တွင်းမှ ဂယက်များ -

- စစ်တပ်နောက်ခံ ကြံ့ဖွံ့က (စစ်အုပ်စု စက်တိုင်မတက်ရပြီးရော) မဟာမိတ်ပါတီ ၂၇ နဲ့ မညီနိုင်းဘဲ သူ့သဘောနဲ့သူ ကြိုဆိုထောက်ခံလိုက်ပါတယ်။ မတိုင်ပင် မညှိနိုင်းဘဲ လုပ်ရကောင်းလားဆိုပြီး ကျန်ပါတီတွေက မကျေနပ်ကြောင်း ထုတ်ဖော်လာကြတယ်။

- စစ်တပ်ဘက်ကတော့ 'နိုင်ငံအတွက် ထိရောက်တဲ့ တုံ့ပြန်ချက်တွေ ဆောင်ရွက်နိုင်ခဲ့တယ်' လို့ အကဲဖြတ်တယ်။ (ဒီနေရာမှာတော့ တိုင်းပြည်ကံကြမ္မာနဲ့ သူတို့ကံကြမ္မာ တထပ်တည်း ကျနေပါရော့လား။)

တကယ်က ICJ ဒေါ်စု လျှောက်ထားချက်နဲ့ ၁၈ ရက်နေ့ည နိုင်ငံကို ရှင်းလင်းချက်က အလိုကြီးတဲ့ စစ်တပ်အနေနဲ့ အောင့်သက်သက်ဖြစ်ကြမှာပါပဲ။ ဒေါ်စုစကား အနှစ်ချုပ်က (သတ်ခဲ့တာတွေ ရှိတယ်၊ ဒါပေမဲ့ လူမျိုးတုံးအောင် အထိတော့ မသတ်ပါဘူး) ဆိုတဲ့ အဓိပ္ပာယ် ပေါက်တယ်။ ပြည်တွင်းဥပဒေအတိုင်း အရေးယူအပြစ်ပေးမှာပါလို့လည်း တာဝန်ခံသွားတယ်။ စစ်တပ်အနေနဲ့ လွှတ်တော်တွင်း လူထုတွင်းကနေပြီး ကြုံးဝါးခြိမ်းခြောက်တဲ့အထိ အကျပ်ကိုင်လာခဲ့တာပါ။ ဒေါ်စုကလည်း ဒါ့ထက်တိုးပြီး မကယ်နိုင်၊ ကိုယ့်တွက် ချန်ရဦးမှာပါ။ ဒါပေမဲ့ တာဝန်ရှိမှု တာဝန်ခံမှုအရတော့ ၂ ဦးစလုံး စံရခံရမှာပါ။ ခုတော့ တပ်တာဝန်ခံ ဗိုလ်မင်းအောင်လှိုင်ရော နိုင်ငံ့တာဝန်ခံ ဒေါ်စုရော အလုပ်ရှုပ် ပြဿနာခတ်နေကြတာ တွေ့နေရပါတယ်။

(၅)

သဟိတ် (ICJ) ကို ဒေါ်စုသွားတာ မှန်သလား မှားသလား။

တိုင်းပြည်မှာ ဗိုလ်နေဝင်းဆိုတဲ့ စစ်ဘီလူးတကောင် ထွက်ပေါ်လာခဲ့တယ်။ အစွယ်မပေါက်ခင် ရှင်းပစ်ခဲ့သင့်တယ်။ ဒါကိုမြင်ပြီး ဗိုလ်ချုပ်အောင်ဆန်းက ဖယ်ရှားပစ်ဖို့ အားထုတ်ဖူးတယ်။ အထမမြောက်ခဲ့ဘူး။ ခုတော့ ၂၀၁၈ ခြေဥကိုကိုင်ပြီး စစ်ဘီလူးတွေ တိုင်းပြည်ကို ဝါးမြိုသွားမိပြီ။

ဒီအခြေအနေမှာ ICJ ကို ဒေါ်စုသွားတဲ့ကိစ္စ ကျွန်တော်တို့အမြင် တင်ပြလိုတယ်။ စစ်တပ်နဲ့ ဒေါ်စု အပေးအယူရှိမရှိ၊ ဘယ်လိုပေးကြယူကြသလဲ မသိပါ။ မသိနိုင်ပါ။ သို့သော် ရိုဟင်ဂျာပြဿနာဆိုတာ ပြည်တွင်း နိုင်ငံရေးအားပြိုင်ပွဲရဲ့ အကျိုးဆက်လို့တော့ ပြောနိုင်တယ်။ စစ်တပ်က ကယ်တင်ရှင်အဖြစ် လူထုထောက်ခံမှုရဖို့ လုပ်တယ်။ ဒေါ်စုက နိုင်ငံတကာအားကိုရဖို့ ကိုဖီအာနန် စုံစမ်းရေးကော်မရှင်ဖွဲ့ပြီး တန်ပြန်တယ်။ နောက်တော့ ပွက်ပေါက်ပြီး နှစ်ဘက်မနိုင်ဖြစ်ကုန်တဲ့ ဇာတ်လမ်းပါ။ ဘာပဲဖြစ်ဖြစ် ကမ္ဘာ့အလယ်မှာ သိက္ခာချခံရတဲ့ပွဲ ဖြစ်လေတော့ -

(၁) စစ်တပ်ရဲ့ အသုံးချခံဘဝနဲ့သွားတာဆိုရင် မှားတယ်။

(၂) စစ်တပ်ကို ကာကွယ်ဖို့သွားတာဆိုရင် မှားတယ်။

(၃) တတိုင်းပြည်လုံးအရေးမို့ ၂ ဖွဲ့တည်း ဆုံးဖြတ်လုပ်ကိုင်တာ ဖြစ်နေရင် မှားတယ်။

(မသွားရင် မဖြစ်တဲ့ပွဲလား သွားမှဖြစ်တဲ့ပွဲလား ဆိုတာကတော့ ကာယကံရှင်နဲ့ပဲ ဆိုင်ပါလိမ့်မယ်)။

(၁)၂၀၂၀ ရွေးကောက်ပွဲအကျိုး မျှော်ကိုးသွားရင် မှားတယ်။

(၂) ရင်ကြားစေ့ရေးအတွက် သွားတာဆိုရင်လည်း မှားတယ်။

နောင်မှာလည်း ဒီလိုကိစ္စမျိုးတွေ တိုင်းပြည်က ရင်ဆိုင်ရဦးမှာပါ။ တတိုင်းပြည်လုံး အရေးမှာ အားလုံးရဲ့အမြင်၊ ဆန္ဒနဲ့ ဆုံးဖြတ်လုပ်ကိုင်သင့်ကြောင်း တင်ပြလိုက်ပါတယ်။

စာတည်းအဖွဲ့

(၃၁ - ၁၂ - ၂၀၁၉)

**စစ်အုပ်စုခင်းပေးတဲ့လမ်းများအတိုင်းလျှောက်ရင်**

# ဘယ်တော့မှ ဒီမိုကရေစီလမ်းမပေါက်ဘူး

စောအယ်ထူး



၁

ဗမာပြည်မှာ ၁၉၆၂ ခုနှစ်မတ်လ ၂ ရက်နေ့မှာ ဗိုလ်နေဝင်းစစ်အုပ်စုက အာဏာသိမ်းပြီး စစ်အာဏာရှင်စနစ်ကို ထူထောင်ကာ စစ်ဗျူရိုကရေစီယန္တရားနဲ့ အုပ်ချုပ်ခဲ့တာ ကနေ့အထိပါပဲ။ ဒါပေမဲ့ စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်နဲ့ စစ်ဗျူရိုကရေစီယန္တရားကို တခါတခါမှာ ပြောင်ဖော်ပြီး၊ တခါတခါမှာ ဆိုရှယ်လစ် အရေခြုံလိုက်၊ တခါတခါ အမျိုးသားနိုင်ငံရေးဆိုတာနဲ့ ရုပ်ဖျက်လိုက်၊ တခါတခါမှာ ဒီမိုကရေစီဆိုတဲ့လေသံ လွှင့်လိုက်နဲ့လုပ်ခဲ့တယ်။

၁၉၆၂ ခုနှစ် မတ်လကစပြီး ၁၉၇၄ ခုနှစ် အထိ စစ်အုပ်စုဟာ တော်လှန်ရေးကောင်စီဆိုတဲ့နာမည်နဲ့ စစ်အုပ်စု၊ စစ် အစိုးရ၊ စစ်ဗျူရိုကရက်ယန္တရားကို ပြောင်ဖော်ပြီး စစ်အာဏာရှင်စနစ်နဲ့ မင်းမူအုပ်ချုပ်ခဲ့ပါတယ်။ မဆလပါတီကို အမြုတေပါတီက ပြည်သူ့ပါတီအဖြစ် ကူးပြောင်းပြီးတဲ့နောက်မှာ ၁၉၇၄ ခုနှစ် အခြေခံဥပဒေကို ရေးဆွဲ အတည်ပြုလိုက်တယ်။ ၁၉၇၄ ခုနှစ်မှာ အခြေခံဥပဒေအရ ပါတီကောင်စီ၊ အစိုးရအဖွဲ့ကို ဖွဲ့စည်းပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ တိုင်းပြည်ကိုအုပ်ချုပ်ခဲ့ပါတယ်။ ဒီနည်းနဲ့ စစ်အုပ်စုဟာ စစ်အာဏာရှင်စနစ်နဲ့ စစ်ဗျူရိုကရေစီယန္တရားကို မဆလ ဆိုတဲ့ ကန့်လန့်ကာပါးပါးကလေးနဲ့ ဖုံးကွယ်လိုက်တယ်။

၁၉၈၈ ခုနှစ် လူထုအုံကြွမှုကြီး ဖြစ်ပွားတဲ့အခါမှာ စစ်အုပ်စုရဲ့ ကန့်လန့်ကာပါးပါးကလေးဖြစ်တဲ့ မဆလဟာ လွင့်စင်ပျောက်ပျက်သွားခဲ့ရပါတယ်။ ဒီတခါမှာ စစ်အုပ်စုရဲ့ဇာတိဘီလူးရုပ် ပြန်ပေါ်လာကာ နဝတ၊ နအဖဆိုတာတွေဖြစ်လာပါတယ်။

ဒီမိုကရေစီအကောင်အထည်ဖော်ပါမယ်၊ ရွေးကောက်ပွဲလုပ်ပေးပါမယ်ဆိုတဲ့ နဝတစစ်အစိုးရဟာ ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကိုတော့ ငြင်းပယ်လိုက်ပါတယ်။ ဒီမိုကရေစီတို့၊ အမျိုးသားရေးတို့ဆိုတာတွေလည်း တွင်တွင်ပြောလာပါတယ်။ စစ်အုပ်စုမှာနံပတ် ၁ နေရာကနေ ဗိုလ်နေဝင်းပြုတ်သွားပြီးနံပတ် ၁ နေရာကို ဗိုလ်သန်းရွှေ ရရှိလိုက်ပါတယ်။ ဒီနောက်မှာတော့ စစ်အုပ်စုဟာ သူတို့ကိုယ်သူတို့ နိုင်ငံတော် လို့ ပြောလိုပြော၊ တပ်မတော်လို့ပြောလိုပြောနဲ့ လူတွေ နဝေတိမ်တောင်ဖြစ်အောင်လုပ်လာပါတယ်။ စစ်တပ်ကို လက်ကိုင်တုတ်လုပ်ထားတဲ့ စစ်အုပ်စုဟာ လူတွေအမြင်မှာ စစ်အုပ်စုဟာ တပ်မတော်ပဲဆိုပြီးမြင်အောင် တမင် ဖန်တီးတာ ဖြစ်ပါတယ်။ ၂၀၀၈ အခြေခံဥပဒေမှာ “နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်” ဆိုတာ အတော့်ကို ပြောင်ကျကျ တပ်မတော်နာမည်ကို စစ်အုပ်စုက ယူသုံးထားတာပါ။ တကယ်က တပ်မတော်နေရာမှာ စစ်အုပ်စုက

လို့ရေးရမှာ ဖြစ်ပါတယ်။ စစ်အုပ်စုဟာ မာရသွန်ဟန်ပြအမျိုးသားညီလာခံကို ကျင်းပပြီး လမ်းညွှန် ချက် ၇ ချက်ကို မရမက ချမှတ်ကာ ၂၀၀၈ အခြေခံဥပဒေကိုရေးဆွဲခဲ့တယ်။ ၂၀၀၈ နာဂစ်မုန်တိုင်းကြောင့် လူတွေ သိန်းနဲ့ချီ သေဆုံးပြီး ဒုက္ခပင်လယ်ဝေနေတာကို ဂရုမထားဘဲ ၂၀၀၈ အခြေခံဥပဒေကို မရမက အတည် ပြုခဲ့တယ်။

၂၀၁၀ မှာ ၂၀၀၈ အခြေခံဥပဒေနဲ့အညီ ရွေးကောက်ပွဲပြုလုပ်ပြီးနောက်မှာတော့ စစ်အုပ်စု ဖွဲ့စည်း ပေးခဲ့တဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း တဖြစ်လဲ ကြံ့ဖွံ့ပါတီ (စစ်အုပ်စုခေါ်တော့ ပြည်ခိုင်ဖြိုးပါတီ) ဟာ အပြတ် အ သတ် အနိုင်ရကာ သမ္မတဦး(ဗိုလ်) သိန်းစိန်ခေါင်းဆောင်တဲ့ အစိုးရဖွဲ့နိုင်တဲ့အခါမှာတော့ စည်းကမ်းပြည့်ဝ တဲ့ ဒီမိုကရေစီနိုင်ငံကို ချီတက်မယ်လို့ ကြွေးကြော်တော့တာပဲ။ တကယ့်ဒီမိုကရေစီအစိုးရတရပ် ပုံအသွင် ဆောင်ပြီး လွှန်ခဲ့တဲ့ စစ်အစိုးရဟာ သူတို့နဲ့ဘာမှမဆိုင်တော့သလိုလိုတောင် ပြောဆိုလုပ်ဆောင်ကြပါတယ်။ ၂၀၁၂ ခုနှစ်မှာ ဒီချုပ်ပါတီက ၉၀ ခုနှစ်ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးကို စွန့်လွှတ်လိုက်ပြီး ၂၀၀၈ အခြေခံဥပဒေဘောင်ထဲကို ခေါင်းငုံ့ဝင်လိုက်တဲ့အခါမှာတော့ စစ်အုပ်စုဟာ အားတက်သွားပြီး နိုင်ငံ ရေးကိစ္စတွေ၊ စီးပွားရေးကိစ္စတွေ၊ လူမှုရေးကိစ္စတွေ အားလုံးမှာ သူတို့လိုချင်တဲ့လမ်းကို လက်ရဲဇက်ရဲ ခင်း တော့တာပဲ။ ငြိမ်းချမ်းရေးကိစ္စမှာ ကာချုပ်က မူ ၆ ချက်ချထားပြီး အပဟန့်အတား လုပ်နေတဲ့ကြားကပဲ NCA စာချုပ်ကိုမဖြစ်မနေ ချုပ်ဆိုဖြစ်အောင် သမ္မတဦး(ဗိုလ်)သိန်းစိန်အစိုးရက လုံးပန်းလိုက်ပါတယ်။

၂၀၁၅ ခုနှစ်မှာ ပြောင်းလဲချိန်တန်ပြီ၊ အခြေခံဥပဒေပြင်မယ်၊ ငြိမ်းချမ်းရေးလုပ်ငန်း ဖော်ဆောင်မယ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်မယ်၊ ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံ ထူထောင်မယ်ဆိုတဲ့ ပြောလုံးတွေနဲ့ ရွေးကောက်ပွဲမှာ ဒီချုပ်ပါတီ အနိုင်ရခဲ့ပါတယ်။ စစ်အုပ်စုခင်းတဲ့လမ်းအတိုင်း လျှောက်မိရက်သားဖြစ်နေတဲ့ ဒီ ချုပ်ပါတီဟာ စစ်အုပ်စုကိုယ်စားလှယ် ကာချုပ်နဲ့ ဖက်စပ်အစိုးရ ဖွဲ့ရတဲ့ကိန်း ဆိုက်သွားပါတယ်။ လက်တွေ့ လှုပ်ရှားတဲ့အခါမှာ ဗမာပြည်မှာ အစိုးရဟာ စစ်အုပ်စုအောက်က အာဏာလက်ဝေခံအစိုးရ ဖြစ်သွားပါတယ်။ တကယ်တော့ စစ်အာဏာရှင်စနစ်အောက်မှာ စစ်ဗျူရိုကရေစီယန္တရားကြီးကို စစ်အစိုးရကိုယ်စား ဒီချုပ်ကဝင် ပြီး မောင်းနှင်နေရတဲ့အဖြစ်ပါပဲ။ ဒီချုပ်အစိုးရအနေနဲ့ ရွေးကောက်ပွဲဝင်တုန်းက ပေးခဲ့တဲ့ကတိတွေကို အ ကောင်အထည်ဖော်ဖို့ လိုအပ်သည့်တိုင် အကောင်အထည်ဖော်လို့မရတာ ဖြစ်နေတယ်။ အကောင်အထည် ဖော်လိုတဲ့ပုံ ဟန်ရေးပြနေတာသာ လုပ်နေနိုင်ပါတယ်။ ဒါဟာ ဒီချုပ် ဒီကနေ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အ ထွေထွေအကျပ်အတည်းပါပဲ။

၂

၁၉၆၂ ခုနှစ် အာဏာသိမ်းကတည်းက ဗိုလ်နေဝင်းစစ်အုပ်စုဟာ တိုင်းပြည်ရဲ့စီးပွားရေး၊ ဘဏ္ဍာ ရေးတခုလုံးကို လက်ဝါးကြီး အုပ်လိုက်ပါတယ်။ ဒါဟာ စစ်ဗျူရိုကရက်အရင်းရှင် စီးပွားရေးစနစ်ကို ပီပြင်စေ လိုက်တာဖြစ်ပါတယ်။ ဒီလက်ဝါးကြီးအုပ်မှုကို မဆလအရောင်ပြထားပြီး ပြည်သူပိုင်သိမ်းတယ်လို့ ကြေညာ ပါတယ်။ တကယ်တော့ ဗိုလ်နေဝင်းစစ်အုပ်စုက တပြည်လုံးကို ဓားပြတိုက်သွားတာ ဖြစ်ပါတယ်။ မျိုးချစ်ပြည် ချစ်စိတ်ရှိတဲ့ ကုန်သည်ပွဲစားကြီးတွေ၊ အရင်းရှင်တွေကအစ ဓနရှင်ပေါက်စတွေရဲ့ ပိုင်ဆိုင်မှုအားလုံးကို ဗိုလ် နေဝင်းစစ်အုပ်စုက သိမ်းယူလိုက်တာဖြစ်ပါတယ်။ ငါးဆယ်ကျပ်တန်၊ ကျပ်တစ်ရာတန် ငွေစက္ကူတွေကို တ ရားမဝင်ကြောင်း ကြေညာလိုက်တဲ့အခါမှာတော့ မရှိဆင်းရဲသားတွေရဲ့ ပါးစပ်ထဲကထမင်းလုပ်ကိုပါ စစ်အုပ်စု က လုယူလိုက်သလို ဖြစ်သွားပါတယ်။ မြေယာပေါ်လစီမှာ လယ်လုပ်သူလယ်ပိုင်ခွင့်ဆိုတာကို ပြဋ္ဌာန်းလိုက် တဲ့အခါမှာ တပြည်လုံးရှိ မြေယာအားလုံးဟာ နိုင်ငံတော်အစိုးရပိုင် (တကယ်တော့ စစ်အုပ်စုပိုင်ပါ) ဆိုတာ ဖြစ်လာပါတယ်။ တကယ်လယ်လုပ်သူ လယ်သမားတွေမှာ မြေယာပိုင်ဆိုင်ခွင့် လက်လွှတ်ဆုံးရှုံးသွားရပါ တယ်။ တာဝန်ကျေစပါးကိစ္စ၊ အမတော်ကြေးကိစ္စတွေ၊ သီးစားခကိစ္စတွေ ကိုင်တွယ်လာတဲ့အခါ လယ်သမား တွေမှာ ခရုဆံကျွတ် ဖြစ်သွားရပါတယ်။ (မကြာခင်က ပြဋ္ဌာန်းလိုက်တဲ့ မြေလွတ်မြေရိုင်းဥပဒေအရကျတော့ ဝေးလံခေါင်သီတဲ့ကျေးလက်နေ လူထုတွေတောင် မြေယာပိုင်ဆိုင် ထွန်ယက်စိုက်ပျိုးမှု လက်လွှတ်ဆုံးရှုံးရ တော့မှာဖြစ်တယ်။)

ကုန်ထုတ်လုပ်ရေး၊ ကူးသန်းရောင်းဝယ်ရေးတို့မှာ စစ်အုပ်စုက ချုပ်ကိုင်ထားတာကြောင့် ထုတ်လုပ်ရေး၊ ကူးသန်းရောင်းဝယ်ရေး အားလုံးမှာ ကမောက်ကမတွေဖြစ်ကုန်တယ်။ အလုပ်သမားတွေ၊ ဆင်းရဲသားတွေဘဝကတော့ မသေရုံတမယ်ဖြစ်ပြီး အနာဂတ် ပျောက်ဆုံးကုန်ပါတယ်။ မှောင်ခိုစီးပွားရေးလုပ်ငန်း တွင်ကျယ်လာပါတယ်။ အာဏာပိုင်တွေနဲ့နီးစပ်သူတွေက လုပ်တာပါ။ အဲ့ဒီဟာကပဲ ခရိုနီဆိုတဲ့ လူ့အလွှာ အစပြုချက်ဖြစ်လာပါတယ်။

နအဖစစ်အုပ်စုလက်ထက်မှာ ဈေးကွက်စီးပွားရေးကို ပြောင်းမယ်၊ ပုဂ္ဂလိကပိုင်ဆိုင်မှုကဏ္ဍကို အလေးထားမယ်ဆိုလာတဲ့အခါမှာတော့ ခရိုနီတွေဟာ ပြောင်ထွက်ပေါ်လာပြီး ဗမာပြည်စီးပွားရေးတခုလုံးကို သူတို့ပဲ လွှမ်းမိုးထားတာ ဖြစ်သွားပါတယ်။ စစ်အုပ်စုကတော့ ဦးပိုင်လီမီတက်၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့ကို ဖွဲ့စည်းပြီး ဗမာပြည်စီးပွားရေးတခုလုံးကို ချုပ်ကိုင်ထားပါတယ်။ နအဖစစ်အစိုးရကစပြီးလုပ်လာတဲ့ ခရိုနီစီးပွားရေးစနစ်ကို ခိုင်မာအောင် သမ္မတဦး(ဗိုလ်)သိန်းစိန်လက်ထက်မှာ SME လို့ ခေါ်တဲ့ အသေးစား၊ အ လတ်စား စီးပွားရေးလုပ်ငန်းရှင်တွေ ပေါ်ထွက်အောင် လုပ်ပါတယ်။ တကယ့် SME တွေဟာ အရှုံးအရင်းကိုက်ရတဲ့ အခြေအနေပဲ ဆိုက်ပါတယ်။ ဒီမှာ လာဘ်ပေးလာဘ်ယူစနစ်က အလွန့်အလွန် ကြီးထွားသွားပါတယ်။ ဒီချုပ်အစိုးရဟာ ဒါတွေကို ဆက်လက် အကောင်အထည်ဖော်နေရတဲ့ဘဝ ဖြစ်လာပါတယ်။။ ဒီချုပ်အစိုးရရဲ့ စီးပွားရေးဆိုင်ရာ သီးခြားပေါ်လစီတွေလည်း မရှိပါ။

ဒါကြောင့် ဒီချုပ်အစိုးရတက်လာပြီးတဲ့နောက် အလုပ်သမားကိစ္စ၊ လယ်သမားကိစ္စ၊ လုပ်ငန်းရှင်လေးတွေကိစ္စ၊ နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံမှုကိစ္စ၊ ဘာကိစ္စမဆို ဒီချုပ်အစိုးရအနေနဲ့ လူထု လက်ခံနိုင်အောင် ဖြေရှင်းနိုင်စွမ်းမရှိတာကိုတွေ့နေရပါတယ်။

၃

နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကိစ္စ အဝဝမှာလည်း စစ်အုပ်စုရဲ့ စစ်အာဏာရှင်စနစ်နဲ့ စစ်ဗျူရိုကရေစီ အုပ်ချုပ်ရေးစနစ်ကြောင့် တိုင်းပြည်တပြည်လုံးအဘက်ဘက်က ချွတ်ခြုံကျနေပါပြီ။ "ပြည်သူ အများတကာ့ အများစုကြီးရဲ့ အထွေထွေ လူမှုဘဝ ကျဆင်းပြီးရင်း ကျဆင်းနေပါတယ်။" ဗမာပြည်၊ ပြည်တွင်းစစ်ဖြစ်တာဟာ ဒီမိုကရေစီဆိတ်သုဉ်းတာက စပါတယ်။ အမျိုးသားလူနည်းစုတွေ ထကြွတော် လှန်တာဟာ တန်းတူမှုမရှိလို့၊ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်မရှိလို့ဖြစ်တာပါ။

အုပ်စိုးသူတွေက ဗမာလူမျိုးကြီးဝါဒကျင့်သုံးတော့ အခြေအနေက ပိုဆိုးရွားသွားပါတယ်။ ၂၀၁၉ ခုနှစ် မတ်လအတွင်းက RFA စနေစကားဝိုင်းတခုမှာ စစ်အုပ်စုခြံပေါက် ပြန်ကြားရေးဝန်ကြီး ဟောင်းဦး (ဗိုလ်)ရဲထွဋ် က----နိုင်ငံခြားမိတ်ဆွေတွေက သူ့ကို မင်းတို့ဗမာတွေက ဆရာကြီးစိတ်ရှိသလားလို့ မေးတယ်တဲ့၊ ဦး(ဗိုလ်)ရဲထွဋ် ပြန်ဖြေတာက ဗမာလူမျိုးဟာလူများစုလည်း ဖြစ်တယ်။ တော်လှန်ရေးတွေမှာလည်း ရှေ့ဆောင်ခဲ့တယ်။ အရာရာမှာလည်း ရှေ့တန်းရောက်နေတော့ ဆရာကြီးစိတ် ရှိတယ်တဲ့။ ဒီစကားဟာ စစ်အုပ်စုက ဗမာ လူမျိုးကြီးဝါဒ ကျင့်သုံးတာ မှန်တယ်ဆိုတာကို ပြောတာပါ။ ဗမာလူမျိုးကြီးဝါဒဟာ ဗမာတိုင်းမှာရှိတယ်လို့လည်း ဆိုလိုတာပါ။ ဦး(ဗိုလ်)ရဲထွဋ်ရဲ့အမြင်ဟာ စစ်အုပ်စုရဲ့အမြင်ဆိုတာ ရှင်းရှင်းပြောလို့ရပါတယ်။ ဗမာလူမျိုးတိုင်းဟာ ဗမာလူမျိုးကြီးဝါဒရှိတယ်ဆိုတာမမှန်ပါဘူး။ ဗမာလူမျိုးကြီးဝါဒကို ကျင့်သုံးနေတာ၊ပြန့်ပွားအောင်လုပ်နေတာဟာ အာဏာရအုပ်စိုးသူဗမာတစုသာဖြစ်ပါတယ်။

အလုပ်သမား လယ်သမား၊ ဆင်းရဲသား ဗမာလူမျိုးပြည်သူတွေမှာ ဗမာလူမျိုးကြီးဝါဒ မရှိသလို ဗမာလူမျိုးကြီးဝါဒကိုလည်း ကျင့်သုံးစရာ အချက်အလက်မရှိပါ။ သူတို့ဟာလည်း စစ်အုပ်စုရဲ့ ဖိစီးနှိပ်စက်မှုကို အလူးအလဲခံစားနေရသူတွေပါပဲ။

လက်ရှိမှာဗမာလူမျိုးကြီးဝါဒကိုကျင့်ပြီးသွေးခွဲအုပ်ချုပ်နေတာစစ်အုပ်စုပဲဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းစစ်ပြဿနာကို ဖြေရှင်းရာမှာ ဒီမိုကရေစီရေးကိစ္စ၊ သွေးခွဲတဲ့ကိစ္စ၊ တန်တူညီမျှရေးကိစ္စ၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေးကိစ္စတွေကို ဆွေးနွေးဖြေရှင်းရမှာဖြစ်ပါတယ်။ စာချုပ်စာတမ်းတွေနဲ့ တဦးကိုတဦး အကျပ်ကိုင်ရေး၊ တဖက်ဖက်က အသာစီးရရေးဆိုတဲ့ သဘောထားနဲ့ လုပ်ဆောင်ချက်တွေကိုတော့ လုံးဝရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ စာချုပ်စာတမ်းဆိုတာ လိုအပ်ပါတယ်။ ဒါပေမဲ့ ဘက်အားလုံးအတွက် အကျိုးရှိတဲ့ စာချုပ်

စာတမ်းဖြစ်ပြီး ဘက်အားလုံးက အားရကျေနပ်မှုရှိတဲ့ စာချုပ်စာတမ်းမျိုး ဖြစ်ရပါမယ်။ အဲ့ဒီလို ဆွေးနွေးညှိနှိုင်းဖို့ဆိုတာ တပြည်လုံး ခြွင်းချက်မရှိ အပစ်အခတ်ရပ်စဲထားပြီး လက်နက်ကိုင်တပ်တွေ ထိတွေ့မှု မဖြစ်အောင်ထိန်းသိမ်းထားနိုင်မှလည်း ဖြစ်မှာပါ။

အခုတော့ အပစ်အခတ်ရပ်စဲရေးကိစ္စမှာတောင် ဘယ်နယ်မြေဘယ်အဖွဲ့နဲ့ အပစ်အခတ်ရပ်စဲမယ်။ ဘယ်နယ်မြေ ဘယ်အဖွဲ့နဲ့တော့ အပစ်အခတ်မရပ်ဘူး။ ဘယ်အဖွဲ့အစည်းကိုတော့ အပစ်အခတ်ရပ်ဖို့တောင် မဆွေးနွေးနိုင်ဘူးဆိုတာတွေနဲ့ လုပ်ထားတော့ ပြဿနာဖြေရှင်းဖို့မဟုတ်ဘဲ ပြဿနာကို ဖွသလိုတောင် ဖြစ်နေတယ်။ ဗမာပြည်- ပြည်တွင်းစစ် စစချင်းမှာ ဖဆပလအစိုးရကအပြုတ်တိုက်ချေမှုန်းရေး၊ မြေလှန်စနစ်ကို ကျင့်သုံးတယ်။ အဲဒါနဲ့ပဲ ရွာတွေ အပြန်အလှန်မီးရှို့ခံရ၊ လူတွေ အပြန်အလှန်သတ်ကြတဲ့အထိ ဖြစ်ကုန်တယ်။ ဒါပေမဲ့ ပြည်သူလူထုရဲ့ နိုင်ငံရေးရေချိန် မြင့်မားလာတာရယ်၊ ဥပဒေတွင်း နိုင်ငံရေးအင်အားစုတွေရဲ့ မြင့်မားတဲ့နိုင်ငံရေးရေချိန်နဲ့ စည်းရုံးမှုရယ်၊ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲတဲ့ တော်လှန်ရေးအင်အားစုတွေရဲ့ မြင့်မားတဲ့နိုင်ငံရေးရေချိန်နဲ့ စည်းရုံးရေးကြောင့် လူမျိုးရေးအဓိကရုဏ်း အသွင်ဆောင်တဲ့ သတ်ဖြတ်မှုတွေကို ချုပ်ငြိမ်းပပျောက်စေနိုင်ခဲ့ပါတယ်။

မဆလစစ်အစိုးရလက်ထက်မှာ ပြည်တွင်းစစ်ကို ဖြတ်လေးဖြတ်စနစ်နဲ့ စတင်တိုက်ခိုက်ပါတယ်။ အမဲရောင်နယ်မြေလို့ သတ်မှတ်တဲ့ စစ်ဆင်ရေးဇွင်အတွင်းမှာ စစ်ဆင်ရေးဝင်နေတဲ့တပ်ဟာ ထင်တိုင်းကြဲလုပ်နိုင်တဲ့အခွင့်အရေး ပေးထားပါတယ်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှာ စတင်ကျင့်သုံးတယ်။ နောက်တော့ ပဲခူးရိုးမဒေသမှာ ကျင့်သုံးတယ်။ နောက်တော့ တပြည်လုံးနေရာအနှံ့မှာ ကျင့်သုံးတယ်။ ကနေ့အထိ ဒီပေါ်လစီကို စစ်အုပ်စုက ကျင့်သုံးနေတယ်။ ဒါကြောင့် ဗမာပြည် ဘယ်ဒေသမှာပဲဖြစ်ဖြစ် အစိုးရစစ်တပ်က ဝင်ပြီဆိုရင် စစ်ရှောင်ဒုက္ခသည်ဆိုတာ ပေါ်တာပဲ။ လတ်တလော ရခိုင်ဒေသမှာလည်း အဲ့ဒီဖြတ်လေးဖြတ်စနစ်ကြောင့် ဒေသခံလူထုတွေ အတိဒုက္ခ များစွာရောက်နေကြရပါတယ်။

မွတ်စလင် ရိုဟင်ဂျာဆိုသူတွေကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ပြလိုက်တော့ လူသိန်းနဲ့ချီပြီး ဘင်္ဂလားဒေ့ရှ်ကို ထွက်ပြေးတာပဲ။ အဲ့ဒီတုန်းက ရခိုင်လူမျိုးနဲ့ မွတ်စလင်ဘာသာဝင်တွေ ပဋိပက္ခဖြစ်အောင်လည်း စစ်အုပ်စုက ဖန်တီးပါသေးတယ်။အခု AA ပြဿနာ ပေါ်လာတော့ ရခိုင်တွေကိုယ်တိုင် အဖမ်းခံ၊ အညှဉ်းဆဲခံ၊ အသတ်ဖြတ်ခံရတာဖြစ်ပြီး ရခိုင်တွေပါ စစ်ရှောင်ဒုက္ခသည်တွေ ဖြစ်ကုန်ကြရပါတယ်။ AA အဖွဲ့ကိုလည်း ရခိုင်မှာ အခြေမချနိုင်အောင်လုပ်ရမယ်ဆိုပြီး ကြွေးကြော်နေပြန်တယ်။ ဒီလို လက်နက်ကိုင်အဖွဲ့အစည်းတွေကို ခွဲခြားခွဲခြားလုပ်ပြီး ချေမှုန်းလို့ရတာတွေကို ချေမှုန်း၊ ချေမှုန်းလို့မရတာတွေကို အမှည့်ချွေချွေ၊ အမှည့်ချွေချွေလို့ မရတာတွေကို အသာချိုထား ဆိုတဲ့ပေါ်လစီကို ကျင့်သုံးနေသမျှတော့ အပစ်အခတ် ရပ်စဲရေးတွေဟာလည်း မအောင်မြင်တဲ့အပြင် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဟာလည်း ဖြစ်မြောက်မှာမဟုတ်ပါ။ ကာချုပ်ရဲ့ မူ ၆ ချက်ဟာ NCA လက်မှတ်ထိုးထားတဲ့အဖွဲ့တွေတောင် ရှေ့မတိုးနိုင်ဘူးဖြစ်သွားတယ်။ ဒီကြားထဲ ဝအဖွဲ့က လက်နက်အပ်၊ အဖွဲ့အစည်းမှတ်ပုံတင်၊ ရွေးကောက်ပွဲဝင်ဆိုတဲ့ ပါလီမန်လမ်းကြောင်းကို ဘယ်တော့မှမလိုက်ဘူး။ ဝအဖွဲ့အနေနဲ့ ဝပြည်နယ်ကို အသိအမှတ်မပြုမချင်း လက်တဖက်မှာ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးကိုကိုင်ထားပြီး လက်တဖက်မှာ သေနတ်ကိုကိုင်ထားမယ်ဆိုပြီး ပြောင်ပဲကြေညာတယ်။ ဒီတော့ ဗမာပြည်ငြိမ်းချမ်းရေးကိစ္စ အကောင်အထည်ဖော်ဖို့ဆိုတာ ရင်လေးစရာပါပဲ။ ဗမာပြည်ဟာ ဒီပြည်တွင်းစစ်ပြဿနာကို မဖြေရှင်းနိုင်မချင်း တိုင်းပြည်ဂုဏ်သိက္ခာ ကျဆင်းသထက်ကျဆင်းပြီး တိုင်းပြည်နာလန် ပြန်ထူလာနိုင်ဖို့ မလွယ်ပါ။ စစ်အာဏာရှင်စနစ်ကိုအကျိုးပြုတဲ့ ကမောက်ကမ ပညာရေးစနစ်မျိုးကို ကျင့်သုံးနေသရွေ့တော့ ဗမာပြည်ပညာရေးဟာ ကျဆင်းပြီးရင်း ကျဆင်းနေဦးမှာပါပဲ။ နိုင်ငံတကာ အဆင့်မီဖို့ မပြောနဲ့၊ ဒေသတွင်း အိမ်နီးချင်းနိုင်ငံတွေရဲ့နောက်တောင် အတော်ဝေးဝေး နေရာကနေ ထော့နင်းထော့နင်းနဲ့ လိုက်နေရတဲ့ဘဝပါ။

၄

ဒီချုပ်ပါတီဟာ ၂၀၀၈ အခြေခံဥပဒေဘောင်ထဲ ခေါင်းလျှိုဝင်လိုက်ကတည်းက စစ်အုပ်စုက ပိုပြီး မာန်တက်သွားပါတယ်။ ဒါကြောင့် ၂၀၁၅ ရွေးကောက်ပွဲမှာ ဒီချုပ်ပါတီအနိုင်ရပြီးအစိုးရဖွဲ့နိုင်တဲ့အခါမှာတော့ ကာချုပ်ဟာ ဗမာပြည်မှာ အစိုးရနှစ်ဖွဲ့ရှိတယ်ဆိုတဲ့ ပုံပေါ်အောင် လုပ်ဆောင်ပါတယ်။ အဲ့ဒါဟာ နိုင်ငံတကာ ဆက်ဆံရေးမှာ ဗမာပြည် ဂုဏ်သိက္ခာကျဆင်းစေပါတယ်။

ဒီချုပ်ပါတီဟာ စစ်အုပ်စုခင်းတဲ့လမ်းကို လျှောက်မိရက်သား ဖြစ်သွားတာကြောင့် မိမိအတွင်းမှာ လည်း ဖြုတ်ရထုတ်ရတာတွေနဲ့ အလုပ်ရှုပ်ကုန်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်လိုက်တာ ကိုယ်ပေါင်ကိုယ်လှန်ထောင်းသလိုဖြစ်သွားပါတယ်။ စစ်အုပ်စုနဲ့ပတ်သက်တဲ့သူတွေကို မတို့ရဲမထိရဲ ဖြစ်သွား တယ်။ ရွေးကောက်ပွဲတုန်းက ပေးခဲ့တဲ့ကတိကို အကောင်အထည်ဖော်ဖို့ကြိုးစားတော့လည်း ခတ်ကွင်းပြင် နေတာနဲ့ ရေစုံမျောပြီး ရွာသစ်ကြီးကို ရောက်တဲ့ကိန်းဆိုက်သွားပါတယ်။ ဒါဟာ ဒီချုပ်ဂုဏ်သိက္ခာရော တိုင်း ပြည်ဂုဏ်သိက္ခာပါ ထိခိုက်ကျဆင်းစေပါတယ်။ လူမျိုးစုံပြည်သူလူထုကြီး ဘဝကလည်း ကျားကြောက်လို့ ရှင် ကြီးကိုး ရှင်ကြီးကျားထက်ဆိုး ဆိုတဲ့ကိန်း ဆိုက်သွားပါတယ်။ ဒီလိုအခြေအနေမျိုးဟာ ဗမာပြည်ကို ကျရှုံး နိုင်ငံဖြစ်မယ့်အန္တရာယ် ရှိစေနိုင်ပါတယ်။ တခြားကိစ္စတွေ ခဏထားပြီး ရောဝတီမြစ်ဆုံကိစ္စကိုပဲကြည့်ရင် စစ် အုပ်စုရဲ့ ကလိန်ကျ ယုတ်မာမှုကို တွေ့ရပါတယ်။ နအဖစစ်အစိုးရလက်ထက်မှာ သဘာဝသယံဇာတနဲ့ သ ဘာဝ အရင်းအမြစ်တွေကို လက်ညှိုးထိုးပြီးရောင်းစားခဲ့တာ ဘယ်တုန်းကမှ ပြည်သူတွေကို တရားဝင် ရှင်းပြ တာ မလုပ်ပါ။ စစ်အုပ်စုအိတ်ကပ်ထဲသာ အကုန်ထည့်ခဲ့တာပါ။ စစ်အုပ်စုဝင်တွေ ချမ်းသာသည်ထက် ချမ်း သာသွားပြီး လူမျိုးစုံပြည်သူလူထုက မွဲသည်ထက်မွဲသွားပါတယ်။ ဒီလိုလုပ်ဆောင်တာမှာ မြစ်ဆုံကိစ္စလည်း ပါသွားပါတယ်။

မြစ်ဆုံမှာ စစ်အုပ်စုက အိတ်ကပ်ထဲဘယ်လောက်ထည့်ထားပြီးဖြစ်တယ်ဆိုတာ ဘယ်သူမှမသိပါ။ စစ်အုပ်စုခင်းတဲ့လမ်းအတိုင်း ဆက်လျှောက်နေတဲ့ ဒီချုပ်ကလည်း အာစေးကပ်သွားရရှာတယ်။

၅

အခြေအနေအရပ်ရပ် ရှုထောင့်အဖုံဖုံဘက်က သုံးသပ်ကြည့်ရင် ပြည်တွင်မှာလည်း ပြဿနာတွေက တပူပေါ်တပူထပ်ဆင့်ဆိုသလို တခုရှင်းလို့မပြီးခင် နောက်တခုက ထပ်ပေါ်လာနေတယ်။ တိုတိုပြောရင် သ ပွတ်အူလိုက်နေတယ်။

အဲဒါတွေဖြစ်လာတာဟာ အုပ်စိုးသူအဆက်ဆက်ရဲ့ မှားယွင်းတဲ့ပေါ်လစီတွေ ချမှတ်ကျင့်သုံးတာ ကြောင့် ဖြစ်ခဲ့တာပါ။ အထူးသဖြင့် စစ်အုပ်စု အာဏာသိမ်းပြီးချမှတ်ခဲ့တဲ့ နိုင်ငံရေး၊စစ်ရေး၊ စီးပွားရေး၊ ပညာ ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု...စတဲ့စတဲ့ ပေါ်လစီအရပ်ရပ် လမ်းစဉ်အရပ်ရပ်ဟာ လုံးဝမှားယွင်းခဲ့လို့ဖြစ်တာပါ။ ဒီကနေ့ စစ်အုပ်စုခင်းတဲ့လမ်းပေါ်မှာ ဆက်လျှောက်နေတဲ့ ဒီချုပ်ဟာလည်း စစ်အုပ်စုရဲ့ မှားယွင်းတဲ့ ပေါ်လစီ တွေကို ဆက်လက်ခန့်ခွဲလုပ်ကိုင်နေရတာ တွေ့နိုင်တယ်။ ဒီအတိုင်းဆက်သွားရင် ဗမာပြည်ဟာ အလွန် ဆိုး ရွားတဲ့အခြေအနေကိုရောက်သွားပါလိမ့်မယ်။

လူမျိုးပေါင်းစုံပြည်သူလူထုရဲ့သည်းခံနိုင်စွမ်းကလည်းကုန်ဆုံးသွားပါလိမ့်မယ်။

စောအယ်ထူး

### ဗမာပြည်မှာ

# ပြဿနာတွေ
# ထပ်မံတိုးပွားပါလိမ့်ဦးမယ်

**မောင်မိုးဦး**

ဗမာပြည်ဟာ အမျိုးသားစည်းလုံးညီညွတ်မှုရရှိခဲ့တာကြောင့် လွတ်လပ်ရေးအောင်ပွဲရခဲ့တယ်။ အမျိုးသားစည်းလုံးညီညွတ်မှုပြိုကွဲသွားလို့ ပြည်တွင်းစစ်ဖြစ်ခဲ့တယ်။ ကနေ့အထိ ပြည်တွင်းစစ်ဟာ မရပ်မစဲ ဖြစ်မြဲဖြစ်နေပါတယ်။

ဗမာပြည်မှာမှီတင်းနေထိုင်တဲ့လူမျိုးပေါင်းစုံဟာ ဗမာပြည်သား (ဗမာနိုင်ငံသား) အမျိုးသားတရပ် အဖြစ် ဖွဲ့တည်နေကြပါတယ်။ ဆိုလိုတာကတိုင်းရင်းသားလူမျိုးတွေဖြစ်တဲ့ ဗမာလူမျိုး ၊ရှမ်းလူမျိုး၊ ကရင်လူမျိုး၊ ရခိုင်လူမျိုး၊ ကချင်လူမျိုး၊ ချင်းလူမျိုး၊ မွန်လူမျိုး၊ ပလောင် လူမျိုး၊ ဝ လူမျိုး၊ ကယားလူမျိုး၊ ပအိုဝ်းလူမျိုး၊ လားဟူလူမျိုး၊ လီရှော (လီစူး) လူမျိုးများနဲ့ အခြားလူနည်းစုအမျိုးသားများအပြင် ဗမာနိုင်ငံသားဖြစ်နေကြတဲ့ ဗမာပြည်ဖွားတရုတ်လူမျိုး၊ ကုလားလူမျိုးနဲ့ ကပြားတွေဟာ အမျိုးသားအမြင်၊ အမျိုးသားစိတ်ဓာတ်နဲ့ ခိုင်ခိုင်မာမာယုံယုံကြည်ကြည်စည်းလုံးခဲ့ကြလို့ လွတ်လပ်ရေးရခဲ့တာဖြစ်တယ်။

ဖဆပလအဖွဲ့ချုပ်မှာ နိုင်ငံရေးပါတီပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ စည်းစည်းလုံးလုံးနဲ့ လုပ်ကိုင်ခဲ့ကြလို့ လွတ်လပ် ရေးအောင်ပွဲရခဲ့တယ်။ အမျိုးသားစည်းလုံးညီညွတ်မှု အမြင့်ဆုံးကာလပါပဲ။

တချိန်တည်းမှာပဲ အမျိုးသားစည်းလုံးညီညွတ်မှုပြိုကွဲမယ့်လက္ခဏာတွေ ဖဆပလအဖွဲ့ချုပ်ထဲမှာ ပေါ်ပေါက်လာတယ်။ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံလိုက်ရတယ်။ ဒီလို အလှုပ်အခတ်တွေအတွင်းမှာ လွတ်လပ်ရေးရလာခဲ့တယ်။

လွတ်လပ်ရေးရလာလို့ ဦးနုခေါင်းဆောင်တဲ့ ဖဆပလအစိုးရဟာ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီရေးတွေကို အာရုံမစိုက်ဘဲ လူတစုတဖွဲ့၊ တပါတီ(ဆိုရှယ်လစ်ပါတီ)အာဏာရရေးကို ဦးစားပေးလိုက်တယ်။ ဒါကြောင့် ဖဆပလအဖွဲ့ချုပ်အဖွဲ့ဝင် နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးအင်အားစုတွေဟာ တသီးတခြားဖြစ်ကုန်ပါတယ်။ ဖဆပလအဖွဲ့ချုပ်တပ်ပေါင်းစုကြီးလည်း ပြိုကွဲသွားပါတယ်။ ဦးနုဖဆပလအစိုးရဟာ ဗမာလူမျိုးကြီးဝါဒကိုကျင့်သုံးလိုက်တယ်။ ဒါကြောင့် ဗမာပြည်မှာ ဒီမိုကရေစီဆိတ်သုဉ်းပြီး တန်းတူရေးလည်း မရှိတော့တာကြောင့် အမျိုးသားစည်းလုံးညီညွတ်မှု လုံးဝပြိုကွဲသွားပါတယ်။ အကျိုးဆက်ကတော့ ပြည်တွင်းစစ်မီး တောက်လောင်တာပါပဲ။(ပြည်တွင်းစစ်တရားခံတွေထဲမှာ လွတ်လပ်ရေးပေးလိုက်ရတဲ့ အင်္ဂလိပ်အပါနယ်ချဲ့တွေရဲ့ဖန်တီးမှုလည်း ပါဝင်ခဲ့ပါတယ်၊)။

၁၉၆၂ ခုနှစ်၊မတ်လ ၂ ရက်နေ့မှာ ဗိုလ်နေဝင်းစစ်အုပ်စုက အာဏာသိမ်းပြီး စစ်အာဏာရှင်စနစ်ကို ထူထောင်လိုက်တယ်။ အဲဒီအခါမှာ ဗမာပြည်အခြေအနေဟာ ပိုမိုဆိုးဝါးသွားပါတယ်။ ပြည်တွင်းစစ်ကို ပိုမို

သည်းသန်ပြင်ထန်စေတယ်။ ဖြတ် ၄ ဖြတ်စနစ် ကျင့်သုံးတာကြောင့် လူမျိုးပေါင်းစုပြည်သူတွေ မတရားဖမ်းဆီးနှိပ်စက်ညှဉ်းဆဲသတ်ဖြတ်မှုတွေဟာ တပြည်လုံးအနှံ့အပြား ဖြစ်နေပါတော့တယ်။

တဖက်မှာ လူမျိုးရေး၊ ဘာသာရေးနဲ့သွေးခွဲမှုတွေ ပိုမိုလုပ်လာပါတယ်။ အကျိုးဆက်ကတော့ အမုန်းတရားပွားများလာကာ အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ် ခေါင်းပါးလာတယ်။ စည်းလုံးညီညွတ်ရေးကို စကားအဖြစ်သာပြောနေကြပြီး လက်တွေ့မှာအစေးမကပ်ကြတော့ဘဲ နိုင်ငံရေးအင်အားစုတွေဟာ တစစီဖြစ်ကုန်ပါတယ်။ တိုင်းပြည်လည်း နိုင်ငံရေး၊စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှု အဘက်ဘက်က ချွတ်ခြုံကျသွားပါ တယ်။

ဗိုလ်သန်းရွှေစစ်အုပ်စုဟာ ဗိုလ်နေဝင်းစစ်အုပ်စုအမွေကိုဆက်ခံပြီး စစ်အာဏာရှင်စနစ် အသားကျအောင်ကြိုးပမ်းနေတာဟာ ကနေ့ဗမာပြည်ရဲ့ပကတိအခြေအနေဖြစ်ပါတယ်။ ကနေ့ဗမာပြည်မှာ စစ်အာဏာရှင်စနစ် တည်မြဲအသားကျအောင် လုံးပန်းနေတဲ့ စစ်အုပ်စုကတဖက်၊ စစ်အာဏာရှင်စနစ်ကိုဆန့် ကျင်နေတဲ့ အဖိနှိပ်ခံ လူမျိုးပေါင်းစုံပြည်သူလူထုကြီးကတဖက် ဖြစ်နေတဲ့ပဋိပက္ခကြီးပါ။ ဗမာလူမျိုးကြီးဝါဒကို ကျင့်သုံးနေတဲ့ စစ်အုပ်စုက လူမျိုးပေါင်းစုံပြည်သူလူထုကြီးရော လူမျိုးပေါင်းစုပြည်သူလူထုကို ကိုယ်စားပြုတဲ့ အင်အားစုတွေရောဟာ နည်းမျိုးစုံနဲ့ စစ်အုပ်စုနဲ့စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်နေကြပါတယ်။ ဖဆပလ အစိုးရကအစ စစ်အုပ်စုအဆက်ဆက်၊ စစ်အစိုးရအဆက်ဆက်ဟာ လူမျိုးစုံပြည်သူလူထုကြီးရဲ့ တော်လှန်ဆန့်ကျင်မှုကို အငြိုးတကြီးနဲ့ တန်ပြန်ပါတယ်။

ရောင်စုံသူပုန်သောင်းကျန်းသူ၊ အကြမ်းဖက်အဖျက်သမားဆိုပြီး မတရား စွပ်စွဲချိုးနှိမ်ကာ အမြစ်ပြတ်ချေမှုန်းရေးကိုအစဉ်တစိုက်လုပ်ဆောင်နေတာကနေ့အထိပါပဲ။

ဒီချုပ်ဟာရွေးကောက်ပွဲအနိုင်ရလို့အစိုးရဖွဲ့နိုင်ပေမယ့် ၂၀၀၈ အခြေခံဥပဒေအရ အလုပ်လုပ်ရတာကြောင့် စစ်အုပ်စုအသုံးချခံအစိုးရသာ ဖြစ်သွားပါတယ်။ ဒီမိုကရေစီစကား ပြောခွင့်ရရုံသာရှိပြီး အကောင် အထည်ဖော်ခွင့်မရှိပါ။ ငြိမ်းချမ်းရေးစကား ပြောခွင့်ရှိပေမယ့် တကယ်အကောင်အထည်ဖော်ခွင့် မရှိပါ။ အခုလည်း အငှားဗိုက်နဲ့ဓားအထိုးခံရပါဦးမယ်။ ဒါ့အပြင် စစ်အုပ်စုနဲ့သူ့နောက်လိုက်နောက်ပါတို့ဟာ အမျိုးဘာသာ သာသနာလို့ ပါးစပ်ကကြွေးကြော်၊ မပြိုကွဲရေးလို့ အသံကောင်းဟစ်ရင်း လက်တွေ့မှာ လူမျိုးရေး အဓိကရုဏ်း၊ ဘာသာရေးအဓိကရုဏ်းတွေ ဖန်တီးကာ လူမျိုးကြီးဝါဒကျင့်သုံးပြီး အမျိုးသားသွေးကွဲရေး တိုင်းပြည်ပြိုကွဲရေးလုပ်ရပ်တွေ အရင်ကလည်း လုပ်ခဲ့သလို အခုလည်း ဆက်လက်လုပ်ဆောင်နေတာ ပိုပြီး ရှင်းရှင်းလင်းလင်း မြင်လာနေရပါပြီ။ ဒါကို ၂၀၀၈ ခြေဥအောက်က အစိုးရအနေနဲ့ ထိထိရောက်ရောက် ဟန့်တား နိုင်စွမ်းမရှိတဲ့အဖြစ်ကို မြင်တွေ့နေရပါတယ်။

ဗမာပြည်တွင်းပြဿနာကို ပြည်တွင်းမှာသာ ဖြေရှင်းရမှာဖြစ်ပါတယ်။ စစ်အုပ်စုနဲ့အုပ်စိုးသူ အဆက်ဆက်ဟာ တိုင်းပြည်နဲ့လူမျိုးပေါင်းစုံပြည်သူလူထုအပေါ် မှန်ကန်တဲ့စေတနာ၊သဘောထားရှိမယ်ဆိုရင် ဗမာပြည်ပြဿနာအရပ်ရပ်ကိုဖြေရှင်းနိုင်ပါတယ်။

စစ်အုပ်စုဟာ အခုလက်ရှိ ခန့်ခွဲနေတဲ့မူဝါဒသဘောထားအတိုင်း ခေါင်းမာမာနဲ့ ဆက်လက် ကျင့်သုံးနေမယ်ဆိုရင် ဗမာပြည်တွင်းပြဿနာတွေကိုလည်း ဖြေရှင်းမရ၊ နိုင်ငံတကာနဲ့လည်း ပြဿနာထပ်ပွားတာပဲ ဖြစ်နေပါလိမ့်မယ်။ အမျိုးသားပြိုကွဲမှုဟာလည်း အတောမသတ် ဖြစ်နေပါလိမ့်မယ်။

# ပြည်သူတွေကို
# လိမ်ညာလှည့်စားဖို့
# အကွက်ဆင်နေတာသာ ဖြစ်ပါတယ်

**ဆေဝိုင်**



(မဆလ) ပါတီဟာ စစ်အုပ်စုရဲ့ မူလပထမခေါင်းကိုင်ဖခင်ကြီး ဗိုလ်နေဝင်းရဲ့တလက်ကိုင်ပါတီပဲ။ ၁၉၇၄ အခြေခံဥပဒေနဲ့ တဥတည်း ပေါက်လာတဲ့ပါတီဖြစ်တယ်။ တပ်မတော်ဟာ "ပါတီစွဲ၊ ဝါဒစွဲမရှိ အမျိုးသားနိုင်ငံရေးပဲ လုပ်ဆောင်ခဲ့တာလို့" အလကားနေရင်း အာချောင်နေတဲ့ ကာချုပ်အပါအဝင် စစ်ဗိုလ်တွေရဲ့ အရှက်မဲ့တဲ့ လျှာဘရိတ်ကို အုပ်နိုင်ဖို့ပါ။

(မဆလ) ပါတီဟာ ၁၉၇၄ ကနေ ၁၉၈၈ အထိ တပါတီစနစ်နဲ့ အုပ်စိုးခဲ့တယ်။ စစ်ဗိုလ်စစ်သားတိုင်း (မဆလ)ပါတီ မဝင်မနေရ ဝင်ကြရတယ်။ ပါတီဝင်မှ ရာထူးတိုးတယ်၊ ရာထူးတက်တယ်။ ပါတီကနေ "မင်းတို့ ထွက်ကြပေ့- အာဏာသိမ်းကြ" လို့ ဗိုလ်နေဝင်းက အမိန့်ပေးတဲ့အခါမှာ (မဆလ) ပါတီကနေ အုံလိုက်ကျင်းလိုက် သေဝပ်စွာ ထွက်ကြရပြီး၊ ပေးတဲ့အမိန့်အတိုင်း အာဏာသိမ်းကြရတယ်။ ဒီလို အချက်အလက်အချင်းအရာ အခြေအနေတွေကို ကြည့်ပြီး စစ်တပ်ဟာ စစ်အုပ်စုရဲ့ "တလက်ကိုင်တပ်- ခါးပိုက်ဆောင်တပ်" လို့ အခိုင်အမာ ပြောရတာပဲဖြစ်တယ်။

အစကတော့ ဗိုလ်နေဝင်းစစ်အုပ်စုရဲ့ "တလက်ကိုင်တပ်- ခါးပိုက်ဆောင်တပ်" ပဲ။ နောက်တော့ ဗိုလ်သန်းရွှေစစ်အုပ်စုရဲ့ "တလက်ကိုင်တပ်- ခါးပိုက်ဆောင်တပ်" အဖြစ် "အုံနာ" ပြောင်းသွားတယ်။ လက်ပြောင်းလက်လွှဲဖြစ်သွားတယ်။ ဒီလို လွှဲပြောင်းနိုင်ဖို့ အခရာကျတဲ့ အဆုံးအဖြတ်ကျတဲ့ အဓိကအကြောင်းအချက်ဟာ ပြည်တွင်းနိုင်ငံရေးအကြောင်းအချက်စစ်စစ်ဖြစ်တဲ့ "၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီ လူထုအရေးတော်ပုံကြီး" ပဲဖြစ်တယ်။ လူထုကြီးက ဗိုလ်နေဝင်းရဲ့ စစ်အုပ်စုနဲ့ စစ်အာဏာရှင်စနစ်ကို တခဲနက် အုံကြွဆန့်ကျင်လာတဲ့အခါမှာ သူတို့ အာဏာလက်ပြောင်းလက်လွှဲ လုပ်မှ ဖြစ်တော့မယ့် အခြေအနေသို့ ဆိုက်ရောက်သွားတယ်။

ပြည်သူတွေရဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးက ၁၉၇၄ အခြေခံဥပဒေ၊ (မဆလ)ပါတီနဲ့ ဗိုလ်နေဝင်း စစ်အုပ်စုကို မိုက်မဲမှု တဇာတ်သိမ်းပေးလိုက်တယ်။ ဒီအခါမှာ "စောမောင်- ခင်ညွန့် အာဏာသိမ်းကြ" ဆိုတဲ့ ဗိုလ်နေဝင်းနုတ်မိန့်နဲ့ အာဏာသိမ်းကြရာကနေ (နဝတ-နအဖ) စစ်အုပ်စု ဖွံ့တည်ပေါ်လာတယ်။ အစပိုင်း တော့ ဒီစစ်အုပ်စုဟာ ဗိုလ်နေဝင်း စစ်အုပ်စုရဲ့ ရင်ခွင်ပိုက် နို့သက်ခံစစ်အုပ်စုပဲ။ ဒါပေမယ့် ၂၀၀၄ ခုနှစ် အောက်တိုဘာနောက်ပိုင်း (ဗိုလ်ခင်ညွန့် ထောက်လှမ်းရေးဂိုဏ်းကို နှိမ်လိုက်နိုင်တဲ့နောက်မှာ)မှာတော့ ဗိုလ် သန်းရွှေစစ်အုပ်စုအဖြစ် ပီပီပြင်ပြင်ပေါ်ပေါက်လာတော့တယ်။

၁၉၈၈ ဒီမိုကရေစီလူထုအရေးတော်ပုံကြီးက ၁၉၇၄ အခြေခံဥပဒေ၊ (မဆလ)ပါတီနဲ့ ဗိုလ်နေဝင်း စစ်အုပ်စုကို ဇာတ်သိမ်းပေးလိုက်တဲ့အခါ ဗိုလ်နေဝင်းနဲ့ အတူပါသွားကြတဲ့ (မဆလ) စစ်ဗိုလ်တွေဟာ (မဆ လ) ပါတီကို (တစည) ဆိုတဲ့ အမည်ပြောင်းပြီး ပွဲထွက်လာစေပါတယ်။ ဘယ်လိုပဲ အမည်ပြောင်းပြောင်း သူ တို့ကို ပြည်သူတွေက သမိုင်းရဲ့အမှိုက်ပုံထဲမှာ စွန့်ပစ်ခဲ့ကြပါတယ်။ ၁၉၉၀ အထွေထွေ ရွေးကောက်ပွဲ၊ ၂၀၁၀ အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွေမှာ (တစည) ပါတီဟာ အရှုံးကြီး ရှုံးပါတယ်။ ဒါဟာ ပြည်သူတွေက ဒဏ်ခတ်တာပါ။ (မဆလ) တဖြစ်လဲ (တစည) ဟာ ဘယ်လိုမှ နာလန် မထူနိုင်တော့ ပါဘူး။ အခုဆို ကြံ့ဖွံ့ပါတီရဲ့နောက်ပါးကနေ အဆွယ်အပွား သာသာဘဝနဲ့ လိုက်ပါနေတာပါ။ ပြည်သူတွေ ဟာ (မဆလ) နဲ့ ဗိုလ်နေဝင်းစစ်အုပ်စုရဲ့ အုပ်စိုးမှုကို ၂၆ နှစ်နီးပါး ခါးစည်းခံခဲ့ကြပြီးပြီ မဟုတ်လား။ ၁၉၈၈ ဒီ မိုကရေစီအရေးတော်ပုံကြီးနဲ့ ၁၉၇၄ အခြေခံဥပဒေ၊ (မဆလ)ပါတီနဲ့ ဗိုလ်နေဝင်းစစ်အုပ်စုကို အပြီးသတ် ဖယ်ရှားပစ်ခဲ့ကြပြီးပြီလေ။

ဒီလို အနေအထားအောက်မှာ ပြည်သူတွေက (မဆလ) တဖြစ်လဲ (တစည) ကို သမိုင်းရဲ့ အမှိုက်ပုံ ထဲ စွန့်ပယ်ပစ်လိုက်တာ ဘာမှမဆန်းပါဘူး။ အခု အဲဒီလို (တစည) ကံကြမ္မာမျိုးနဲ့ ကြံ့ဖွံ့ပါတီလည်း ထိပ် တိုက်တိုးနေပါပြီ။

ကြံ့ဖွံ့ပါတီဆိုတာကလည်း ဗိုလ်နေဝင်းက (မဆလ)ပါတီကို မန်းမှုတ်အသက်သွင်းခဲ့သလို ဗိုလ်သန်း ရွှေက (၁၉၉၃ လောက်ဆီက) သာရေးနာရေး အသင်းကနေ မန်းမှုတ်အသက်သွင်းလိုက်လို့ အသင်းအဖြစ် ကနေ ကူးပြောင်းလာရတဲ့ (နဝတ-နအဖ) စစ်ဗိုလ်တွေနဲ့ စုဖွဲ့ထားတဲ့ နိုင်ငံရေးပါတီပဲ။ စစ်အုပ်စု ဂေါ်ဖားသား တွေရဲ့ တလက်ကိုင်ပါတီပဲဖြစ်တယ်။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲမှာ ကြံ့ဖွံ့ပါတီဟာ တကောင်တည်း ပြိုင်တဲ့ မြင်းဖြစ်တယ်။ ပြီးတော့ ဗိုလ်သန်းရွှေလောင်းတဲ့ မြင်းဖြစ်တယ်။ ဗိုလ်သန်းရွှေစစ်အုပ်စုက အချိန်ယူပြီး စိတ်ကြိုက်ရေးဆွဲ အတည်ပြုထားတဲ့ ၂၀၀၈ အခြေခံဥပဒေနဲ့ (ပထမဆုံး ကျင်းပတဲ့) ရွေးကောက်ပွဲမှာ ဗိုလ် သန်းရွှေ စိတ်ကြိုက်ဖွဲ့စည်းပေးထားတဲ့ ကြံ့ဖွံ့ပါတီ အပြတ်အသတ်အနိုင်ရတာ ဘာများဆန်းလို့လဲ။ အဲသလို အနိုင်ရဖို့လည်း အကောက်ဉာဏ်နဲ့ အသေအချာ စီစဉ်ပြင်ဆင်ထားတဲ့အကွက်ပဲ။ ဗိုလ်သန်းရွှေစစ်အုပ်စုက သူ့တပည့် ဗိုလ်သိန်းစိန် - ဗိုလ်ရွှေမန်းတို့ ပါတီကို အာဏာလွှဲပြောင်းပေးတာကိုရော ဘာတွေများ ရေးကြီး ခွင်ကျယ်လုပ်နေစရာရှိလို့လဲ။

တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီး ဗိုလ်နေဝင်းက - (မဆလ)ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းထံကို ၁၉၇၄ အခြေခံဥပဒေနဲ့အညီ အာဏာလွှဲပြောင်းပေးခဲ့ဖူးတာမျိုးပဲလေ။ မြန်မာ့နွေဦးတွေ မြန်မာ့လေရူးတွေဆိုပြီး ရူး သလို ပေါသလို ပြောနေတာမျိုးပဲဖြစ်မှာပေါ့။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာတော့ ကြံ့ဖွံ့ပါတီရဲ့ အခြေအ နေဟာ ၁၉၉၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲမှာ (တစည) ပါတီကြုံခဲ့ရတဲ့ အရှုံးမျိုးကို ရင်ဆိုင်တိုးသွား ရပါတော့တယ်။

ဒါ့အပြင် ကြံ့ဖွံ့ပါတီထဲ ဂိုဏ်းဂဏအုပ်စုတိုက်ပွဲဟာ သန်းခေါင်ယံအာဏာသိမ်းပွဲအဖြစ် ပေါက်ကွဲထွက်သွားပြီး ဗိုလ်ရွှေမန်း-ဗိုလ်မောင်မောင်သိမ်းဂိုဏ်း ပွဲထွက်လာပါတယ်။ အခုတော့ ဗိုလ်ရွှေမန်း-ဗိုလ်မောင်မောင်သိမ်းဂိုဏ်းကလည်း ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ (UBP) ဆိုတဲ့ နာမည်နဲ့ ပွဲထွက်လာပါပြီ။ ဒါ့အပြင် ဗိုလ်စိုးမောင်-ဗိုလ်လွန်းမောင်-ဗိုလ်ကျော်သူတို့အုပ်စုကလည်း အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီ (DNP) အမည်နဲ့ တစင်ထောင်လာပါပြီ။ အဲဒီလို ကြံ့ဖွံ့ပါတီထဲမှာ အာဏာသိမ်းတာတွေ၊ ဗိုလ်လုတာတွေ၊ နိုင်ငံရေးပါတီတွေ ပေါ်ပေါက်လာတာဟာ ကာချုပ်ကြီးဗိုလ်သန်းရွှေ လက်ရာပဲ၊ ဗိုလ်သန်းရွှေ ခလုပ်နှိပ်တာပဲလို့ ဒီချုပ်ပါတီနာယက ဦးဝင်းထိန်ကတော့ အခိုင်အမာပြောနေတာကြားရပါတယ်။ ဒီအတိုင်းသာဆိုရင် စစ်အုပ်စုနဲ့ ဆက်နွယ်နေတဲ့ စစ်တပ်နဲ့ မကင်းရာမကင်းကြောင်း ပါတီတွေဟာ လောလောဆယ်မှာ ၄ ပါတီရှိနေပြီလို့ဆိုရမှာပါ။

-တစည(NUP)

-ကြံ့ဖွံ့ပါတီ(USDP)

-ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ(UBP)

-အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ(DNP)

ဒီပါတီ ၄ ခုကို ကြည့်မြင်တဲ့အခါ အောက်ပါအချက် ၆ ချက်ကို မလွဲမသွေ သတိပြုမိကြမှာဖြစ်ပါတယ်။

၁။ စစ်အုပ်စုတွေက ဖန်တီးအသက်သွင်းခဲ့တဲ့ ပါတီတွေဖြစ်တယ်။ စစ်အုပ်စုဟောင်းတွေ ထိပ်သီးစစ်ဗိုလ်ဟောင်းတွေ ဦးဆောင်တဲ့ပါတီတွေဖြစ်တယ်။ ငွေကြေးအင်အားရှိတယ်။

၂။ တိကျခိုင်မာ တည့်မတ်မှန်ကန်တဲ့ နိုင်ငံရေး အတွေးအခေါ်အယူအဆ လမ်းစဉ် မည်မည်ရရ မရှိဘူးလို့ ပြောမယ်ဆိုရင်တောင် စည်းကမ်းရှိသော ဒီမိုကရေစီ၊ အမျိုးသားရေးဝါဒ၊ မျိုးချစ်ဝါဒ၊ လူမျိုးကြီးဝါဒ စတဲ့ အယူအဆတွေ ခိုင်မာနက်ရှိုင်းစွာ ရှိနေပါတယ်။

၃။ "ပြည်ထောင်စုအရေး - တိုင်းရင်းသားအရေး" ဆိုတာကို ကျယ်ကျယ်လောင်လောင်အော်ပြလေ့ရှိတယ်။ "ဖက်ဒရယ်" ကို "ခွဲထွက်ရေး" လို့ အစဉ်တစိုက်သရုပ်ဖျက်ခဲ့ကြသူတွေမို့ သူတို့ကို ဘယ်တိုင်းရင်းသားကမှ မယုံဘူး။ ယုံတဲ့တိုင်းရင်းသားဆိုတာ ကိုယ်ကျိုးစီးပွားကြည့်တဲ့တိုင်းရင်းသား၊ သူတို့နဲ့ ရေရှည်ပေါင်းစားလာတဲ့ တိုင်းရင်းသားပဲဖြစ်လိမ့်မယ်။

၄။ တချိန်က "ဆိုရှယ်လစ်အတု" ကို အရေခြုံခဲ့ကြပေမယ့် အခုအခါမှာတော့ "ဒီမိုကရေစီ" ချည်း သီးသန့်ဘာနဲ့မှ မရောဘဲ၊ မထွေးဘဲ အရေမခြုံဝံ့ဘူး၊ "အမျိုးသားနိုင်ငံရေး" ရှေ့ကထားပြီး ပုန်းလျှိုးကွယ်လျှိုး စုပေါင်းစပ်ပေါင်း ရောခြုံထားကြရတယ် မဟုတ်လား။ "ပြည်သူ" တို့ "လူထု" တို့ဆိုတဲ့ နာမည်တွေကိုတော့ အဖျားဆွတ်ပြီးတောင် သူတို့ မထည့်ဝံ့ကြပါဘူး။

၅။ "အမျိုးသားနိုင်ငံရေး" (နိုင်ငံရေးလို့တောင် ရဲရဲမပြောရဲဘူး၊ နိုင်ငံ့အရေးဆိုပြီး ပြောလားပြောရဲ့)ဆိုတာနဲ့ "အမျိုး၊ ဘာသာ၊ သာသနာ" ဆိုတာကိုတော့ ဒီနေ့ကာလအတွက် ဖက်ရင်ဝတ်စုံအဖြစ် သူတို့ခပ်ရဲရဲပဲ အရေခြုံလာတယ်။ ဒါကလည်း စစ်အုပ်စုရဲ့ နိုင်ငံရေးချွတ်ခြုံကျမှု တဆင့်တိုးပွင့်ကျလာတဲ့ ဖော်ပြချက်ပဲဖြစ်တယ်။ ဒီအချက်က သူတို့မှာ အခြားနိုင်ငံရေးဝတ်ရုံ ခြုံစရာမရှိတော့ဘူးလို့ အတိအလင်း ဝန်ခံတာလည်း ဖြစ်ပြန်တယ်။ ဒီနည်းနဲ့ သူတို့ဟာ မစားရတဲ့အမဲ သဲနဲ့ပက်ကြမယ်။ ကြွက်မနိုင် ကျီမီးနဲ့ရှို့တဲ့လုပ်နည်းကို မိုက်မိုက်

ကန်းကန်း လုပ်ကြလိမ့်မယ်။ အခုပဲ အစွန်းရောက်လူမျိုးရေး၊ ဘာသာရေး ရန်တိုက်ပေးမှုတွေ နည်းမျိုးစုံနဲ့ လုပ်နေကြပြီ မဟုတ်လား။

၆။ တပြိုင်နက်တည်းမှာ သူတို့အားလုံးဟာ အတိတ်-ပစ္စုပ္ပန်-အနာဂတ် စစ်အုပ်စု ဘုံအကျိုးစီးပွားဆိုတဲ့ ဖြတ်မရတဲ့ ချက်ကြိုးနဲ့ တစ်ယောက်လက် တစ်ယောက်ခြေ၊ တစ်ယောက်လည်ပင်း တန်းလန်းချည်တွဲထားကြတာလည်းဖြစ်တယ်။ ဒါကြောင့် "စစ်အုပ်စု၊ ကြေးစားစစ်တပ်နဲ့ ၂၀၀၈ အခြေခံဥပဒေ" ဆိုတဲ့ သူတို့ အသက်ဘူးကို အသေအလဲ ကာကွယ်ကြမယ့်သူတွေလည်း ဖြစ်ပြန်တယ်။

နောက်တချက် ထပ်ပြီးကြည့်စရာက စစ်တပ်ထဲက အနားယူလာတဲ့၊ စစ်ဗိုလ်ဘဝနဲ့ ကြွယ်ဝလာတဲ့ စစ်ဗိုလ်ထိပ်သီးတွေဟာ ဘယ်ပါတီထဲ ဝင်ကြမလဲ-ဝင်ကြသလဲ ဆိုတာကလည်း သတိပြု ကြရမယ့်အချက်ဖြစ်တယ်။ ကိုယ်ပိုင်ပါတီလည်း ထောင်နိုင်တာပဲ။ လက်ရှိကာချုပ် ဗိုလ်မင်းအောင်လှိုင် တပ်က အနားယူတဲ့အခါ ဘယ်ပါတီဝင်မလဲဆိုတာ စပ်စုချင်သူများအဖို့ တော့ စိတ်ဝင်စားစရာပေါ့။ တစည၊နဲ့ (UBP)တော့ ဝင်လိမ့်မယ်လို့ မထင်ပါဘူး။ (တစည) က နိုင်ငံရေး နာလန်မထူတော့တဲ့ ပါတီ၊ (UBP) ကတော့ "သဖန်းသီးပုပ်" လို့ သူတို့ မှန်မှန်ကန်ကန် အမည်ပေးထားတဲ့ ဗိုလ်ရွှေမန်းရဲ့ ပါတီလေ။ ဒီတော့ ဗိုလ်မင်းအောင်လှိုင်အဖို့ ကြံ့ဖွံ့နဲ့ (DNP) ပဲ ရှိပါတယ်။ ဒါမှ မဟုတ်ရင်တော့ ကိုယ်ပိုင်သီးခြားပါတီထောင်ဖို့ပဲရှိတယ်။စစ်အုပ်စုအဖို့ ပါတီတို့ သမ္မတတို့ ခြေဥတို့ထက် စစ်တပ်ကို တလက်ကိုင်ကြေးစားတပ်အဖြစ် ကိုင်ထားနိုင်ဖို့က ပိုအရေးကြီးပါတယ်။ ၂၀၀၈ ခြေဥဆိုတာကလည်း သူတို့ရည်မှန်းချက် ပေါက်မြောက်ဖို့အတွက် အကာအကွယ်ယူထားတဲ့ ခြံထည်တခုပါပဲ။ မလိုအပ်တော့ရင် အရေခွံပြောင်းဦးမှာပါ။

အခုလို စစ်အုပ်စုက ဖန်တီးခဲ့တဲ့ ပါတီ ၄ ပါတီ ရှိနေတဲ့သဘောဟာ စစ်အုပ်စုနဲ့ စစ်တပ်ထဲက ဂိုဏ်းဂဏကွဲပြဲမှုကို တစုံတရာ ထင်ဟပ်နေတယ်လို့ ယူဆနိုင်သလား။ ဒါမှမဟုတ် ပြည်သူတွေကို ထင်ယောင်ထင်မှားဖြစ်စေဖို့ တမင်လှည့်စားချက်လား။ ဒီလိုမဖြစ်နိုင်ကြောင်း ပြည်သူတွေကို လှည့်စားမရကြောင်း (တစည) ပါတီရဲ့ဖြစ်ရပ်၊ ဂိုဏ်းကွဲပြီးနောက် ရွေးကောက်ပွဲမှာ ဗိုလ်ရွှေမန်း မဲရှုံးတဲ့ ဖြစ်ရပ်တွေက ခေါင်းခါပြနေပါတယ်။ ပြည်သူတွေဟာ စစ်အုပ်စုနဲ့ ဆက်နွှယ်နေတဲ့ ပါတီတွေကို ယုံကြည်လက်ခံမဲထည့်ဖို့အထိ မဝေဝါးကြသေးပါဘူး။ သူတို့ဘဝတွေ အသက်တွေနဲ့ ရင်းခဲ့ကြရတဲ့ အသိတွေက သူတို့ကို အကြိမ်ကြိမ် အသိပေးနေတယ် မဟုတ်ပါလား။

စစ်အုပ်စုဟာ "တော်လှန်ရေးကောင်စီ၊ (မဆလ)၊ (နဝတ-နအဖ)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး၊ ပြည်ထောင်စု ကောင်းကျိုးဆောင်၊ အမျိုးသားနိုင်ငံရေး" စသဖြင့် ဘယ်လိုနာမည်ပဲ ခံယူနေပါစေ။ ပဒိုင်းသီးကို နာမည်ဘယ်လောက်ပြောင်းပြောင်း စားမိသူကို ရူးသွပ်စေမှာသာဖြစ်ပါတယ်။ ဒီလိုပါပဲ စစ်အုပ်စုဟာ ဘယ်လိုနာမည်ပဲ ပြောင်းလဲခံယူပါစေ ပြည်သူတွေအပေါ် ခေတ်အဆက်ဆက် သူတို့ကျူးလွန်ခဲ့တဲ့ ရာဇ ဝတ်မှုတွေ၊ မိုက်ကြေးမိုက်ပြစ်တွေ၊ သမိုင်းသွေးကြွေးတွေကို ဘယ်လိုမှ ဖုံးကွယ်ထားလို့ ရနိုင်မှာ မဟုတ်ပါ ဘူး။

တကယ်တော့ စစ်အုပ်စုအဆက်အနွယ်တွေက ဒီလိုနာမည်တွေ အလီလီပြောင်းလဲနေတာကပဲ စစ်အုပ်စုရဲ့ အရင်းခံအကျိုးစီးပွားကို အသေအလဲကာကွယ်ဖို့အတွက် ပြည်သူတွေကို လိမ်ညာလှည့်စားဖို့ အကွက်ဆင်နေတာသာဖြစ်ပါတယ်။

# ကတ္တီပါ တော်လှန်ရေး၊
# ကတ္တီပါလမ်းခွဲနဲ့

## အရင်းရှင်စနစ် ခယောင်းလမ်း

**နီအောင်ဝေ**



ဒေါ်စု ချက်သမ္မတနိုင်ငံကို ရောက်နေစဉ်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် လူထုဆန္ဒပြပွဲတွေနဲ့ ထိပ်တိုက်တိုးတယ်။ မြို့တော် ပရားဂ်မှာ သိန်းဂဏန်းရှိတဲ့ ချက်ပြည်သူတွေက ဝန်ကြီးချုပ် အန်ဒရေဘားဘစ်(စ်) နုတ်ထွက်ဖို့ တောင်းဆို ဆန္ဒပြနေကြတာ ဖြစ်ပါတယ်။

ဘားဘစ်(စ်)က ချက်နိုင်ငံမှာ ဒုတိယအချမ်းသာဆုံး သန်းကြွယ်သူဌေးကြီး ဖြစ်တယ်။ အမေရိကန်သမ္မတ ထရမ့်လို လူစားမျိုးလို့ဆိုကြတယ်။ အကျင့်ပျက် ခြစားမှုတွေ တိုက်ဖျက်မယ်ဆိုပြီးတော့ လူကြိုက်များဖို့သာ အဓိကထားတဲ့ ANO 2011 ပါတီကို ထူထောင်ခဲ့တယ်။ အခုတော့ ဥရောပသမဂ္ဂကရတဲ့ ရန်ပုံငွေတွေကို အလွဲသုံးစားလုပ်မှုအတွက် ချက်လူထုက သူ့ကို နုတ်ထွက်ခိုင်းနေပြီ။

ချက်နိုင်ငံနဲ့ပတ်သက်ရင် လူသိများတာက ကတ္တီပါတော်လှန်ရေးနဲ့ ကွန်မြူနစ်ခေတ်အလွန်မှာ ပထမဆုံး သမ္မတဖြစ်လာတဲ့ ဗားဇ(စ်)လပ်ဟားဗဲလ် Vaclav Havel ပဲ ဖြစ်ပါတယ်။ လူသိများ ကျော်ကြားအောင်လို့ အမေရိကန်နဲ့ အနောက်အုပ်စုက နည်းမျိုးစုံသုံးပြီး ဂုဏ်တင်ပေးခဲ့ကြတယ်။ သွေးမြေမကျ ငြိမ်းချမ်းတဲ့နည်းနဲ့ ကွန်မြူနစ်အစိုးရကို ဖြုတ်ချနိုင်ခဲ့သူ၊ အကြမ်းမဖက် တော်လှန်ရေးသမား၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး သူရဲကောင်းကြီး စသဖြင့် ဘွဲ့ထူး၊ ဂုဏ်ထူးတွေ အသွယ်သွယ်နဲ့ အနောက်အုပ်စု လစ်ဘရယ်နယ်ချဲ့သမားတွေ၊ အနောက်အုပ်စုမီဒီယာနဲ့ အနောက်တိုင်းက ခေနရှင်ပေါက်စ ပညာတတ်တွေက ဟားဗဲလ်ကို ပွတ်တိုက် အရောင်တင်ပေးခဲ့ကြတယ်။

ဒါပေမဲ့ ချက်ပြည်သူတွေနဲ့အတူ အနောက်အုပ်စု ပြောသမျှကို မျက်စိမှိတ် မယုံတတ်သူတွေက သ မိုင်းအမှန်ကို သိကြပါတယ်။ ဗမာပြည်မှာလည်း ဒေါ်စုကို အစဉ်တစိုက် အားပေးထောက်ခံသူအဖြစ် ဟား ဗဲလ်ကို လေးစားအထင်ကြီးသူတွေ-အကောင်းမြင်သူတွေ ရှိတယ်။ နာဇီကျူးကျော်ရေးသမားတွေကို နောက် ဆုံးထွက်သက်အထိ တိုက်ပွဲဝင်အန်တုခဲ့တဲ့ ဂျူးလီယက်ဖူးချစ်လို အာဇာနည်ကိုတော့ တချို့သိချင်မှ သိလိမ့် မယ်။

ချက်နဲ့ ဆလိုဗက်ပြည်သူတွေဟာ ဂျာမန်လက်အောက်မှာလည်း အဖိအနှိပ်၊ အထုအထောင်း မျိုးစုံ ခံခဲ့ရတယ်။ လစ်ဘရယ်နယ်ချဲ့သမားတွေ ပြုသမျှလည်း နခဲ့ကြရတယ်။ ဟားဗဲလ်လို လူမျိုးကြောင့် ဒုက္ခ ရောက်ရပြန်တယ်။ ချက်နဲ့ဆလိုဗက်ပြည်သူတွေကို နယ်ချဲ့အရင်းရှင်အုပ်စု လုပ်ချင်တိုင်း လုပ်ခဲ့တာက တော့ ပဝေသဏီကတည်းကပါပဲ။ ၁၉၃၈ ခုနှစ်မှာ ဗြိတိန်၊ ပြင်သစ်နဲ့အီတလီက ဟစ်တလာနဲ့ သင့်မြတ် ရေးအတွက် ချက်ကိုဆလိုဗက်ကီးယား အနောက်ပိုင်းဒေသတခုဖြစ်တဲ့ 'စုဒန်တန်းဒေသ'ကို ထိုးပေးလိုက် တယ်။ ချက်ကိုဆလိုဗက်အစိုးရက ပြင်သစ်နဲ့ ရော ဆိုဗီယက် ယူနီယံနဲ့ပါ စစ်ရေးမဟာမိတ်ဖွဲ့ထားပေမယ့် ပြင်သစ်နဲ့ဗြိတိန်ရဲ့ဖိအားပေးမှုကြောင့် ဟစ်တလာကို အလျှော့ပေးလိုက်ရတယ်။ မြူးနစ်သဘောတူညီချက် (မြူးနစ်သစ္စာဖောက်မှုလို့လည်း သိကြတယ်) နောက်ဆက်တွဲအဖြစ် ၁၉၃၉ ခုနှစ်မှာ ချက်ကိုဆလိုဗက်ကီး ယား တနိုင်ငံလုံး ဂျာမန်လက်အောက် ရောက်သွားပါတယ်။

ချက်ကိုဆလိုဗက်ကီးယားက ဒုတိယကမ္ဘာစစ် မတိုင်မီ ဥရောပမှာ အကြီးမားဆုံး ပြည်တွင်းကွန်မြူ နစ် လှုပ်ရှားမှု ပေါ်ထွက်ရာဖြစ်တယ်။

၁၉၄၆ ခုနှစ် ပါလီမန် ရွေးကောက်ပွဲမှာ ဆိုရှယ်ဒီမိုကရက်တွေက ၁၃ ရာနှုန်းနဲ့ ကွန်မြူနစ်ပါတီက ၃၈ ရာနှုန်း မဲရတယ်။ ဒါကြောင့် နယ်ချဲ့အမေရိကန်က ၁၉၄၅ ခုနှစ်တုန်း က အမေရိကန်ဒေါ်လာ သန်း ၅၀ ချေးဖို့သဘောတူခဲ့တာကို ဖျက်သိမ်းပစ်လိုက်တယ်။ ၁၉၄၇ ခုနှစ်မှာ သီးနှံအထွက်မကောင်းလို့ အငတ် ဘေးကျတော့လည်း အမေရိကန်က အစားအစာနဲ့ ချေးငွေမပေးရေးပေါ်လစီကို ဆက်ထိန်းသိမ်းထားတယ်။ ဆိုဗီယက်နဲ့ ပေါင်းမလား၊ အမေရိကန်နဲ့ ပေါင်းမလား ဆိုတဲ့သဘောနဲ့ အကျပ်ကိုင်တာ ဖြစ်တယ်။ ၁၉၆၈ ခု နှစ်မှာ ကွန်မြူနစ်ပါတီခေါင်းဆောင် အလက်ဇန္ဒားဒူးချက်က ပြုပြင်ပြောင်းလဲရေးတွေ လုပ်ဖို့ ကြိုးစားလာ တယ်။ 'ပရားဂ်နွေဦး' လို့ခေါ်တဲ့ ပြုပြင်ပြောင်းလဲရေးနဲ့ ဗျူရိုကရေစီစနစ် ဆန့်ကျင်ရေး လူထုတောင်းဆိုမှု တွေ ဖြစ်နေတဲ့ကာလပါ။ ဆိုဗီယက်ယူနီယံခေါင်းဆောင်တဲ့ ဝါဆောစာချုပ်အဖွဲ့ ကျူးကျော်မှုဖြစ်ပြီး ပြုပြင် ရေးကာလ အဆုံးသတ်သွားတယ်။

ပရားဂ်နွေဦးက အရှိန်မကုန်ဘဲ ၁၉၈၉ ခုနှစ်မှာ ကတ္တီပါတော်လှန်ရေးလို့ လူသိများတဲ့ လူထုလှုပ် ရှားမှု ပေါ်ပေါက်တဲ့အထိ ကူးဆက်သွားတယ်။ ကတ္တီပါတော်လှန်ရေးရဲ့ အစဟာ ကွန်မြူနစ် ဝါဒဆန့်ကျင်ရေး မဟုတ်ပါဘူး။ ဂျာမန်နာဇီတွေက ချက်ကိုဆလိုဗက်ကျောင်းသားတွေကို သတ်ဖြတ်ခဲ့မှုအတွက် နှစ်ပတ်လည် ဆန္ဒပြပွဲလုပ်ရာကနေ အစပြုတာ ဖြစ်တယ်။ ကျောင်းသားတယောက် အသတ်ခံရတယ်ဆိုတဲ့ ကောလာဟ လ လုပ်ကြံဖန်တီးလမ်းကနေ ကွန်မြူနစ်အစိုးရရဲ့အားနည်းချက်တွေကို မကျေမချမ်း ဖြစ်နေတဲ့ ပြည်သူတွေကို လမ်းပေါ်ထွက်လာစေခဲ့တယ်။ တကယ်တော့ ချက်ကိုဆလိုဗက် ပြည်သူတွေက ကွန်မြူနစ်ဝါဒကို မကြိုက် တာကြောင့် မဟုတ်ဘူး။ ချက်ပြည်သူတွေဟာ ကွန်မြူနစ်အစိုးရကို မကျေမနပ် ဖြစ်သော်လည်း အရင်းရှင် စနစ်ကို လိုလားနေတာ မဟုတ်ဘူးဆိုတာကို ကွန်မြူနစ်အစိုးရ နုတ်ထွက်ပြီးနောက် ပထမဆုံးပြုလုပ်တဲ့ ရွေး ကောက်ပွဲမှာတင် ကွန်မြူနစ်ပါတီက ၁၃ ရာနှုန်းကျော် မဲရသေးတာ ကိုကြည့်ရင် သိနိုင်တယ်။ ၁၉၈၉ ခုနှစ် ဒီ ဇင်ဘာမှာ ကောက်ခံတဲ့ ပြည်သူ့သဘောထား စစ်တမ်းအရ ချက်နဲ့ ဆလိုဗက် ပြည်သူ ၃ ရာနှုန်းသာ အရင်း ရှင်စနစ်ကို လိုလားတယ်။ ၄၁ ရာနှုန်းက ဆိုရှယ်လစ်စနစ်ကို လိုလားတယ်။ ၅၁ ရာနှုန်းက အဲဒီနှစ် ခုကြားကစနစ်ကို လိုလားတယ်လို့ ဖော်ပြခဲ့ကြတယ်။

ကတ္တီပါတော်လှန်ရေး ခေါင်းဆောင်အဖြစ် အနောက်အုပ်စုရဲ့ အချစ်တော် ဗား(စ်)လပ်ဟားဗဲလ် နိုင် ငံရေးစင်မြင့်ပေါ် တက်လာတယ်။ ဟားဗဲလ်က မြေရှင်ပဒေသရာဇ် မိသားစုက ဆင်းသက်လာသူ ဖြစ်တယ်။ သူ့မိသားစုက ချက်ကိုဆလိုဗက်ကီးယားရဲ့ အချမ်းသာဆုံး မြေရှင်ကြီးတွေထဲမှာ ပါတယ်။ နာမည်ကျော် ဘာ ရန်ဒွေါ ရုပ်ရှင်စတူဒီယိုတွေ ပိုင်တယ်။ ဟားဗဲလ်ရဲ့ အဖေက အိမ်ခြံမြေ သူဌေးကြီး 'တိုက်ကွန်း' တဦး

ဖြစ်ပြီးတော့ မြို့တော်ပရားဂ်က အိမ်တွေ၊ မြေတွေ အတော်များများကို ပိုင်ဆိုင်ခဲ့တယ်။ ကမ္ဘာစစ်ကြီး နှစ်ခု ကြားကာလမှာ သူ့အဖိုး၊ အဖေနဲ့ ဦးလေးတွေက ပရားဂ်မြို့တော်မှာ အဆောက်အဦးတွေ အတော်များများ ကို ဆောက်လုပ်ခဲ့တယ်။ ပထမကမ္ဘာစစ်ပြီးစမှာ တည်ဆောက်ပြီးစီးတဲ့ လူဆာနာ နန်းတော်နဲ့ ဘာရ်ရန်ဒွေ့ ရုပ် ရှင်စတူဒီယိုလို အဆောက်အအုံတွေကို ကာလပျက်မှာ သွပ်ခွာကြသူတွေပီပီ အမြတ်ထုတ် ဆောက်လုပ်ခဲ့ ကြတာ ဖြစ်တယ်။ ဒါနဲ့တင် မပြီးသေးဘူး၊ ဟားဗဲလ်ရဲ့ဦးလေး မီလို့စ်ဟားဗဲလ်ပိုင်တဲ့ ဘာရန်ဒွေ့ စတူဒီယို က ဂျာမန်သိမ်းပိုက်ထားတဲ့ ချက်ကိုဆလိုဗက်ကီးယားရဲ့ ဘိုဟီးမီးယားနဲ့ မော်ရေးဗီးယားအစောင့်ရှောက်ခံ နယ်မြေ အစိုးရအတွက် ဝါဒဖြန့် ချိရေး ဇာတ်လမ်းတွေလည်း ထုတ်လုပ်ပေးခဲ့တယ်။

သူ့ဦးလေး မီလို့စ်က အမျိုးသားဖက်ဆစ်အဖွဲ့ချုပ် အဖွဲ့ဝင်ဖြစ်ခဲ့သလို ဂျာမန်ထောက်လှမ်းရေး တွေနဲ့ပေါင်းပြီး နာဇီအလိုတော်ရိလည်း လုပ်ခဲ့တယ်။ ကွန်မြူနစ်အစိုးရ တက်လာတော့ မြူးနစ်မှာ သွားအ ခြေချပါတယ်။ (လူ့အခွင့်အရေးနဲ့ဒီမိုကရေစီ သူရဲကောင်းကြီး ဗားစ်(စ်)လပ် ဟားဗဲလ်က နာဇီအလိုတော်ရိ သူ့ဦးလေးရဲ့ ရာပြည့်မွေးနေ့ပွဲကို ၁၉၉၉ ခုနှစ်မှာ ကျင်းပခဲ့ပါသေးတယ်။) ၁၉၄၈ ခုနှစ်မှာ ကွန်မြူနစ်တွေ အာဏာရတော့ ကွန်မြူနစ်အစိုးရက လူဆာနာနန်းတော်အပါအဝင်ဟားဗဲလ်မိသားစုရဲ့ပိုင်ဆိုင်မှုတွေကို ပြည် သူပိုင်လုပ်ပစ်ခဲ့တယ်။ သူ့အဖေနဲ့ဦးလေးတွေလည်း ရုံးတင်ထောင်ချတာ၊ အရေးယူ အပြစ်ပေးတာ တွေ ခံရ တယ်။

ဒါပေမဲ့ ကတ္တီပါတော်လှန်ရေးနဲ့အတူ ဗားစ်(စ်)လပ်ဟားဗဲလ် သမ္မတ ဖြစ်လာတဲ့အခါ သူတို့မိသားစု ပိုင်ဆိုင်တာတွေအပါအဝင် နိုင်ငံပိုင်လုပ်ထားတာတွေ အမြောက်အမြားကို ပုဂ္ဂလိကပိုင်အဖြစ် ပြန်ပြောင်းခဲ့ ပါတယ်။

၁၉၈၉ ခုနှစ် နိုင်ငံရေး အပြောင်းအလဲတွေက အလုပ်သမားတွေနဲ့ပင်စင်စားတွေကို ဆင်းရဲဒုက္ခ ကြီးစေခဲ့တယ်။ ဗားစ်(စ်)လပ် ဟားဗဲလ်နဲ့ သူ့ညီ အီဗန်ဟားဗဲလ်တို့ကတော့ မိသားစုပိုင်တွေကို ပုဂ္ဂလိကပိုင် ပြန်လုပ်ပြီးတဲ့နောက် မီလျံနာသန်းကြွယ်သူဌေးတွေ ဖြစ်သွားကြတယ်။ အာဏာအလွှဲအပြောင်းကာလမှာ တ ချိန်က ကွန်မြူနစ်ပါတီခေါင်းဆောင် ပြုပြင်ရေးသမား ဒူးချက်ကို ပြည်သူအများက ယာယီအစိုးရသမ္မတ ဖြစ် စေချင်တယ်။ ဒါပေမဲ့ ဟားဗဲလ်က ဒပ်ချက်ကို နောက်လာမယ့် ရွေးကောက်ပွဲတွေမှာ ထောက်ခံပေးမယ် လို့လှည့်ဖြားပြီး ပထုတ်လိုက်တယ်။ အဲဒီကတိကို ဖျက်ပြီး သူပဲ သမ္မတဆက်လုပ်ခဲ့တယ်။ ပြည်သူပိုင် လုပ်ထား တာတွေကို ပုဂ္ဂလိကပိုင် ပြန်လုပ်ကြတော့ အရင်က ခိုးဝှက်ထားတာတွေနဲ့ပတ်သက်လို့ အုပ်စိုးသူ လူတန်း စားတွေ အဝေမတည့်ရာကနေ ချက်နဲ့ ဆလိုဗက် ကွဲပြဖို့ဖြစ်ရပြန်တယ်။ အနောက်အုပ်စုကတော့ ဘယ်နိုင် ငံဖြစ်ဖြစ် အစိတ်အစိတ်အမြွှာမြွှာပြိုကွဲလေ ကြိုက်လေပဲ။ အဲသလို ကွဲပြဲအောင်လည်း ကြံကြံ ဖန်ကြတယ်။

ကတ္တီပါ တော်လှန်ရေးခေါင်းဆောင်ရဲ့ခေတ်ဆိုတော့ ချက်နဲ့ ဆလိုဗက် ခွဲထွက်မှုက ကတ္တီပါလမ်းခွဲ ဖြစ်သွားပါတယ်။ အင်မတန် လွယ်ကူချောမွေ့ခဲ့တယ်။ အာဏာရတာနဲ့ ဟားဗဲလ်က ဂျော့ဆိုးရော့စ်ရဲ့ 'ပွင့် လင်းလူ့အဖွဲ့အစည်း' နဲ့ အနောက်အုပ်စုက ဖော်မြူလာထုတ်ပေးထားတာတွေနဲ့အညီ အရင်းရှင် နိုင်ငံသစ် ကို ထူထောင်တယ်။ ဖိနှိပ်တဲ့ အစိုးရတွေကို လက်နက်မရောင်းဘူးဆိုပြီး လက်တွေ့မှာ ချီလီ စစ်အာဏာရှင် ပီနိုချေး အပါအဝင် နိုင်ငံတကာက အာဏာရှင်တွေကို လက်နက်တွေ ရောင်းချခဲ့ တယ်။

မြေရှင်မိသားစုက ဆင်းသက်လာသူ ပီသစွာပဲ လက်ယာစွန်း နိုင်ငံရေးလမ်းကို လျှောက်ခဲ့တယ်။ နေတိုးအဖွဲ့ထဲကို မြန်မြန်တိုးဝင်ပြီး ယူဂိုဆလားဗီးယား၊ အာဖဂန်နစ္စတန်နဲ့ အီရတ်က စစ်ပွဲတွေကို အား တက်သရော ထောက်ခံခဲ့တယ်။ အီရတ်ပြည်သူတွေ သိန်းချီပြီး သေကြေခဲ့ရတဲ့ ဂျော့ဘုရှ်ရဲ့ပင်လယ်ကွေ့ စစ်ပွဲမှာ ပူးပေါင်းပါဝင်ခဲ့တယ်။

နေတိုးအဖွဲ့ဝင်လုပ်ဖို့ ကိစ္စမှာ ပြည်သူ့ဆန္ဒခံယူပွဲလုပ်ဖို့ ငြင်းဆန်ခဲ့သလို နေတိုးရဲ့နိုင်ငံတကာမှာ စစ်ရေးအရ ကျူးကျော်စွက်ဖက်မှုတွေကိုလည်း တရားဝင်စေခဲ့တယ်။ ယူဂိုဆလားဗီးယားကို နေတိုးက ဗုံး ကြဲတာကို ကောင်းချီးပေးခဲ့တယ်။ 'လူသားချင်း စာနာထောက်ထားတဲ့ ဗုံးကြဲမှု' ဆိုတဲ့စကားကို သုံးခဲ့တဲ့ လူ့အခွင့်အရေးသမားကြီးပါပဲ။ အဲဒီစကားကို သူမပြောပါဘူးလို့ ပြောင်းလိမ်ပေမယ့် သက်သေ အထောက် အထားတွေက ငြင်းမရအောင် သမိုင်းတွင်ကျန်ခဲ့တယ်။ ၂၀၀၃ ခုနှစ် အီရတ် ကျူးကျော်စစ်မှာလည်း အစိုးရ နဲ့ ပြည်သူအများစုရဲ့ ကန့်ကွက်မှုကို လျစ်လျူရှုပြီး ဝင်ပါခဲ့ပြန်တယ်။ ကွန်မြူနစ်စနစ်ကို ထောက်ခံပြောဆို

မှုအတွက် ထောင်ဒဏ်ရှစ်နှစ်အထိ အပြစ်ပေးနိုင်တဲ့ ဥပဒေကို သူကိုယ်တိုင် လက်မှတ်ရေးထိုး ပြဋ္ဌာန်းခဲ့တယ်။ အစိုးရဌာနတွေမှာ ကွန်မြူနစ်တွေနဲ့ ကွန်မြူနစ်ဟောင်းတွေကို အလုပ်လုပ်ခွင့်မပြုတဲ့ ဥပဒေကိုလည်း ပြဋ္ဌာန်းခဲ့သူပါ။

ကတ္တီပါတော်လှန်ရေးက ချက်ပြည်သူတွေကို ကတ္တီပါလမ်းပေါ် တင်မပေးနိုင်ခဲ့ဘူး။ အရင်းရှင်စနစ် ခရောင်းလမ်းကိုသာ တင်ပေးခဲ့တယ်။ ၂၀၁၀ မှာ လက်ယာယိမ်း သုံးပါတီညွန့်ပေါင်းအစိုးရတက်လာပြီး ခြိုးခြံချွေတာရေးတွေ လုပ်ခဲ့လို့ လူကြိုက်နည်းလာတယ်။ မဆုံးနိုင်တဲ့ အကျင့်ပျက် ခြစားမှုတွေ တသီတတန်းကြီး ဖြစ်တယ်။ လူထုက အစိုးရရဲ့ပြုပြင်ပြောင်းလဲရေး အစီအစဉ်တွေကို အကြိမ်ကြိမ် ဆန္ဒပြကန့်ကွက်ကြတယ်။

၂၀၁၁ ခုနှစ် လူထုသဘောထား ကောက်ယူမှုအရ ချက်ပြည်သူ ၂၆ ရာနှုန်းကသာ ဒီမိုကရေစီစနစ်ကို ကျေနပ်အားရတယ်။ ၂၀၁၂ ခုနှစ် စစ်တမ်းကောက်ယူမှုအရ အများစုက ကွန်မြူနစ်အစိုးရကို လိုလားတယ်။ ၂၀၁၃ ခုနှစ် စတန်းအေဂျင်စီ စစ်တမ်းအရ ချက်ပြည်သူ ၃၃ ရာနှုန်းက စနစ်ဟောင်းကို ပိုလိုလားတယ်လို့ ဆန္ဒထုတ်ဖော်ခဲ့ကြတယ်။ ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှာ အလုပ်လက်မဲ့ဦးရေ ခြောက်သိန်းကျော်လာတယ်။ လုပ်ခလစာတွေလည်း တောက်လျှောက် လျော့ကျလာတယ်။ လုပ်ခတွေ လျော့လာသလို အကျင့်စာရိတ္တတွေလည်း နိမ့်ကျလာတယ်။ ဌာနဆိုင်ရာ အကျင့်ပျက်ခြစားမှုတွေ၊ အရက်တကဲ့ အရှုပ်တော်ပုံတွေက နေ့စဉ်၊ အပတ်စဉ် ပွင့်ကျလာနေတယ်။ ဆေးကုသဖို့ ငွေကြေးမတတ်နိုင်သူတွေကို သေရွာကိုတွန်းပို့တာတွေ ဖြစ်လာတယ်

အရင်းရှင်စနစ် ခရောင်းလမ်းကို ချက်ပြည်သူတွေ မလျှောက်ချင်ကြတော့တာ တနေ့တခြား သေချာလာနေပြီ။ နယ်ချဲ့ အနောက်အုပ်စုအတွက်တော့ ဟားဗဲလ်လိုလူမျိုး နောက်တယောက် ရှာလည်း လူထုကလက်ခံမှာ မဟုတ်တော့ဘူး။ အစကတည်းကလည်း ချက်ကိုဆလိုဗက် ပြည်သူတွေက ကွန်မြူနစ် မူဝါဒကိုတိုက်ခဲ့တာမဟုတ်တဲ့အတွက် ဖူးချစ်ပါတီ အောင်လံထူဦးမှာတော့ သေချာနေပါတယ်။

၂၀၁၂ ခုနှစ်မှာတင် ချက်ကွန်မြူနစ်တွေ တကျော့ပြန်လာပြီလားဆိုပြီး အနောက်အုပ်စု မျက်ခုံး လှုပ်ခဲ့ကြတယ်။ ဘိုဟီးမီးယားနဲ့ မော်ရေးဗီးယား ကွန်မြူနစ်ပါတီနဲ့ ဆိုရှယ်ဒီမိုကရက်တွေ ညွန့်ပေါင်းဖွဲ့ပြီး အာဏာရယူနိုင်တဲ့ အခြေအနေကို ကြုံခဲ့တယ်။

ကတ္တီပါတော်လှန်ရေး ဘာလဲ၊ ဟားဗဲလ် ဘယ်သူလဲ သိသူတွေအဖို့တော့ ချက်ပြည်သူ့သမ္မတ နိုင်ငံမှာ တူတံစဉ် ခေတ်သစ်ကို တဖန် ပြန်ဖွင့်လှစ်ကြဦးမယ်ဆိုတာကို မှန်းဆမြင်ယောင်လို့ ရပါတယ်။

(၇၊ ၆၊ ၂၀၁၉။)

ရည်ညွှန်း။
Return of the Czech Communists

https://foreignpolicy.com/…/12/return-of-the-czech-communi…/

Vaclav Havel and the Struggle for Socialism in Czechoslovakia

https://louisproyect.org/…/vaclak-havel-and-the-struggle-f…/

Attempts to escape the logic of capitalism

https://www.lrb.co.uk/…/attempts-to-escape-the-logic-of-cap…Vaclav Havel: Fought to restore ill-gotten wealth

http://marxistupdate.blogspot.com/2011/12/vaclav-havel.html


# အမေက သားကို ပေးတဲ့ ပေးစာတစောင်နဲ့

# အမေရဲ့ ဘဝနိဂုံး

## ကို လေ့လာကြည့်ခြင်း

**ဖိုးနီ**





ချောအိမန်...( ၁၉၀၅-၁၉၃၆)...........

(ဆရာလူထုစိန်ဝင်းက ဝင်းဖော်နံမည်နဲ့ ဘာသာပြန်တဲ့ (အလံမလှဲစတမ်း) စာအုပ်ရဲ့ကျေးဇူးကြောင့်...... ဗမာပြည်က တိုးတက်တဲ့လူငယ်တွေဟာ ချောအိမန်အကြောင်းကို သိရှိ လေ့လာခွင့် ရခဲ့တယ်) ချော အိ မန် .....

သူဟာ....ဘဝတခုလုံးကို တော်လှန်ရေးထဲမှာ အပ်နှံထားခဲ့သူ....

စွန့်လွှတ်မှုပေါင်းများစွာနဲ့ဘဝကို ထုဆစ်ခဲ့သူ....

ရက်စက်မှုတွေ ပြင်းထန်သည်းသန်လှတဲ့ ရန်သူရဲ့ ငရဲခန်းထဲမှာ တော်လှန်ရေးကို သစ္စာစောင့်သိခဲ့သူ......

ရန်သူ့သေနတ်ပြောင်းဝရှေ့မှာ သေမင်းက လက်တကမ်း.....ဘဝရဲ့နောက်ဆုံး အချိန်မှာပင် တိုက်ပွဲဝင်ကြွေးကြော်သံတွေကို ဟစ်ကြွေးလျက် တည်တည်ငြိမ်ငြိမ်ဖြင့် အသက်စွန့်ခဲ့သူ.......စသည်ဖြင့် စသည်ဖြင့်

တရုတ်ပြည်ရဲ့ ဂျပန်ခုခံရေးစစ်ပွဲထဲမှာ ရဲရင့်ပြတ်သားတဲ့ သတ္တိကောင်းတဲ့ ဂုဏ်ရောင်ပြောင်စွာ အသက်စွန့်သွားခဲ့တဲ့ အမျိုးသမီးသူရဲကောင်းအဖြစ် မှတ်တိုင်တခု စိုက်ထူနိုင်ခဲ့သူဖြစ်တယ်။ တော်လှန်သော အမျိုးသမီးတို့အတွက် စံနမူနာ၊ အတုယူလေ့လာစရာ၊ ရုပ်ပုံလွှာအဖြစ် ရင်ထဲမှာ ထာဝရရှိနေခဲ့တယ်။"ချော အိမန်"ဆိုတဲ့ ကွန်မြူနစ်အမျိုးသမီးတယောက်ရဲ့ ရုပ်ပုံလွှာထဲက..မိခင်ဘဝကို လေ့လာကြည့်ရ အောင်........

ဂျပန်စစ်ထောက်လှမ်းရေးတွေရဲ့ အမဲလိုက်ခွေးတွေလို မျက်ခြည်မပြတ် နောက်ယောင်ခံလိုက်နေတဲ့အခြေအနေမှာ ကိုယ်ဝန်အရင့်အမာကြီးနဲ့ ပြေးရင်းလွှားရင်း ရှောင်တိမ်းရင်း တဖက်က တော်လှန်ရေးတာဝန်ကို ထမ်းဆောင်ရင်းနဲ့ သားတယောက်ကို အခက်အခဲမျိုးစုံကြားမှာမွေးခဲ့ရတယ်။ မွေးပြီး လသားအရွယ်မှာပဲ တော်လှန်ရေးတာဝန်ရဲ့လိုအပ်ချက်အရ၊ လုံခြုံရေးအရ ကလေးကို ဟန့်ခိုမြို့က ချိန်ယွဲ့ယွင် ဆိုသူထံမှာ အပ်ထားခဲ့ရတယ်။ ရင်သွေးကိုချစ်ပေမယ့် ရင်နာနာနဲ့ ခွဲခဲ့ရတယ်..။ တကယ်တော့ ဒါဟာ...မိမိရင်သွေးနဲ့ နောက်ဆုံးခွဲခွာခဲ့ရပြီဆိုတာကိုတော့ ချောအိမန်အဖို့ ထိုအချိန်က ထင်မှတ်မထားခဲ့။ မြေအောက်တော်လှန်ရေးကတဆင့် တော်လှန်ရေးရဲ့လိုအပ်ချက်အရ စူးဟော် ပြောက်ကျားဒေသကိုသွားပြီး လက်နက်ကိုင်တိုက်ပွဲထဲမှာ ပါဝင်ခဲ့ရပြန်တယ်။ သူရောက်ရှိသွားချိန်မှာ ဂျပန်ကျူးကျော်ရေးတပ်တွေရဲ့ အရှူးအမူး ထိုးစစ်တွေကြောင့် တိုက်ပွဲတွေက ပြင်းထန်လွန်းတယ်။

တိုက်ပွဲမှာ ဒဏ်ရာနဲ့ အဖမ်းခံခဲ့ရပြီး ပင်းကျန်းပြည်နယ်ရဲ့ ကင်ပေတိုင်စခန်းမှာ ကင်ပေတိုင် ခေါင်းဆောင် "လင်ခွန်းစုန်း"ကိုယ်တိုင် သူ့ကို စစ်ဆေးခဲ့တယ်။ ရန်သူ့လက်တွင်း ကျရောက်ခဲ့ရတဲ့ ချောအိမန် ရဲ့ ....ရဲရင့်ပြတ်သားတဲ့ နလုံးရည်တိုက်ပွဲကတော့ ကြားရသူတိုင်း ရင်သပ်ရှုမော အံ့ဩမိကြတယ်။ ရဲရဲတောက်နေတဲ့ အမျိုးသမီးတယောက်ရဲ့သတ္တိကို လက်ဖျားခါမိကြတယ်။ ဒဏ်ရာတွေဗလပွ..သွေးအလိမ်းလိမ်းနဲ့ ရက်ရက်စက်စက် ညှဉ်းပန်းခံနေရတဲ့ ချောအိမန်အတွက် စိတ်နလုံးနာကျင်..ရင်တလှပ်လှပ် ခံစားမိကြတယ်။ ရက်စက်မှုကတော့ မီးကုန်ယမ်းကုန်...။ ဒါပေမဲ့ ရန်သူက....သူ့ဆီက ဘာတခုမှမရနိုင်တဲ့ နောက်ဆုံးမှာတော့ ...အကြမ်းဖက် စစ်ကြောရေးကို လက်လျှော့ပြီး သူ့ကိုအဆုံးစီရင်ဖို့ကြံစည်တော့တယ်။

၁၉၃၆-ခုနှစ် ဩဂုတ်လ (၁) ရက်နေ့မှာ ရန်သူက ချောအိမန်ကို အရင်တုန်းကသူလှုပ်ရှားခဲ့တဲ့ စူးဟော်ခရိုင်ကို မီးရထားနဲ့ ပို့ပါတယ်။ ရထားပေါ်မှာ...ရန်သူဆီက ဖေါင်တိန်နဲ့စာရွက် တောင်းယူပြီး သားဖြစ်သူထံ ပေးဖို့ နောက်ဆုံးမှာတမ်းစာကိုရေးတယ်။

သားလေး" နီယဉ် "

အမေဟာ....သားလေးကို သွန်သင်ဆုံးမတဲ့ တာဝန်မကျေပွန်နိုင်ခဲ့ဘူးကွယ်။ တကယ့်ကို ဝမ်းနည်း .. စိတ်ထိခိုက်စရာကောင်းတဲ့ အချက်ပါပဲ ။

အမေဟာဂျပန်ခုခံဆန့်ကျင်ရေးစစ်ပွဲမှာ မလျှော့သောဇွဲလုံ့လနဲ့ ပါဝင်ဆင်နွှဲခဲ့တာပါ။ ဒီနေ့တော့ ..နောက်ဆုံးအချိန် အသက်စွန့်ရတော့မယ့် အကြိုကာလကိုရောက်နေပြီပေါ့။ အမေနဲ့သားဟာ ရှေ့မှာ ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ဘူးကွယ်။ သားလေး နီယဉ်ရေ ..သားလေး အလျင်အမြန် လူလားမြောက်လာပြီး မြေလွှာအောက်ကအမေ့ကို လာရောက်နှစ်သိမ့်ပေးဖို့ အမေက မျှော်လင့်နေတယ်လေ..။ အမေရဲ့အချစ်ဆုံး သားလေးရေ... အမေကတော့....အထောင်အသောင်းသော စကားလုံးတွေနဲ့ သားဆီကိုလာပြီး ဆုံးမသွန်သင်နိုင်မှာ မဟုတ်တော့ဘူးကွယ်။ လက်တွေ့ဘဝ ဖြစ်ရပ်တွေကသာ သားကို သင်ကြားပေးပါလိမ့်မယ်။

သားလေး လူလားမြောက်ကြီးပြင်းလာတဲ့အခါ သားရဲ့မိခင်ဟာ တိုင်းပြည်အတွက် အသက်စွန့်သွားတယ်ဆိုတာ လုံးဝ မမေ့ပါနဲ့ကွယ်..။

မင်းရဲ့မိခင်
..ချောအိမန်

၁၉၃၆- ခုနှစ် ဩဂုတ်လ(၂)ရက်

ချောအိမန် ရဲ့စာကို နလုံးသားနဲ့ဖတ်ကြည့်ရင်...ကွန်မြူနစ်အမျိုးသမီး မိခင်တယောက်ရဲ့ မိမိရင်သွေးအပေါ်မှာ ထားရှိတဲ့ အနာဂတ်မျှော်လင့်ချက်ကို နက်နက်ရှိုင်းရှိုင်း နားလည်နိုင်မှာဖြစ်ပါတယ်။

၁၉၃၆- ခုနှစ် ဩဂုတ်လ(၂)ရက် ရန်သူက ချောအိမန်ကို မြင်းလှည်းပေါ် ဆွဲတင်ချည်နှောင်ပြီး လမ်းတကာ လှည့်ပြတယ်။ စူးဟော်ခရိုင်မြို့ရဲ့ မြောက်ဘက် မြို့တံခါးဝကို ရောက်ချိန်မှာ.... "မင်း ဘာပြောစရာ ရှိသေးသလဲ" လို့ရန်သူကမေးတော့ ချောအိမန်က ရဲရင့်ပြတ်သားစွာ....ဖြင့် အားမာန်ပြည့်လျှမ်းစွာ ဟစ်အော်ကြွေးကြော်လိုက်တယ်....။

"ဂျပန်ခုခံဆန့်ကျင်ရေးစစ်ပွဲအတွက် သေရတာ မြင့်မြတ် ဂုဏ်ပြောင်တယ်ဟေ့.."

" ဂျပန်နယ်ချဲ့ဝါဒ ကျဆုံးပါစေ "

" တရုတ်ပြည်ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ "

ကြွေးကြော်သံတွေ ပဲ့တင်ဟိန်းညံနေဆဲမှာပင် ရန်သူ့သေနတ်သံများ ထွက်ပေါ်လာတော့တယ်..။


ပစ္စည်းမဲ့လူတန်းစား ရှေ့တန်းရောက်စစ်သည်တော်၊ ဂျပန်ခုခံဆန့်ကျင်ရေး အမျိုးသမီးသူရဲကောင်း ချောအိမန် သူရဲကောင်းပီသစွာ အသက်စွန့်သွားခဲ့ပြီ......။ ဘဝနိဂုံးက ဂုဏ်ပြောင်လွန်းတယ်။ အမေရဲ့ ဘဝက နိဂုံးချုပ်ခဲ့ပေမယ့်...အမေက သားကိုပေးတဲ့စာထဲက အမေ့ရဲ့မျှော်လင့်ချက်တွေကတော့ အနာဂတ်ကို ပိုင်တဲ့ လူငယ်တွေအားလုံးရဲ့ရင်ထဲမှာ ထဝစဉ်ရှင်သန်နေပါလိမ့်မယ်....။


ဗမာပြည်မှာလည်း ကိုလိုနီစနစ် ဖက်ဆစ်စနစ် အာဏာရှင်စနစ် ဆန့်ကျင်တိုက်ခိုက်တဲ့ လူတန်းစားတိုက်ပွဲများအတွင်း ထောက်ခံ ပါဝင် ဦးဆောင်ခဲ့တဲ့ အမျိုးသမီးတွေ ရှိခဲ့ပါတယ်၊ ရှိနေပါတယ်။ ဗမာပြည်က တော်လှန်ရေးကို ချစ်မြတ်နိုးတဲ့ အမျိုးသမီးတွေအနေနဲ့ ချောအိမန် ..၊ ကျန်းကျယ် ( ကမ်းပါနီ ).နဲ့ လျူဟူလန်စတဲ့ တရုတ်ပြည်တော်လှန်စစ်သမိုင်းထဲက အမျိုးသမီးသူရဲကောင်းတွေရဲ့ဘဝဖြစ်စဉ်နဲ့ သူတို့ရဲ့အတွေး အခေါ်ကို လေ့လာသင့်ပါတယ်။ တချိန်တည်းမှာ ဗမာပြည်တော်လှန်ရေးသမိုင်းထဲက သမိုင်းမှတ်ကျောက်တင်ခံခဲ့ပြီးဖြစ်တဲ့ အမျိုးသမီးသူရဲကောင်းတွေကို ရှာဖွေဖော်ထုတ်ပြီး ဂုဏ်ပြုအမှတ်တရ အခမ်းအနားတွေ ကျင်းပတာ သူတို့စိတ်ဓာတ်နဲ့အတွေးအခေါ်ကို စုပေါင်းလေ့လာတာတွေလုပ်ရင်း..မိမိတို့ရဲ့အတွေးအခေါ်နဲ့တော်လှန်ရေးရေချိန်ကို မြှင့်တင်နိုင်အောင် ကြိုးစားကြဖို့ ဆန္ဒပြုပါတယ်။

ဖိုးနီ (၁၂-၅-၂၀၁၉ )

# နောင်တော် ရဲဘော်ကြီးများ ကျေးဇူး

**ရဲဘော်ဖိုးသံချောင်း**







ကျွန်တော်တက္ကသိုလ်ကိုရောက်တော့ အသက်ကာ၁၆နှစ်ပြည့်ဖို့ လအနည်းငယ်လိုပါသေးတယ်။ ဒ့ါအပြင် လူ့ဘဝ အတွေ့အကြုံ၊ ဖတ်ရှုလေ့လာမှုစတာမှာလည်း ဖြတ်သန်းမှုဟာ အင်မတန်မှစင်းလွန်းလို့ အတွေ့အကြုံမကြွယ်၊ လူရည်မလည်သူလို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ စရောက်ကတည်းက ကျောင်းသား လှုပ်ရှားမှုတွေမှာ တက်တက်ကြွကြွပါဝင်မယ် ဆိုတဲ့ပိုင်းဖြတ်ချက်ဟာ ရှိပြီးလိုဖြစ်နေပါတယ်။ ဒ့ါအပြင် အဲဒီတုန်းက မတကာသ (မန္တလေးတက္ကသိုလ်ကျောင်းသားများ သမဂ္ဂ)တို့၊ ကျောင်းသား ညီညွတ်ရေးတပ်ဦးတို့မှာ ဦးဆောင်နေ၊ တက်တက်ကြွကြွပါဝင်နေ၊ လှုပ်ရှားနေသူတွေဟာ အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော်နဲ့ လူချင်းရင်းနှီးပြီးဖြစ်နေပါတယ်။ နောက်ပြီး သူတို့အထဲမှာ ကျွန်တော်က အသက် အရွယ်အားဖြင့် အငယ်ဆုံးဖြစ်နေတာကတကြောင်း၊ဘယ်သူဘယ်ဝါ့သားလို့ သိနေတာကလည်းတကြောင်းတို့ကြောင့် အားလုံးက ကျွန်တော့်ကို ရင်းရင်းနှီးနှီး ကြင်ကြင်နာနာ ဆက်ဆံကြပါတယ်။ ဒီဆောင်းပါးကို ရေးတဲ့ရည် ရွယ်ချက်တခုက အဲဒီတုန်းက ဒီလောက(ကျောင်းသားလှုပ်ရှားမှုလောက)မှာ အကြီး၊ အငယ်၊ စီနီယာ၊ ဂျူနီယာ ဆက်ဆံမှု အကြောင်း ဖြစ်ပါတယ်။

တက္ကသိုလ်ကိုရောက်သွားတော့ သူတို့အားလုံးဟာ ကျွန်တော့်အတွက် အစ်ကိုကြီး၊ အစ်မကြီးတွေ ဖြစ်နေပါတယ်။ မန္တလေးထောင်ထဲကို ကျွန်တော်နဲ့အတူရောက်ပြီး ထောင်ထဲမှာကျဆုံး သွားတဲ့ ကိုဌေးလှဟာ ကျွန်တော်နဲ့ တက္ကသိုလ်ကို တနှစ်တည်း ရောက်တာပါ။ ဒါပေမဲ့ သူက အသက်ပိုကြီးပြီး လှုပ်ရှားမှုတွေထဲမှာ ပါခဲ့တဲ့ ဖြတ်သန်းမှုလည်း ကျွန်တော့်ထက်ရင့်လို့ ကျွန်တော်က စီနီယာရဲဘော်ကြီးတယောက်လိုပဲ သဘောထားပါတယ်။ အဲဒီခေတ်က ကျွန်တော်ကြုံဖူး၊ ဖြတ်သန်းဖူးတဲ့ ကျောင်းသားလှုပ်ရှားမှုလောကမှာ နောက်မှမွေးပြီး မိဦးမှည့်တဲ့လူ မရှိဘူးလို့ ထင်ပါတယ်။ ကိုယ့်အရင်လုပ်နေကြတဲ့၊ ရှေ့ကလျှောက်နေတဲ့ လူ

တွေကို နောက်ကလူတွေက လေးစားအသိအမှတ်ပြုကြပါတယ်။ ကျွန်တော်ကလည်း ကိုယ့်အရင် လုပ်နေသူတွေနဲ့ဆက်ဆံရင် လူအောက်ကျို့လို့ လူမပိပါဘူးဆိုတဲ့ မိဘတွေရဲ့ သင်ကြားချက်အတိုင်း ဆက်ဆံပါတယ်။ သူတို့က ကျွန်တော်နဲ့စကားပြောရင် “မင်း-ငါ” လို့ပြောပြီး ကျွန်တော်ကတော့ “ခင်ဗျား-ကျွန်တော်” သုံးနှုန်းပါတယ်။ ကျွန်တော့်ကိုညွှန်းပြီးပြောရင် တချို့က“ကောင်လေး”လို့လည်း ညွှန်းလေ့ရှိကြပါတယ်။ ဒါလေးတွေဟာ မေ့မရတဲ့ သူတို့နဲ့ဆက်ဆံရေးထဲက ထူးထူးခြားခြား ခေါင်းထဲမှာကျန်နေတဲ့ ကြည်နူးစရာ အမှတ်လက္ခဏာတွေလို့ ကျွန်တော်ဂုဏ်ယူရတဲ့အရာတွေ ဖြစ်ပါတယ်။

ကျွန်တော့်ဘဝအတွက် အလွန်အဖိုးတန်တဲ့ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေးဗဟုသုတတွေကို ဒီလိုနည်းနဲ့ သူတို့ဆီကရခဲ့တာပါ။ စာဖတ်စရာ၊ စာရေးသူ စတာတွေလည်း သူတို့ညွှန်းသမျှကို လိုက်ဖတ်၊ လိုက်ခံစားခဲ့တာ မှတ်မိနေပါတယ်။ ဗန်းမော်တင်အောင်ရေးတာတွေဖတ်၊ ဂေါ်ကီရေးတာတွေဖတ် စတာတွေကို သူတို့ဆီကသိရတာပါ။ ဒဂုန်တာရာရေးဖွဲ့တာ ဘယ်လိုနတယ်၊ ဒေါင်းနွယ်ဆွေရေးတာ ဘယ်လိုရှိတယ်- စတာမျိုးတွေကိုလည်း နတ်က'ရာကြည့်မော နားထောင်ရင်း နားလည်ခဲ့ပါတယ်။ ကုန်ကုန်ပြောရရင် စစ်တုရင်ကစားရာမှာသာမက သာမန်လူမှုဆက်ဆံရေးဘဝထဲက ကျွန်တော့်ရဲ့မှားကွက်တွေ၊ အားနည်းချက်တွေကို ထောက်ပြကြ၊ သွန်သင်ပေးကြတဲ့ အခြေအနေကို ရောက်ခဲ့ပါတယ်။

မှတ်မှတ်ရရ၊ ကျွန်တော်တက္ကသိုလ်ရောက်တဲ့ပထမနှစ်က ကိစ္စလေးတခု ပြောပြချင်ပါတယ်။ ဒီနေ့အထိ ဗမာပြည်တက္ကသိုလ်တွေရဲ့သမိုင်းမှာ ကျောင်းသားသမဂ္ဂရွေးကောက်ပွဲတွေကို ၁၉၆၁ခုနှစ်မှာ နောက်ဆုံးကျင်းပခဲ့တာပါ။ ဒါကြောင့် ကျွန်တော့်အဖို့ မီရုံလို့ပြောရပါလိမ့်မယ်။

ဒီလိုနဲ့ ရွေးကောက်ပွဲမလုပ်မီ တနေ့လယ်မှာ ကျောင်းသားညီညွတ်ရေးတပ်ဦးက သမဂ္ဂရွေးကောက်ပွဲမှာ ဝင်အရွေးခံမယ့် ကိုယ်စားလှယ်တွေကို ရာဇတ်ခန်းမထဲမှာ ကျောင်းသားထုနဲ့ မိတ်ဆက်ပွဲ လုပ်ပါတယ်။ အမှုဆောင်အရွေးခံမယ့် ကိုယ်စားလှယ်တွေက တယောက်ပြီးတယောက် မိန့်ခွန်းပြောကြတာပါ။ တက္ကသိုလ်ရောက်ခါစ အင်မတန်တက်ကြွနေတဲ့ ကျွန်တော်ဟာ ဒီလိုပွဲမျိုးကိုဘယ်အလွတ်ခံလိမ့်မလဲ။ (ရှေ့တန်းက ထိုင်လို့မကောင်းလို့) ခန်းမကြီးရဲ့အလယ်နားမှာ ကိုကြည်လင် (ကဗျာဆရာ ကြည်အောင်)၊ ကိုသောင်းရွှေ၊ ကိုမြသွင်(မြင်းခြံ)၊ ကိုကျော်ထွေး (မြင်းခြံ)၊ ကိုကျော်ဝင်း(မြင်းခြံ- ရှစ်လေးလုံး အရေးတော်ပုံတုန်းက မိန့်ခွန်းပြောရင်း လဲကျကွယ်လွန်သွားသူ) စသူတွေနဲ့အတူ ထိုင်နားထောင်ပါတယ်။

ဒီလိုနဲ့ ကျွန်တော်နဲ့ရင်းနှီးတဲ့ အရွေးခံကိုယ်စားလှယ်တယောက် မိန့်ခွန်းထပြောတော့ ကျွန်တော်က လူသိ-လူတတ်ကြီးလုပ်ပြီး “ဒါထက်၊ ဒီလူ အရင်က----ပါတီမှာလုပ်ဖူးတယ်ဆို၊ မဟုတ်ဘူးလား”လို့ ပြောလိုက်ပါတယ်။ ဒီအခါမှာ ကျွန်တော့်ဘေးမှာ ကပ်လျက်ထိုင်နေတဲ့ ကိုသောင်းရွှေက ကျွန်တော့်ဘက်ကို ခေါင်းငဲ့၊ ကပ်ပြီး“ဟေ့ ကောင်လေး၊ ဒါမျိုးက ဒီလိုနေရာမှာ ပြောရတာမဟုတ်ဘူးကွ”လို့ သတိပေးပါတယ်။ အဲဒီတုန်းက သူပြောတာကို ကျွန်တော် ချက်ချင်းသဘောမပေါက်ပါဘူး။ ဒါပေမဲ့ အကိုကြီးတွေရဲ့စကားဆိုပြီး လိုက်နာခဲ့ပါတယ်။ ကာလတခုဖြတ်သန်းပြီးမှ ကိုယ်'န'တာဆိုတာကိုသဘောပေါက်တာပါ။

ကိုသောင်းရွှေ(ရှမ်းပြည်နယ် ပေါင်းလောင်းဒေသမှာ ကျဆုံးသွားသူ)၊ ကိုကျော်ခင် (ပဲခူးရိုးမမှာ ကျဆုံးသွားသူ)၊ ကိုထွန်းကြည်(မြစ်ဝကျွန်းပေါ်မှာကျဆုံးသွားသူ)နဲ့ ကိုအောင်သူ(ငယ်နာမည်ကိုအောင်ငွေ-မြင်းခြံ- မတကသ နောက်ဆုံးအတွင်းရေးမှူး) စသူတွေဟာ ကျွန်တော့်အစ်ကို-ကို အကြောင်းပြုပြီး ကျွန်တော်တက္ကသိုလ်မရောက်ခင်ကတည်းက ကျွန်တော်တို့အိမ်ကို ဝင်ထွက်၊ စားသောက်နေကြသူတွေမို့ ကျွန်တော်တို့ မောင်နှမတွေနဲ့ ရင်းနေနှင့်ကြပါတယ်။

၁၉၆၃ခုနှစ်၊ တိုင်းပြည်နဲ့အဝှမ်းမှာ ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှုတွေ ဝှဲချီးကျင်းပနေကြတော့ ကျွန်တော်တို့က ၃၁လမ်း၊ သုခဝတီပုံနှိပ်တိုက်အနောက်ဘက်နားက သခင်သန်းဖေအိမ်မှာ ပိုစတာတွေ ရေးကြပါတယ်။ အဲဒီအခါမှာ တခါမှ ပိုစတာမရေးဖူးတဲ့၊ လက်ဝဲစာလုံး နည်းနည်းရေးတတ်တဲ့ကျွန်တော့်ကို ကိုသောင်းရွှေက"ဟေ့ကောင်၊ ဒီလိုအခွင့်ကောင်းကိုလက်မလွတ်စေနဲ့၊ လာရေးလှည့်၊ ငါတို့လည်း ဒီလိုလေ့ကျင့်ခဲ့တာပဲ"ဆိုပြီး အတင်းရေးခိုင်းပါတယ်။ သင်လည်း ပေးပါတယ်။ ဒီလိုနဲ့ နိုင်ငံရေးသမား အဌာရသ တခုကို တတ်လာခဲ့တာပါပဲ။ အကောင်းစားမဟုတ်တောင် မရှိသုံးလောက်တော့ ဖြစ်လာတာပေါ့။

အလားတူပဲ ကျွန်တော့်ကို ကဗျာတွေစာတွေရေးချင်အောင်၊ ရေးဖြစ်အောင် တိုက်တွန်းထောက်ပြတာဟာ ကျွန်တော့်မိဘကလွဲရင် အစ်ကိုကြီးကိုကြည်လင်(ကြည်အောင်)အများဆုံးပဲဖြစ်တယ်လို့ ကျွန်တော်ရဲရဲပြောဝံ့ပါတယ်။ သူက ကျွန်တော်ရေးတာတွေကို ထောက်ပြဝေဖန်တာတွေလုပ်ရင် ကျွန်တော်ကလည်း အလွန်လေးလေးနက်နက်နဲ့ နားထောင်စဉ်းစားပါတယ်။ မှတ်မိသလောက်ဆိုရင် ငယ်တုန်း ရေးမိတဲ့ ကျွန်တော့်ရဲ့ အချစ်ကဗျာလေးတွေကိုတောင်မှ သူကအပြစ်မပြော၊ မရှုတ်ချဘဲ ချီးကျူးတန်ချီးကျူး၊ ထောက်ပြတန် ထောက်ပြခဲ့တာ မှတ်မိနေပါတယ်။

ကျောင်းသားသမဂ္ဂရဲ့သမိုင်းအစဉ်အလာ၊ ဗမာပြည်ရဲ့နိုင်ငံရေးသမိုင်း၊ လက်တွေ့ အခြေအနေ စတာတွေကို ရှင်းပြပြောပြတာကတော့ အားလုံးလိုလိုကပဲလို့ ဆိုရပါမယ်။ လက်ဖက်ရည်ဆိုင်မှာ၊ လက်ဖက်သုပ်ဆိုင်မှာ၊ ဘတ်စ်ကား မှတ်တိုင်မှာ၊ လူနေခန်းတွေထဲမှာ မှတ်မှတ်ရရဆိုတာတွေ အများမှ အများကြီး ဖြစ်ပါတယ်။ တက္ကသိုလ်ကျောင်းသားဘဝမှာ ကျွန်တော့်အပေါ် စဉ်းစားတွေးခေါ်နည်းတွေမှာ ဩဇာအညောင်းဆုံးလူတွေဟာ သူတို့ပဲလို့ပြောနိုင်ပါတယ်။

ကျွန်တော်တက္ကသိုလ်ရောက်ပြီး ဒုတိယနှစ်အစမှာပဲ '၇'ရက်ဇူလိုင်အရေးအခင်း ဖြစ်ပွား၊ သမဂ္ဂတွေဖျက်သိမ်းခံရတာမို့ ကျွန်တော်တို့ရဲ့ဆုံစည်းရာ၊ လုပ်ငန်းလုပ်ကိုင်ရာ မတကာသကပ်တဲကြီးလည်း ဖျက်သိမ်းတာ ခံလိုက်ရပါတယ်။ ကျောင်းသားလှုပ်ရှားမှုတွေမှာ တက်တက်ကြွကြွပါဝင်၊ ဦးဆောင်ဦးရွက်ပြုနေကြသူတွေဟာ နဂိုကတည်းကမှ အဆောင်က အထုတ်ခံထားရတာအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် အဆောင်မှာနေနိုင်တဲ့လူ မများလှပါဘူး။ ဒါကြောင့် သမဂ္ဂအဆောက်အဦကြီး မရှိတော့တဲ့အခါမှာ သူတို့တတွေဗောဓိကုန်းထဲမှာနေကြ၊ ဗောဓိကုန်းကအိမ်တွေမှာ စာကူးစက်ထား၊ ရုံးလုပ်ကြသလို ဖြစ်ကုန်ပါတယ်။

အဲဒီလိုနေရာတွေအထဲမှာ ဗောဓိကုန်းအဝင်နားက "သပြေ"ဆိုတဲ့အိမ်ကလေးဟာ အထင်ရှားဆုံး၊ ကျောင်းသားတွေရော၊ ထောက်လှမ်းရေးပါ သတိအထားဆုံးအိမ်လို့ ဆိုနိုင်ပါတယ်။ အဲဒီမှာနေတာက ကိုအောင်သူ၊ ကိုမြသွင်၊ ကိုလေးမောင်(ကိုကိုးကျွန်းမှာကျဆုံး)၊ ကိုအောင်ငြိမ်း(ကိုကိုးကျွန်းပြန်)၊ ကိုကျော်ဝင်း၊ ကိုဘိုမင်း စတဲ့ မြင်းခြံသား ကျောင်းသား လေး-ငါးယောက်ပါ။ အားလုံးဟာ ကျောင်းသားလှုပ်ရှားမှုတွေမှာ တက်ကြွသူတွေ ဖြစ်ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်လို အပြင်ကနေ ဒီအိမ်ကို ကိုယ့်အိမ်ကိုယ်ရာအလား လာနေကြသူတွေကအများကြီးပါပဲ။

ကျွန်တော့်ရဲ့ဒီနောင်တော်ကြီးများထဲမှာ အရက်ကြိုက်သူ၊ ဆေးလိပ်ကြိုက်သူ၊ ကွမ်းကြိုက်သူများလည်း ပါပါတယ်။ ဒါပေမဲ့ ဘယ်သူမှ၊ တခါမှ ကျွန်တော့်ကို ကွမ်းစား၊ အရက်-ဆေးလိပ်သောက်ဖို့ မတိုက်တွန်းဖူးပါဘူး။ ကျွန်တော်ရှိနေလို့ အရက်မသောက်ဘူးဆိုတာတောင် ရှိဖူးပါတယ်။ သူတို့ပါးစပ်က အယုတ္တအနတ္တစကားတွေ တခါမှမကြားဖူးသလို၊ အချင်းချင်းအကြောင်း မကောင်းပြောတာလည်း မကြားဖူးပါဘူး။ ဘယ်သူတွေက (ရှေ့ကသွားနှင့်သူ ကျောင်းသားခေါင်းဆောင်များအပါ) ဘယ်လောက်၊ ဘယ်လိုတော်ကြောင်း ပြောတာဆိုတဲ့ မုဒိတာစကားတွေသာ မပြတ်ကြားရပါတယ်။ ဒီလိုနဲ့ ကျောင်းသားလှုပ်ရှားမှုထဲက တက်ကြွသူတွေရဲ့ကျင့်ထုံးသာမက သာမန်လူတယောက်ရဲ့ ကျင့်ဝတ်တွေပါ သူတို့ဆီက လေ့လာရရှိခဲ့တယ်ဆိုရင်မမှားပါဘူး။

ဘာပဲပြောပြော တခြားလူ့အဖွဲ့အစည်းတွေမှာ တွေ့ရခဲလှတဲ့ ရဲဘော်ရဲဘက်ဆက်ဆံရေးဆိုတာကို ဒီနောင်တော် ကြီးတွေဆီက သင်ယူ၊ နားလည်ခဲ့တယ်လို့ ဝန်ခံချင်ပါတယ်။

ရဲဘော်ဖိုးသံချောင်း

# အလုပ်သမားလူတန်းစား
# ရပ်တည်ချက်
# ကိုင်စွဲမှသာ

**ဝင်းအောင်**

အလုပ်သမားလူတန်းစားဟာ ကုန်ထုတ်လုပ်ရေးစနစ်အတွင်း လူမှုအဆင့်အနေအထားအရ တုံးအထပ်ထပ်ရဲ့ အောက်ဆုံးကဖားလိုပါပဲ။ တုံးအထပ်ထပ်ကို ဖယ်ရှားနိုင်မှ မိမိလွတ်မြောက်မှာပါ။ ဖိနှိပ်မှုဆိုတဲ့ အရာ တနည်းနည်းနဲ့ ရှိနေသ၍ အလုပ်သမားလူတန်းစား လွတ်မြောက်ရေး၊ လူတန်းစားပပျောက်ရေး မဖြစ်နိုင်ပါ။ ဒါကြောင့် သဏ္ဍာန်အမျိုးမျိုး၊ အလွှာအမျိုးမျိုးရှိ ဖိနှိပ်မှုမှန်သမျှကို ဆန့်ကျင်ရမည့်သူ၊ ဆန့်ကျင်နိုင်သူဖြစ်ပါတယ်။ အလုပ်သမားလူတန်းစား ရပ်တည်ချက်နဲ့သာ အလွှာပေါင်းစုံက အဖိနှိပ်ခံ ပြည်သူလူထုကို စည်းရုံးနိုင်မှာ ဖြစ်ပါတယ်။ သဏ္ဍာန်အမျိုးမျိုးနဲ့ရှိနေတဲ့ အများကြိုက်ဝါဒကို ဆန့်ကျင်ရမှာ ဖြစ်ပါတယ်။ ဒါဟာ အလုပ်သမားလူတန်းစားပါတီတရပ်အတွက် အလွန်အရေးကြီးပါတယ်။

ထင်ရှားမြင်သာတဲ့ ဖိနှိပ်မှုသဏ္ဍာန်တွေကို အထူးမပြောလိုပါ။ ရန်သူစစ်အုပ်စုအတွင်း အပေါ်ကအောက်ကို၊ ဗိုလ်ကြီးက ဗိုလ်ကလေးကို ဖိနှိပ်မှုကိုပါ ဆန့်ကျင်ရပါမယ်။ ဒီမိုကရေစီ ဂရုစိုက်စရာ မလိုဘူးဆိုတဲ့ တင်းပုတ်ကြီးကို စစ်အုပ်စုက နေရာတကာ သုံးပါတယ်။ ယဉ်ပါးအောင်၊ ထုံးစံဖြစ်လာအောင် လုပ်ပါတယ်။ နောက်ဆုံးပစ်မှတ်က အလုပ်သမားလူတန်းစားကို ဦးတည်ထားတာပါ။



ဗိုလ်ခင်ညွန့်ကို အရေးယူခဲ့တာ၊ နိုင်ငံရေးသမားများကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုဆိုတဲ့ သူ့ရဲ့ တကယ့်ပြစ်မှုနဲ့ အရေးယူခဲ့တာ မဟုတ်ပါ။ ပြည်သူလူထုအတွင်း အဖြူအမဲ သဲကွဲအောင် ရှင်းပြ၊ ဆွေးနွေးငြင်းခုံခွင့်ပေးပြီး အရေးယူခဲ့တာလည်း မဟုတ်ပါ။ ဒီလို ဘူးလုံးနားမထွင်းလုပ်တာကို ဆန့်ကျင်ရပါမယ်။ စစ်အုပ်စုဟာ သူတို့လိုရင် လိုသလိုသုံးဖို့၊ လူမျိုးရေး၊ ဘာသာရေးအရ သွေးထိုးလှုံ့ဆော်တဲ့ လက်ကိုင်တုတ်

တွေကို မြေတောင်မြှောက်ပေးပါတယ်။ လက်ကိုင်တုတ်တွေရဲ့ ဖောက်ပြန်တဲ့အာဘော်နဲ့ လုပ်ရပ်တွေကို ဆန့်ကျင်ပြီး နောက်ကွယ်က 'လက်မည်း' ကိုလည်း ဖွင့်ချရပါမယ်။ မလိုရင်မလိုသလို ချကျွေးတာ၊ ပါဝင်သူတွေကို ဖိနှိပ်ဖမ်းဆီးတာ လုပ်ပါတယ်။ တကယ့်အပြစ်ကို ရှင်းရှင်းလင်းလင်း ဒီမိုကရေစီနည်းကျ ဖော်ထုတ်တာမလုပ်ဘဲ တင်းပုတ်ကြီး ထုတ်သုံးပါလိမ့်မယ်။ ဒီအချက်ကိုလည်း ဆန့်ကျင်ရပါမယ်။

အမျိုးသား တန်းတူရေး လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာပြောဆို၊ စည်းရုံး၊ စုဖွဲ့၊ ဆွေးနွေးငြင်းခုံ၊ သုတေသနလုပ်ခွင့်စတဲ့ နယ်ပယ်တွေမှာ သဏ္ဍာန်အမျိုးမျိုး၊ အတိုင်းအတာအမျိုးမျိုးနဲ့ ရှိနေတဲ့ ဖိနှိပ်မှု၊ ဒီမိုကရေစီမဆန်မှုတို့ကို အလုပ်သမားလူတန်းစားရပ်တည်ချက် ကိုင်စွဲပြီး ဆန့်ကျင်ရမှာလည်း ဖြစ်ပါတယ်။

ခေတ်ရှင်လူတန်းစားထဲက အလွှာအမျိုးမျိုးရဲ့ ရပ်တည်ချက်အရဆိုရင် တချို့ဖိနှိပ်မှုသဏ္ဍာန်တွေကို ဆန့်ကျင်ပြီး၊ တချို့ကိုတော့ အကြောင်းအမျိုးမျိုးနဲ့ ရှောင်ထားတာ၊ ထောက်ခံတာတွေ ရှိပါတယ်။ စစ်အုပ်စုတည်ရှိမှုကို မဆန့်ကျင်ဘဲ၊ စစ်အုပ်စုရဲ့လက်ရှိပေါ်လစီတွေကို ဆန့်ကျင်တဲ့ စစ်အုပ်စုဝင်တွေတောင် ရှိနိုင်ပါတယ်။ ဥပမာ နိုင်ငံခြားရေးရာမှာ တဖက်ဖက်ယိမ်းတာ ခွတုတ်လုပ်တာကိစ္စတွေ ကိုင်တွယ်ရာမှာ တင်းမာလွန်းတာ၊ ရက်စက်တာ၊ ပညာသားမပါတာ၊ ပညာရှင်မဆန်တာ စတာစတာတွေကိုပဲ သီးသန့်ဆန့်ကျင်သူတွေ ရှိနိုင်ပါတယ်။ ဆန့်ကျင်ရာမှာ လက်ဝဲလေသံတွေ မွှန်မွှန်သုံးတာတွေလည်း ရှိနိုင်ပါတယ်။ ဥပမာ ပညာရှင်မဆန်သူက ပညာရှင်ဆန်သူကို တင်းပုတ်ကြီးနဲ့ ဖိနှိပ်တာ ရှိလာရင်လည်း ဒီအချက်ကို ဆန့်ကျင်ရမှာပါပဲ။

စစ်အုပ်စုဆန့်ကျင်ရေး ဦးတည်တဲ့လှုပ်ရှားမှုအတွင်း (လမ်းမပေါ်ထွက်လာသူတွေအတွင်း)မှာ ကိုယ့်လူတန်းစားရပ်တည်ချက်နဲ့ကိုယ် ရင်မှာပိုက်ထားကြတာပါ။ သဘာဝကျပါတယ်။ တရားပါတယ်။ လယ်ယာပိုင်ဆိုင်ခွင့်ရရေး၊ တပိုင်တနိုင်စီးပွားရေးထူထောင်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး အခွင့်အရေး ရရှိရေး၊ လွတ်လပ်စွာလုပ်ကိုင်ခွင့် စတာ-စတာတွေကို ရင်ဝယ်ပိုက်ထားကြတာပါ။

တပ်မတော် ထောက်ခံရေးဆန္ဒပြပွဲထဲ အကြောင်းအမျိုးမျိုးနဲ့ပါဝင်နေတဲ့ အောက်ခြေလွှာတွေရဲ့ ရင်ထဲမှာ စိုးမိုးနေတဲ့ခံစားချက်က ကုန်ဈေးနှုန်းကျဆင်းရေး ဖြစ်နေနိုင်ပါတယ်။ လှုပ်ရှားမှုမှန်သမျှမှာ ပါဝင်သူနဲ့ ဦးဆောင်သူ၊ ပါဝင်သူအတွေးအခေါ်နဲ့ဦးဆောင်မှုအတွေးအခေါ် ခွဲခြားကြည့်ရမှာ ဖြစ်ပါတယ်။

ဘုံရန်သူ၊ ဘုံလှုပ်ရှားမှု၊ ဘုံလုပ်ဆောင်မှု စတာတွေနဲ့ လူတန်းစားရပ်တည်ချက်၊ အကျိုးစီးပွားတို့ရဲ့အကြား ဆက်စပ်မှု၊ မတူညီမှုကို အလေးထားဖို့ ဖြစ်ပါတယ်။

အလုပ်သမားလူတန်းစား ရပ်တည်ချက်ကို အခြေခံတဲ့ အကျိုးစီးပွားဟာ တခြားဘယ်လူတန်းစားနဲ့မှ ဘုံတူညီတာ မရှိပါဘူး။ ပိုင်ဆိုင်တာဆိုလို့ လုပ်အားပဲ ရှိလို့ပါပဲ။ ခေတ်ရှင်ပေါက်စ လူတန်းစားနဲ့တောင် တူညီတာ မရှိပါဘူး။ လူတန်းစားကွဲပြားမှု ဖျက်သိမ်းရေးဟာ ခေတ်ရှင်ပေါက်စလူတန်းစားရဲ့ ရပ်တည်ချက် မဟုတ်ပါ။ တူညီတာ ရှိတယ်၊ အများကြီးရှိတယ်ဆိုရင်လည်း ရပ်တည်ချက်ကို အခြေခံတဲ့ အကျိုးစီးပွားအရ တူတာ မဟုတ်ပါ။ ဖိနှိပ်မှုသဏ္ဍာန်အတော်များများကို ကိုယ့်အကျိုးစီးပွားနဲ့ကိုယ် ရင်ဝယ်ပိုက် ဆန့်ကျင်ရေးမှာ တူညီတာ ဖြစ်ပါတယ်။ ဆိုလိုချင်တာကတော့ အလုပ်သမားလူတန်းစားရပ်တည်ချက်ကို ကိုင်စွဲနိုင်မှသာ ဖိနှိပ်မှုမှန်သမျှ ဆန့်ကျင်တဲ့ လှုပ်ရှားမှုကို စည်းရုံးဦးဆောင်နိုင်မယ် ဆိုတာပါ။

# ခရစ်ချတ် စ်
# အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု
# အရင်းရှင်စနစ်ရဲ့ အကြမ်းဖက်မှု

**မြစမ်းအေး**

လက်ယာစွန်း ဖက်ဆစ်အကြမ်းဖက် သမားတဦးရဲ့ နယူးဇီလန်နိုင်ငံ ခရစ်ချတ်စ်မြို့ Christchurch ဗလီနှစ်ခုကို ကြမ်းကြုတ်ရက်စက်စွာ တိုက်ခိုက်မှုအတွင်း၊ ယောက်ျား မိန်းမ ကလေး မခွဲခြားဘဲ အသားလွတ် ပစ်ခတ်မှုကြောင့်၊ လူ ၅၀ သေဆုံး အများအပြား ဒဏ်ရာရရှိကာ သွေးချောင်းစီးခဲ့တဲ့ ဖြစ်ရပ်ဟာ ကမ္ဘာတဝန်း စီးပွားရေးကပ် နက်ရှိုင်းကာ လူမှုရေး နိုင်ငံရေး တင်းမာမှုများ မြင့်မားနေချိန်မှာ ပေါ်ပေါက်ခဲ့တာဖြစ်တယ်။

ယဉ်ကျေးတဲ့ လူသားတိုင်းက ဒီတိုက်ခိုက်မှုကို ရှုတ်ချကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ကိုယ့်ကိုယ့်ကိုယ် မေးခွန်းထုတ်ဖို့ လိုအပ်တယ်။ ဘာကြောင့် ဒီလို အကြမ်းဖက်မှု ပေါ်ပေါက်ရသလဲ။ ဒီလို ကြမ်းကြုတ်ရက်စက်မှုမျိုး နိဂုံးချုပ်ဖို့ ဘာလုပ်နိုင်သလဲ။

ဒီတိုက်ခိုက်မှုကိုလုပ်တဲ့ အကြမ်းဖက်သမားဟာ Branton Tarrant ဘရင်တန်တာရင့် ဆိုတဲ့ အသက် ၂၈ နှစ်အရွယ် ဩစတေးလျနိုင်ငံသား လူဖြူကြီးစိုးရေး ဖက်ဆစ်ဝါဒီတဦး ဖြစ်တယ်။ တိုက်ခိုက်မှု မလုပ်ခင် သူဟာ စာမျက်နှာ ၇၃ မျက်နှာရှိတဲ့ ကယောင်ကတမ်းကြေညာချက်တစောင်ကို တွစ်တာလူမှု ကွန်ရက်မှာ တင်ခဲ့ပြီး၊ လူဖြူတွေရဲ့ အနာဂတ်အတွက် တိုက်ပွဲဝင်ဖို့နဲ့ "အကြောက်တရား လေထုတရပ် ဖန်တီးပြီး" ယေဘုယျအားဖြင့် မွတ်စလင်တွေကို ဦးတည်ဆန့်ကျင်တဲ့ "အကြမ်းဖက်မှုကို လှုံ့ဆော်" ဖို့ ဆိုတဲ့ သူ့ရည်ရွယ်ချက်ကို ထုတ်ဖော်ခဲ့တယ်။



တိုက်ခိုက်မှုတခုလုံးဟာ လက်ယာစွန်းရောက် လူဖြူကြီးစိုးရေး အတွေးအခေါ်ကို ကြော်ငြာထိုးဖို့ ပုံစံ ချထားတာ ဖြစ်တယ်။ ငယ်သော်လည်းပဲ ကြီးထွားလာနေတဲ့ အနည်းစု ဖက်ဆစ်အဆွယ်အပွားများဟာ ပိုမို တက်ကြွလာတယ်။ အဲဒီလူတွေဟာ ခရစ်ချတ်ချ် တိုက်ခိုက်မှုကို ထောမနာပြုကြတယ်။

ဒီလိုရှုးသွပ်တဲ့ ဖက်ဆစ်အတွေးအခေါ်ကို ဘယ်သူ့ဆီက ရသလဲ။ တစုံတယောက်ရဲ့ ဩဇာလွှမ်းမိုးမှု ရှိသလား။ Tarrant တာရင့်က ယခုလို အဖြေပေးထားတယ်။ "ကျွန်တော့်အပေါ် ဩဇာအလွှမ်းဆုံး ပုဂ္ဂိုလ်ကတော့ Candance Owens ကင်ဒင့်စ် အိုဝင်စ် (အမေရိကန် လက်ယာစွန်း ဝေဖန်ရေးသမား) ပါပဲ" ။ "သူမ ပြောသမျှ မှင်တက်မိစေပြီး သူမရဲ့ ထိုးထွင်းသိမြင်မှုဟာ ကျွန်တော့်ကို အကြမ်းဖက်လုပ်ရပ်ဆီ တဖြည်းဖြည်း ချင်း တွန်းပို့ပါတယ်"။

Turning Point USA ဆိုတဲ့ ဖောက်ပြန်ရေး လုပ်ငန်းစဉ်တွေ ပြောင်ထုတ်ဖော်နေသော ကွန်ဆာဗေးတစ် ဥပဒေအကျိုးဆောင်အဖွဲ့ရဲ့ ခေါင်းဆောင်တဦးဖြစ်သူ Owens အိုဝင်စ်က အခုလိုပြောတယ်။ "ဟစ်တလာဟာ အမျိုးသားရေးဆိုရှယ်လစ်တဦးပဲ။ သူက ဂျာမနီနိုင်ငံကို ကြီးကျယ်အောင် ကောင်းအောင် လုပ်ချင်တယ်။ ဒါ့အပြင် ဂျာမနီနိုင်ငံအပမှာလည်း ကောင်းအောင်လုပ်ချင်တဲ့ အိပ်မက် သူ့မှာရှိတယ်"။

တာရင့်ဟာ ဆိုရှယ်မီဒီယာ လူမှုကွန်ရက်ပေါ်မှာ လက်ယာစွန်းရောက် ဝါဒဖြန့်ချိရေးစာတွေ တင်ခဲ့တဲ့ရာဇဝင်ရှိပြီး၊ ဘူဇွာနိုင်ငံရေးသမားများနဲ့ ဝေဘန်ရေးဆရာများရဲ့ ဩဇာလွှမ်းမိုးမှုခံရကာ ရွှေ့ပြောင်းလုပ်သား ဆန့်ကျင်ရေးနဲ့ အစ္စလမ်မုန်းတီးမှု အမြင်ရှိသူ ဖြစ်တယ်။ သူက 'ထရမ့်' ကို ကိုးကားပြီး သူ့ကိုယ်သူ "ပြန်လည်သစ်ဆန်းလာသော လူဖြူအမှတ်လက္ခဏာ သင်္ကေတ" လို့ဆိုတယ်။

ဒီတိုက်ခိုက်မှုအတွက် "ထရမ့်အပေါ် အပြစ်တင်တာဟာ ရယ်စရာကောင်းတယ်၊ သူ့မှာ တိုက်ရိုက်တာဝန်မရှိ"လို့ စောဒကတက်နေသော်လည်းပဲ သူ့ရဲ့ ရွှေ့ပြောင်းဝင်ရောက်သူ ဆန့်ကျင်ရေးစကား၊ တံတိုင်းကာရေးအယူအဆ၊ မွတ်စလင်နိုင်ငံများမှ ဝင်ရောက်လာမှု ရပ်တန့်ရေးလုပ်ငန်းစဉ်များ၊ စတာတွေဟာ အစ္စလမ် မုန်းတီးရေးအစွဲကို ဆွပေးစေပါတယ်။ ဒီလိုပတ်ဝန်းကျင်မျိုးမှာ တာရင့်လို လူမျိုးကို သွေးကြွစေပါတယ်။

၂၀၁၇ အတွင်း အမေရိကန်မှာ အကြမ်းဖက်တိုက်ခိုက်မှု ၆၅ ခု အနက်၊ ၃၆ ခုဟာ လက်ယာစွန်း၊ ၁၀ ခုဟာ လက်ဝဲစွန်း၊ ၇ ခုဟာ အစ္စလမ်မစ် အကြမ်းဖက်မှုများနဲ့ ပတ်သက်နေတယ်လို့ ဆိုတယ်။ (ကျန်တဲ့ အကြမ်းဖက်တိုက်ခိုက်မှုကတော့ ဝါဒ၊ အယူအဆဆိုင်ရာနဲ့ မပတ်သက်တဲ့အကြမ်းဖက်မှုများလို့ ဆိုလိုဟန်ရှိပါတယ်။)

အနောက်တိုင်းတခွင် လက်ယာဂိုဏ်း နိုင်ငံရေးသမားများ မီဒီယာများမှ အလုပ်သမားလူတန်းစားရဲ့ နေထိုင်မှုအခြေအနေ ဆိုးဝါးလာမှုအတွက် မွတ်စလင်တွေအပေါ် အပြစ်ပုံချထားသော်လည်း၊ ဒါဟာ ဖက်ဆစ်လှုပ်ရှားမှုများ လူထုအတွင်း ပြန့်နေပြီလို့တော့ ပြောလို့မရပါဘူး။

တာရင့်ဟာ လောလောလတ်လတ် ရွှေ့ပြောင်းဝင်ရောက် လာသူများအပေါ် ရန်လိုသော ပတ်ဝန်းကျင်မှ ဩစတေးလျနိုင်ငံသားတဦး ဖြစ်တယ်။ ဩစတေးလျအခြေအနေကို Guardian (23 march 2018)) သတင်းစာမှာ ယခုလိုဖော်ပြထားတယ်။ "အများပြည်သူကြားမှာ ရွှေ့ပြောင်းဝင်ရောက်လာသူများအရေး ဆွေးနွေးငြင်းခုံရာမှာ သူတို့ရဲ့ အရေအတွက်နဲ့ မူရင်းဒေသအကြောင်းပဲ ကွက်ပြောကြပြီး လမ်းတွေကျပ်တာ၊ အိမ်တွေဈေးတက်တာ၊ ရေမြေအရင်းအမြစ်များ မျှဝေသုံးစွဲရတာမှစလို့၊ လူမှုရေးအရ ပေါင်းစည်းမှု၊ ဘာသာရေးအရ ကွဲပြားမှု၊ အင်္ဂလိပ်စကားသည် အဓိကဘာသာစကား ဆိုတာအထိ ငြင်းခုံဆဲရေး ပုတ်ခတ်လာကြတယ်"။

ဒီလိုနဲ့ ကိစ္စတိုင်းဟာ ယေဘုယျအားဖြင့် ရွှေ့ပြောင်းဝင်ရောက်သူများကြောင့်၊ အခိုင်အမာအားဖြင့် မွတ်စလင်များကြောင့်လို့ အပြစ်ပုံချလာကြတယ်။ ဒီအပြုအမူတွေဟာ ဩစတေးလျ တနိုင်ငံတည်း မဟုတ်ပါဘူး၊ ကမ္ဘာတလွှားမှာ ဖြစ်နေတာပါ။ အရင်းရှင်စီးပွားရေး ရေရှည်အကျပ်အတည်းနဲ့ အုပ်စိုးသူလူတန်းစားရဲ့ မြိုးမြံချွေတာရေးပေါ်လစီကြောင့် ဒုက္ခရောက်နေတဲ့အောက်မှာ အသစ်ဝင်ရောက်လာသူတွေဟာ အလွယ်တကူပဲ ဓားစာခံဖြစ်ကြရပါတယ်။ သူတို့ဟာ အသားအရောင် အဝတ်အစား ကိုးကွယ်သည့်ဘာသာ ကွဲပြားမှုကြောင့် ခွဲခြားဖို့လည်းလွယ်တယ်။

ဒီလိုအခြေအနေမှာ ဖက်ဆစ်ဝါဒနဲ့ နာဇီပါတီရဲ့ ပဲတင်သံတွေ ပြောင်ထွက်ပေါ်လာတယ်။ အမေရိကန်က Trump ထရမ့်၊ ယူကေက လက်ယာဂိုဏ်း ဘရစ်ဆစ်များ Brexiteers ၊ အီတလီက ဆယ်ဗီနီSalvini၊ ပြင်သစ်က လီပင်း Le Pen တို့လို ထိပ်တန်းနိုင်ငံရေးသမားများက လူမျိုးခွဲခြားရေးနဲ့ နိုင်ငံခြားသား ဆန့်ကျင်ရေးတရား ဟောနေတာကြောင့် သူတို့ဟာ သွေးကြွအားတက်လာတယ်။ ဒို့နောက်မှာ ဒီနိုင်ငံရေးသမားတွေ ရှိတယ်လို့ခံစားပြီး ရွှေ့ပြောင်းဝင်ရောက်လာသူများအပေါ် တိုက်ခိုက်လာတယ်။သခင်ကကြိုးဖြေလွှတ်လိုက်တဲ့ ခွေးရိုင်းတွေလိုပဲ။

နမူနာအနေနဲ့ ပြရရင် ဩစတေးလျ ဆီးနိတ်လွှတ်တော်အမတ် လက်ယာစွန်းဝါဒီ Fraser Anning က ခရစ်ချတ်စ်တိုက်ခိုက်မှုနဲ့ ပတ်သက်လို့ ယခုလိုပြောတယ်။ "ဩစတေးလျနဲ့ နယူးဇီလန် လူ့အဖွဲ့အစည်းအတွင်း မွတ်စလင်တွေ ရှိလာမှုအပေါ် သောကကြီးထွား လာနေတာကို ဖော်ပြတာဖြစ်တယ်"။ "နယူးဇီလန်လမ်းမပေါ် သွေးချောင်းစီးရတဲ့ အကြောင်းရင်းဟာ မွတ်စလင်အယူစွဲပြင်းသူတွေကို နယူးဇီလန်သို့ ဝင်ခွင့်ပြုတဲ့ လူဝင်မှုဥပဒေကြောင့် ဖြစ်တယ်" ။ သူဆက်ပြောတာက "ဒီနေ့ မွတ်စလင်တွေဟာ သားကောင်(ခံရသူ)တွေဖြစ်သော်လည်း သူတို့ဟာ တကယ်တော့ အပြစ်ရှိသူတွေဖြစ်တယ်" တဲ့။

တချိန်တည်းမှာ လူထုမီဒီယာဆိုတာများက အဆိပ်ပင်ရေလောင်းတဲ့ အတွေးအခေါ်တွေကို သစ္စာရှိစွာ ဖြန့်ဖြူးပေးကြတယ်။ ပြဿနာရဲ့ဇာစ်မြစ်ဖြစ်တဲ့ လူနည်းစုက အမြတ်အစွန်း ကြီးကြီးမားမားရရှိပြီး လူများစုက ဆင်းရဲတွင်းနက်နေတဲ့ အရင်းရှင်စနစ်ရဲ့ ဆိုးဆိုးဝါးဝါးကပ်ဆိုက်မှုအပေါ် အပြစ်မတင်ဘဲ ရွှေ့ပြောင်းဝင်ရောက် သူတွေအပေါ် လက်ညှိုးထိုး အပြစ်ပုံချနေတယ်။

အစ္စလမ် မှန်းတီးရေးဝါဒ ပေါ်ပေါက်ရခြင်းဟာ အစ္စလမ်အခြေခံဝါဒီတွေကြောင့်လို့ ဆိုသော်လည်း ခရစ်ချတ်စ် တိုက်ခိုက်မှုလို (လူဖြူ)အကြမ်းဖက်မှုမျိုးကိုလည်း မွတ်စလင်တွေအပေါ် သိမ်းကျုံး အပြစ်ပုံချနေတယ်။ အာဖဂန်က တာလီဘန်တွေဟာ ဆိုဗီယက်လွှမ်းမိုးမှုဆန့်ကျင်ရေးအတွက် အမေရိကန် ကျောထောက် နောက်ခံပေးမှုနဲ့ ကြီးထွားလာခဲ့တာဖြစ်တယ်။ ပါလက်စတိုင်း PLO ကို အဓိကအန္တရာယ်အဖြစ် အမေရိကန်နယ်ချဲ့နဲ့ အစ္စရေးတို့က မြင်လာတဲ့အခါ ဟားမတ်စ် Harmas အုပ်စုဆိုတာ ပေါ်လာတယ်။

အစ္စလမ်မစ်နိုင်ငံတွေမှာ လောလောဆယ်ပေါ်ပေါက်နေတဲ့ အကျပ်အတည်းများအတွင်း အလုပ်သမားလူတန်းစား ထကြွလာမှာကို စိုးရိမ်တဲ့အတွက် လမ်းလွှဲတဲ့အနေနဲ့ အခြေခံဝါဒီတွေကို အသုံးချလာတယ်။ ရှေ့တန်းရောက် အရင်းရှင်နိုင်ငံများ မှာ လက်ယာစွန်း နိုင်ငံရေးသမားတွေဟာ အစ္စလမ်အခြေခံဝါဒီ(အစ္စလမ်အစွန်းရောက် အကြမ်းဖက်ဝါဒီ)တွေကို အသုံးချပြီး အစ္စလမ်မုန်းတီးရေးကို လှုံ့ဆော်တယ်။ ဖက်ဆစ်ဝါဒကော အစ္စလမ်အခြေခံဝါဒကော ဖောက်ပြန်တဲ့အတွေးအခေါ် နှစ်ရပ်စလုံးဟာ အုပ်စိုးသူလူတန်းစားကို အလုပ်အကျွေးပြုနေတာ ဖြစ်တယ်။

ကျွန်တော်တို့ မြင်တွေ့ရတာကတော့ နှစ်ဖက်စလုံးရဲ့ အကြမ်းဖက်မှုကို ခံစားနေရသူများဟာ သာမန်မွတ်စလင်တွေ၊ မွတ်စလင်မဟုတ်သူတွေ၊ ခရစ်ယာန် ဂျူး ဟိန္ဒူ အလုပ်သမားတွေ စတဲ့ နေ့စဉ်ဘဝအတွက် ရုန်းကန်နေရသူတွေပါပဲ။ နိုင်ငံတိုင်းက အလုပ်သမားတွေအကြား ဘာပြဿနာမှ မရှိပါဘူး။ အလုပ်သမား လူတန်းစားဟာ လူတန်းစားတရပ်အနေနဲ့ မိမိတို့ကြားမှာ ဘာကွဲပြားမှုမှ မရှိပါဘူး။ "သွေးကွဲရင်ရှုံးမယ် သွေးစည်းရင်နိုင်မယ်" "တယောက်ထိရင် အားလုံးနာတယ်" ဆိုတဲ့ ဆောင်ပုဒ်ဟာ အလုပ်သမားလှုပ်ရှားမှုအလံအောက်က တောက်ပြောင်တဲ့ ဆောင်ပုဒ်ဖြစ်တယ်။

အရင်းရှင်လူတန်းစားက အလုပ်သမားတွေ သွေးကွဲအောင် နည်းပေါင်းစုံသုံးရာမှာ သွေးထွက်သံယို တိုက်ခိုက်မှုတွေ လုပ်ဖို့ကိုလည်း တွန့်ဆုတ်နေမှာမဟုတ်ဘူး။ လူမျိုးခွဲခြားရေးဝါဒကို ဆန့်ကျင်တိုက်ဖျက်မှသာ အလုပ်သမားထုညီညွတ်ရေး တည်ဆောက်နိုင်မယ်။ အလုပ်သမားတိုင်းဟာ အသက်ရှင်ရပ်တည်ဖို့ သားသမီးကို ကျွေးမွေးဖို့ လုံလောက်တဲ့ငွေကြေးရဖို့ အလုပ်လုပ်ရ ရုန်းကန်ရတယ်။

အလားတူပဲ အရှေ့အလယ်ပိုင်းက ပြည်သူတွေ ဒုက္ခခံစားနေရမှုအတွက် အမေရိကန်၊ ဗြိတိန်၊ ဩစတေးလျ သို့မဟုတ် နယူးဇီလန်က အလုပ်သမား လူငယ်များကိုအပြစ်တင်လို့ မရဘူး။ အဲဒီနိုင်ငံက အရင်းရှင်ကြီးတွေကိုပဲ ကိုယ့်နိုင်ငံက အလုပ်သမားတွေအပေါ် သွေးစုပ်တာ၊ ပြည်ပမှာ နယ်ချဲ့ပေါ်လစီ ကျင့်သုံး

တာ အတွက် အပြစ်တင်ရမှာပါ။ သူတို့ဟာ အမြတ်အစွန်းအတွက် စျေးကွက်နဲ့ ဩဇာခံနယ်ပယ်ချဲ့ထွင်ဖို့ ကမ္ဘာကြီးကို ပိုက်စိပ်တိုက် လုယက်နေကြတယ်။ ကုန်သွယ်လမ်းကြောင်းနဲ့ ကုန်ကြမ်းအာမခံချက်ရရေး သူတို့အကျိုးစီးပွားအတွက် သွေးခွဲတယ်၊ ကျူးကျော်တယ် ဗုံးကြဲတယ်။ သူတို့ဟာ ဒီမိုကရေစီစကား တွင်တွင်ပြောသော်လည်း လူထုအုံကြွလာတဲ့အခါ ကြမ်းကြုတ်ရက်စက်ဖို့လည်း နောက်မတွန့်ဘူး။ ဆီးရီးယား၊ လစ်ဗျား၊ ဆိုမာလီ၊ ယီမင်-- ကြည့်ပါ။

အတိတ်က ဂျာမနီမှာ စီးပွားရေးကပ် ဆိုးဆိုးဝါးဝါး ကျရောက်ခဲ့စဉ်က အဓိကတရားခံ အရင်းရှင်တွေအပေါ် ကျရောက်လာတဲ့ လူထုဒေါသကို လမ်းလွှဲတဲ့အနေနဲ့ ဆီမန်းတစ်(မျိုးနွယ်)ဆန့်ကျင်ရေး anti-Semitism ကို အသုံးချခဲ့တယ်။ ယနေ့အခါမှာ အစ္စလမ်မုန်းတီးရေးကို အလားတူ အသုံးတည့်တဲ့ ကိရိယာ အဖြစ် ထုတ်ဖော်လာတယ်။

ဒါတွေကို အဆုံးသတ်ဖို့ စည်းလုံးညီညွတ်တဲ့ အလုပ်သမားလူတန်းစားတပ်ဖွဲ့ကြီး ရှိဖို့လိုတယ်။ နိုင်ငံအသီးသီးက အမျိုးသားအသီးသီးဟာ သူတို့ရဲ့ ဘဂရပ်တည်ရေးအတွက် ရုန်းကန်တိုက်ပွဲဝင်ရာမှာ တူညီတဲ့ ဘုံရည်မှန်းချက်ရှိကြောင်း သိလာကြတယ်။

ခရစ်ချတ်စ်သတ်ဖြတ်မှု ဖြစ်ပွားပြီးနောက် သာမန်လုပ်သားပြည်သူများအကြား သဘာဂအလျောက် သွေးစည်းမှုဟာ ပေါ်လွင်ထင်ရှားလာတယ်။ နယူးဇီလန်နိုင်ငံအတွင်း အင်တာနက် websites မှတဆင့် ဝမ်းနည်းကြောင်း တောင်းပန်စကားပြောကြားသူ ၆ သန်းကျော်တယ်။ ကျောင်းသားလူငယ်များစွာဟာ စုစု ရုံးရုံးနဲ့ သေဆုံးသွားသူများကို ဝမ်းနည်းကြောင်းဖော်ပြတဲ့ ရိုးရာ Haka အကနဲ့ ဂုဏ်ပြုကြတယ်။

တကယ်က အလုပ်အကိုင်၊ အိုးအိမ်၊ လျောက်ပတ်သောလုပ်ခလစာ၊ ဆေးရုံ၊ ပညာရေး စတာတွေကို အားလုံးအတွက် လုံလောက်အောင် လုပ်နိုင်ပါတယ်။ ပြဿနာက ဒီအရင်းအမြစ်တွေ အားလုံးဟာ တရားလွန် ချမ်းသာနေတဲ့ အရင်းရှင်တစုလက်ထဲ စုနေတာဖြစ်တယ်။

အလုပ်သမာလူတန်းစား သွေးစည်းညီညွတ်မှု ဆိုတာ ဘုံရန်သူ အစစ်အမှန်ဖြစ်တဲ့ နိုင်ငံအသီးသီးက အရင်းရှင်လူတန်းစားကို တစည်းတလုံးတည်း တိုက်ခိုက်ခြင်းပင် ဖြစ်ပါတယ်။

ရည်ညွှန်း။ Christchurch Massacre: far-right terrorism and the barbarism of capitalism by Fred Weston. 19 march 2019.

မြစမ်းအေး (၂၆ မတ် ၂၀၁၉)

# ရုရှားဖက်ဒရေးရှင်း

## ကွန်မြူနစ်ပါတီသတင်းဆောင်းပါး(ရုရှားဖက်ဒရေးရှင်းကွန်မြူနစ်ပါတီနဲ့ ဖူကာနော့ဗ်ရဲ့ ဂလိုဘယ်လိုက် ဖေးရှင်းနဲ့ ပတ်သက်လို့ သိမြင်နားလည်မှု )တရုတ်ပြည်လူမှုရေးသိပ္ပံ မော့က်စ်သုတေသနကောလိပ်မှာ ရုရှားကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ ဒုဥက္ကဋ္ဌ Mr Novikov ရဲ့ ပညာရပ်ဆိုင်ရာ အစီရင်ခံစာ)

၂၀၁၉ ဇူလိုင် ၅ ရက်ညနေပိုင်းမှာ၊ ရုရှားကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ ဒုတိယဉက္ကဋ္ဌ၊ ရုရှား ဒူးမား လွှတ်တော် (အောက်လွှတ်တော်) နိုင်ငံတကာ ဆက်ဆံရေးကော်မတီ ဒုဉက္ကဋ္ဌ Mr Novikov ဟာ တရုတ်နိုင်ငံ လူမှုရေးသိပ္ပံ၊ မော့က်စ်ဝါဒ သု တေသနကောလိပ်၊ အခန်းအမှတ် ၁၀၁၁ မှာ ပညာရပ်ဆိုင်ရာ အစီရင်ခံစာ ဖတ်ခဲ့တယ်။ အစီရင်ခံစာဖတ်တဲ့အခမ်းအနားကို ပြည်ပဆက်ဆံရေးဌာန တာဝန်ခံ လီရွှေ့ချင်က သဘာပတိ အဖြစ်ဆောင်ရွက်တယ်။ နိုင်ငံခြားဆက်ဆံရေးဌာနနဲ့ မော့က်စ်ဝါဒ သုတေသန ကောလိပ်၊ ကမ္ဘာ့ဆိုရှယ်လစ်ဝါဒသုတေသနစင်တာတို့မှ သက်ဆိုင်တဲ့သုတေသီများ တက်ရောက်ပါတယ်။ မော့က်စ်ဝါဒ သုတေသန ကောလိပ် ဒုကျောင်းအုပ် ရှင်းရှန့်ယန်လည်း စာတမ်းဖတ်ပွဲကို တက်ရောက်တယ်။

Mr Novikov က လောလောဆယ်နှစ်များအတွင်း ရုရှားကွန်မြူနစ်ပါတီ ကျင်းပခဲ့တဲ့ အခမ်းအနားများနဲ့ ကျင်းပမယ့်အခမ်းအနားများအကြောင်းကို ဦးစွာမိတ်ဆက်ပေးပါတယ်။ ၂၀၁၇ မှာ အောက်တိုဘာတော်လှန်ရေး နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်လှုပ်ရှားမှု၊ ၂၀၁၈ မော့က်စ် သက်တမ်း နှစ် ၂၀၀ ပြည့် အထိမ်းအမှတ် လှုပ်ရှားမှု၊ ၂၀၁၉ စတာလင် အနှစ် ၁၄၀ ပြည့် အထိမ်းအမှတ် လှုပ်ရှားမှုနဲ့ ၂၀၂၀ မှာ လီနင် သက်တမ်း နှစ် ၁၅၀ ပြည့် အထိမ်းအမှတ် လှုပ်ရှားမှု စတာတွေ ဖြစ်တယ်။ ဒီလှုပ်ရှားမှုအားလုံးဟာ နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုရဲ့ အစိတ်အပိုင်းများဖြစ်တယ်။ ၂၀၁၉ ခုနှစ်ဟာ Gennady Zyuganov ရဲ့ ၇၅ နှစ်ပြည့်မြောက် မင်္ဂလာအခါသမယဖြစ်လို့ အရေးကြီးတဲ့လှုပ်ရှားမှုတရပ်အနေနဲ့ Zyuganov ရဲ့လက်ရွေးစင် စာတမ်းများ ပထမတွဲ ဒုတိယတွဲ ၂ အုပ် ပုံနှိပ်ထုတ်ဝေသွားရန် ဆုံးဖြတ်ထားတယ်။ ၎င်းစာအုပ်များတွင် ၁၉၉၁ မေလ ၇ ရက်၊ "ဆိုဗီယက်ရုရှားသတင်းစာ" မှာ ဖော်ပြခဲ့တဲ့ Zyuganov ရဲ့ "ဆိုဗီယက် ပျက်သုဉ်းသွားရေး ဒီဇိုင်းဆရာ- Yakovlev သို့ အိတ်ဖွင့်ပေးစာ၊ ၁၉၉၁ ဖွန်လ ၂၃ ရက် "ဆိုဗီယက်ရုရှားသတင်းစာ" မှာ ဖော်ပြခဲ့တဲ့ "ပြည်သူလူထုထံ အစီရင်ခံစာ"၊ ၁၉၉၂ ဇူလိုင် ရုရှားဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ တရားရုံးရဲ့ ဆိုဗီယက် ရုရှားကွန်မြူနစ်ပါတီရဲ့ အကျိုးစီးပွားကို ကာကွယ်ထိန်းသိမ်းရေးအတွက် ပြောကြားတဲ့ မိန့်ခွန်း စတာတွေ အပါအဝင် ၁၉၉၁ ခုနှစ် ဆိုဗီယက်မပြိုကွဲခင် အခြေအနေမှ ကနေ့အထိ ရုရှားကွန်မြူနစ်ပါတီ ဖြစ်ထွန်းတိုးတက်မှု အရေးကြီးစာတမ်း အချက်အလက်များ ထည့်သွင်းဖော်ပြထားတယ်။ ဒီအချက်အလက်တွေက ဆိုဗီယက်ပြည်ထောင်စုကွန်မြူနစ်ပါတီရဲ့ ပါတီဝင်တွေ ဆိုဗီယက်ပြည်ထောင်စုမပြိုကွဲမီ ပြောသင့်တာ မပြောဘဲ ရေငုံနှုတ်ပိတ်နေခဲ့ကြခြင်းဟာ မှားယွင်းတဲ့လုပ်ရပ်ဖြစ်တယ်ဆိုတာကို အတိအလင်း သက်သေခံလိုက်တယ်။ သူတို့က စာရေးခြင်းအားဖြင့် ခေါင်းဆောင်အသီးသီးနဲ့ လူ့အဖွဲ့အစည်းအတွင်းမှ ပုံမှန်မဟုတ်တဲ့ အခြင်းအရာတွေကို ပွင့်ပွင့်လင်းလင်းဝေဖန်ခြင်း စတဲ့ပုံစံများနဲ့ ဘက်ပေါင်းစုံကနေ ဆန့်ကျင်ကန့်ကွက်မှုတွေ ဆောင်ရွက်ခဲ့ကြတယ်။

စာတမ်းများကို ထည့်သွင်းဖော်ပြထားတဲ့ မော်ကွန်းဝင်စာတမ်းစာအုပ်ဟာ ဆိုဗီယက် ပြည်ထောင်စု (ရုရှား) ကွန်မြူနစ်ပါတီ နှစ်ပေါင်းများစွာ အကြောင်းမလှတဲ့ အခြေအနေအတွင်း အသက်ရှင်သန်ရေး၊ ဖြစ်ထွန်းတိုးတက်ရေးအတွက် တိုက်ပွဲဝင်ခဲ့ရတဲ့ ထင်ရှားတဲ့ သက်သေအထောက်အထားတွေ ဖြစ်တယ်။ အရေးကြီးတဲ့ သမိုင်းအဓိပ္ပာယ်နဲ့ နိုင်ငံရေးအဓိပ္ပာယ်ဆောင်တယ်။

Mr.Novikovက ဒီစာအုပ်သစ်အချို့ကို မော့က်စ်ဝါဒ သုတေသနကောလိပ်ကို လက်ဆောင်ပေးခြင်းဟာ ရုရှားကွန်မြူနစ်ပါတီရဲ့ အနာဂတ်ဖြစ်ထွန်းတိုးတက်လာမှုအပေါ် ခိုင်မာတဲ့ယုံကြည်ချက်ကို ဖော်ပြလိုက်ခြင်း ဖြစ်တယ်။

ဒါ့အပြင် သူက Zyuganov ရေးသားပြုစုတဲ့ ကျမ်းသစ်တအုပ်ဖြစ်တဲ့ "ဂလိုဘယ်လိုက်ဖေးရှင်းဝါဒ သေနတ်ပြောင်းဝအောက်က ရုရှား"စာအုပ်ကို ဘာသာပြန်ခြင်းနဲ့ ကြိုတင်ပြင်ဆင် ပုံနှိပ်ထုတ်ဝေမှု အခြေအနေများကိုလည်း မိတ်ဆက်ပေးပြီး ဒီလုပ်ငန်းများကို ထောက်ခံကူညီပေးခဲ့တဲ့ မာ့က်စ်ဝါဒသုတေသန ကောလိပ်ကို ကျေးဇူးတင်ကြောင်းလည်း ဖော်ပြခဲ့တယ်။

Mr Novikov က ဂလိုဘယ်လိုက်ဖေးရှင်းပြဿနာနဲ့ပတ်သက်တဲ့ သိမြင်နားလည်မှုကို ဘက် ၃ ဘက်ကနေ ရှင်းပြခဲ့တယ်။

(၁) ဂလိုဘယ်လိုက်ဖေးရှင်းဟာ လူသားလူ့အဖွဲ့အစည်းမှာ သိပ္ပံနဲ့နည်းပညာ တိုးတက်မှုနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရဲ့ ရှောင်လွှဲမရတဲ့အကျိုးဆက် ဖြစ်တယ်။ လှည့်ပြောင်းလို့မရနိုင်တဲ့ ဖြစ်စဉ်လည်း ဖြစ်တယ်။ ၁၈ ရာစု အလယ်ပိုင်းကာလလောက်က ပထမအကြိမ် စက်မှုတော်လှန်ရေးပေါ်ပေါက်ခဲ့ပြီး နိုင်ငံတကာ အလုပ်ခွဲဝေမှု ပေါ်ပေါက်ခဲ့တယ်။

၁၉ ရာစု ဒုတိယနှစ်ဝက်နှောင်းပိုင်းမှာ ဒုတိယစက်မှုတော်လှန်ရေးက ပထမအကြိမ် စီးပွားရေး ဂလိုဘယ်လိုက်ဖေးရှင်းဒီရေကို ဖြစ်ပေါ်စေခဲ့တယ်။ ၂၀ ရာစု ၇၀ ခုနှစ်များ အလယ်လောက်အတွင်းမှာ ပေါ်ပေါက်ခဲ့တဲ့ နည်းပညာတော်လှန်ရေးက စီးပွားရေးဂလိုဘယ်လိုက်ဖေးရှင်းဖြစ်စဉ် တဆင့်တက် တွန်းဆော်ပေးခဲ့တယ်။

(၂) အနောက်တိုင်း ဖွံ့ဖြိုးပြီးနိုင်ငံများက ရှေ့ဆောင်တဲ့ ဂလိုဘယ်လိုက်ဖေးရှင်းဟာ လူသားလူ့အဖွဲ့အစည်းကို ခြိမ်းခြောက်ပါတယ်။ Mr Novikov က လက်ရှိအဆင့် ဂလိုဘယ်လိုက်ဖေးရှင်းဟာ နယ်ချဲ့အဆင့်မှာပဲ ရှိနေဆဲဖြစ်တယ်။ လူသားတွေအဖို့ အန္တရာယ်ကြီးလှပါတယ်လို့ ယူဆပါတယ်။ ဥပမာ နယ်ချဲ့စနစ်အောက်မှာ လူ့အဖွဲ့အစည်းအလုပ်ခွဲဝေမှု အဆက်မပြတ် ပြိုကွဲပျက်ပြား၊ အနုစိတ်တဲ့အလျောက် စီးပွားရေးတိုးချဲ့မှုဟာ နိုင်ငံတခုအတွင်းမှာ ကန့်သတ်မထားတော့ဘဲ စီးပွားရေးအမြတ်ထုတ်မှု အတိုင်းအတာကိုလည်း အဆက်မပြတ် တိုးချဲ့လာတယ်။ ဒါကြောင့် လူ့အဖွဲ့အစည်းအတွင်းမှာ ဆင်းရဲချမ်းသာ ကွာဟမှုဟာ ဆိုးဝါးပြင်းထန်လာတယ်။

အနောက်တိုင်းက ရှေ့ဆောင်တဲ့ ဂလိုဘယ်လိုက်ဖေးရှင်းဟာ လူသားလူ့အဖွဲ့အစည်းရဲ့ လုံခြုံရေးကို ခြိမ်းခြောက်နေတယ်။ ဥပမာ-လစ်ဗျား၊ အာဖဂန်၊ ယူဂိုစလပ်စတဲ့ နိုင်ငံတွေမှာ တည်ငြိမ်မှုမရှိဘဲ ယောက်ယက်ခတ်နေတယ်။ စိတ်ဓာတ်ယဉ်ကျေးမှုဘက်မှာ ဥရောပနဲ့အမေရိကနိုင်ငံများဟာ ဂလိုဘယ်လိုက်ဖေးရှင်းရဲ့ အမြုတေအတွေးအခေါ်ကို အနောက်တိုင်းယဉ်ကျေးမှုရဲ့ မွေးရာပါ တွေးခေါ်ယူဆမှုပုံစံနဲ့ တန်ဖိုးသဘောတရား အမြင်အယူအဆအဖြစ် တွန်းဆော်ပေးပြီး အနောက်တိုင်းယဉ်ကျေးမှုကိုမှ သာလွန်ကောင်းမွန်တယ်ဆိုတဲ့သဘောတရားကို အလေးထားကာ တခြားနိုင်ငံရဲ့ယဉ်ကျေးမှုကို မခန့်လေးစား အထင်အမြင်သေးကြတယ်။ချုပ်လိုက်ရင် အနောက်တိုင်းကရှေ့ဆောင်တဲ့ ဂလိုဘယ်လိုက်ဖေးရှင်းဟာ မျက်မှောက်ကာလ နယ်ချဲ့စနစ်ရဲ့ အသွင်တမျိုးဖြစ်တယ်။ သာမန်ပြည်သူလူထုအဖို့ ၎င်းကနေ ဘာမှ အကျိုးခံစားမှု မရရှိနိုင်ပါဘူး။

(၃) မျက်မှောက်ကာလမှာ ဂလိုဘယ်လိုက်ဖေးရှင်းနဲ့ပတ်သက်လို့ အဓိကအားဖြင့် အတွေးအခေါ် ၃ မျိုးရှိနေ တယ်။ ရှီကျင့်ဖျင်ရဲ့ ကံကြမ္မာတူလူသားလူ့အဖွဲ့အစည်းအတွေးအခေါ်၊ တစုံတခုသော ထူးခြားတဲ့ စိတ်ဓာတ်ကို မှီခိုအားထားတဲ့ ဘာသာရေးဂလိုဘယ်လိုက်ဖေးရှင်းဝါဒ (တချို့မွတ်စလင်နိုင်ငံများ)နဲ့ ဂလိုဘယ်လိုက်ဖေးရှင်းဆန့်ကျင်ရေး အတွေးအခေါ် (ထရန့်ခေါင်းဆောင်မှုအောက်ရှိ အမေရိကန်) တို့ဖြစ်တယ်။

၎င်းတို့အနက် ကံကြမ္မာတူလူသားလူ့အဖွဲ့အစည်း အတွေးအခေါ်တခုသာ တရားမျှတရေး သမာသမတ် ကျရေးကို အလေးထားတာဖြစ်တယ်။ တခြားနိုင်ငံအား မိမိရဲ့ဆန္ဒကို အတင်းအကျပ် လက်မခံခိုင်းဘူး။ "အလှကိုယ်စီ"ရှိတဲ့ ကောင်းမွန်လှပတင့်တယ်တဲ့ ကမ္ဘာကို အကောင်အထည်ဖော်သွားရေး ရည်သန်ခြင်းဟာ လူသားတွေရဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးဦးတည်ချက် ဖြစ်ပါတယ်။ ထရန့်ရဲ့ ဂလိုဘယ်လိုက်ဖေးရှင်း ဆန့်ကျင်ရေးအတွေးအခေါ်ဟာ မာတောင့်တစ်ဆို့နေပြီး သမရိုးကျလွန်း အထီးကျန်ဆန်လွန်းလှပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုအလားအလာလည်း ကင်းမဲ့နေပါတယ်။ Mr Novikov ဟာ တရုတ်ပြည်ကို ကမ္ဘာကြီးအား ရောမကောင်းမှုပြုသူအဖြစ် ချီးကျူးလိုက်ပြီး ရုရှားကွန်မြူနစ်ပါတီက "ကမ္ဘာတခု လမ်းကြောင်းတခု" တည်ဆောက်ရေးမှာ ရုရှားနိုင်ငံပါဝင်ခဲ့ခြင်းအတွက် တက်တက်ကြွကြွ ထောက်ခံလိုက်ပြီး၊ ဆိုရှယ်လစ်စနစ်က

သာ လူသားတွေကို ထွန်းပြောင်တဲ့ အနာဂတ်ချီတက်သွားရေးကို ရှေ့ဆောင်သွားနိုင်လိမ့်မယ်လို့လည်း ဖော်ပြလိုက်ပါတယ်။

Mr Novikov အစီရင်ခံပြီးသွားတဲ့အခါ တက်ရောက်လာတဲ့ ပညာရှင်တွေဟာ သူနဲ့ နစ်ဦးနစ်ဖက် စိတ်ဝင် စားတဲ့ ပြဿနာများကို စိတ်အားထက်သန်စွာ ဆွေးနွေးကြပါတယ်။

မာ့က်စ်ဝါဒသုတေသနကောလိပ် ဒုကျောင်းအုပ် ရှင်းရှန့်ယန်က အခမ်းအနားနိဂုံးချုပ်မိန့်ခွန်း ပြောရာမှာ Mr Novikov ရဲ့အစီရင်ခံပြောဆိုချက်ဟာ အနီရောင်ရှွန်းလက်နေတဲ့ အလံတလက်ဖြစ်ပြီး အတွင်းသဘောများလည်း အလွန်ကြွယ်ဝကာ အလွန်အင်အားကောင်းပြီး လက်တွေ့ကျတဲ့၊ ခေတ်ကာလအဓိပ္ပာယ် တွေလည်းပါရှိတဲ့ အစီရင်ခံချက် ဖြစ်တယ်လို့ မြင့်မြင့်မားမား တန်ဖိုးဖြတ်ခဲ့တယ်။ တရုတ်ပြည်တော်လှန်ရေး အောင်မြင်ခဲ့ပေမယ့် အောက်တိုဘာတော်လှန်ရေးကို ဘယ်တုန်းကမှ မေ့မထားခဲ့ပါဘူးလို့ ဒုကျောင်းအုပ် ရှင်းရှန့်ယန်က ဆိုပါတယ်။

၂၀၁၇ စက်တင်ဘာလက အောက်တိုဘာတော်လှန်ရေး နစ် ၁၀၀ ပြည့်အကြိုအဖြစ် "အောက်တိုဘာတော်လှန်ရေးနဲ့ တရုတ်ပြည်ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ်" သဘောတရားရေးဆွေးနွေးပွဲကို တရုတ်ပြည်မှာ ကျင်းပခဲ့တယ်။ ဆွေးနွေးပွဲကို အဲဒီတုန်းက တရုတ်ပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၊ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်၊ ဗဟိုကော်မတီ အတွင်းရေးမှူးဌာနရဲ့ အတွင်းရေးမှူး၊ ဗဟိုဝါဒဖြန့်ချိရေးဌာနဌာနမှူး လျိုချီပေါက် တက်ရောက်မိန့်ခွန်းပြောကြားခဲ့တယ်။

၂၀၁၇ အောက်တိုဘာလ၊ တရုတ်ပြည်ကွန်မြူနစ်ပါတီ ၁၇ ကြိမ်မြောက်ကွန်ဂရက်မှာ အောက်တိုဘာ တော်လှန်ရေးအမြောက်သံက တရုတ်ပြည်သူများကို မာ့က်လီနင်ဝါဒ ပေးပို့လိုက်တယ်လို့ ထပ်မံအလေးထား ပြောကြားခဲ့တယ်။ အောက်တိုဘာတော်လှန်ရေးရဲ့ လက်တွေ့ကနေ တရုတ်ပြည်သူများဟာ ကမ္ဘာကြီးနဲ့ မိမိတို့ရဲ့ကံကြမ္မာကို စစ်ဆေးအကဲခတ်ရေး အတွေးအခေါ်လက်နက်ကို ရှာဖွေတွေ့ရှိခဲ့တယ်။ ပြီးခဲ့တဲ့ ဇွန်လ ၆ ရက်နေ့က အထွေထွေအတွင်းရေးမှူး ရှီကျင့်ဖျင်နဲ့ သမ္မတပူတင်တို့ စိန့်ပီတာစဘတ်မြို့ တွေ့ဆုံပွဲမှာ အော်ရိုရာအမြောက်တင်သင်္ဘောက ပစ်ဖောက်လိုက်တဲ့ အောက်တိုဘာတော်လှန်ရေးရဲ့ သမိုင်းနဲ့ပတ်သက်လို့ မိတ်ဆက်ပေးမှုကို သင်္ဘောပေါ်ကို အတူတကွတက်ရောက် နာကြားခဲ့ကြတယ်။

အထွေထွေအတွင်းရေးမှူး ရှီကျင့်ဖျင်က အော်ရိုရာအမြောက်တင်သင်္ဘောဟာ တရုတ်ပြည်သူများ အဖို့ပြောရရင် အဓိပ္ပာယ်အလွန်ထူးကဲပါတယ်။ အဲဒီတုန်းက အောက်တိုဘာတော်လှန်ရေးက ပစ်ဖောက်လိုက်တဲ့အမြောက်သံဟာ တရုတ်ပြည်ကို မာ့က်စ်ဝါဒ ပေးပို့လိုက်တာဖြစ်ပြီး တရုတ်ပြည်ကွန်မြူနစ်ပါတီ မွေးဖွားလာဖို့ အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်ပါတယ်။ အဲဒီနောက် တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုအောက်မှာ တရုတ်ပြည်သူများဟာ တဗိုလ်ကျတဗိုလ်တက် ချီတက်ရင်း တရုတ်ပြည်တော်လှန်ရေးနဲ့ တရုတ်ပြည်သစ် ထူထောင်ရေး မဟာအောင်ပွဲများကို ရရှိလိုက်တာဖြစ်တယ်။ ရုရှားအနေနဲ့လည်း အော်ရိုရာ အမြောက်တင်သင်္ဘောကို မူလအတိုင်း ထိန်းသိမ်းထားခြင်းဟာ သမိုင်းအားလေးစားမှုကို ထင်ဟပ်ချက် ဖြစ်ပါတယ်။

ဒုကျောင်းအုပ် ရှင်းရှန့်ယန်က ဂလိုဘယ်လိုက်ဇေးရှင်းပြဿနာနဲ့ ပတ်သက်လို့ Mr Novikov ရဲ့ အမြင်ကို ထောက်ခံပြီး စဉ်းစားမှုတွေ တူပါတယ်။ မျက်မှောက်ကမ္ဘာပေါ်မှာ တိတ်တဆိတ်ပေါ်ထွက်နေပြီး အပြိုင်ဆောင်ရွက်နေတဲ့ ဈေးကွက် ၂ ခု လက်တွေ့အားဖြင့် တည်ရှိနေတယ်လို့ သူက ယူဆတယ်။ ဆိုရှယ်လစ်စနစ်ဈေးကွက်စီးပွားရေးက ဆောင်ကြဉ်းလာတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ အရင်းရှင်စနစ်ဈေးကွက် စီးပွားရေးက ဆောင်ကြဉ်းလာတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းဆိုပြီး ပေါ်ထွန်းလာပြီး ၎င်း ၂ ခုအကြားက အချင်းပွားမှုဟာ အလွန်ပြင်းထန်ပါတယ်။

တရုတ်ပြည်ရဲ့ ဂလိုဘယ်လိုက်ဇေးရှင်းဟာ ဆိုရှယ်လစ်စနစ် ဈေးကွက်စီးပွားရေး အခြေခံအုတ်မြစ် ပေါ်မှာ ထူထောင်ထားတာဖြစ်ပြီး စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်အတွင်း ရောမကောင်းမှုတွေနဲ့ စွန့်လွှတ်မှုတွေကို ဆောင်ရွက်နေပါတယ်။

တရားမျှတမှုမရှိတဲ့ စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းတခုကို နိုင်းယှဉ်ခြင်းအားဖြင့် တရားနည်းလမ်းကျ သမာသမတ်ကျတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းလမ်းကြောင်းပေါ်သို့ ရှေ့ဆောင်ခဲ့တယ်။ ဒါပေမဲ့ အမေရိကန် ကတော့ ဂလိုဘယ်လိုက်ဇေးရှင်းကနေ တလျှောက်လုံး အကျိုးစီးပွားအကြီးမားဆုံး ရရှိနေသူဖြစ်တယ်။ စက်

မှုလုပ်ငန်း ဖြစ်ထွန်းတိုးတက်လာရေးကို အကောင်အထည်ဖော်ရင်း မိမိကိုယ်ကိုယ် ကမ္ဘာ့ထိပ်တန်း အင်အားကြီးနိုင်ငံအဆင့်ကို ရောက်ရှိစေခဲ့တယ်။ ဒီလိုနဲ့ တကမ္ဘာလုံးကို ပိုလ်ကျစိုးမိုးရေးနိုင်ငံ ဖြစ်လာတယ်။ သူ့ရဲ့ခြေလှမ်းတိုင်းဟာ စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းနဲ့ ခွဲခြားလို့မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ အမေရိကန်ဟာ လျာထားချက်ထက် အမြတ်အစွန်းပိုမိုရရှိရေးကို စဉ်းစားနေပြီး တရုတ် စတဲ့နိုင်ငံတွေက စီးပွားရေးဂလို ဘယ်လိုက်ဇေးရှင်းကို အမြတ်အစွန်း အညီအမျှရရှိစေရေးသို့ လှည့်ပြောင်းပစ်ရေး ရှေ့ဆောင်နေမှုကို မမြင်ချင် မကြားချင်ပါဘူး။ ဒုကျောင်းအုပ် ရှင်းရှန့်ယန်က အနာဂတ်မှာ နှစ်ဦးနှစ်ဖက် ကူးလူးဆက်ဆံမှုကို အားဖြည့်ဆောင်ရွက်သွားရေးနဲ့ စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းကို ပိုမိုတရားမျှတရေး ပိုမိုသမာသမတ်ကျရေး ဦးတည်ချက်သို့ အတူတကွ တွန်းဆော်သွားရေးကို တိုက်တွန်းရင်း သူရဲ့ပြောစကားများကို အဆုံးသတ်ခဲ့တယ်။

**Mr Novikov ရဲ့ အတ္ထုပ္ပတ္တိအကျဉ်း**

၁၉၉၂ ဖွန်လမှာ ရုရှားဖက်ဒရေးရှင်းကွန်မြူနစ်ပါတီသို့ ဝင်ခဲ့တယ်။ ၁၉၉၂-၂၀၀၁ အတွင်း Amur ပြည်နယ် ကွန်မြူနစ်လူငယ်အဖွဲ့ကို ခေါင်းဆောင်နေစဉ် ရုရှားဖက်ဒရေးကွန်မြူနစ်ပါတီ လူငယ်အဖွဲ့ဗဟိုကော်မတီအဖွဲ့ဝင်နဲ့ အတွင်းရေးမှူးအဖြစ်လည်း အရွေးခံရတယ်။ ၂၀၀၄ခုနှစ်မှာ ရုရှားကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နဲ့ အတွင်းရေးမှူးအဖြစ် အရွေးခံရတယ်။ ၂၀၀၇ ခုနှစ်မှာ ပဉ္စမအကြိမ်မြောက် ရုရှား ဖက်ဒရေးရှင်း နိုင်ငံတော်ဒူးမားလွှတ်တော်ရဲ့ ကိုယ်စားလှယ်အဖြစ် အရွေးခံရတယ်။ ၂၀၀၈ ခုနှစ်မှစတင်ပြီး ရုရှားကွန်မြူနစ်ပါတီရဲ့ သဘာပတိအဖွဲ့ဝင်နဲ့ ရုရှားကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ရဲ့ အတွင်းရေးမှူးဖြစ်လာတယ်။ ၂၀၁၁ မှာ ဆဋ္ဌမအကြိမ်မြောက် ရုရှားဖက်ဒရေးရှင်း နိုင်ငံတော် ဒူးမားလွှတ်တော်ရဲ့ ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ရုရှားကွန်မြူနစ်ပါတီအဖွဲ့ရဲ့အဖွဲ့ဝင်၊ သိပ္ပံနဲ့နည်းပညာအဖွဲ့ရဲ့ ပထမဥက္ကဋ္ဌအဖြစ်လည်းကောင်း အရွေးခံရတယ်။ ၂၀၁၃ ဖေဖော်ဝါရီ ၂၃ မှာ ရုရှားကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ဒုတိယ ဥက္ကဋ္ဌ အဖြစ် အရွေးခံရတယ်။ ၂၀၁၃ ခုနှစ် ဖွန်လက စတင်ပြီး သတ္တမအကြိမ်မြောက် ရုရှားဖက်ဒရေးရှင်း နိုင်ငံတော်ဒူးမားလွှတ်တော်ရဲ့ကိုယ်စားလှယ်၊ ဒူးမားလွှတ်တော် နိုင်ငံတကာရေးရာကော်မတီရဲ့ ပထမ- ဒုတိယ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့တယ်။ ၂၀၁၇ ခုနှစ် မေလ ၂၇ ရက်မှာ ၁၇ ကြိမ်မြောက် ရုရှားကွန်မြူ နစ်ပါတီရဲ့ ကွန်ဂရက်က ရုရှားကွန်မြူနစ်ပါတီရဲ့ ဗဟိုကော်မတီအဖွဲ့ဝင်အဖြစ် အရွေးခံရပြီး ပထမအကြိမ် ဗဟို ကော်မတီ စုံညီအစည်းအဝေးက သဘာပတိအဖွဲ့ အဖွဲ့ဝင်နဲ့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပါတယ်။



အစီရင်ခံစာကို တက်ရောက်နားထောင်သူများနဲ့ Mr Novikovတို့ စုပေါင်းဓာတ်ပုံမှတ်တမ်း

ကိုးကား။ ။ Mr Novikov, vice-chairman of the central committee of the communist party of Russia, gave an academic report at the marxist research institute of the Chinese academy of social sciences.

ခင်အေးကြည်မြ
စက်တင်ဘာ ၇၊ ၂၀၁၉။

# ဖက်ဆစ်တော်လှန်ရေးနဲ့

# ဖေဖေ

လှကျော်ဇော



၁။ ဂျပန်နဲ့ဆုံရတဲ့ရေစက်။

"ခင်ဗျား ဗမာပြည်လွတ်လပ်ရေးအတွက် ဘာမဆို လုပ်မယ် မဟုတ်လား။"

"လုပ်ပါ့မယ်။"

"အင်္ဂလိပ်ကိုတိုက်ဖို့ စစ်ပညာကိုဂျပန်ကသင်ပေးမယ်ဆိုလို့ ဂျပန်ပြည်ကို မျိုးချစ်လူငယ်တွေ စေလွှတ်မယ်။ ခင်ဗျားလိုက်သွားပါ။ "

၁၉၄၁ ဧပြီလဆန်း ၈ ရက်။နေရာက ကြည့်မြင်တိုင်မအူပင်လမ်းနဲ့ ရှမ်းလမ်းမကြီး ဆုံတဲ့နေရာ။ ဒေါ်မမကျောင်းကပြန်လာတဲ့ဖေဖေကို ဦးမောင်ကြီးရဲ့ရဲတပ်မှာ စစ်လေ့ကျင့်ရေး သင်တန်းတက်စဉ်က ရင်းနှီးသိကျွမ်းခဲ့တဲ့ ဆရာကိုညို (နောင် ဘီဒီအေခေတ်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ကိုယ်ရေးအတွင်းဝန် ဗိုလ်မှူးသူရ) က လာရောက်ပြောဆိုပြီး တာဝန်ပေးလိုက်လို့ ဖေဖေ ဂျပန်ပါသွားပါတယ်။

ဒီလိုနဲ့ မြန်မာလူငယ်(၃၀) လွတ်လပ်ရေးအတွက် ဆိုပြီး ကမ်းမမြင်လမ်းမမြင် စွန့်စွန့်စားစားနဲ့ ဂျပန်ရောက်ပြီး စစ်ပညာတွေသင်ယူခဲ့ကြပါတယ်။

၁၉၄၁ ဒီဇင်ဘာ ၂၆ ရက်နေ့မှာတော့ ဒီလူငယ်ရဲဘော်(၃၀) (နောင်ရဲဘော်သုံးကျိပ်လို့ အမည်တွင်ခဲ့ပါတယ်။) ကို အမြုတေပြုပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး (ဘီ အိုင် အေ)ကိုတည်ထောင် လိုက်ကြပါတယ်။

ဒီ တနှစ်မပြည့်တပြည့်ကာလလေးအတွင်း ဂျပန်များနဲ့ဆက်ဆံရေး အတက်အကျအကြောင်းတွေကို ဖေဖေက သူ့စာအုပ်မှာ အတော်ပြည့်ပြည့်စုံစုံ ရေးထားပါတယ်။ (ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဆိုင်းစုမှသည်မန်ဟိုင်းဆီသို့(ယဉ်မျိုးစာပေ)နာ ၅၄-၅၅)

ဂျပန်ရောက်စ တိုကျိုမြို့တော်တွင်း လည်ပတ်ခဲ့စဉ်က တွေ့ရတဲ့ ဂျပန်ပြည်သူအချင်းချင်းအကြား ဆက်ဆံရေးတွေမှာရော၊ ဖေဖေတို့ပညာသင်အုပ်စုအပေါ် ဂျပန်တာဝန်ခံများက ဆက်ဆံရာမှာရော အလွန်ယဉ်ကျေးပျူငှာ ချိုသာကြတယ်---လို့ရေးထားတာတွေ့ရပါတယ်။ ဟိုင်နန်ကျွန်းမှာ စစ်ပညာသင်ကြတဲ့အခါ

မှာတော့ စခါစကသာ ဧည့်သည်တွေလို ဆက်ဆံခဲ့ပေမယ့် နောက်ပိုင်းမှာ တင်းမာကြမ်းတမ်းလာတယ် လို့ ရေးထားတာလည်းတွေ့ရပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ဖေဖေက ဒီလိုမှတ်ချက်ရေးထားပါတယ်။

------ဖက်ဆစ်တွေဆိုတာ အမျိုးသားအရေးမှာ မိမိလူမျိုးများမှတပါး အခြားလူမျိုးများအပေါ် လူသားအချင်းချင်းလို့ သဘောမထားကြဘူး။ မိမိတို့ ဂျပန်လူမျိုးတွေသာ မြင့်မြတ်တဲ့ မဟာလူမျိုးကြီး ဖြစ်တယ်လို့ ယုံကြည်ထားသူတွေ ဖြစ်တယ်ဆိုတာ သိလာရပါတယ်။ သူတို့ဟာ ဖက်ဆစ်စိတ်ဓာတ် မဟာလူမျိုးကြီးစိတ်ဓာတ်နှင့် ကမ္ဘာကိုလွှမ်းရမယ်ဆိုတဲ့စိတ်ဓာတ်တွေ အတော်များများ အထူးသဖြင့် စစ်ဂါဒီသမားတွေထဲမှာ စွဲမြဲနေကြတာလို့ ကျွန်တော်သဘောပေါက်မိတယ်-----တဲ့။

ဂျပန်လူမျိုးများရဲ့ အလွန်လူသားဆန်လှတဲ့ အခြေခံအမျိုးသားယဉ်ကျေးမှုနဲ့ စစ်ဂါဒီသမားတွေ တင်သွင်းလာတဲ့ ဖက်ဆစ်ဂါဒကို ခွဲခြားပြလိုက်တာပါ။ ဒါ့အပြင် ဂျပန်မှာ စစ်ပညာသင်ခဲ့ရစဉ်က ရရှိချက် အကောင်းအဆိုးတွေကိုလည်း ရေးထားတာ တွေ့ရပါတယ်။-----စစ်ရေးမှာ ကောင်းမွန်တဲ့ အဓိကအချက်လည်း သင်ကြားခံရတယ်။ ၎င်းမှာ စစ်ရေးတွင် အမိန့်နာခံမှု ဖွဲ့လုံ့လနှင့် အပင်ပန်းအဆင်းရဲခံနိုင်မှုနှင့် လုံးပန်းအားထုတ်ဖို့ သတ္တိဗျတ္တိရှိဖို့ ဂျပန်သူရဲကောင်းများ"ဘူရှီဒို"စိတ်ဓာတ် စစ်သားကောင်းစိတ်ဓာတ် မွေးမြူ တည်ဆောက်ဖို့ကိုလည်း သင်ကြားသွတ်သွင်း တာခံရပါတယ်။---ဖက်ဆစ်အတွေးအခေါ် နည်းပညာများလည်း သင်ကြားခံရပါတယ်။

(က) ဥပမာ စစ်တပ်မှူးတစ်ဦးရဲ့မျက်နှာဟာ မိုးကောင်းကင်လို အကဲခတ်ရခက်ပြီး သူများက ကြောက်ရွံ့လေးစားရမယ်ဆိုတဲ့ ဒီမိုကရေစီနဲ့ ဆန့်ကျင်မှုတွေကိုလည်း သင်ကြားပေးတယ်။

(ခ) စစ်ပရိယာယ်မှာ အတက်အဆုတ်ရှိပေမယ့် သူတို့မှာ အဆုတ်ဆိုတာမရှိ။

(ဂ) ဂျပန်တို့က စစ်ပညာသင်ကြားရေးတွင် စစ်သားကောင်းစိတ်ဓာတ်ကိုသွင်းရာ ဂျပန်စစ်တပ်တွင် သင်ကြားသွတ်သွင်းပေးသလို ဖက်ဆစ်ဂါဒ စိတ်ဓာတ်အခြေခံများကိုပါ သွတ်သွင်းပေးသဖြင့် ရဲဘော်သုံးကျိပ်ဝင် စိတ်ဓာတ်တွင် ဖက်ဆစ်ဂါဒစိတ်သဘောထားတချို့ အနည်းငယ်မသိမသာ ပါရှိနေကြသည်။----- စတာတွေရေးထားတာတွေ့ရပါတယ်။

နောက်ဆုံးစစ်သင်တန်း အဆုံးသတ်ခါနီး အကြောင်းအရာတွေ ရေးထားရာမှာတော့.......... ဂျပန်ဆရာတွေနဲ့ ကျွန်တော်တို့ ပဋိပက္ခတွေဖြစ်လာခဲ့ကြပေမယ့် အရှေ့တိုင်းယဉ်ကျေးမှုတရပ်လို့ ထင်ပါသည်။ ကျွန်တော်တို့ပြန်ရခါနီးတဲ့အခါ ၎င်းဂျပန်ဆရာတို့က မိမိတို့တပည့်တွေအပေါ် ချစ်ခင်ကြင်နာတဲ့ သံယောဇဉ်စိတ်တချို့ဝင်လာပုံကို ကျွန်တော်တို့ အကဲခတ်မိကြသည်။ သို့ရာတွင် ၎င်းတို့၏ နယ်ချဲ့ဖက်ဆစ်ဇာတိစိတ်အပေါ် ကျွန်တော်တို့ နာကြည်းမုန်းတီးစိတ်ကိုတော့ မဖျောက်နိုင်ပေ။ ကျွန်တော်တို့ များစွာ ရင်လေးပြီး ဂျပန်ဖက်ဆစ်အစိုးရကို ရှေ့မှာ ကျွန်တော်တို့ဆန့်ကျင်တိုက်ခိုက်မှုနှင့် စာရင်းရှင်းကြရဦးမည်ဟု စိတ်တွင် ထင်မြင်ယူဆထားကြသည်။အမှန်တော့ ၁၉၄၅ ဖက်ဆစ်တော်လှန်ရေးမျိုးစေ့ဟာ အဲဒီကတည်းက ချခဲ့ပြီးဖြစ်ပါသည်-------- တဲ့။

ဒီလိုနဲ့ဖေဖေတို့တတွေ (ဘီအိုင်အေတပ်ဖွဲ့ကြီး)ဂျပန်တပ်များနဲ့ ပူးပေါင်း ပြီး ဗမာပြည်တွင်း ဝင်လာရာမှာ ၁၉၄၂ ခုနှစ်-နှစ်ဆန်းပိုင်း (မတ်လအတွင်း)မှာ တပ်ဖွဲ့အားလုံးနီးပါး ရန်ကုန်မြို့ကို တသုတ်ပြီးတသုတ် ပြန်ရောက်လာခဲ့ကြပါ တယ်။

၂။ဂျပန်တော်လှန်ရေးအစနဲ့ ဖဆပလသန္ဓေတည်ခန်း။

ဗမာပြည်သမိုင်းမှာ ၁၉၄၂-၁၉၄၅ အထိ ၃ နှစ်ကာလကို ဂျပန်ခေတ်လို့ အလွယ် ခေါ်ဝေါ်ပြောဆိုကြပါတယ်။ ဂျပန်တွေက ဗမာပြည်ပြန်ရောက်ရင် လုပ်ဆောင်ပေးပါ့မယ်လို့ ပေးထားတဲ့ ကတိတွေ ဘာမှမတည် လို့ရော၊ ဗမာပြည်သူတွေအပေါ် ဆက်ဆံရာမှာ မောက်မာရက်စက်မှုတွေကြောင့်ရော ဗမာပြည်က နိုင်ငံရေး အစုအဖွဲ့တွင်းတွေမှာ ဂျပန်ကို ပြန်တော်လှန်မှု -----ပေါ်လာပါတယ်။ ဒီအဖွဲ့အားလုံးကို (ဖက်ဆစ်ဂျပန် တော်လှန်ရေး)ဆိုတဲ့ အလံတခုတည်းအောက်ရောက်အောင် မြေအောက်တပ်ပေါင်းစုအဖွဲ့အစည်း တ

ရပ် (ဖတပလ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်- နောင်ဖဆပလ)ကို ၁၉၄၄ ဩဂုတ်လမှာ အလွန်လျှို့ဝှက်စွာ ဖွဲ့စည်းခဲ့ပါတယ်။

ဒီအဖွဲ့ကြီးမှာ---ဂျပန်တွေဝင်မလာခင်ကတည်းကဂျပန်တော်လှန်ရေးအတွက် အခြေခံနိုင်ငံရေးသင်တန်းတွေကို(အလွန်ကြီးမားတဲ့အန္တရာယ်များကြားက) ဗမာပြည်အရပ်ရပ်က လူငယ်လူရွယ်တက်ကြွလှုပ်ရှားသူများကို ပို့ချပေးနေတဲ့...

၁။သခင်စိုးက နိုင်ငံရေးခေါင်းဆောင်၊

(ဂျပန်ခေတ်အစိုးရဝန်ကြီးနှစ်ဦးဖြစ်တဲ့)

၂။(ဗမာ့ကာကွယ်ရေးတပ်မတော်)စစ်သေနာပတိနဲ့စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းက စစ်ရေးတာဝန်ခံ၊

၃။လယ်ယာဝန်ကြီး သခင်သန်းထွန်းက နိုင်ငံခြားဆက်သွယ်ရေးတာဝန်ခံ- လို့ တာဝန်ခွဲဝေထားခဲ့ပါတယ်။

(အဲဒီကာလတွေအတွင်း ဖေဖေက ဗိုလ်ချုပ်ဆက်သားအဖြစ် သူပါဝင်ခဲ့ရတဲ့ အဖြစ်အပျက်တွေကို သူ့စာအုပ်မှာ အပြည့်အစုံရေးထားပြီးပါပြီ။ အဲဒီကာလမှာ(၁၉၄၄-ဩဂုတ်လ)မှာ ဖေဖေ ဗမာပြည်ကွန်မြူနစ်ပါတီဝင် ဖြစ်သွားပါတယ်။---အထက်ပါစာအုပ်နှာ ၇၁-၁၁၄)

အခြားဘက်အသီးသီးကလည်း ပြင်ဆင်မှုများရှိပါတယ်။ မဟာမိတ်တပ်များနဲ့ အဆက်အသွယ် လုပ်ငန်းများ။ ဥပမာ ဦးသိန်းဖေမြင့်ဦးစီးတဲ့ အိန္ဒိယရောက်ရဲဘော်များ (နောင် လေထီးဆင်းရဲဘော်များလို့ ကျော်ကြားပါတယ်။)ကတဆင့် လုပ်ဆောင်ထားမှုများကလည်း အချိန်ကိုက်လှုပ်ရှားနေကြပါပြီ။ ၁၉၄၄ ဂျပန်များအင်ဖာစစ်မြေပြင်မှာ အရှုံးကြီးရှုံး အဆုတ်ကြီးဆုတ်နေရချိန် ဗိုလ်ချုပ်ဆလင်းဦးစီးတဲ့ မဟာမိတ်တပ်များ (အင်္ဂလိပ်တပ်များအပြင် အမေရိကန်တပ်များရော၊ အိန္ဒိယတပ်များလည်းပါ)က ဗမာပြည်မြောက်ပိုင်း ဝင်လာချိန်--- (နိုင်ငံတကာအခြေအနေကလည်း-၁၉၄၄ ဖွန် ၆ ရက်မှာ မဟာ မိတ်တပ်များက နော်မန်ဒီကမ်းခြေကတက်ပြီး ဥရောပကို ဂျာမန်များလက်ထဲက တိုက်ယူနေရာမှာ ဂျပန်မဟာမိတ်ဂျာမန်များ အထိနာနေချိန်) စတာတွေကို ဗိုလ်ချုပ်အောင်ဆန်းက အချိန်အခါ အခွင့်ကောင်းအဖြစ် အသုံးချနိုင်ခဲ့ပါတယ်။ မဟာမိတ်တပ်များ ဗမာပြည်တွင်းဝင်လာတာကို ခုခံတိုက်ခိုက်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ဗိုလ်ချုပ်က ဂျပန်တွေဆီက ရသမျှ လက်နက်ခဲယမ်းများ တောင်းဆိုပြီး ဗမာ့တပ်မတော်ကို တောင့်တင်းခိုင်မာအောင် တပ်ဆင်တယ်။ ဒါ့အပြင် ဗိုလ်ချုပ်ဟာ ဗမာပြည်ကွန်မြူနစ်ပါတီကရဲဘော်များ(အများအားဖြင့် သခင်စိုးသင်တန်းဆင်းများ)ကို တပ်တွင်းသွင်းပြီး နိုင်ငံရေးသင်တန်းများ ပို့ချပေးစေပါတယ်။ ဒီလုပ်ရပ်ဟာ အလွန်အချက် အချာကျခဲ့ပါတယ်။

ဖေဖေက ဒီလို ပြောဖူးပါတယ်။

-----ဗိုလ်ချုပ်အောင်ဆန်းဟာ တပ်တည်ဆောက်ရေးကို သိပ်အရေးထားတယ်။ ဘီအိုင်အေ နာမည်ပျက်လိုက်လာတော့(ဂျပန်ကလည်း တပ်သားဦးရေများလာတာအပေါ် မကျေမနပ်ဖြစ်လာတာကြောင့်ရော) ဘီဒီအေ(ဗမာ့ကာကွယ်ရေးတပ်မတော်)လို့ အမည်ပြောင်းဖွဲ့စည်းခဲ့ပေမယ်လို့ မကြာခင်မှာပဲ ပြန်ပြီး စည်းကမ်း လျော့ရဲလာ၊ ထိန်းရသိမ်းရ ခက်လာပြန်တယ်။ အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့ ဖက်ဆစ်ဂျပန်ကို တော်လှန်တော့မယ်ဆိုတော့ နိုင်ငံရေးအရ ယုံကြည်ချက်ပြည့်ဝတဲ့၊ စည်းကမ်းအရ ကျစ်လျစ်ခိုင်မာ တောင့်တင်းတဲ့ တပ်မတော်တရပ်လိုအပ်တာဖြစ်လို့ ဖတပလဖွဲ့အပြီးမှာ တပ်ထဲကို နိုင်ငံရေးသမားတွေ၊ ကွန်မြူနစ်ပါတီကကေဒါတွေ သွင်းပြီး နိုင်ငံရေးသင်တန်းတွေ ပေးခိုင်းတာ သိပ်အံ့ဩဖို့ကောင်းတာပဲ။ နိုင်ငံရေးသင်တန်းတွေ စပေးပြီး တပတ်နှစ်ပတ်လောက်အတွင်းမှာပဲ တပ်ကြီးဟာ ငြိမ်ကျသွားတာပဲ။ ဒီလိုနဲ့ တလနှစ်လအတွင်း တိုင်းပြည်အတွက် ဘာမဆိုပေးဆပ်မယ်ဆိုတဲ့ စိတ်ဓာတ်အပြည့်အဝနဲ့ စည်းကမ်းတကျ သေဝပ်တက်ကြွတဲ့ တိုက်ခိုက်ရေးစိတ်ဓာတ်ပြည့်ဝနေတဲ့ တပ်ကြီး ဖြစ်လာတော့တာပဲ။-------တဲ့။

ဒါတွေဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဂျပန်တော်လှန်ရေးအတွက် တပ်မတော်ကို တည်ဆောက်ပြင်ဆင်တဲ့ ဖြစ်စဉ်ပါ။ ဂျပန်တော်လှန်ရေးကို ဂျပန်တွေမျက်စိအောက်မှာပဲ နည်းပရိယာယ် ပေါင်းစုံနဲ့ အဲဒီခေတ်

အဲဒီအခါက အစုအဖွဲ့အသီးသီးက နိုင်ငံရေးခေါင်းဆောင်အသီးသီးနဲ့ ဗမာပြည်အရပ်ရပ်က တပ်မတော် တပ်မှူးများ တညီတညွတ်တည်း စုပေါင်းလုပ်ဆောင်နိုင်ခဲ့ကြပါတယ်။

ဥပမာ ၁၉၄၅-မတ်လ(၁-၂-၃)ရက်နေ့ သုံးရက်တိုင်တိုင် ရန်ကုန် နတ်မောက်လမ်းက ဗိုလ်ချုပ် အောင်ဆန်းနေအိမ်မှာ ပြုလုပ်ခဲ့တဲ့ အစည်းအဝေးကြီးကို ကြည့်ပါ။ ဗမာပြည်တွင်း ဝင်လာတဲ့ မဟာမိတ်တပ် များကို တိုက်ဖို့ဆိုတဲ့ အမည်အောက်မှာ တကယ်ကတော့ ဂျပန်တော်လှန်ရေးအတွက် စုဝေးတိုင်ပင်ကြတာ ဖြစ်ပြီး ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကို ပြင်ဆင်ဖွဲ့စည်းတာ၊ စစ်တိုင်းများဖွဲ့ပြီး စစ် ရေးခေါင်းဆောင်တွေ နိုင်ငံရေးခေါင်းဆောင်တွေ ရွေးချယ်ခန့်အပ်တာ စတာတွေကို စနစ်တကျ လျှို့ဝှက်စွာ လုပ်ဆောင်ခဲ့ကြပါတယ်။(အထက်ပါစာအုပ် နှာ၉၄-၉၆)

၃။ ဖက်ဆစ်ဂျပန်တော်လှန်ရေးနေ့-၁၉၄၅-မတ်လ-၂၇ ရက်။

ဖက်ဆစ်ဂျပန်များကို တပြည်လုံး တော်လှန်တိုက်ခိုက်ရမယ့်အချိန်ကို ဧပြီလ(၂)ရက်နေ့လို့ ဗိုလ် ချုပ် အောင်ဆန်းက သတ်မှတ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ဖေဖေတို့ ပဲခူးကတပ်များကို ဂျပန်ကလက်နက်ဖြုတ်ဖို့ တကဲကဲ လုပ်လာတာကြောင့် တော်လှန်မယ့်ရက်ကို မတ်လ(၂၇) ရက်နေ့ကို ပြောင်းပေးဖို့ ဖေဖေက ဗိုလ် ချုပ်ဆီ ဆက်သားလွှတ်တောင်းဆိုတာ ခွင့်ပြုမိန့်ရလိုက်ပါတယ်။ ကျန်တိုင်းအသီးသီးကိုလည်း အချိန်မီ သ တင်း ပို့လိုက်နိုင်ပါတယ်။

အဲဒီကာလအဖြစ်အပျက်များကို ဖေဖေက(၁၉၄၅ ဩဂုတ်လ(၁၉) ဂျပန်တော်လှန်ရေးအပြီး ကျင်းပ ခဲ့တဲ့)နေသူရိန်အစည်းအဝေးမှာ ဒီလို ပြန်ပြောခဲ့ပါတယ်။

----ကျွန်တော်တို့ ဖက်ဆစ်ဂျပန်ကို စတင်တော်လှန်တိုက်ခိုက်မယ့်ရက်ဟာ ၁၉၄၅ မတ်လ (၂၇) ရက်နေ့ဖြစ်တယ်။ ဂျပန်တပ်ကလည်း ကျွန်တော်တို့လှုပ်ရှားမှုကို စောင့်ကြည့်နေကြတယ်။ မတ်လ(၂၃)ရက် ကစပြီး ကျွန်တော်တို့တပ်မှူးတွေဟာ ဘယ်သူမှ ညမအိပ်ရဘူး။ မိမိတို့ရဲ့ တော်လှန်ရေးရက် မရောက်မီ ဂျပန် လက်ဦးမှာစိုးလို့ အမြဲအသင့်ပြင်ထားရတယ်။ ဒီတုန်းကသာ တဦးတယောက်က သစ္စာဖောက်လိုက်ရင် ဘယ်လောက်ဆိုးဝါးသွားမယ်ဆိုတာ စဉ်းစားကြည့်နိုင်ပါတယ်။-------

------ကျွန်တော်တို့ဟာ အင်္ဂလိပ်ကိုတိုက်ဖို့ တပ်ထွက်တော့မယ် ဟန်ဆောင်ပြီး တပ်ထဲမှာ တော်လှန်ရေး ရက် နီးလာတော့ ပွဲတခြိမ့်ခြိမ့် ညစဉ်ခံနေရတယ်။ နောက် မတ်လ(၂၈)ရက်နေ့မှာ တပ်ထွက်နှုတ်ဆက် ထမင်းစားပွဲကြီးတခု ကျင်းပရန် ဟန်ပြစီစဉ်ခဲ့ရသေးတယ်။-----(အထက်ပါစာအုပ် နှာ၁၀၃-၁၀၄)

အဲဒီမတ်လ(၂၇)ရက်နေ့က အဖြစ်အပျက်နဲ့ ခံစားမှုတွေကိုလည်းဖေဖေက ဒီလိုပြန်ပြောထားပါ သေး တယ်။

------၁၉၄၅-မတ်လ(၂၇)ရက်နေ့ ညဦး ၇ နာရီမှာ ပဲခူးမှာရှိတဲ့ စစ်ရေးပြကွင်းထဲမှာ တော်လှန်ရေး ထွက်ကြမယ့် ပဲခူးဒေသက တပ်ဖွဲ့အသီးသီးဟာ တပ်ထွက်ဖို့ တန်းစီစုဝေးနေကြပါတယ်။ ကျွန်တော်က အဲဒီ တပ်ဖွဲ့ကြီးကို တော်လှန်ရေးကောင်စီ(ရှင်းလင်းချက်- ၁၉၄၅ ဂျပန်တော်လှန်ရေးအတွက် ဗိုလ်ချုပ်အောင် ဆန်း ဖွဲ့ခဲ့သည့်အဖွဲ့။) က ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဂျပန်ကိုစစ်ကြေညာတဲ့ ကြေညာချက်ကို ဖတ်ပြပြီး ဂျပန် ကို ဒီနေ့ဒီအချိန် တပြည်လုံး တော်လှန်တော့မယ့်အကြောင်းကို မိန့်ခွန်းတိုလေး ပေးပြီး တပ်ဖွဲ့အသီးသီး တာ ဝန်ကျတဲ့ တော်လှန်ရေးနယ်မြေတွေဆီကို စတင်ချီတက်သွားကြတာကို မြင်ယောင်နေမိပါတယ်။------ ------ကျွန်တော်ကတော့ တိုင်း(၄)စစ်ဌာနချုပ်တပ်ဖွဲ့နဲ့ ပဲခူးခရိုင် ဝေါမြို့နယ်ဘက်ကို ချီတက်ကြပါတယ်။ လရောင်လင်းနေတဲ့အောက်မှ တပ်ဖွဲ့တွေချီတက်နေကြတာကို ကျွန်တော်က မြင်းပေါ်ကထိုင်လိုက်ရင်း စိတ် ထဲမှာလည်း ကြည်နူးရွှင်လန်းနေမိတာကို သတိရမိပါတယ်။-------------ကျွန်တော်တို့တချိန်လုံး ဂျပန် တော် လှန်ရေးကိစ္စကြီး ပေါက်ကြားပြီး ဂျပန်တွေလက်ဦးမှာကို အမြဲ စိုးရိမ်သောကရောက်ပြီး ရင်ထိတ်ထိတ်နဲ့ နေရတာပါ။ အခုတော့ ကျွန်တော်တို့က လက်ဦးမှုရပြီး စတင်တော်လှန်နိုင်ပြီဖြစ်လို့ များစွာဂုဏ်ယူ သာမိခဲ့ပါ တယ်။ အဲဒီညဟာ တန်ခူးလ ပြည့်ညပါ။ -----(ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော သတင်းဌာနများနဲ့ အင်တာဗျူး (နေရီရီစာပေ) နှာ ၉၈-၉၉)

ဒီလိုနည်းနဲ့ တပြည်လုံးပြည်သူများရဲ့ ပါဝင်ထောက်ခံမှုနဲ့ ဂျပန်တော်လှန်ရေးကြီးကို ဗမာပြည်သူတွေ အောင်မြင်အောင် ဆင်နွှဲနိုင်ခဲ့ပါတယ်။

၄။ဂျပန်တော်လှန်ရေးအောင်မြင်ရတဲ့အကြောင်းရင်းများ။

ဖေဖေကတော့ ဒီအကြောင်းတွေကို သူ့စာအုပ်မှာရော၊ တွေ့ဆုံမေးမြန်းခန်းတွေမှာရော အတော်ပြည့်ပြည့်စုံစုံ ရေးထားပြောထားတာတွေ ရှိပါတယ်။ အကျဉ်းချုပ်ကတော့----

(က)။ နိုင်ငံရေးအရရော၊ စစ်ရေးအရပါ ခေါင်းဆောင်မှုအနေနဲ့ သေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်လမ်းစဉ်များ ရဲရင့်မှန်ကန်ကောင်းမွန်လို့။

(ခ)။ တတိုင်းပြည်လုံး စည်းလုံးညီညွတ်စွာဖြင့် (ဖတပလ)တပ်ပေါင်းစုအဖွဲ့ချုပ်ကြီး ဖွဲ့စည်းပြီး နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တဦးချင်းပုဂ္ဂိုလ်များ၊ ရဟန်းသံဃာများနဲ့ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားများ အားလုံးအားလုံးသော လူထုကြီးတရပ်လုံး ပါဝင်လာအောင် စည်းရုံးနိုင်လို့။

(ဂ)။ စစ်ရေးတွင် ပြည်သူ့စစ်ပွဲသဘောတရား နည်းနာများကို လုပ်ဆောင်နိုင်လို့ (ဖက်ဆစ်ဂါဒကိုမုန်းတီးရွံ့ရှာတဲ့ ကိုယ်ပိုင်အသိစိတ်ဓာတ်နဲ့တက်ကြွနေတဲ့) ပြည်သူတရပ်လုံးက အဖက်ဖက်က အလွန်ရဲရင့်ပြတ်သားစွာပါဝင်ကူညီတဲ့အတွက်ကြောင့်။

(ဃ)။ ကမ္ဘာ့ဖက်ဆစ်တော်လှန်ရေးရေစီးကြောင်းထဲမှာ တစိတ်တပိုင်းအဖြစ်ပါဝင်တာဖြစ်လို့ နိုင်ငံခြား အကူအညီများရခဲ့လို့-----ဖြစ်ပါတယ်။

(၅)။ ဂျပန်တော်လှန်ရေးကပေးတဲ့ သင်ခန်းစာများ။

ဒီဂျပန်တော်လှန်ရေးအောင်ပွဲအရှိန်ကြီးကိုစီးပြီး ဗမာပြည်သူတွေဟာ နောက်တဆင့်အောင်ပွဲဖြစ်တဲ့ လွတ်လပ်ရေးကို ၁၉၄၈ မှာ အင်္ဂလိပ်များလက်က တောင်းဆိုရယူနိုင်ခဲ့ပါတယ်။ ဂျပန်တော်လှန်ရေးအပြီး (၁၉၄၅ ဩဂုတ်လ ၁၉ ရက်နေ့မှာ)ကျင်းပတဲ့ နေသူရိန်အစည်းအဝေးမှာ ဖေဖေက ဒီလိုထည့်ပြောခဲ့ပါတယ်။

ဖေဖေက သူတို့တိုင်း(၄)က ဂျပန်တော်လှန်ရေးတွင်းတိုက်ခဲ့ရတဲ့ ဘီးလင်း-ဖာပွန်လမ်း ဆည်တော်ရွာအနီး တိုက်ပွဲများအကြောင်းပြောရင်း ထည့်ပြောတာတခုက---

------အဲဒီတိုက်ပွဲတွေမှာ ကျွန်တော်တို့တိုက်ပုံခိုက်ပုံတွေကို လိုက်ကြည့်ရှုသည့်မဟာမိတ် ၁၃၆ လေထီးဆင်းတပ်မှ တပ်မှူးများသည် ကျွန်တော်တို့တပ်တိုက်ခိုက်ကြပုံကို ချီးကျူးပါတော့သည်။-----တဲ့။

အဲဒီနေသူရိန်မိန့်ခွန်းကောက်နုတ်ချက်လေးတွေကို ထည့်သွင်းဖော်ပြခဲ့တဲ့ ဖေဖေရဲ့(၂၀၀၃-၂၀၀၇) မှာ ရေးသားထုတ်ဝေခဲ့တဲ့-ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိမှာတော့ ဒီလိုမှတ်ချက်လေး ထပ်ရေးထည့်ခဲ့ပါတယ်။(နှာ ၁၀၅)------(ဤသည်များကို တွေ့မြင်သိရှိခဲ့ကြသည့် ဗြိတိသျှတို့သည် ဗမာ့လွတ်လပ်ရေး တိုက်ပွဲကို စစ်ပွဲဖြင့် ဆက်၍မဖိတော့ဘဲ ဆွေးနွေးပြီးပေးခဲ့ရတာ ဖြစ်ပါသည်။)----တဲ့။

ဒါဟာ ပြည်သူတရပ်လုံးအနေနဲ့ (ဖက်ဆစ်ဂါဒကို တိုင်းပြည်အတွက် အန္တရာယ်ကြီးဆိုတဲ့) ကိုယ်ပိုင် အသိစိတ်ဓာတ် ကိုယ်ပိုင်နိုးကြားတက်ကြွမှုနဲ့ ဘက်ပေါင်းစုံက ပါဝင်ဆင်နွှဲကြရင်ဖြင့် ဘယ်လောက် အင်အားကြီးတဲ့ရန်သူကိုမဆို ရင်ဆိုင်တိုက်ခိုက်နိုင်၊ အောင်ပွဲရနိုင်တယ် ဆိုတဲ့ အလွန်ကြီးမားတဲ့ နိုင်ငံရေး အသိဉာဏ်ကို ရစေခဲ့ပါတယ်။

အဲဒီခေတ်အဲဒီအခါက နိုင်ငံရေးခေါင်းဆောင်များအနေနဲ့ နိုင်ငံရေးရေချိန်အမျိုးမျိုး အယူဝါဒအမျိုးမျိုး နဲ့ ရှိနေကြတဲ့ တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်အားလုံးကို(ဂျပန်ဖက်ဆစ်ဂါဒဆန့်ကျင်သူမှန်သမျှကို) အလုံးတခုတည်းအောင် စုစည်းနိုင်ခဲ့တဲ့ အတွေ့အကြုံကလည်း အလွန်အဖိုးတန်ပြီး အခုခေတ်နိုင်ငံရေးသမားများ အတွက်လည်း လေ့လာသင်ခန်းစာယူစရာပါ။

ဒါကြောင့်ပဲ အခုလို ဗမာပြည်သူတွေအနေနဲ့ ဗမာပြည်ကြီးတရပ်လုံးကို ဘေးဒုက္ခအန္တရာယ်တွင်း ဆင်းရဲတွင်းနက်ရှိုင်းစွာ ကျရောက်စေခဲ့တဲ့ စစ်အာဏာရှင်စနစ်ဆိုးကြီးကို အဆက်မပြတ် ဆန့်ကျင်တိုက်ပွဲ

ဆင်နေတဲ့အချိန် အောင်ပွဲပြတ်ပြတ်သားသား မရနိုင်သေးချိန်မှာ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သူများ အားလုံး (စွန့်ပြီးမစားရရှာတဲ့ အောက်ခြေတပ်မတော်သားများအပါ)ဂျပန်တော်လှန်ရေးကာလက ဖော်ပြခဲ့တဲ့ စည်းလုံးညီညွတ်မှုမျိုးနဲ့ နည်းသဏ္ဍာန်ပေါင်းစုံနဲ့ ဆက်လက်တိုက်ပွဲဆင်နိုင်ပါစေကြောင်း ဆန္ဒပြုရင်းနဲ့ ဒီဆောင်းပါးကို ရေးရပါတယ်။

ဒီအချိန်မှာ ဒီဆောင်းပါးရေးရတာ နောက်တကြောင်းကလည်း အဲဒီ ၁၉၄၅ မတ်လ(၂၇) ရက်နေ့မှာ စတင်တော်လှန်ဆင်နွှဲခဲ့တဲ့ ဖက်ဆစ်ဂျပန်တော်လှန်ရေးမှာ အဓိက အင်အားတရပ်အဖြစ်ပါဝင်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ မျိုးချစ်တပ်မတော် BIA, BDA, PBF ဘဝမှ စစ်အုပ်စုမင်းဆက်ရဲ့ တလက်ကိုင် ပြည်သူဆန့်ကျင်ရေး ကြေးစားတပ်အဖြစ် ပြောင်းလဲသွားတဲ့ လက်ရှိဗမာ့တပ်မတော်ကို သတိပေးချင်တာလည်း ပါပါတယ်။ အဲဒီဂျပန်တော်လှန်ရေး အတွင်းက ဗမာ့တပ်မတော်သားများအပေါ် ပြည်သူတွေကထားရှိခဲ့တဲ့ မေတ္တာစေတနာတွေဟာ တောင်လိုပုံခဲ့ပါတယ်။

ပင်မတပ်ဖွဲ့တွေနဲ့ကွဲသွားတဲ့ တပ်သားတွေပဲဖြစ်ဖြစ်၊ ဒဏ်ရာရလို့ ရွာသားတွေထံ အပ်ထားခဲ့ရတဲ့ တပ်သားတွေကိုပဲဖြစ်ဖြစ်၊ ပြည်သူတွေဟာ မိမိတို့အသက်တောင်စွန့်ပြီး ကာကွယ်ပေးခဲ့ကြပါတယ်။ နယ်စိမ်းဝင်တိုက်ရတဲ့ တပ်သားတွေကို လမ်းပြတာ၊ ကင်းထောက်တာ၊ စားနပ်ရိက္ခာထောက်ပံ့တာ စတဲ့ပံ့ပိုးပြင်တွေက လည်း မနည်းမနောပါ။

တပ်မတော်သားများအနေနဲ့ အဲသလိုမျိုး ပြည်သူတွေရဲ့မေတ္တာကို ပြန်လည်ရယူချင်ရင်ဖြင့် ပြည်သူသာအမိ-ပြည်သူသာအဖဆိုတဲ့ အခြေခံစိတ်ဓာတ်ကိုမွေးမြူပြီး ပြည်သူ့အကျိုးဆောင်ဖို့ တိုက်တွန်းလိုပါတယ်။

အခုလိုတပြည်လုံးပြည်သူတွေရဲ့ သွေးတွေချွေးတွေနဲ့ရင်းပြီးအရယူနိုင်ခဲ့တဲ့ ဖက်ဆစ်တော်လှန်ရေး အောင်ပွဲကို မောင်ပိုင်စီးပြီး တပ်မတော်နေ့အဖြစ် ပြောင်းလဲကျင်းပတဲ့ အခြေခံစိတ်ဓာတ်ကိုက မိမိတို့ တပ်မတော်သာလျှင် ဘာမဆိုထိပ်ကနေရမယ်ဆိုတဲ့ အခွင့်ထူးခံစိတ်ကို ပြသနေတာ ဖြစ်ကြောင်းလည်း ထောက်ပြချင်ပါတယ်။

ဂျပန်ဖက်ဆစ်တော်လှန်ရေးအပါအဝင် ဗမာ့လွတ်လပ်ရေးတိုက်ပွဲစဉ်တလျှောက် ပါဝင်ခဲ့ကြတဲ့ ပြည်သူတွေကိုအလေးပြုရင်း အခုထိ မလွတ်မြောက်နိုင်သေးတဲ့ တိုင်းရင်းသားများအပါ ဗမာပြည်သူများ အားလုံး မိမိတို့လိုချင်တဲ့ ငြိမ်းချမ်းတဲ့၊ တန်းတူညီမျှတဲ့၊ သာယာဝပြောတဲ့၊ ဒီမိုကရေစီရှိတဲ့ ဗမာ့နိုင်ငံသစ်ကြီးကို အားလုံး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းတည်ဆောက်ကြပါစို့-လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

လှကျော်ဇော။

၂၀-၃-၂၀၁၉။

မှတ်ချက်။

ပူးတွဲပါဓာတ်ပုံအတွက်စာ။

၁၉၄၅-ဇန်နဝါရီ ရန်ကုန်မှာ(ဂျပန်တော်လှန်ရေးမစမီ)တွေ့ရတဲ့ဗမာ့တပ်မတော်တပ်မှူးများ။

နောက်တန်း ဝဲမှယာ ဗိုလ်မှူးမြင့်အောင်၊မြောက်ပိုင်းတိုင်းမှူးဗိုလ်ဇထူး။

ရှေ့တန်း ဝဲမှယာ ဗိုလ်မှူးရန်အောင်၊ ဗိုလ်မှူးကျော်ဇော၊ ဗိုလ်မှူးရဲထွဋ်။

# ဖေဖေ နဲ့

# ဦးလေး(ဖန်းမော်)တင်အောင်



ကျွန်မဆက်၍ရေးချင်သောဖေဖေအကြောင်းများ။
ဆောင်းပါးအမှတ်( ၅၂ )

**လှကျော်ဇော**

အန်ကယ်လို့မခေါ်ပါနဲ့ကွယ်။ ဦးလေးလို့ခေါ်ပေါ့။-

အန်ကယ်အန်တီအခေါ်လေ့တဲ့ကျွန်မတို့မောင်နှမတွေကို ဦးလေးဦးတင်အောင် သင်ပေးပြင်ပေးခဲ့ချိန်ကပါ။

၁၉၅၇-၁၉၆၂ ကာလများမှာ ဖေဖေက ဆရာကြီးမှိုင်းရဲ့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့မှာ ပါဝင်လုပ်ဆောင်ခဲ့ပါတယ်။ ၁၉၅၇ ဖေဖေ တပ်မတော်မှ အငြိမ်းစားယူရပြီးနောက် ပထမဆုံးပြုလုပ်တဲ့ သတင်းစာ ရှင်းလင်းပွဲမှာ သတင်းထောက်တယောက်က ဖေဖေကို ပြည်တွင်းစစ်ရပ်စဲရေးနဲ့ပတ်သက်တဲ့ သဘောထားကို မေးမြန်းလာလို့ ဖေဖေက သီးခြားထုတ်ပြန်မယ်လို့ ပြောလိုက်ပြီး နိုင်ငံရေး စီးပွားရေးစတဲ့ ဘက်စုံပြဿနာတွေကို အကျယ်တဝင့် အချိန်ယူလေ့လာပြီး ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်တဲ့သဘောထားဆိုပြီး စာတမ်းတစောင် ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီစာတမ်းရေးဖို့ ဖေဖေက ပြည်တွင်းစစ်ပြဿနာကို အသေးစိတ်လေ့လာတဲ့အခါ ပြည်တွင်းစစ်ရှည်ကြာလေလေ ပြည်သူတွေရဲ့ဆင်းရဲဒုက္ခ ကြီးလေလေဆိုတာကို မြင်လာလို့ ပြည်တွင်းစစ်ကြီးရပ်စဲပြီး ပြည်တွင်း ငြိမ်းချမ်းရေး ရရေးဟာ တိုင်းပြည်ရဲ့သော့ချက်ဆိုတာ မြင်လာတယ်လို့ ဖေဖေက သူ့စာအုပ်မှာရေးဖူးပါတယ်။

ဒါ့ကြောင့် အဲဒီတုန်းကရှိနေတဲ့ ပြည်တွင်းငြိမ်းချမ်းရေး ရှစ်ဦးကော်မတီအဖွဲ့ဝင်တချို့နဲ့ ပူးပေါင်းလှုပ်ရှားမှုတွေ လုပ်ခဲ့ပါတယ်။

အဲဒီအစောပိုင်းကာလတွေမှာ ကျွန်မတို့အိမ် ဝင်ထွက်နေတဲ့ ဖေဖေ့မိတ်ဆွေကြီးများကို ကျွန်မတို့မောင်နှမတွေက အန်ကယ်ဦးထွန်းတင်(လွှတ်တော်ရှေ့နေကြီးဦးထွန်းတင်)၊အန်ကယ်ဦးအောင်ဖေ(တော်ဘုရားလေး)စသဖြင့် အန်ကယ်တပ် ခေါ်ဆိုကြပါတယ်။ အဲဒီနောက်မှ သိလာရတဲ့ စာရေးဆရာကြီး ဖန်းမော်တင်အောင်က သူ့ကို ဦးလေးလို့ခေါ်ဖို့ပြောလာလို့ ဒီနောက်ပိုင်းသိလာရတဲ့ ဖေဖေ့ရဲဘော်မိတ်ဆွေ လုပ်ဖော်ကိုင်ဖက်တွေကို ဦးလေးလို့ ခေါ်လာရပါတယ်။ ဒါနဲ့ပဲ ဦးလေးဦးတင်အောင်တို့၊ ဦးလေးကိုတင်ရွှေ (မုံရွာဦးတင်ရွှေ)တို့၊ ဦးလေးကိုအုံ့မောင်(မုံရွာဦးအုံ့မောင်)တို့ ဖြစ်လာတာပါ။ (ဒီအရင်ကတော့ ဦးလေး ဒေါ်လေးဆိုတဲ့အခေါ်တွေကို ဆွေမျိုးရင်းချာတွေကိုသာ ခေါ်ခဲ့ပါတယ်။)

၁၉၆၀ခုနှစ် သန့်ရှင်း-ဦးနုအစိုးရတက်လာပြီးနောက် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ပြန်လည်အသက်ဝင်လာပါတယ်။ ဒါ့အပြင် အဲဒီကာလက ထပ်ပေါ်ပေါက်ခဲ့တဲ့ (အမေရိကန် စီ-အိုင်-အေအကူအညီနဲ့) တရုတ်ဖြူကျူးကျော်မှုဆန့်ကျင်ရေးလှုပ်ရှားမှုကိုလည်း ဖေဖေတို့တတွေ အားလုံး အတူပူးပေါင်း လှုပ်ရှားခဲ့ကြပါတယ်။ ထိုလုပ်ငန်းနှစ်ရပ်ဟာလည်း နိုင်ငံရေးအရ ဆက်စပ်နေပါတယ်။

၁၉၆၁-၆၁ ခုနှစ် တောက်လျှောက် တနိုင်ငံလုံးအနှံ့ ဖေဖေတို့ ငြိမ်းချမ်းရေးတရားတွေ နယ်ချဲ့ ဆန့်ကျင်ရေးတရားတွေ ဟောပြောကြပါတယ်။ အဲဒီခရီးတွေကို အသက်အရွယ်ကြီးရင့်လာပြီးဖြစ်တဲ့ ဆရာကြီးမှိုင်းကိုယ်စား ဖေဖေပဲ ဒိုင်ခံဦးစီးပြီး ကျန်အဖွဲ့ဝင်များ အလှည့်ကျပါဝင်ပြီး သွားခဲ့ကြပါတယ်။ အဲဒီခရီးစဉ်တွေမှာ အများစုပါဝင်လေ့ရှိတဲ့ ဦးလေးဦးတင်အောင်နဲ့ ဖေဖေရင်းနှီးသွားပုံရပါတယ်။

ဦးလေးက ဖေဖေကို ပုဂ္ဂိုလ်ချင်းမသိခင်ကတည်းက လေးစားခဲ့ပုံရပါတယ်။ သူ့သားတယောက်ကို ကျော်ဇောအောင်လို့ နာမည်ပေးထားတာပါ။ ဒါ့အပြင် ဦးလေးရေးသားထုတ်ဝေခဲ့တဲ့ ကိုလိုနီခေတ် မြန်မာ သမိုင်းစာအုပ်ရဲ့အမှာစာမှာ ဖေဖေကို စစ်သူကြီးမဟာဗန္ဓုလ ဗိုလ်ချုပ်အောင်ဆန်းတို့နဲ့အတူ ဂုဏ်ပြုရည်ညွှန်းထားတာ တွေ့ရပါတယ်။ ဖေဖေကတော့ ဦးလေးဦးတင်အောင်ကို လွမ်းဆွတ်သတိရစွာနဲ့ သူ့စာအုပ်မှာ တရင်းတနှီး ခရီးအတူသွားစဉ်က အဖြစ်အပျက်တွေ ရေးထားတာတွေ့ရပါတယ်။ ဖေဖေ ရေးထားတာလေး ကိုကြည့်ပါဦး။

------ ကျွန်တော် သူ့အပေါ် သတိပြုချက်မှာ တိုင်းပြည်နှင့်ပြည်သူအပေါ် များစွာချစ်မြတ်နိုးပြီး သူ့ဆောင်ပုဒ်ဖြစ်သော မိမိခေတ်မှာ မိမိပခုံးပေါ်ကျလာတဲ့တာဝန်တွေကို ကျေပွန်အောင် လုပ်ဆောင်ရေးကို များစွာ အလေးထားပြီး အမှုကိစ္စတွေ တာဝန်တွေကို ကြိုးကြိုးစားစားဆောင်ရွက်ပုံကို တွေ့ရသည်။ ပင်ကိုယ်စိတ်နေစိတ်ထားကလည်း အလွန်ကောင်းမွန်ပြီး ကျွန်တော့်အပေါ် အလွန်ညှာတာ လေးစားဦးစားပေး ဆက်ဆံတာတွေကို ခရီးသွားစဉ်တလျှောက်လုံး တွေ့ခဲ့ရသည်။တဲ့။ (ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော။ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ- ဆိုင်းစုမှသည်မန်ဟိုင်းဆီသို့၊ ယဉ်မျိုးစာပေ။နာ၂၇၃)

ဖေဖေကလည်း ဦးလေးအပေါ် လေးစားညှာတာပုံရပါတယ်။ တခါက ဖေဖေတို့ မော်လမြိုင်က အပြန် ရလာတဲ့လက်ဆောင် သစ်သီးခြင်းတွေအကြောင်းပြောပြပါဦးမယ်။ အဲဒီအခေါက် ဖေဖေတို့ မော်လမြိုင်ဘက် ငြိမ်းချမ်းရေးခရီးထွက်စဉ်က ဦးလေးဦးတင်အောင်နဲ့ အန်ကယ်ဦးအောင်ဖေတို့ ပါသွားပါတယ်။ အပြန်မှာ မော်လမြိုင်မှာ ဒူးရင်းခြံတွေ၊ မင်းဂွတ်သီးခြံတွေပိုင်တဲ့ ဖေဖေမိတ်ဆွေ(စစ်ဗိုလ်ဟောင်းတဦး)က ခြင်းတွေနဲ့ သစ်သီးတွေ ထည့်ပေးလိုက်ပါတယ်။ ကျွန်မတို့ဆီဆုံလမ်းအိမ် ပြန်ရောက်တော့ အန်ကယ်ဦးအောင်ဖေက သစ်သီးတွေကို ဝေငှခဲ့ပေးပါတယ်။ ဖေဖေကို အဓိကဦးတည်ပေးလိုက်တာဖြစ်တော့ ကျွန်မတို့အတွက် ဝေပုံက အတော်များနေပါတယ်။ ဖေဖေက မေမေကိုလက်တို့ပြီး ဦးလေးဦးတင်အောင်ကို ထပ်ထည့်ပေးခိုင်းပါတယ်။ ရလာတဲ့အသီးတွေကို သူ့လွယ်အိတ်ထဲထည့်၊ မေမေထုပ်ပေးတဲ့ ဆွဲခြင်းလေးဆွဲပြီး၊ သုတ်ပြန်သွားတဲ့ ဦးလေးရဲ့နောက်ကျောကို ဖေဖေက ရီရီဝေဝေ ငေးကြည့်နေတာ တွေ့ခဲ့ရဖူးပါတယ်။ ဒါကြောင့်ပဲ ထင်ပါရဲ့။ ဖေဖေက သူ့စာအုပ်ထဲ ဦးလေးအကြောင်းတွေရေးရာမှာ---

အလွန်ကျော်ကြားသည့် စာရေးဆရာကြီးဖြစ်သော်လည်း စာပေရေးသားခြင်းထက် နိုင်ငံရေးတာဝန်တွေကို မပျက်မကွက် ဦးလည်မသုန် ဆောင်ရွက်ခဲ့သည့်သူတဦးလည်း ဖြစ်သည်။ ထိုနိုင်ငံရေးယုံကြည်ချက်ဖြင့် ပြည်သူ့ဘက်က ရပ်တည်ပြီးရေးသားမှုများကြောင့် အကြိမ်ကြိမ်ဖမ်းဆီးထောင်ချ နောက်ဆုံး ကိုးကိုးကျွန်းသို့ပင်ပို့ အကျဉ်းချခြင်း ခံရပေသည်။ စီးပွားရေးအရလည်း ခက်ခဲကျပ်တည်းပုံရပါသည်။------လို့လည်း ရေးထားပါတယ်။

ဒါ့အပြင် ဦးလေးရဲ့ သမိုင်းဆိုင်ရာစာအုပ်များအပေါ် တချို့လူတွေက ဝေဖန်လာတဲ့အခါ ဖေဖေကပဲ သူ့အမြင်ဖြစ်တဲ့ ဦးတင်အောင်လို လက်ဝဲနိုင်ငံရေးသမားကြီးက ရေးတာဖြစ်လို့ ထူးခြားတဲ့ နိုင်ငံရေးအမြင်တွေ ပါနိုင်တယ်။ သမိုင်းပညာအနေနဲ့ ပိုပြီးတော့တောင် ကြွယ်ဝလာနိုင်တယ်ဆိုတာကို ပြောဆို ကာကွယ်ပေးခဲ့ဖူးပါတယ်။

တကယ်လည်း ဦးလေးရဲ့ သမိုင်းဆိုင်ရာအမြင်တွေဟာ သစ်ဆန်းနေပါတယ်။ ဦးလေး ကွယ်လွန်တာ နှစ်(၂၀)မြောက် ၁၉၉၈က ပြည်သူ့ဘက်တော်သားများစာပေက အထိမ်းအမှတ်စာအုပ် ထုတ်တုန်းက

လည်း ဖေဖေက ဦးလေးအတွက် အမှတ်တရဆောင်းပါးတစောင် ရေးပေးဖူးပါတယ်။ ၁၉၆၃ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေ ပျက်သွားပြီးနောက် ဦးလေးအဖမ်းခံသွားရပြီး ကိုကိုးကျွန်းအထိ ပါသွားပါတော့တယ်။

၁၉၇၃-၇၄ ကျွန်းကလွတ်လာမှ ဦးလေးနဲ့ ပြန်အဆက်အသွယ်ရပါတော့တယ်။ ဦးလေး ပြန် မလွတ်ခင်ကတည်းက ဦးလေးဇနီး ဒေါ်ဒေါ်-ဒေါ်ခင်ဦးနဲ့ ကျွန်မက ရင်းနှီးသွားခဲ့ပါတယ်။ ၁၉၇၂ ခုနှစ် ကျွန်မ အရှေ့ပိုင်းဆေးရုံမှာ လက်ထောက်ဆရာဝန်အဖြစ် အလုပ်လုပ်နေစဉ်က ကျွန်မနဲ့အတူနေ ဒေါ်ဒေါ်-ဒေါ်ခင်မျိုးညွန့် (ဗိုလ်မှူးချစ်ကောင်းဇနီး)ကတဆင့် သိခဲ့ရတာပါ။ ဒီအမျိုးသမီးကြီးနှစ်ယောက်ဟာ အတော် ရင်းနှီး ခင်မင်တာ တွေ့ရပါတယ်။ ဒေါ်ဒေါ်-ဒေါ်ခင်မျိုးညွန့် သမီးအငယ်ဆုံးလေး မေထွန်းမွေးစဉ်က ဒေါ်ခင်ဦးအိမ်မှာ လာမွေး ပေးတာဖြစ်ကြောင်း သိရပါတယ်။

အဲဒီတုန်းက ဒေါ်ဒေါ်-ဒေါ်ခင်ဦးခမျာ အတော်ရုန်းကန်နေရပုံ ရပါတယ်။ ဒါတောင် ဦးလေး စာအုပ် တွေ ထုတ်ပေးခဲ့တဲ့ စာအုပ်တိုက်တွေက တတ်နိုင်သမျှ ပိုင်းဝန်းကူညီမှုတွေ တစုံတရာရှိလို့ ကျေးဇူးတင်ရပါ တယ်လို့ပြောရှာသေးတယ်တဲ့။

ဦးလေးဦးတင်အောင်တို့ ဇနီးမောင်နှံမှာ သမီးလေးတယောက်က အပူကြီးအဖျားတက်ပြီး နားလေး သွားရာက ဆွံ့လည်း သွားရှာပါတယ်။ ဦးလေးရဲ့အမေဖြစ်သူ ဘွားအေကြီးက ဒုက္ခိတမြေးလေးကို အသနား ပိုရာက အလိုလိုက်လွန်းတော့ သမီးလေးအရွယ်ရောက်လာချိန်မှာ ပြဿနာတွေတက်လာဟန်ရှိပါတယ်။ အဲဒီကိစ္စတွေရော၊ မမာရေးမချာရေးကိစ္စတွေရော ဒေါ်ဒေါ်ဒေါ်ခင်ဦးက ကျွန်မအိမ်မှာနေထိုင်နေတဲ့ ဒေါ်ဒေါ် -ဒေါ်ခင်မျိုးညွန့်ဆီ လာ ရင်ဖွင့်တတ်၊ အကူအညီ တောင်းတတ်ပါတယ်။

အဲဒီကာလက ဒေါ်ဒေါ်-ဒေါ်ခင်ဦးက အသက် ၄၀ ကျော် ၅၀ ဝန်းကျင်ဆိုတော့ အမျိုးသမီးများ သဘာဝ သွေးဆုံးကိုင်တဲ့လက္ခဏာတွေကလည်း ပေါ်နေပါတယ်။

ဦးလေး ကိုကိုးကျွန်းက ပြန်ရောက်တော့ ကျန်းမာရေးက အတော်ဆိုးနေပါပြီ။ ဒီတော့ ကျွန်မ အလုပ် လုပ်နေတဲ့ အရှေ့ပိုင်းဆေးရုံ အတွင်းလူနာဆောင်မှာတက်ပြီး ဆေးစစ်တာတွေ လုပ်ဆောင်ပြီး လိုအပ် တဲ့ ဆေးကုကုမှုကို ခံယူပါတယ်။ အဲဒီကိုကိုးကျွန်းပြန် သူရဲကောင်းကြီးများကို ဒေါ်ဒေါ်-ဒေါ်ခင်မျိုးညွန့်က ဒိုင် ခံပြီး ဆေးကုသရေးကို လုပ်ဆောင်တာပါ။

အရှေ့ပိုင်းဆေးရုံကြီးက အချက်အလက်အရ ရန်ကုန်ဆေးရုံကြီးလောက် အဆင့်မမြင့်ပေမယ့် အား သာချက်တွေလည်း ရှိပါတယ်။ ရန်ကုန်ဆေးရုံကြီးမှာ မရှိတဲ့ သားဖွားဆောင်ရော၊ ကလေးလူနာဆောင်ရော ရှိပါတယ်။ ဒ့ါအပြင် အဲဒီကာလ(မဆလခေတ်)က အခမဲ့ ဆေးဝါးကုသရေးစနစ် ဖြစ်တာကြောင့် ကျွန်မ အ ရှေ့ပိုင်းဆေးရုံက အိမ်ခန်းလေးဟာ အမြဲ လူစည်နေတတ်ပါတယ်။ မဆလခေတ်မှာ ဆိုရှယ်လစ်စနစ်ကို အ ပေါ်ယံသဏ္ဍာန်အရဖြစ်စေ လုပ်ပြထားရတာမို့ သတိတရဖြစ်စရာကတော့ အခမဲ့ပညာရေးစနစ်နဲ့ အခမဲ့ဆေး ဝါးကုသမှုစနစ် ဖြစ်ပါတယ်။ ဒါကြောင့်ပဲ မဆလရဲ့ အစောပိုင်းကာလတွေမှာ လူအတော်များများက မဆလ ကို ထောက်ခံခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဒီစနစ်တွေကို ရေရှည်ခံအောင်မလုပ်နိုင်ခဲ့ပါဘူး။ အခြေခံစေတနာကိုက အပေါ်ယံသဏ္ဍာန် လုပ်ပြဖို့သာဖြစ်လို့ပါ။ဆိုရှယ်လစ်-ဆိုတဲ့ လူအများကြိုက်စကားလုံးကို အသုံးပြုဖို့သာ ရည် ရွယ်ခဲ့တာပါ။

ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ဒီမဆလရဲ့ အခမဲ့ဆေးဝါးကုသမှုကြောင့် လူနာအများအပြားကို စိတ် ကြိုက် ကူညီကုသပေးနိုင်ခဲ့ပါတယ်။ ဒီအထဲမှာ ၁၉၇၃-၇၄ ခုနှစ်အတွင်း တသုတ်ပြီးတသုတ် ထောင်တို့ ကို ကိုးကျွန်းတို့က လွတ်မြောက်လာတဲ့ နိုင်ငံရေးအကျဉ်းသမားများ ပါခဲ့ပါတယ်။ ဒီနိုင်ငံရေးသမားကြီးများဟာ ကျွန်မနဲ့အတူနေ ဒေါ်ဒေါ်- ဒေါ်ခင်မျိုးညွန့်ကတဆင့် ကျွန်မဆီရောက်လာကြပြီး တချို့ အသက်အရွယ်ကြီး ရင့်သူများကို ဆေးရုံတင်တန်သူ ဆေးရုံတက်၊ တချို့ အပြင်ဆေးခန်းက လိုအပ်တာတွေ လုပ်ဆောင်ပေး စ သဖြင့် အရှေ့ပိုင်းဆေးရုံကြီးမှာ လာရောက်ကုသကြရပါတယ်။

ထိုစဉ်က ကျွန်မက အရှေ့ပိုင်းဆေးရုံကြီး အတွင်းလူနာဆောင်မှာ ဆရာကြီး ဦးစောမရအောင် (နောင် ရခိုင်NLD)ရဲ့ လက်ထောက်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်နေတာပါ။ ဒ့ါကြောင့် ဆေးရုံတင် စစ် ဆေးဖို့ လိုအပ်သူများအားလုံးကို အဲဒီအဆောင်မှာပဲ တက်ရောက်နိုင်ခဲ့ပါတယ်။

ကျွန်မတို့အဆောင်မှာ အလုပ်သင်ဆရာဝန်ကလေးများလည်း ရှိပါတယ်။။ ဆံပင်ရှည် ဘောင်းဘီချက်ပြုတ်နဲ့မို့ ကျွန်မက လမ်းသူရဲသာသာလို့ပဲ သဘောထားမိပါတယ်။ ကျွန်မ အထင်နဲ့အမြင် လွဲပါတယ်။ အဲဒီဆရာဝန်လေးတွေက ကိုကိုးကျွန်းပြန် သူရဲကောင်းကြီးများအပေါ် ထားရှိတဲ့ လေးစားမှု စေတနာနဲ့ ဂရုတစိုက်ရှိမှုတွေကို တွေ့ရှိမိတော့မှ ကျွန်မ ဒီဆရာဝန်လေးတွေ အပေါ် နားလည်လာမိပါတယ်။(ဒါတောင် အဲဒီကာလ ကိုကိုးကျွန်းထောင်များအကြောင်း သိပ်သိကြသေးတာ မဟုတ်ပါဘူး။) သူတို့လေးတွေက အဲဒီ သူရဲကောင်းကြီးတွေရဲ့ပုံပြင်တွေကို ကျန်သူများ(သူနာပြုများ၊ ဆေးကျောင်းသားများ)ကို အားရပါးရ ပြောပြနေတာတွေ တွေ့ရပါတယ်။ သူတို့က လူနာရဲ့သမိုင်းကို မေးမြန်းမှတ်တမ်းတင်ရတာကိုး။

ဦးလေး(လေထီး)ဗိုလ်အုန်းမောင်ရဲ့ ဓာတ်မှန်ဖလင်ကို တယောက်တလက် လှည့်ကြည့်ကြပြီး ရင်နရိုးတလျှောက် အသီးသီးတွေ ဖြစ်နေတဲ့နေရာတွေပြပြီး စစ်ထောက်လှမ်းရေးစစ်ဗိုလ်က ဖိနပ်နဲ့ တက်နင်းထားတဲ့အကြောင်း စတာတွေကို ပြောနေကြတာ ကျွန်မတွေ့ရပါတယ်။ မိမိမစွန့်လွှတ်နိုင်တဲ့အရာတွေကို စွန့်လွှတ်နိုင်တာ၊ မိမိမလုပ်နိုင်တဲ့အရာတွေကို လုပ်နိုင်ကြမှုအပေါ် အတော်လေးစား တန်ဖိုးထားကြတာ တွေ့ရပါတယ်။

ဒါကြောင့်ပဲ ရှစ်လေးလုံးအရေးအခင်းကြီးအတွင်း ပညာတတ်များအကြား အခွင့်ထူးခံများလို့ သတ်မှတ်ခံရတဲ့ ဆရာဝန်တွေ၊ ဆေးကျောင်းသားတွေ အများအပြား ပါဝင်လာကြတာ ဖြစ်မှာ။ ဦးလေး ဦးတင်အောင်ကိုလည်း ဒီလိုပဲ အားလုံးက ဂိုင်းဂရုစိုက်တာ တွေ့ရပါတယ်။ အဲဒီတုန်းက ဦးလေးကို အဆုတ် တီဘီဖြစ်နေတယ် လို့ သတ်မှတ်ပြီး တီဘီကုသဆေးများနဲ့ ကုသနေတာပါ။ အဲဒီဆရာဝန်လေးတွေကပဲ ဆရာကြီးဦးစောမရအောင် လက်ဆောင်ရထားတဲ့ မိုရာမင်အားဆေးတွေ သွင်းပေးရအောင်ဆိုလို့ ဦးလေးကို အားဆေး တပတ် ၂ ပုလင်း သွင်းပေးနိုင်ခဲ့ပါတယ်။

အဲဒီကာလတွေမှာ ဒေါ်ဒေါ်- ဒေါ်ခင်ဦးက တခါတလေလာပြီး ဦးလေးအခြေအနေကို မေးတတ်ပါတယ်။ တခါတော့ ဖီးကြမ်းငှက်ပျောဖီးကြီးကို နီးကြောနဲ့ချည်ထားတာကိုကိုင်ပြီး ကျွန်မဆေးရုံအိမ်လေးထဲဝင်လာပါတယ်။ ၂၄ နာရီ တာဝန်ကျတဲ့နေ့ဖြစ်လို့ အဲဒီနေ့က ကျွန်မစမ်းချောင်းအိမ် မပြန်နိုင်ပါဘူး။ ကျွန်မကိုတွေ့တာနဲ့ ဒေါ်ဒေါ်မျက်နှာက ဝင်းသွားပြီး ဟန်ကျလိုက်တာ၊ လမ်းမှာငှက်ပျောသီးတွေ့လို့ စားရအောင်ဝယ်လာတာ-တဲ့။ကျွန်မဖြင့် မျက်ရည်မကျမိအောင် အတော်တင်းလိုက်ရတယ်။ လမ်းခရီးစရိတ်တောင် အတော်ကြိုးစားနေရတာ ကျွန်မသိထားပါတယ်။ နောင် ဘာလက်ဆောင်မှဝယ်မလာဖို့ ဒေါ်ဒေါ်-ဒေါ်ခင်မျိုးညွှန့်ကို တားခိုင်းရပါတယ်။

ဦးလေး ဒီတခါ ထောင်ကလွတ်လာတာမှာ ကျန်းမာရေး အတော်ထိခိုက်သွားပါပြီ။ စီးပွားရေးအရလည်း အတော်ခက်ခဲပုံရပါတယ်။ ဒါပေမဲ့ ဦးလေးရဲ့ပေးဆပ်မှုနဲ့ စွန့်လွှတ်မှုတွေဟာ အလဟဿ တချက်မှ မဖြစ်ခဲ့ပါဘူး။

ဒါကို ဦးလေးဈာပနနေ့မှာ ဖော်ထုတ်ပြသခဲ့တဲ့ ပြည်သူလူထုကြီးရဲ့အလေးပြု နှုတ်ဆက်တဲ့ စိတ်ဓာတ်ကိုကြည့်ရင် သိရှိနိုင်ပါတယ်။ ပြည်သူလူထုရဲ့မေတ္တာကို အတိုင်းအဆမရှိ ရရှိသွားတယ်ဆိုတာ ထင်ရှားပါတယ်။ဦးလေးဟာ သူ့ကိုယ်ပိုင် လက်သုံးစကားအတိုင်း ခေတ်က သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းတာ ဝန်တွေကို အကောင်းဆုံး အတတ်နိုင်ဆုံး ထမ်းဆောင်သွားသူတဦးပါ။ ဦးလေးရာပြည့်အတွက် အမှတ်တရ သတိရရှိ ချက်များကိုရေးသားလိုက်မိတာပါ။

ဦးလေး ရဲ့ ပြည်သူ့အကျိုးဆောင်စိတ်ဓာတ် အဓွန့်ရှည်ပါစေ။

လှကျော်ဇော။
၁၂-၁၂-၂၀၁၉။

# ဒီမိုကရေစီ ဖက်ဒရယ် နိုင်ငံတော်နဲ့

# လက်နက်ကိုင် အင်ပါယာ

ရဲရင့်သံလွင်

(၁)

မကြာသေးမီက ဥပဒေပြုလွှတ်တော်တွင်းကစတင်လိုက်တဲ့ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ ပြင်ဆင်ရေးအသံတွေဟာ လွှတ်တော်ပြင်ပအနှံ့အပြားမှာ ကျယ်ကျယ်လောင်လောင်ကြားလာရတယ်။ ဒီတချီ ခြေဥပြင်ဆင်ရေးအဆိုဟာ စလိုက်တယ်ဆိုရင်ပဲ လွှတ်တော်တွင်း အရွေးကောက်ခံမဟုတ်ဘဲ တက်ရောက်ခွင့်ရနေတဲ့ တပ်မတော်သားကိုယ်စားလှယ်အားလုံး ပြိုင်တူမတ်တပ်ရပ်ပြီး ကန့်ကွက်တာနဲ့ ကြုံတွေ့ရတယ်။ နောက်တော့ ဒီအဆိုကို ဥပဒေနဲ့မညီဘူးလို့ စွပ်စွဲသံတွေ တပ်ဘက်ကရော USDP ဘက်ကပါ ကြားလာရသလို မဘသတဖြစ်လဲအဖွဲ့တွေဆီကလည်း ကြားလာရတယ်။ ကန့်ကွက်သူတွေဟာ သူတို့လည်း ခြေဥကို ပြင်ဆင်ဖို့ ထောက်ခံသူများဖြစ်ပေမယ့် ဥပဒေတို့ လုပ်ထုံးလုပ်နည်းတို့နဲ့မညီဘဲ လုပ်ဆောင်တာတွေကိုတော့ လက်မခံဘူးလို့ပြောကြတယ်။

တဆက်တည်းမှာပဲ ခြေဥပြင်ဆင်ရာမှာ ခြေဥရဲ့အနှစ်သာရကို အထိခိုက်မခံဘူး၊ ဥပဒေကို ကျော်လွှန်ပြင်ဆင်တာကို လက်မခံဘူးတို့၊ ခြေဥအနှစ်သာရကိုထိခိုက်ရင် တိုင်းပြည်စစ်တလင်း ဖြစ်သွားမယ်တို့ ခြိမ်းခြောက်သလိုလိုပြောဆိုတာတွေပေါ်လာတယ်။

စလုံးနိုင်ငံကို ကူးချည်သန်းချည်လုပ်နေသူ ယခင်ဝန်ကြီးဟောင်းတစ်ဦးကဆိုရင် ဒါဟာ NLD ရဲ့ ထောင်ချောက်ပဲ။ ဒီထောင်ချောက်ထဲ မကျအောင် တပ်မတော်နဲ့ USDP တို့ ပြင်ဆင်ရေးကော်မတီထဲ မပါကြပါနဲ့လို့ အသံကုန်အော်လာတယ်။ နိုင်ငံရေးကဂိဆိုသူတွေကတော့ တပ်က လက်မခံနိုင်တဲ့အချက်တွေ ရှောင်ပြီး ခြေဥကို လွယ်တာလွတ်တာလေးတွေအရင်ပြင်ဖို့ နပ်ကြောင်းပေးလာကြတယ်။ ဒီနေရာမှာ တခုထူးခြားတာက စစ်တပ်တို့ USDP တို့နဲ့အတူ အဲဒီနိုင်ငံရေးကဂိတွေ ပြင်ဆင်သင့်တယ်ဆိုတဲ့ ခြေဥဟာ ပုဒ်မ ၂၆၁ တို့ ဇယား ၂ နဲ့ ၃ တို့ပဲဖြစ်ပြီး တခြား ဒီမိုကရေစီနဲ့ဖက်ဒရယ်ကူးပြောင်းရေးကို အတားအဆီးဖြစ်နေတဲ့ ဥပဒေတွေ မပါဘူးဆိုတဲ့အချက် ဖြစ်နေတယ်။ကျန်တဲ့ ထိပ်တိုက်ဖြစ်နိုင်တဲ့ဟာတွေကိုတော့ ဓာတ်ပြားဟောင်းကြီးဖြစ်တဲ့ အစိုးရရယ်၊ စစ်တပ်ရယ်၊ တိုင်းရင်းသားရယ် ၃ ပွင့်ဆိုင်ညှိကြပါ လို့ တိုက်တွန်းကြတယ်။ သိပ်အကျပ်အတည်းဖြစ်လာရင် လက်ရှိခြေဥပြောင်းလဲရေးလှုပ်ရှားမှုဟာ အဲဒီ ပုဒ်မ ၂၆၁ လောက်နဲ့ အဖျားရှုးသွားနိုင်ပါတယ်။

အဲဒီပုဒ်မ ၂၆၁ ဆိုတာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကိုအုပ်ချုပ်တဲ့ ဝန်ကြီးအဖွဲ့ရဲ့ခေါင်းဆောင် ဝန်ကြီးချုပ်ကို နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးရမယ်ဆိုတဲ့အချက်ကို အပိုဒ် (ခ) မှာ ပြဋ္ဌာန်းထားတယ်။ ဒီအချက်ကို တိုင်းရင်းသားတွေအခွင့်အရေး နစ်နာစေတဲ့အတွက် ပြင်ဆင်ဖို့လိုတယ်။ တိုင်း/ ပြည်နယ်ဝန်ကြီးချုပ်ကို သက်ဆိုင်ရာ တိုင်း/ပြည်နယ်လွှတ်တော်တွေက ရွေးချယ်ခန့်အပ်ခွင့်ရရှိသင့်တယ်လို့ ထောက်ပြကြတယ်။ ဒီနေရာမှာ တခုသတိပြုသင့်တာက ၂၀၁၅ ရွေးကောက်ပွဲအပြီး မဲအပြတ်အသတ်နဲ့ အနိုင်ရခဲ့တဲ့ NLD ပါတီဟာ ၂၀၁၆ မှာ အုပ်ချုပ်ရေးတာဝန်လွှဲပြောင်းရာမှာ ပြဿနာ ၂ ခုနဲ့ ကြုံတွေ့ခဲ့ရတယ်ဆိုတဲ့အချက်ဖြစ်ပါတယ်။

ဒါကြောင့် အဲဒီ ပုဒ်မ ၂၆၁ နဲ့ ဇယား ၂/ ၃ တို့ကို ပြင်ရုံလောက်နဲ့ တိုင်းပြည်ဟာ ဖက်ဒရယ်လမ်းကြောင်းပေါ် ရောက်သလားဆိုတာ ပြန်ကြည့်ဖို့လိုတယ်။

အဲဒီပြဿနာ၂ ခုကတော့ နိုင်ငံတော်သမ္မတအဖြစ် ပြည်သူရွေးကောက်လိုက်တဲ့ နိုင်ငံရေးခေါင်းဆောင်ကို ၂၀၀၈ ခြေဥ ပုဒ်မ ၅၉ အရ တင်မြှောက်ခွင့်မရှိတဲ့ပြဿနာနဲ့ အစိုးရအဖွဲ့သစ်အပါအဝင် တိုင်း/ပြည်နယ်ဝန်ကြီးချုပ်တွေ ခန့်အပ်တာဝန်ပေးဖို့ ပြဿနာတွေ ဖြစ်ပါတယ်။ ဒါတွေကို စစ်တပ်ဘက်နဲ့ညှိနှိုင်း အပေးအယူတွေလုပ်ကြရတယ်။ NLD ဘက်က ပထမပြဿနာကိုနိုင်ငံတော်အတိုင်ပင်ခံရာထူးအသစ်တခုနဲ့ ထွက်ပေါက်ရှာလိုက်လို့ စစ်တပ်ဘက်က အောင့်သက်သက်ဖြစ်သွားပြီး ဒီနေ့အထိ ဥပဒေချိုးဖောက်တယ်၊ ဥပ ဒေလက်တလုံးခြားလုပ်တယ်လို့ ပြောနေကြတုန်းပါ။ ဒါပေမဲ့ NLD ဟာ ဝန်ကြီးနေရာအတော်များများမှာ ယခင်ဦးသိန်းစိန်လက်ကျန်တွေနဲ့ စစ်တပ်ကလိုလားသူအများအပြား ထည့်သွင်းခဲ့တယ်။ ဒါပေမဲ့ ဒီလိုအပေးအယူလုပ်ရာမှာလည်း အဖုအထစ်တွေပေါ်ပါတယ်။ အဲဒီအထဲက အထင်ရှားဆုံးကတော့ ကချင်၊ ရခိုင်၊ ရှမ်းနဲ့ ရန်ကုန်ဝန်ကြီးချုပ်တွေ ခန့်ရာမှာ စစ်တပ်ဘက်ကလူတွေကို ခန့်မခန့် ဆိုတဲ့သတင်းတွေ ထွက်လာတယ်။ ကာချုပ်က ဒီနေရာ ၄ ခုကို တောင်းတယ်လို့လည်း သတင်းတွေထွက်တယ်။ သမ္မတက တိုက်ရိုက်ခန့်အပ်လိုက်တဲ့အတွက် ဒီပြဿနာလည်း မကျေမလည်နဲ့ ခဏရပ်သွားတယ်။ တဖက်မှာလည်း ပြည်နယ် ဝန်ကြီးချုပ်တွေနေရာကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်တွေကနေသာ ခန့်အပ်ဖို့ သက်ဆိုင်ရာတိုင်းရင်းသား နိုင်ငံရေးပါတီတွေက တိုက်တွန်းတာတွေလည်း ပေါ်လာတယ်။ ရလဒ်က NLD နဲ့ တိုင်းရင်းသားတွေအကြား အက်ကွဲကြောင်း ပေါ်လာခြင်းပါပဲ။ အခု၂၀၁၉ မှာပေါ်လာတဲ့ ပုဒ်မ ၂၆၁ ပြင်ဆင်ရေးဆိုတာ အဲဒီ ပြဿနာရဲ့အဆက်ဆိုရင်မမှားဘူး။ ရှမ်းတိုင်းရင်းသားတဦးကတော့ ၂၆၁ ပြင်လိုက်ရုံနဲ့ ရှမ်းပြည်နယ်မှာ ရှမ်းလူထုကိုယ်စားပြုမယ့် ဝန်ကြီးချုပ်တယောက်တက်လာဖို့ မလွယ်ဘူးလို့ ထောက်ပြတယ်။ ရှမ်းပြည်နယ်မှာ SNLD နဲ့ NLD အမတ် ၂ မျိုးပေါင်းဦးရေဟာ ပြည်နယ်လွှတ်တော်ထဲမှာ USDP နဲ့ အရွေးကောက်ခံမဟုတ်တဲ့ စစ်ဗိုလ်ကိုယ်စားလှယ် ၂ မျိုးပေါင်းဦးရေကို ကျော်လွန်ခြင်းမရှိဘူးလို့ သူကဆက်ပြောတယ်။ အဲဒီ ထောက်ပြချက်ဟာ ဒီနေ့အခြေအနေနဲ့ကိုက်ညီတဲ့ ထောက်ပြချက်ဖြစ်ပါတယ်။ တကယ်က ၂၀၀၈ ခြေဥရဲ့ ရည်ရွယ်ချက်ဟာ စစ်ဘက် သို့မဟုတ် စစ်ဗိုလ်ချုပ်ဟောင်းတဦးဦးကို နိုင်ငံ့ထိပ်ဆုံးရာထူးဖြစ်တဲ့ သမ္မတရာထူးကို အမြဲ ရယူထားစေဖို့ဖြစ်ပြီး အဲဒီဗိုလ်ချုပ်ကြီးဟောင်းတဖြစ်လဲ သမ္မတကပဲ တိုင်း/ပြည်နယ်ဝန်ကြီးချုပ်တွေကို စိတ်ကြိုက် ခေါင်းခေါက်ရွေးနိုင်အောင် အကွက်ချပေးထားတာဖြစ်ပါတယ်။ အခုနောက်ပိုင်းမှ သူတို့မျှော်လင့်သလို သမ္မတရာထူးနဲ့ အလှမ်းနည်းနည်းဝေးသွားတဲ့အတွက် ဒီပုဒ်မဟာ တိုင်းရင်းသားတွေအတွက် နစ်နာစေတယ် ဘာညာသာရကာ ပြောဆိုလာကြတာဖြစ်ပါတယ်။

အမှန်တော့ ၂၀၀၈ ခြေဥထဲမှာ တိုင်းရင်းသားတွေနစ်နာစေတဲ့ ပုဒ်မတွေအများကြီးရှိနေတယ်။ ပုဒ်မ ၃၇ ကစလို့ပေ့ါ။ နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက် ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတအားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်သည်ဆိုတဲ့ ပြဋ္ဌာန်းချက်အရ ဗဟိုအစိုးရလက်ထဲမှာ ပြည်နယ်တွေရဲ့မြေယာသယံဇာတတွေအားလုံး ကြိုက်သလို စီမံခန့်ခွဲခွင့်ပေးထားတယ်။ အဲသလို ပင်ရင်းပိုင်ရှင် နိုင်ငံတော်ဆိုတာကလည်း တခြားမဟုတ်ဘူး။ စစ်အာဏာရှင်နိုင်ငံတော်ပဲ ဖြစ်ပါတယ်။ ဒီဥပဒေအရ ဇရောဝတီမြစ်ဆုံတွေ သံလွင်ရေကာတာတွေ ဒုဋ္ဌဝတီရေကာတာတွေ ပေါင်းလောင်းရေကာတာတွေဟာ ဒေသခံတိုင်းရင်းသားတွေကို နည်းနည်းမှလှည့်မကြည့်ဘဲ ထင်သလိုလုပ်ခဲ့ကြတယ်။ ရေကာတာ ရေနစ်မြုပ်မယ့်နယ်ထဲက ရွာတွေကို ထင်သလိုပြောင်းခိုင်းခဲ့ကြတယ်။ တိုင်းရင်းသားတောင်သူတွေပိုင်တဲ့ မြေယာတွေကို ထင်သလိုသိမ်းယူခဲ့ကြတယ်။ အခြေစိုက်တပ်ရင်းတပ်ဖွဲ့မြေနေရာတွေ၊ စိုက်ပျိုးမွေးမြူရေးမြေနေရာတွေ ဧကထောင်သောင်းချီ သိမ်းယူတာတွေကတော့ အထူးပြောဖို့တောင်မလိုဘူး။ မြေယာအများစုဟာ တိုင်းရင်းသားတောင်သူတွေနဲ့ ကျေးရွာပိုင်မြေယာတွေ ဖြစ်ပါတယ်။ သတ္တုတွင်းတွေ ကျောက်မျက်တွင်းတွေ ရွှေတွင်းတွေ သစ်တောတွေကိုလည်း ကြိုက်သလိုစီမံခဲ့တာပါ။ ကုန်ကုန်ပြောရရင် ခြေဥထဲမှာ ရွှန်းရွှန်းဝေအောင် ထည့်ထားတဲ့ တိုင်းရင်းသားများ ကိုယ်ပိုင်ယဉ်ကျေးမှု ကာကွယ်ထိန်းသိမ်းခွင့်မျိုးတွေဟာလည်း လက်တွေ့မှာ ကျောင်းတွေမှာ တိုင်းရင်းသားဘာသာ သင်ကြားခွင့်လို တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှုအဖွဲ့တွေ လွတ်လပ်စွာ ဖွဲ့စည်းခွင့်တွေ ခက်ခဲတဲ့အထိ နစ်နာမှုမျိုးစုံ ဖြစ်စေတာပါ။ ဥပဒေပြုအပိုင်းတွေမှာဆိုရင်လည်း အမျိုးသားလွှတ်တော်ဖွဲ့စည်းမှုဆိုင်ရာ ပုဒ်မ ၁၄၁ ကို ပြန်ကြည့်မယ်ဆိုရင် တိုင်း/ပြည်နယ်တခုစီက ကိုယ်စား

လှယ် ၁၂ ဦးကျစီ စုစုပေါင်း ၁၆၈ ယောက်ဆိုပြီး တန်းတူညီမျှသလိုလို ပြဋ္ဌာန်းထားပေမယ့် လက်တွေ့မှာ တိုင်းဒေသကြီးအမည်ခံပြီး အမျိုးသားလွှတ်တော်တက်ခွင့်ရသူ ဗမာတိုင်းရင်းသားကိုယ်စားလှယ်က ထက်ဝက် ဖြစ်သွားတယ်။

၂၀၀၈ ခြေဥအရ တပ်မတော်က နိုင်ငံရေးမှာဦးဆောင်တာ၊ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီအဖြစ် တပ်မတော်က နိုင်ငံအုပ်ချုပ်ရေးကိုလွှမ်းမိုးတာ၊ အရေးပေါ်အခြေအနေကြေညာပြီး စစ်အာဏာ သိမ်းခွင့်ရှိတာ။ နိုင်ငံအုပ်ချုပ်ရေး၊တရားဥပဒေစိုးမိုးရေး၊ တရားမျှတရေးတွေအတွက် အထူးအရေးကြီးတဲ့ ကာကွယ်ရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာလုံခြုံရေးဝန်ကြီးဌာန ၃ ခုကို တပ်မတော်ကာချုပ်ကပဲ ချုပ်ကိုင်ထားတာ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်း/ပြည်နယ်လွှတ်တော်တွေမှာအရွေးကောက်ခံမဟုတ်တဲ့ စစ်အရာရှိ ၂၅% တက်ရောက်တာ၊ ဝန်ကြီးဌာနနဲ့ဦးစီးဌာနအများအပြားမှာ ဗိုလ်ချုပ်ဟောင်း ဗိုလ်မှူးဟောင်းတွေနဲ့ ဒုဝန်ကြီးနေရာ ညွှန်မှူးနေရာတွေအုပ်စီးနေရာယူထားတာတွေ စတဲ့စတဲ့ ၂၀၀၈ ခြေဥ နောက်ဆက်တွဲ ပြဿနာတွေကို တပြည်လုံးကပြည်သူလူထုကြီးနဲ့အတူ တိုင်းရင်းသားလူမျိုးစုတွေ အားလုံး ခါးစည်းခံကြရတယ်။ အထူးသဖြင့် ပြည်တွင်းစစ်ဖြစ်နေတဲ့ ပဋိပက္ခပြင်းထန်တဲ့ဒေသတွေဆိုရင် တိုင်းရင်းသားတွေရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှု မရှိသလောက်နီးနီး ဖြစ်နေတယ်။

ဒီမိုကရေစီနဲ့ဖက်ဒရယ် နိုင်ငံပေါ်ထွန်းရေးကို ၂၀၀၈ အခြေခံဥပဒေနောက်ခံ၊ နိုင်ငံရေးသုခမိန်များရဲ့ အဆိုအမိန့်နောက်ခံတွေ၊ ပြည်တွင်းစစ်ပြဿနာနောက်ခံတွေနဲ့ ချဉ်းကပ်တိုင်းတာပြီး မြန်မာ့နိုင်ငံရေးလမ်းကြောင်းကို သုံးသပ်နေကြတာ အတော်လည်း ကြာနေပြီ။ မျှော်လင့်ချက်အလင်းရောင်ကလည်း လင်းချည်တခါ မှိန်ချည်တလှည့် ဖြစ်နေတယ်။ နိုင်ငံရေးလေ့လာသူ အတော်များများကတော့ ဒီပြဿနာဟာ မုန့်လုံးစက္ကူကပ်ဖြစ်နေပြီလို့ ယူဆကြတယ်။ ရန်ကုန်တိုင်းစစ်ဌာနချုပ် ရတနာသီရိ ဂေါက်ကလပ်မှာ မကြာသေးမီက ပြုလုပ်တဲ့ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ မရှိတော့ဘူး၊ ငြိမ်းချမ်းသွားရင် (တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောထားပါတယ်။) ကျွန်တော်တို့တပ်မတော်က နိုင်ငံရေးက ဆုတ်ခွာဖို့ အစီအစဉ်ရှိပါတယ်”လို့ ဗိုလ်ချုပ်စိုးနိုင်ဦးက ပြောသွားပါတယ်။ ဒါကလည်း ပြည်တွင်းစစ်ရှိခြင်းကြောင့် တပ်မတော်အာဏာရယူခြင်း၊ တပ်မတော်အာဏာ ရယူခြင်းကြောင့် ပြည်တွင်းစစ်ဖြစ်ခြင်းဆိုတဲ့ ဆင်ခြေသံသရာလည်မှုကို ပုံစံတမျိုးနဲ့ ထပ်ပွဲထုတ်တာဖြစ်ပါတယ်။ အဲဒီရှင်းလင်းချက်ထဲမှာပဲ သူက“ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ များလာတာကို သုံးသပ်ရရင် သူတို့က လက်နက်ကိုင်တပ်ဖွဲ့ရှိမှ လူရာဝင်တယ်ဆိုတဲ့အယူအဆမျိုး ရှိနေတာတွေ့ရတယ်” လို့လည်း ပြောခဲ့ပါတယ်။ သူ့အမြင်အရ တချို့က လက်နက်စွန့်ပြီး တချို့ကမစွန့်သေးရင် စွန့်ထားတဲ့အဖွဲ့ဟာ ကိုယ့်ကို လာတိုက်လာမလားဆိုတဲ့ စိုးရိမ်မှုတွေရှိတယ်၊ ဒါကြောင့် All Inclusive အားလုံးပါဝင်ရေးလုပ်မှ ရမယ်လို့လည်း ယူဆတယ်။ ဒီနေရာမှာ All Inclusive အားလုံးလက်နက်ကိုင်လမ်းစဉ်စွန့်ရေး ဆိုတဲ့အချက်မှာ မေးစရာမေးခွန်းတွေ အများကြီးပေါ်လာတယ်။ သူ ဆိုလိုတာက EAOs လို့ခေါ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ အားလုံးကို ဆိုလိုတာပါ။ အဲဒီ EAOs တွေမှာလည်း အပစ်ရပ်စာချုပ် NCA လက်မှတ်ထိုးသူ နဲ့ NCA စာချုပ်လက်မှတ်မထိုးသူတွေ ဆိုပြီး ၂ ပိုင်းကွဲနေတယ်။ NCA မထိုးသေးတဲ့ EAOs တွေကို လက်မှတ်ထိုးလာအောင် စစ်ရေးအရဖိအား၊ သံတမန်ဖိအားတွေ သုံးနေတယ်။

ဒါ့အပြင် အခုတပ်မတော်က အပစ်ရပ်ကြေညာထားတဲ့ စစ်တိုင်း ကြီး ၅ ခုနဲ့ အပစ်ရပ်မကြေညာဘဲ တိုက်ပွဲတွေဖြစ်နေတဲ့ ရခိုင်ပြည်နယ်တွေမှာ အစိုးရက အသိအမှတ်ပြုထုတ်ပြန်ထားတဲ့ EAOs အဖွဲ့တွေမဟုတ်တဲ့ တခြားတိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့တွေ အများအပြားရှိနေတာကို သတိပြုဖို့လိုတယ်။ ဒီအဖွဲ့တွေရဲ့အနာဂတ်နဲ့ ဒီအဖွဲ့တွေရဲ့အခန်းကဏ္ဍတွေကို ဖြေရှင်းခြင်းမရှိဘဲ EAOs တွေကိုဖိပြီး လက်နက်ကိုင်လမ်းစဉ်စွန့်ရေး တဖက်သတ်လုပ်နေရုံနဲ့ ပြည်တွင်းစစ်မီး-ရေသောက်မြစ်ကို တကယ်အမြစ်ဖြတ်နိုင် မဖြတ်နိုင် စဉ်းစားဖို့ ဒီအချိန်မှာ သိပ်လိုအပ်ပါတယ်။ ဒီစာတမ်းကို ခေါင်းစဉ်တပ်ရာမှာ လက်နက်ကိုင်အင်ပါယာ လို့ တပ်ခဲ့တာ တခြားကြောင့်မဟုတ်ဘူး။ မြန်မာနိုင်ငံနယ်နိမိတ်တလျှောက်မှာရှိတဲ့ တိုင်းရင်းသားပြည်နယ် တွေအားလုံးနီးပါးမှာ တပ်မတော်၊ ရဲတပ်ဖွဲ့အပြင် BGF နယ်ခြားစောင့်တွေ၊ ပြည်သူ့စစ်တွေ၊ မြို့မလုံခြုံရေး အဖွဲ့တွေ၊ ကာကွယ်ရေးအဖွဲ့တွေဆိုတဲ့ သဏ္ဍာန်ပေါင်းစုံနဲ့လက်နက်ကိုင်တပ်ဖွဲ့ မျိုးစုံဖြန့် ကြက်နေလို့ ဖြစ်ပါတယ်။



( ၂ )

မြန်မာ့အစိုးရဘက်က လက်နက်ကိုင်အင်အားဟာ အမြဲတမ်းတပ်မတော်အင်အား ၃ သိန်းနဲ့ ၃ သိန်းခွဲအကြား ရှိမယ်လို့ ခန့်မှန်းကြတယ်။ ရဲအဖွဲ့အင်အားက ၇ သောင်း ၈ သောင်းလို့ တွက်ကြတယ်။ တပ်မတော်က ချုပ်ကိုင်ထားတဲ့ ကျန်တဲ့တိုင်းရင်းသား လက်နက်ကိုင်အင်အားကိုတော့ အတိအကျ စာရင်းမရနိုင်ဘူး။ ၂၀၁၀ ခု ပြည်သူ့စစ်နဲ့ ဒေသနေလက်နက်ကိုင်အဖွဲ့များဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဗိုလ်မှူးချုပ်မောင်မောင်အုံးရဲ့ ထုတ်ပြန်ချက်အရ ပြည်သူ့စစ်အင်အား ၈ သောင်းကျော် ရှိပြီး အဲဒီထဲမှာ ၃ သောင်းကျော်ကိုပဲ လက်နက်တပ်ဆင်ထားတယ်လို့ ဆိုပါတယ်။ ရှမ်းသံတော်ဆင့်သတင်းဌာနကတော့ ရှမ်းပြည်မြောက်ပိုင်းတစ်ခုတည်းမှာ ပြည်သူ့စစ်အဖွဲ့ပေါင်း ၃၉၆ ဖွဲ့ရှိပြီး အမာခံအင်အား ၈၃၆၅ ယောက်၊ အရန်အင်အား ၁၆၃၂၅ ယောက် ရှိတယ်လို့ဆိုပါတယ်။ ပြည်ပသတင်းဌာနတခု ခန့်မှန်းချက်အရ မြန်မာတပြည်လုံးပြည်သူစစ်အဖွဲ့ပေါင်း ၅၀၂၃ ရှိပြီး အင်အား ၁၈၀၀၀၀ လောက် ရှိတယ်လို့ဆိုပါတယ်။ ဒီပြည်သူ့စစ်အဖွဲ့အများစုကြီးဟာ EAOs တွေနဲ့ စစ်ရေးပဋိပက္ခဖြစ်နေတဲ့ တိုင်းရင်းသားပြည်နယ်တွေမှာရှိနေကြတယ်။

The Asia Foundation က၂၀၁၆ ခုမှာ ထုတ်ဝေတဲ့ ဂါရှင်တန်တက္ကသိုလ် နိုင်ငံရေးသိပ္ပံဌာန PhD တက်ရောက်နေသူ JohnBuchanan ရဲ့ ဘွဲ့ယူစာတမ်းဖြစ်တဲ့ Militia in Myanmar သုတေသနစာတမ်းထဲမှာတော့ Militia ခေါ် အရပ်သားလက်နက်ကိုင်ပြည်သူ့စစ်အဖွဲ့တွေကို ၄ မျိုးခွဲခြားထားတယ်။

၁။ တပ်မတော်နဲ့ တသားတည်းပေါင်းထားတဲ့အဖွဲ့များ။ ဒီအဖွဲ့တွေဟာ ယခင် EAOs တိုင်းရင်းသားလက်နက်ကိုင်တွေဖြစ်ပြီး အဖွဲ့လိုက်ဖြစ်စေ၊ ခွဲထွက်ပြီးဖြစ်စေ၊ တခြမ်းပဲ့ဖြစ်စေ အစိုးရနဲ့ အပစ်အခတ်ရပ်စဲရေး ရယူထားပြီး ၂၀၀၉ နောက်ပိုင်းမှာ BGF နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲလာကြတဲ့ နယ်စပ် တလျှောက်က တိုင်းရင်းသားလက်နက်ကိုင်တွေဖြစ်ပါတယ်။ BGF တွေကို အစိုးရက တပ်ရင်းတွေအဖြစ် ဖွဲ့ထားပေးပြီး တပ်မတော်က ဗိုလ်မှူးဗိုလ်ကြီးများနဲ့ တပ်ကြပ်အနည်းဆုံး ၃၀ လောက်ကို ဒုရင်းမှူးအဆင့်ကနေ တပ်ထောက်အဆင့်အထိ ထည့်သွင်းဖွဲ့စည်းထားတယ်။ သတ်မှတ်ဖွဲ့စည်းပုံကတော့ အင်အား ၃၂၆ ယောက်ဖြစ်ပြီး အသက် ၅၀ ကျော်ရင် အငြိမ်းစား ယူနိုင်းတယ်။ ဒီတပ်တွေကို ကိုယ့်နယ်စပ်ကလွဲပြီး တခြားကို ပြောင်းရွှေ့ခွင့်မပေးဘူး။ လက်နက်ကြီးတွေ တပ်ဆင်ခွင့်လည်း ပေးထားတယ်။ ဒီတပ်တွေဟာ တပ်မတော်နယ်မြေရှင်းလင်းရေးတွေမှာ စစ်ကူပေးတာ၊ လမ်းပြတာတွေကို အဓိကလုပ်ဆောင်ကြရတယ်။ တပြည်လုံးမှာ အဲသလို BGF တပ်ရင်းပေါင်း ၂၃ ရင်းရှိတယ်။ တချို့လည်း နောက်ပိုင်းမှာ BGF ကနေ ပြည်သူ့စစ်ပြောင်းတာရှိတယ်။ စားနပ်ရိက္ခာထောက်ပံ့ရေးကို အစိုးရကတာဝန်ယူပြီး နယ်မြေတွင်း ကူးသန်းရောင်းဝယ်ရေး အခွန်ကောက်တာတို့ စီးပွားရေးကုမ္ပဏီထောင်ပြီး သစ်လုပ်ငန်း သတ္တုလုပ်ငန်း ကျောက်စိမ်းနဲ့

ကျောက်မျက်လုပ်ငန်းတွေ လုပ်တာတို့ စက်မှုလယ်ယာလုပ်ခင်းထောင်တာ၊ အိုးအိမ်ဆောက်လုပ်ရေးလုပ်ငန်း လုပ်တာတို့ကို အစိုးရက လုပ်ပိုင်ခွင့်တွေ ချပေးထားတယ်။ တချို့အဖွဲ့တွေကတော့ မူးယစ်ဆေးဝါး ထုတ်လုပ်ကုန်ကူးမှုတွေနဲ့ မကင်းဘူးလို့ အစွပ်စွဲခံထားရတယ်။

၂။ တပ်မတော်နဲ့ တသားတည်း မပေါင်းတဲ့အဖွဲ့များ။ ဒီအဖွဲ့တွေကတော့ တပ်မတော်ရဲ့ တိုက်ရိုက်ဦးစီးကွပ်ကဲမှုအောက်မှာရှိပေမယ့် BGF တွေလို သူတို့ထဲကို တပ်မတော်က ဗိုလ်တွေတပ်ကြပ်တွေ ထည့် မထားဘူး။ လုပ်ငန်းတာဝန်တွေကတော့ BGF တွေနည်းတူ တပ်မတော်စစ်ဆင်ရေးနဲ့ နယ်မြေရှင်းလင်းရေးတွေမှာ အထောက်အကူပြုရေးနဲ့ ရပ်ရွာလုံခြုံရေးလုပ်ငန်းတွေပဲ။ ဒီအဖွဲ့တွေမှာ အကြီးအသေး မျိုးစုံရှိတယ်။ ကိုယ့်ဘာသာ ထောက်ပံ့ကြရတယ်။ ရပ်ရွာမှာ သီးနှံခွန် ရောင်းဝယ်ခွန် ဖြတ်သန်းခွန်စတဲ့ အခွန်တွေကောက်တယ်။ ထူးခြားချက်ကတော့ ပြည်သူ့စစ်အဖွဲ့ကြီးတွေရဲ့ ခေါင်းဆောင်တွေမှာ ကိုယ်ပိုင်စီးပွားရေးတွေ ရှိကြတယ်။

အများအားဖြင့် BGF တွေလို အစိုးရကချပေးတဲ့လုပ်ပိုင်ခွင့်တွေရသလို ခရိုနီတွေနဲ့ အဆက်အသွယ်ယူပြီး စီးပွားရေးလုပ်ငန်းတွေလည်း လုပ်ကြတယ်။ သစ်၊ ရွှေ၊ ကျောက်စိမ်း၊ ကျောက်နီ စတာတွေ လုပ်ကြသလို စားသောက်ဆိုင်ကြီးတွေ၊ ဟော်တယ်တွေ ဓာတ်ဆီဆိုင်တွေ လုပ်ကြတယ်။ တချို့ဆိုရင် ကိုယ့်နယ်အပြင်ဘက်သာမက စစ်နဲ့ဝေးတဲ့ မြို့ကြီးတွေမှာ Developer အိုးအိမ်တိုက်တာ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ ခရီးသွားမော်တော်ယာဉ်လိုင်းတွေ ဖွင့်ထားကြတယ်။ အရင်က လမ်းဖြတ်ခွန်ကောက်တဲ့ ဂိတ်တွေတောင် အဝေးပြေးလမ်းတွေပေါ်မှာ လုပ်ထားကြတယ်။ မူးယစ်ဆေးလုပ်ငန်းတွေနဲ့ မကင်းဘူးလို့ သံသယအရှိခံရတဲ့ အဖွဲ့တွေလည်း ရှိတယ်။

၃။ တပ်မတော်က ထောက်ပံ့ဖွဲ့စည်းပေးထားတဲ့ ရပ်ရွာလက်နက်ကိုင်အဖွဲ့များ။ ဌာနေပြည်သူ့စစ်အဖွဲ့တွေဟာ ဒီအမျိုးအစားထဲ အကျုံးဝင်တယ်။ အများအားဖြင့် မြို့ငယ်တွေမှာ မြို့မပြည်သူ့စစ်ပုံစံ၊ ကျေးရွာတွေမှာ သကဆဖ သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့ပုံစံနဲ့ ဖွဲ့ထားတယ်။ လက်နက်ခဲယမ်းလည်း အပြည့်အစုံ တပ်ဆင်ချင်မှ တပ်ဆင်ထားတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကနေ ရွာထဲကလူတွေကို ရွေးချယ်ပြီး တပ်မတော်ဆီမှာ စစ်သင်တန်းတက်ခိုင်းတယ်။ တပ်မတော်စစ်ကြောင်းတွေမရောက်တဲ့၊ ရဲအဖွဲ့ လက်လှမ်းမမီတဲ့ နယ်စွန်နယ်ဖျားတွေမှာ ဒီအဖွဲ့တွေဟာ အစိုးရငယ်လေးတွေဖြစ်နေတယ်။ တပ်မတော်စစ်ကြောင်းတွေလာရင် တပ်နဲ့အတူ ကင်းလှည့်တာ လမ်းပြတာတွေလုပ်တယ်။ လိုအပ်ရင် သူတို့ကို စစ်ဂတ်စုံဂတ်ခိုင်းပြီး လက်နက်တပ်ဆင်ပေးတယ်။ အခွန်အတုတ်နဲ့ အဓိက ရပ်တည်ရတာများတယ်။

၄။ တိုင်းရင်းသားလက်နက်ကိုင်နယ်မြေများထဲမှ ရပ်ရွာလက်နက်ကိုင်အဖွဲ့များ။ Militia ပြည်သူ့စစ်တွေ အရပ်သားလက်နက်ကိုင်တွေထဲမှာ အရေအတွက် တိတိကျကျမသိနိုင်ပေမယ့် အတော်အင်အားနည်းတယ်လို့ ဆိုကြတယ်။ ဒီအဖွဲ့တွေဟာ EAOs အဓိကတပ်တွေ လှုပ်ရှားအခြေစိုက်ရာနယ်မြေတွေမှာ ရပ်ရွာလုံခြုံရေးနဲ့ အမြဲတမ်းတပ်ကို ထောက်ကူရေးတွေလုပ်ဖို့ ပြည်တွင်းစစ်အစပိုင်း ကာလကတည်းက ပေါ်လာတဲ့အဖွဲ့လေးတွေဖြစ်ပါတယ်။ ဥပမာ KNU ဆိုရင် အဓိကလက်နက်ကိုင်တပ်ဖြစ်တဲ့ KNLA တပ်အပြင် KNDO ကာကွယ်ရေးအဖွဲ့တွေ ဖွဲ့ထားတယ်။ KIO တို့ KIA တို့မှာလည်း MHH (Mungshan Hypen Hpung) ပြည်သူ့စစ်အဖွဲ့တွေ ရှိတယ်။ BGF တချို့နဲ့ မဟာမိတ်လုပ်ထားတဲ့ EAOs အနည်းငယ်လည်း ရှိတယ်။

အဲဒီစာတမ်းအရ ကချင်မှာ BGF ၅ဖွဲ့ရှိပြီး ချီဖွေ၊ ဆော့လော်နဲ့ ပိုင်းမော်တွေမှာအခြေချတယ်။ ပူတာအိုရဝမ်ပြည်သူ့စစ်၊ ပိုင်းမော်လော်ဝါးယန်ပြည်သူ့စစ်၊ မြစ်ကြီးနား တာလောကြီး ပြည်သူ့စစ်ဆိုပြီး ပြည်သူ့စစ် ၃ ဖွဲ့လည်း ရှိသေးတယ်။ ကယားပြည်နယ်မှာဆိုရင် BGF၁၀ ဖွဲ့ရှိပြီး လွိုင်ကော်၊ ဖားဆောင်း၊ မယ်စဲ့၊ ဘော်လခဲနဲ့ ဒီမောဆိုးတို့မှာ ၂ ဖွဲ့စီဖြန့်ခွဲနေတယ်။

ရှမ်းပြည်နယ်ထဲမှာတော့ BGF ၇ ဖွဲ့ ရှိတယ်။ လောက်ကိုင်၊ မန်တုံ၊ ကွမ်းလုံ၊ မက်မန်း၊ ကုန်းကျန်း၊ မိုင်းယောင်း၊ တာချီလိတ်တို့မှာ အခြေစိုက်တယ်။ PMF ပြည်သူ့စစ်အဖွဲ့ကတော့ ၃၈ ဖွဲ့တောင်ရှိတယ်။ မန်တုံ၊နမ့်ခမ်းမြို့မ၊ ပန်းဆေး၊ နမ္မတူ၊ မုံးကိုး၊ ကျူကုတ်၊ မိုင်းယု၊ မုံးပေါ်၊ ကွတ်ခိုင်အထူး၊ ပန်ဆိုင်း၊ တာမိုးညဲ၊ မန်ကျယ်၊ ရှောက်ဟော်၊ နမ့်ဖတ်ကာ၊ ကောင်းခါး၊ ကွတ်ခိုင်မြို့မ၊ လားရှိုး၊ မိုင်းခေး၊ စိန်ကျော့၊ မုန်းဟင် မုန်းဟာ့၊ တန့်ယန်းမြို့မ၊ မန်ပန်၊ မုန်းဟင်၊ နောက်မိုး၊ မိုင်းကောင်၊ နောင်ကော်၊ နောင်ဖာ၊လဲခြား၊ ကွန်ဟိန်း၊

မိုးဖြတ်၊ မိုင်းဆပ်၊ နမ့်ဆန်မြို့မ၊ မာကျန့်၊ နားပွဲ၊ နားယိုင်၊ လင်းခေးဟိုးမိန်း၊ ဖယ်ခုံရွှေပြည်အေး၊ ပအို့ဂ် (ဟိုပုန်း၊ ဆီဆိုင်၊ ပင်လောင်း)ကယန်းအမျိုးသား ကာကွယ်ရေးပြည်သူ့စစ်တွေ ရှိတယ်။ ဒီစာရင်းထဲမှာ ကျိုင်းတုံတပိုက် တိုင်းရင်းသားပြည်သူ့စစ်အဖွဲ့တွေ သိပ်မပါတာ တွေ့ရတယ်။

ကရင်ပြည်နယ်ထဲမှာ BGF ၁၄ ဖွဲ့လောက် ရှိတယ်။ လှိုင်းဘွဲ့မှာ ၄ ဖွဲ့၊ ဖာပွန်မှာ ၃ ဖွဲ့၊ မြဝတီမှာ ၅ ဖွဲ့၊ ကော့ကရိတ်မှာ ၁ ဖွဲ့နဲ့ ကြာအင်းဆိပ်ကြီးမှာ ၁ ဖွဲ့ဖြစ်ပါတယ်။ ပြည်သူ့စစ်ကတော့ သံတောင် ပြည်သူ့စစ်အဖွဲ့ ၁ ဖွဲ့ပဲ စာရင်းထဲပါတယ်။

ဒီအဖွဲ့တွေအပြင် ပြည်သူ့စစ်အဖွဲ့လေးတွေကလည်း အများအပြားရှိတယ်။ EAOs ပဲ့ထွက်လာတဲ့အဖွဲ့ကလေးအတော်များများဟာ လက်နက်ချသူချ၊ BGF နဲ့ မဟာမိတ်လုပ်သူလုပ်၊ ပြည်သူ့စစ်လုပ်သူလုပ်ဖြစ်ကုန်ကြလို့ အဲသလိုအဖွဲ့လေးတွေ မှိုလိုပေါက်လာတာဖြစ်ပါတယ်။ ဥပမာ ခွန်ဆာလက်နက်ချပြီးနောက် MTA မော်ထိုင်းရှမ်းတပ်က ပဲ့ထွက်လာတဲ့အဖွဲ့ ၃ ဖွဲ့ဆိုရင် မုန်းဟင်မုန်းဟာ့မှာ ပြည်သူ့စစ်လုပ်သလိုမန်ပန်တို့ မူဆယ်တို့မှာပြည်သူ့စစ်တွေ ဖြစ်ကုန်တယ်။ နောက်ထပ် MTA ခွဲထွက်ဖြစ်တဲ့ ရွှေပြည်အေးအဖွဲ့ကတော့ ဖယ်ခုံမှာ ပြည်သူ့စစ်လုပ်တယ်။ လွိုင်ကော်က နဂါးအဖွဲ့ဟာလည်း သူ့နယ်ထဲမှာ အာဏာရှိသူဖြစ်လာတယ်။ SSNA ခွဲထွက်အဖွဲ့ဟာ မိမိဘာသာဖျက်သိမ်းတာလုပ်ပြီး တချို့က SSA တောင်ပိုင်းကို ပူးပေါင်းတယ်။ နောက်ထပ် MTA ဟောင်းအဖွဲ့ ၄ ဖွဲ့ဟာ ဟိုမိန်း၊ မတ်ကျန်း၊ နားယိုင်တွေမှာ ပြည်သူ့စစ်ဖြစ်ကုန်တယ်။ ကချင်ပြည်နယ်ပိုင်းမော်က KIA ထောက်လှမ်းရေးမှူးဟောင်း လဆန်အောင်ဂါအဖွဲ့ဟာလည်း ပိုင်းမော်ပြည်သူ့စစ်ဖြစ်သွားတယ်။ SSA တောင်ပိုင်းတပ်မဟာ ၇၅၈ ကတော့ ဂမ်ပန်ပြည်သူ့စစ်ဖြစ်လာတယ်။ ဖဒိုအောင်စန်းKNDP ခွဲထွက်အဖွဲ့လည်း ဖားအံပြည်သူ့စစ်ဖြစ်သွားတယ်။ သံတောင် အထူးဒေသငြိမ်းချမ်းရေးအဖွဲ့လည်း သံတောင်ပြည်သူ့စစ် လုပ်သွားတယ်။ သံတောင်မြောက်ခြမ်း အထူးဒေသကတော့ လှုပ်ရှားမှုမရှိတော့ဘူး။ မြိတ်အခြေစိုက် မွန်ငြိမ်းချမ်းရေးအဖွဲ့က လက်နက်ချတယ်။ ဒီစာရင်းဟာ ၂၀၁၅ မတိုင်မီကစာရင်းတွေဖြစ်လို့ မပြည့်စုံတာတို့ အပြောင်းအလဲတို့လည်း ရှိနိုင်ပါတယ်။

အထက်ပါလက်နက်ကိုင်ပြည်သူ့စစ်အဖွဲ့ ၄ မျိုးထဲမှာ ၃ မျိုးဟာ တပ်မတော်ရဲ့ကွပ်ကဲမှုအောက်မှာရှိတယ်။ ၂၀၀၈ ခြေဥအခန်း ၇ ပုဒ်မ ၃၃၈ မှာ နိုင်ငံတော်တွင်းရှိလက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင်ရှိသည်-လို့ ပြဋ္ဌာန်းထားတယ်။ နောက်ပုဒ်မတခုဖြစ်တဲ့ ပုဒ်မ ၃၄၀ မှာတော့ တပ်မတော်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့်……ကာကွယ်ရေးတွင် ပြည်သူလူထုတရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ပြည်သူ့စစ်အဖွဲ့တွေဖွဲ့ခွင့်၊ လေ့ကျင့်သင်ကြားခွင့် လက်နက်တပ်ဆင်ခွင့်တွေ တပ်မတော်က အပြည့်အဝရရှိနေတယ်။

အမှန်တော့ ပြည်သူ့စစ်မဟာဗျူဟာဆိုတာ နဝတ၊ နအဖနဲ့ အခု ၂၀၀၈ ခြေဥအရပ်သားအမည်ခံအစိုးရလက်ထက်ကျမှ ပေါ်လာတာမဟုတ်ဘူး။ မြန်မာပြည် ပြည်တွင်းစစ် ဖြစ်ပွားချိန်လောက်ကတည်းက စတင်ခဲ့တဲ့ လက်နက်ကိုင်အဖွဲ့ အားဖြည့်တဲ့နည်းတွေ ဖြစ်ပါတယ်။ လွတ်လပ်ရေးရခါစမှာ ပြည်တွင်းစစ်ကြီး ပေါ်လာတော့ အဲဒီတုန်းက ဝန်ကြီးချုပ်ဖြစ်သူဟာ တပ်မတော်ကိုထောက်ကူပြီး နိုင်ငံလုံခြုံရေးကို ဝင်ယူပေးဖို့ ပြည်စောင့် အထူးရဲ (နောင်မှာ စစ်ဂန်ထမ်းတပ်) ဆိုတာတွေကို ပထမဆုံးဖွဲ့ပြီး သူပုန်တွေကိုတိုက်စေခဲ့တယ်။ ဒီအဖွဲ့တွေဟာ နောင်မှာ နိုင်ငံရေးပါတီတွေရဲ့ ခါးပိုက်ဆောင်တပ်တွေဘဝ ရောက်ကုန်တယ်။ ၁၉၅၆ ခုမှာဖွဲ့တဲ့ ပြူစောထီးလက်နက်ကိုင်အဖွဲ့တွေ၊ ကာကွယ်ရေးအဖွဲ့တွေဆိုရင် နိုင်ငံတော်လုံခြုံရေးအမည်ခံပြီး ဖဆပလတည်မြဲအဖွဲ့ရဲ့ နိုင်ငံရေးလက်ကိုင်တုတ်အဖြစ် ရောက်ရှိသွားတယ်။ အလားတူဘဲ KMT တရုပ်ဖြူတွေ ရှမ်းပြည်ထဲ ကျူးကျော်လာတာကို ဟန့်တားဖို့ ရှမ်းပြည်ထဲမှာ ဒေသခံတွေနဲ့ ကာကွယ်ရေးအဖွဲ့မျိုးစုံကို ဖွဲ့ကြတယ်။ ဒီအဖွဲ့တွေဟာ လက်နက်ခဲယမ်းတွေ စစ်ပစ္စည်းတွေဝယ်နိုင်ဖို့ ဘိန်းတန်းတွေနဲ့ ထိုင်းနိုင်ငံကို ဆင်းကြတက်ကြတယ်။ သူတို့ရဲ့အသွားကုန်က ဘိန်းတွေဖြစ်ပြီး အပြန်ကုန်က ထိုင်းမှောင်ခိုပစ္စည်းတွေ ဖြစ်ပါတယ်။

၁၉၇၃ မှာ မဆလစစ်အစိုးရက အဲဒီရှမ်းပြည်နယ်ထဲက ကာကွယ်ရေးတွေကို စစ်တပ်လက်အောက် အပြည့်အဝရောက်ဖို့ အသွင်ပြောင်းခိုင်းတော့ အဖွဲ့တချို့က လက်မခံဘဲ တောခိုတယ်။ ကာကွယ်ရေးအဖွဲ့ ၂၃ ဖွဲ့ထဲမှာ ၉ ဖွဲ့ တောခိုတာပါ။ အများအပြားလည်း SSA ထဲရောက်ကုန်တယ်။ ကျန်အဖွဲ့တွေကလည်း ဗကပနဲ့ တိုင်းရင်းသားသူပုန်တွေကို ဆန့်ကျင်ရေးအတွက် အစိုးရနဲ့အတူ ပူးတွဲနေပေမယ့် တရားဝင်အရ အခွန်ကောက်တာလုပ်ပြီး တရားမဝင်မှောင်ခိုကုန်ကူးတာနဲ့ မူးယစ်ဆေးလုပ်ငန်းတွေလုပ်နေကြတယ်။ တခါ တလေ တောင်ကြီးစစ်စခွန်းဆေးရုံက ရှုရှားပါရဂူတွေကိုပြန်ပေးဆွဲပြီး အဖမ်းခံနေရတဲ့ လွယ်မော်အဖွဲ့ခေါင်း ဆောင်ခွန်ဆာနဲ့ အလဲအလှယ်လုပ်တာမျိုးတွေလည်း လုပ်တတ်ကြတယ်။ ကိုးကန့်က လောစစ်ဟန်ဆိုရင် စစ်ဘုရင်တစ်ပါးဖြစ်သလို အရှေ့တောင်အာရှဘိန်းဘုရင်လို့ကျော်ကြားနေတဲ့ မူးယစ်ဆေးရာဇာတဦးလည်း ဖြစ်နေတယ်။ ထိုင်းနိုင်ငံမှာဖမ်းဆီးမိတော့ မြန်မာပြည်ကိုပြန်လွှဲပေးလိုက်တယ်။ ထောင်နစ်ရှည်ချပေမယ့် သိပ်မကြာခင်မှာပဲ သူ့ကို အစိုးရက ထောင်ကနေ ပြန်လွှတ်လိုက်တယ်။ ပြည်သူ့စစ်မဟာဗျူဟာကို မဆလ စစ်အစိုးရက မြစ်ဂကျွန်းပေါ်နဲ့ ပဲခူးရိုးမတို့ ရှမ်းပြည်အလယ်ပိုင်းတို့မှာ ပထမဆုံးပွဲထုတ်ပါတယ်။ ဒီမဟာဗျူ ဟာက မလေးရှားနဲ့တောင်ဗီယက်နမ်တွေမှာ ဗြိတိသျှနဲ့အမေရိကန်တပ်တွေ ကျင့်သုံးခဲ့တဲ့ ဖြတ် ၄ ဖြတ်နည်း ဖြစ်ပါတယ်။

ပြောက်ကျားသူပုန်အဖွဲ့အစည်းတွေနဲ့ ပြည်သူလူထုအကြား အဆက်အသွယ်ဖြတ်တောက်တဲ့ နည်း လို့လည်း ခေါ်တယ်။ ဒီမဟာဗျူဟာအရ ပြည်သူ့စစ်အဖွဲ့တွေ ရွာတိုင်းမှာဖွဲ့ပြီး သူပုန်သတင်းရယူတာ၊ သူ ပုန်ကို ရိက္ခာပြတ်အောင်လုပ်တာ၊ မဟာဗျူဟာရွာလို့ခေါ်တဲ့ စစ်တပ်စခန်းအနီးမှာ ရွာတွေကို ရွှေ့ပြောင်းစေ ပြီး အဝင်အထွက်တင်းကျပ်တာ စတာတွေလုပ်စေတယ်။ ၁၉၇၄ ခု မဆလအခြေခံဥပဒေ ခွင့်ပြုချက်နဲ့ ပြည် သူ့စစ်မဟာဗျူဟာအရ မြို့နယ်ပေါင်း ၂၁၂ မြို့နယ်က ကျေးရွာပေါင်း ၁၈၃၁ မှာ ပြည်သူ့စစ်အဖွဲ့တွေ ဖွဲ့ ထားပြီး ပြည်သူ့စစ်အဖွဲ့ဝင်ပေါင်း ၆၇၇၃၆ ယောက်ရှိတယ်လို့ဆိုပါတယ်။ အဲဒီ အဖွဲ့ဝင်တွေထဲမှ တပ်မ တော်က လက်နက်တပ်ဆင်ပေးတဲ့ ပြည်သူ့စစ်ဦးရေက ၁၅၂၂၇ လက်လို့ဆိုတယ်။ ကျန်တာတွေက ဂါးချွန်နဲ့ တုတ် ဓားတွေနဲ့ပါ။ မြန်မာအရေးအထူးပြုလေ့လာသူ အင်ဒရူးစဲ့သ်ရဲ့ခန့်မှန်းချက်အရ အဲသလို ပြည်သူ့စစ် ဦးရေဟာ ၁၉၈၀ ခု တပိုက်မှာ ၃၅၀၀၀ အထိရှိခဲ့တယ်လို့ သိရတယ်။၂၀၀၈ ခြေဥပေါ်လာပြီး နောက်ပိုင်း တပ်မတော်အာဏာပိုင်တွေက ကျေးရွာပေါင်း ၁၃၇၂၅ ရွာမှာ ပြည်သူ့စစ်အဖွဲ့တွေဖွဲ့ဖို့ စီစဉ်ခဲ့တယ်လို့ လည်း သတင်းတွေက ဆိုပါတယ်။

မြန်မာပြည် ထောင့်ကြိုထောင့်ကြားအထိရောက်နေတဲ့ အဲဒီပြည်သူ့စစ်တွေ ကာကွယ်ရေးတွေ သ ကဆဖ သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့တွေဟာ ၂၀၀၈ ခြေဥ ပုဒ်မ ၃၄၀ ပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ် မဟာ ဗျူဟာအရ ဖွဲ့စည်းထားတာတွေဖြစ်ပါတယ်။ ဒီလက်နက်ကိုင်တွေဟာ လက်တွေ့မှာ ဘယ်လို ပြည်သူ့စစ် မဟာဗျူဟာတွေကို အကောင်အထည်ဖော်နေပါသလဲ။ ၁၉၄၉-၅၀ လောက်ကစတင်လာတဲ့ မြန်မာနိုင်ငံ အ ရပ်သားလက်နက်ကိုင်တွေ စစ်ဂန်ထမ်းတွေ ပြူစောထီးတွေ သကဆဖတွေ ကာကွယ်ရေးတွေ ပြည်သူ့စစ် တွေ မြန်မာသမိုင်းမှာ တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ကြတာကတော့ နယ်ချဲ့သမားနဲ့ ပြည်ပရန်ကို တွန်းလှန် တိုက်ခိုက်ဖို့မဟုတ်ဘဲ တိုင်းရင်းသားချင်းဖြစ်ပွားတဲ့ ပြည်တွင်းစစ်မှာ အာဏာရအုပ်စိုးသူဘက်ကနေ သူပုန် နှိမ်နင်းရေးတွေကိုပဲ လုပ်တာဖြစ်ပါတယ်။ ဒါကြောင့် နယ်စပ်ဒေသတလျှောက် ထိစပ်နေတဲ့ တိုင်းရင်းသား ပြည်နယ်အများအပြားမှာ ပြည်တွင်းစစ်ပုံသဏ္ဌာန်ဟာ တပ်မတော်ရယ် ပြည်သူ့စစ်ရယ်ကတဖက် EAOs တိုင်း ရင်းသားသူပုန်တွေကတဖက် ဖြစ်ပွားတဲ့စစ်ပွဲပုံသဏ္ဌာန် ဖြစ်လာခဲ့တယ်။ ဒါကြောင့် ပြည်သူ့စစ် မဟာ ဗျူဟာဆိုတာကလည်း လက်တွေ့မှာ EAOs တွေကိုနှိမ်နင်းရေးအတွက် အရပ်သားတွေကို စစ်တပ်က အသုံးပြုတဲ့ မဟာဗျူဟာသာဖြစ်ပါတယ်။

၁၉၈၉ ခု ဗကပပြိုကွဲပြီးနောက်ပိုင်း ပထမဆုံး ဗကပခွဲထွက်အဖွဲ့ဖြစ်တဲ့ MNDAA ကိုးကန့်အဖွဲ့ဆို ရင် တပ်မတော်နဲ့အတူ လက်တွဲပြီး KIA ကို တိုက်ခိုက်သူဖြစ်လာတယ်။ နောက်ပိုင်း ဆရာမနိုင် ၂ ဆောင် ပြိုင်ဖြစ်ပြီး MNDAA ဟာ တပ်မတော်ကို သေနတ်ပြောင်းပြန်လှည့်တဲ့အဖွဲ့ ဖြစ်သွားတယ်။ ကချင်ပြည်နယ် မှာလဲ ဦးဇခုံတိန့်ယိန်း NDA(K) အဖွဲ့ဟာ BGF တို့ ပြည်သူ့စစ်တို့လုပ်ရင်း KIA ကိုတိုက်တာတွေ လုပ်တယ်။ မြစ်ကြီးနား တာလောကြီးဒေသ အစိုးရက ရှမ်းနီလူမျိုး ၂၀၀ လောက်ကို စစ်လေ့ကျင့်လက်နက် တပ်ဆင်

ပေးပြီးဖွဲ့ထားတဲ့ တာလောကြီး ပြည်သူ့စစ်ဆိုရင်လည်း KIA ကို တိုက်နေတာပါပဲ။ ရှမ်းမြောက်က ပန်ဆေး ပြည်သူ့စစ်ဆိုရင် ပလောင်TNLA ကိုလည်း တိုက်တယ်။ KIA ကိုလည်း တိုက်တယ်။ နာမည်ကျော် ၂၀၀၀ ခု မုံးကိုး လူသတ်ပွဲမှာ ပန်ဆေးပြည်သူ့စစ်နဲ့ ကွတ်ခိုင်ပြည်သူ့စစ်တွေရဲ့အခန်းက အဓိကကျတယ်။ ဒီလူသတ်ပွဲ ဟာ ပေမုံလုံအနီးမှာဖြစ်ခဲ့တာဖြစ်ပြီး မုံးကိုး တပ်မဟာမှူး လီညီမင်အပါ ကေဒါနဲ့ တပ်သား ၂၀၀ ကျော်ကို သွေးအေးအေးသတ်ခဲ့တာဖြစ်ပါတယ်။ ရှမ်းပြည်အလယ်ပိုင်းနဲ့အရှေ့ပိုင်းတွေမှာလည်း ပြည်သူ့စစ်တွေဟာ အစိုးရစစ်ကြောင်းတွေနဲ့လိုက်ပြီး လမ်းပြတာ ပါဂင်တိုက်ခိုက်တာတွေ လုပ်တယ်။ ကရင်ပြည်နယ်မှာဆိုရင် BGF မျိုးစုံ၊ NCA လက်မှတ်ထိုး EAOS မျိုးစုံ ဒွေးရောယှက်တင် ဖြစ်နေပြီး အစိုးရစစ်တိုင်းတပ်တွေနဲ့ လက်ချင်းချိတ်ပြီး ကိုယ့်အချင်းချင်း ပြန်တိုက်နေတဲ့ အုပ်စုတွေမနည်းဘူး။

Militia ဆိုတဲ့ အရပ်သားလက်နက်ကိုင်အဖွဲ့တွေဟာ ကိုယ့်နယ်မြေမှာတော့ ကိုယ့်မင်းကိုယ့်ချင်းလို့တောင် ဆိုရမှာပါ။ ငွေကြေးနဲ့ အခွန်အတုတ်ကောက်ခံတာတွေ ထင်သလိုလုပ်သလို သီးနှံတွေကောက်ခံတာတွေလည်း လုပ်နေကြတယ်။ လောင်းကစားဒိုင်တွေ KTV ကာရာအိုကေဆိုင်တွေ၊ အနှိပ်ခန်းတွေ ကိုယ်တိုင်ဖွင့်သူရှိသလို အကာအကွယ်ပေးထားတာတွေ ရှိတယ်။ ပန်ဆေးပြည်သူ့စစ်ခေါင်းဆောင် ဦးကျော်မြင့်ရဲ့ မူဆယ်လောင်းကစားအင်ပါယာမှာ မကြာသေးမီက တိုက်ပွဲတွေတောင်ဖြစ်ခဲ့သေးတယ်။ ပန်ဆေးအဖွဲ့ခေါင်းဆောင်ဟာ ရန်ကုန် ကန်တော်ကြီး ကွန်ဒိုဆောက်လုပ်ရေးတွေကစပြီး မန္တလေးဦးပိန်တံတားအရှေ့ထိပ်တောင်သမန်သစ္စာစီမံကိန်းတွေအထိ စီးပွားရေးအင်ပါယာတွေ ထူထောင်ထားတယ်။ ရှမ်းပြည်တောင်ပိုင်း လင်းခေးပြည်သူ့စစ် မဟာဂျာဆိုရင်လည်း ရှမ်းတောင်ပိုင်း ကုမ္ပဏီထူထောင်ပြီး လုပ်လို့ရသမျှလုပ်ကွက်တွေကို ဝင်နိုက်တယ်။ တပ်မတော်က အဲဒီ BGF နဲ့ ပြည်သူ့စစ်အဖွဲ့တွေကို ဖားကန့် မိုးကုတ်မိုင်းရှူး စတဲ့ ကျောက်မျက်လုပ်ကွက်တွေနဲ့ ရွှေတောလုပ်ငန်းတွေ သစ်လုပ်ငန်းတွေ လုပ်ကွက်ချပေးရုံမက စက်မှုလယ်ယာလုပ်ဖို့ ဆိုပြီး တိုင်းရင်းသားတောင်သူတွေပိုင်ဆိုင်တဲ့ မြေယာတွေကို သိမ်းယူပြီး သူတို့ကိုပေးတဲ့အတွက် ဒေသခံတိုင်းရင်းသားတွေဟာ ကျေးရွာပိုင်စားကျက်မြေတွေ လယ်မြေတွေ ယာမြေတွေ လက်လွှတ်ကုန်တယ်။ မကျေနပ်လို့ ဆန္ဒပြတာတွေကိုလည်း ပြင်းထန်စွာအပြစ်ပေးတာခံကြရတယ်။ အဲဒီ Militia ခေါင်းဆောင်တွေထဲက တချို့ဆိုရင် ဥပဒေပြုလွှတ်တော်တွေထဲအထိ ရောက်နေတယ်။ NDA(K) ကနေ ပြောင်းလဲလာတဲ့ ပြည်သူ့စစ်ခေါင်းဆောင် ဦးဇခုံတိန့်ယိန်းတို့၊ ကွတ်ခိုင်ပြည်သူ့စစ်ခေါင်းဆောင်အဖြစ် ၁၉၉၀ ကနေ ၂၀၁၀ အထိ လုပ်လာခဲ့တဲ့ ဦးတီခွန်မြတ်တို့ဆိုရင် လွှတ်တော်ထဲမှာရောက်နေပြီ။ ဦးဇခုံတိန့်ယိန်းဟာ ဒုတိယအကြိမ် (၂၀၁၅) ရွေးကောက်ပွဲဝင်တော့ မဲမသမာမှုတွေပြုတယ်လို့ အစွပ်စွဲခံရပြီး ကိုယ်စားလှယ်အဖြစ်က ရုပ်သိမ်းတာခံရတယ်။ ဒါပေမဲ့ သူ့သားဖြစ်သူက ပြည်နယ်အမတ်ဆက်ဖြစ်နေတယ်။ ဦးတီခွန်မြတ်ကတော့ USDP ပါတီကနေ ရွေးကောက်ပွဲ ၂ ကြိမ်ဝင်ရင်း ပြည်သူ့လွှတ်တော် ဒုဥက္ကဋ္ဌရာထူးကနေ တသီးပုဂ္ဂလအဖြစ်နဲ့ အခု ဆိုရင် ပြည်သူ့လွှတ်တော် ပထမဥက္ကဋ္ဌရာထူးနေရာကိုတောင် ရနေတယ်။

တကယ်တော့ အဲသလို ပြည်သူ့စစ်တွေဟာ ကိုယ့်ရပ်ရွာကို လုံခြုံမှုရအောင် လုပ်ပေးတယ်ဆိုတဲ့ အချက်ထက် ကိုယ့်ရပ်ရွာကို ဗိုလ်ကျစိုးမိုးတာက ပိုများနေတယ်။ ဒီအဖွဲ့တွေဟာ လက်ရှိစစ်အာဏာရဲ့ ကျေးလက်ဒေါက်တိုင်တွေဆိုရင်လည်း မမှားဘူး။ တပ်မတော်ထောက်ခံပွဲတို့၊ မဘသ အမျိုးဘာသာ ထောက်ခံပွဲတို့မှာ ကိုယ့်နယ်မြေကလူထုတွေ အလုံးအရင်းတက်ရောက်လာအောင် လုပ်ပေးကြသူတွေကလည်း သူတို့ပဲ ဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေမှာလည်း အာဏာရှင်ဘက်တော်သားတွေဘက် မဲများများရအောင် လုပ်ပေးနိုင်စွမ်းရှိသူတွေကလည်း သူတို့ပဲ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူ့စစ်မျိုးစုံဟာ လုံခြုံရေး စီးပွားရေး နိုင်ငံရေးအာဏာတွေကို တိုင်းရင်းသားကျေးလက်ဒေသတွေမှာ တပ်မတော်နဲ့ရဲတပ်ဖွဲ့ပြီးရင် လက်တွေ့အကောင်အထည်ဖော်နေတဲ့ ယန္တရားတွေလို့တောင် ပြောနိုင်ပါတယ်။ ဒါကြောင့် ၂၀၀၈ ခြေဥ ပုဒ်မ ၃၄၀ထဲမှာပါတဲ့ ပြည်သူ့စစ်မဟာဗျူဟာဆိုတာ လက်တွေ့မှာ လက်နက်ကိုင်အင်ပါယာကြီးတစ်ခု ထူထောင်ထားရေးမဟာဗျူဟာသာ ဖြစ်ပါတယ်။ ဒါဟာ စစ်အာဏာကို ခြိမ်းခြောက်လာမှုမှန်သမျှကို နှိမ်နင်းမယ့် လက်နက်ကိုင်အင်ပါယာကြီးလည်း ဖြစ်ပါတယ်။ ဒီအင်ပါယာကြီးဟာ ၂၀၀၈ ခြေဥပုဒ်မ ၃၃၈ အရ "လက်နက်ကိုင်အဖွဲ့အားလုံးသည် တပ်မတော်ကွပ်ကဲမှုအောက်

တွင် ရှိရမည်” ဆိုတဲ့ ပြဋ္ဌာန်းချက်အရ ကာကွယ်ရေးဦးစီးချုပ် တဦးတည်းလက်အောက် တသွေးတသံ တမိန့် နာခံရတဲ့ အင်ပါယာကြီးဖြစ်လာပါတယ်။

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦးရဲ့ သတင်းစာရှင်းလင်းပွဲမှာ “ ကျွန်တော်တို့သွားနေတာက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး လက်နက်ကိုင်လမ်းစဉ်စွန့်ပြီးတော့ NCA လမ်းကြောင်းပေါ်မှာ ငြိမ်းချမ်းရေး ဆွေးနွေးနိုင်အောင်ဆောင်ရွက်မယ်၊ အဲဒီအချိန်မှာ သေနတ်သံတွေ ရပ်သွားမယ်။ ကျွန်တော်တို့ DDR လုပ်ခိုင်းတာမဟုတ်သေးဘူး။ သူတို့လက်နက်တွေ သူတို့ဘာသာသူတို့ သိမ်းထား၊ လက်နက်မပစ်နဲ့တော့၊ ဆွေးနွေးပွဲလမ်းကြောင်းမှာပဲ အဖြေရှာကြမယ်လို့ ဆောင်ရွက်နေပါတယ်”လို့ ပြောကြားခဲ့ပြီး အခု NCA ကို အဖွဲ့အားလုံး လက်မှတ်ထိုးလိုက်ရင်ပဲ All Inclusive လမ်းကြောင်း ဖြစ်သွားပြီလိုလို ရှင်းပြတာတွေလုပ်ပါတယ်။

ဒါပေမဲ့ အဲဒီရှင်းလင်းပွဲမှာပဲ “ကျွန်တော်တို့နိုင်ငံမှာ ခိုင်မာအားကောင်းတဲ့ အင်စတီကျူးရှင်းဆိုလို့ လောလောဆယ်တော့ တပ်မတော်တခုတည်းပဲ ရှိတယ်။...အသွင်ကူးပြောင်းတဲ့ကာလမှာ အလှုပ်အရမ်းမများအောင်လို့၊ အလှုပ်အရမ်းများပြီးကာမှ ဒီမိုကရေစီလမ်းကြောင်း တိမ်းစောင်းမသွားအောင်၊ အောင်အောင်မြင်မြင်ရောက်ဖို့ ထိန်းကျောင်းပေးနေတယ်ဆိုတဲ့အယူအဆကို လက်ခံစေချင်ပါတယ်”လို့ သူက ဆက်ပြောသွားတယ်။ ဒီပြောကြားချက်တွေအရ လက်ရှိ တပ်မတော်၊ ရဲတပ်ဖွဲ့နဲ့ ရှားရှားပါးပါး လက်နက် ကိုင်ခွင့်ရထားတဲ့ ပြည်သူ့စစ်မျိုးစုံဘက်ကို ဘယ်လိုပြုပြင်ပြောင်းလဲမယ် ဘယ်လိုကန့်သတ်မယ် ဘယ်လိုဖွဲ့စည်းမယ်စသဖြင့် လုံးဝမပြောဘဲ EAOs တိုင်းရင်းသားသူပုန်တွေဘက်ကိုပဲ ပြောသွားတယ်။ သူတို့ဘက်ကတော့ ခိုင်မာအားကောင်းတဲ့ အင်စတီကျူးရှင်းဖြစ်နေလို့ အသွင်ကူးပြောင်းရေးကာလ အလှုပ်အရမ်း မများအောင် ဆက်ထိန်းတဲ့အလုပ်ဆက်လုပ်မယ်လို့ပဲ ပြောပါတယ်။

လက်ရှိ NCA ထိုးမထိုး၊ ငြိမ်းချမ်းရေးဖြစ်စဉ် တစ်ဆို့နေမှုရဲ့ အရင်းအမြစ်ဟာ ဒီအချက်ပေါ်မှာ အခြေခံနေတာ ဖြစ်ပါတယ်။ အထက်မှာပြောခဲ့သလိုတိုင်းရင်းသားပြည်နယ်အများစုမှာ အဓိကပဋိပက္ခ သင်္ကေတန်ဟာ တပ်မတော်၊ပြည်သူ့စစ်တွေကတဖက်၊ တိုင်းရင်းသား EAOsလက်နက်ကိုင်တွေကတဖက် ပဋိပက္ခ သင်္ကေတန်ဖြစ်ပါတယ်။ ဒီဘက် ၂ ဘက်မှာ တဖက်ကိုပဲ လက်နက်တွေ ခဏသိမ်းပြီး အပစ်ရပ်ပါ၊ NCA လမ်းလိုက်ကြပါလို့ပြောနေခြင်းကို တဖက်သတ်ကျတယ်လို့ တိုင်းရင်းသားတွေမြင်ကြတာကို အပြစ် မဆိုသာဘူး။

ယုံကြည်မှုပျက်ပြားနေတာကလည်း ဒီအချက်မှာဖြစ်ပါတယ်။ ဟိုဘက်မှာတော့ လက်နက်ကိုင် တပ်ဖွဲ့မျိုးစုံရှိပြီး ကိုယ့်လက်ထဲမှာ ဘာအကာအကွယ်မှ မရှိရင် နောင်မှာဘာဖြစ်မလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အရေးအကြီးဆုံးက အခု NCA လက်မှတ်ထိုးပြီးနောက်ပိုင်း အဆင့်ဆင့်ခွဲပြီး လက်နက်ကိုင်တပ်တွေကို ပြောင်းလဲတာလုပ်လာရင် EAOs တွေရဲ့တပ်တွေ ဘယ်သောင်ဘယ်ကမ်းဆိုက်မလဲ၊ ဖက်ဒရယ်တပ် ဆိုရာမှာလည်း အမည်ခံဖက်ဒရယ်တပ်ဖြစ်နေပြီး ကွပ်ကဲမှုတွေမှာ တခြားတိုင်းရင်းသားတွေ ပါဝင်ခွင့်ရပါမလား ဆိုတဲ့ မေးခွန်းတွေရင်ဆိုင်နေရတယ်။ BGF တို့ PMF တို့ ပြည်သူ့စစ်တို့ ကာကွယ်ရေးတို့ နယ်ခြားရဲတို့ အဆင့်ကို လျှော့ကျသွားမလား၊ ဒါမှမဟုတ် ပြည်သူ့စစ်မဟာဗျူဟာအရ ပေါ်လာမယ့် တခြား ပုံစံတမျိုးမျိုး လားဆိုတဲ့ မရှင်းလင်းတဲ့အနာဂတ်ကို ရင်ဆိုင်နေရခြင်းဖြစ်ပါတယ်။ ဒီသတင်းစာရှင်းလင်းပွဲမှာပဲ ဗိုလ်ချုပ်စိုးနိုင်ဦးက “ဘာတွေရလဲဆိုရင် သူတို့မှာ အီမိုးရှင်း(စိတ်လှုပ်ရှားမှု)တွေ ရှိတယ်၊ နောက်တခုက သူတို့မှာ စိုးရိမ်စိတ်တွေရှိတယ်၊ နောက်တခုက အကျိုးစီးပွားတွေရှိတယ်။ ဒီသုံးချက်ပေါ်မူတည်ပြီး သူတို့အနေနဲ့ ဆောင်ရွက်နေတာ ရှိတယ်။ ဒါကြောင့် ယုံကြည်မှုမရသေးခင် အချင်းချင်း အပြန်အလှန်ထိတွေ့ပြီးတော့ နားလည်မှု ရအောင် ဆောင်ရွက်နေပါတယ်”လို့ ပြောသွားတယ်။

တကယ်တော့ တိုင်းရင်းသားတွေနဲ့ ထိပ်တိုက်အငြင်းပွားနေတဲ့ပြဿနာတွေဟာ အီမိုးရှင်းတို့ စိုးရိမ်မှုတို့ အကျိုးစီးပွားတို့ သက်သက်မဟုတ်ဘူး။ အဓိကအငြင်းပွားနေတာ နိုင်ငံရေးပြဿနာဖြစ်ပါတယ်။ နိုင်ငံရေးအာဏာပြဿနာ ဖြစ်ပါတယ်။

အနာဂတ်ထူထောင်မယ့် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်သစ်မှာ လူနည်းစုတိုင်းရင်းသားတွေ အတွက် နိုင်ငံရေးအာဏာ ဘယ်ပုံဘယ်နည်းခွဲဝေမလဲ၊ နိုင်ငံရေးအာဏာကို နောက်ခံပြုမယ့် စီးပွားရေးတိုးတက်မှုတွေ ဘယ်လို တန်းတူအောင်လုပ်မလဲ၊ နိုင်ငံရေးအာဏာဟာ စစ်အာဏာရှင်လား၊ ဒီမိုကရေစီနည်း

ကျတင်မြှောက်တဲ့ အရပ်ဖက်ကိုယ်စားလှယ်တွေ ကျင့်သုံးမယ့်အာဏာလား၊ ဘာသာရေးလွှမ်းမိုးမှုနဲ့ ဘာသာရေး ခွဲခြားမှုရှိတဲ့ အစိုးရမျိုးလား။ တိုင်းရင်းသားတွေနေထိုင်တဲ့ပြည်နယ်တွေ၊ နယ်စပ်ဒေသတွေအပါအဝင် မြန်မာပြည်တစ်ဝန်းမှာ လက်နက်ကိုင်အင်အားလွှမ်းမိုးမှုမပါဘဲ ကိုယ်သဘောကျမယ့် ကိုယ်စားလှယ်ကို ဘယ်လောက်လွတ်လွတ်လပ်လပ် ရွေးချယ်တင်မြှောက်နိုင်မလဲ၊ ကိုယ်မကြိုက်တဲ့ကိုယ်စားလှယ်ကို ဘယ်လောက်ဖြုတ်ချခွင့်ရှိမလဲ ပြဿနာတွေဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးမှုအတွက် အရပ်သားအစိုးရအင်စတီကျူးရှင်းတွေကို စစ်တပ်က ဘယ်လောက်အာဏာခွဲဝေပေးမလဲ။ တသွေးတသံတမိန့် ဗဟိုချုပ်ကိုင်မှု ကြီးမားတဲ့စနစ်နဲ့ အုပ်ချုပ်ရေးကို ချုပ်ကိုင်မှာလား၊ တရားစီရင်ရေးစနစ်ကို လက်ရှိအုပ်ချုပ်ရေးအာဏာရဲ့လွှမ်းမိုးမှုအောက်က လွတ်ကင်းအောင် ဘယ်လောက် အာမခံမှာလဲ စတဲ့စတဲ့ မေးခွန်းတွေရှိနေတယ်။ တနည်းအားဖြင့် ဒီနိုင်ငံရေးပြဿနာတွေဟာ တန်းတူမှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိမှုကို အာမခံတဲ့ စစ်မှန်တဲ့ဖက်ဒရယ်စနစ်ကို ဘယ်လိုတည်ဆောက်ကြမလဲဆိုတဲ့ တိုင်းရင်းသားရေးရာပြဿနာတွေနဲ့ နိုင်ငံသားအခွင့်အရေးကို အစိုးရကချိုးဖောက်မှုမရှိအောင် ဘယ်လောက်အကာအကွယ်ပေးမလဲ၊ နိုင်ငံသားတွေရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး၊ တရားမျှတရေး စတာတွေကို ဘယ် လိုအာမခံမလဲဆိုတဲ့ ပြဿနာတွေဖြစ်ပါတယ်။

တပ်မတော်ဟာ လူထုက ရွေးကောက်တင် မြှောက်တဲ့ အရပ်သားအစိုးရလက်အောက်မှာ ရှိမလား၊ အားလုံးရဲ့ အထက်မှာနေမှာလားဆိုတဲ့ နိုင်ငံရေးအာဏာပြဿနာတွေ ဖြစ်ပါတယ်။၂၀၀၈ ခြေဥဟာ ဒီပြဿနာတွေကို အပြောင်းအလဲ လက်မခံတဲ့အဖြေ ပေးထားပါတယ်။ ဒါကြောင့် ၂၀၀၈ ခြေဥကိုကာကွယ်သူနဲ့ လက်မခံသူအကြား ထိပ်တိုက်ဖြစ်မှုတွေ ကြာလေပြင်းထန်လေဖြစ်လာတယ်။ ဒီပြဿနာတွေကြောင့် ၂၁ ရာစုပင်လုံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ တစ်ဆို့နေတာ ဖြစ်ပါတယ်။ ပြည်တွင်းစစ်ကာလ ပဋိပက္ခ ပြင်းထန်တဲ့နယ်မြေတွေဟာ လက်တွေ့အရ ကျရှုံးနိုင်ငံအနေအထားမျိုးမှာ ရောက်ရှိနေကြတယ်လို့တောင် ပြောနိုင်ပါတယ်။ ကျရှုံးနိုင်ငံရဲ့အဓိပ္ပာယ်ကို ရိုးရိုးဖွင့်ဆိုရရင် နိုင်ငံတော်ဆိုတာ ဟန်ပြသာကျန်ပြီး ဒေသတခုလုံးကို အုပ်ချုပ်နိုင်စွမ်းမရှိတော့တာဖြစ်ပါတယ်။

ဒေသခံတွေကို လုံခြုံရေးမပေးနိုင်တော့သလို အခြေခံဝန်ဆောင်မှုတွေကိုလည်း လုပ်ပေးနိုင်စွမ်းမရှိတော့တဲ့အခြေအနေကို ရောက်နေတာဖြစ်ပါတယ်။ အကြမ်းဖက်နည်းလမ်းပေါင်းစုံ ကိုင်စွဲထားတဲ့ လက်နက်ကိုင်အဖွဲ့တွေနဲ့ နေ့စဉ်ရင်ဆိုင်နေရတယ်။ တရားဝင်အစိုးရဆိုတာ မရှိတော့သလောက် ဖြစ်ကုန်တယ်။ မတူတဲ့ တိုင်းရင်းသားလူမျိုးတွေ ရှိနေရင်တော့ အင်အားကြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်က အင်အားနည်းတဲ့ တခြားတိုင်းရင်းသားကို အသိမှတ်မပြုဘဲ ခွဲခြားဆက်ဆံတယ်။ အစိုးရအုပ်ချုပ်မှုနဲ့ ဝေးလေလေ စစ်ဘုရင်လို လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်တွေနဲ့ လူဆိုးဂိုဏ်းဆန်ဆန် လက်နက်ကိုင်အုပ်စုတွေက လူထုအပေါ် အင်အားသုံးပြီး ဓားမိုးအုပ်စိုးလို့ရလေလေဖြစ်သလို သယံဇာတအရင်းအမြစ်တွေကိုလည်း ထင်သလို လုယက်လေလေဖြစ်နေတတ်တယ်။

၁၉၉၀ တပိုက် ကျရှုံးနိုင်ငံဖြစ်ကုန်ကြတဲ့ အာဖရိကနဲ့ အာရှတိုက်က နိုင်ငံတွေကိုပြန်ကြည့်ရင် တရားဥပဒေစိုးမိုးမှု ပျောက်ကွယ်နေသလို နိုင်ငံရေးအာဏာမှာ အားလုံးပါဝင်ရေးတို့ တန်းတူညီမျှရေးတို့ ကင်းမဲ့သွားတယ်။ အဲဒီအစား တဦးချင်းဖြစ်စေ စစ်အုပ်စုအဖြစ်နဲ့ဖြစ်စေ အာဏာရှင်တွေက အုပ်စိုးသွားတယ်။ နိုင်ငံတော်အင်စတီကျူးရှင်း ထုံးတမ်းစည်းမျဉ်းတွေကလည်း ခေတ်နောက်ပြန်ဆွဲနေတယ်။ စက်မှုနဲ့ ကုန်သွယ်ရေး မထွန်းကားသေးတဲ့ လယ်ယာအခြေပြုစီးပွားရေးစနစ်ကလည်း ခေတ်မီစီးပွားရေးကို မတက်လှမ်းနိုင်တော့ဘူး။ ပြင်ပကမ္ဘာနဲ့ အဆက်အသွယ်ပြတ်ပြီး တံခါးပိတ်ပုံစံမှာပဲ ရှိနေတယ်။ ကျရှုံးနိုင်ငံတွေဟာ လက်နက်မှောင်ခိုတွေ၊ မူးယစ်ဆေးမှောင်ခိုတွေ၊ ဘာသာရေး လူမျိုးရေး အကြမ်းဖက်ဂိုဏ်းတွေ၊ လူကုန်ကူး ဂိုဏ်းတွေနဲ့ ဒွေးရောယှက်တင်ဖြစ်နေတတ်တယ်။

ဒါတွေဟာ လွယ်လွယ်နဲ့ နတ်ယူပစ်ဖို့ခက်သလို အကြမ်းဖက်ဖို့ ပဋိပက္ခပြင်းထန်ဖို့ ပြည်တွင်းစစ်ဖြစ်ဖို့အတွက် ရေခံမြေခံတွေ ဖြစ်နေပါတယ်။ ဒါတွေဟာ ဖွဲ့တည်ပုံကနေ မွေးဖွားပေးလိုက်တဲ့ ပဋိပက္ခတွေဖြစ်လို့ အလေးထားမဖြေရှင်းလို့ မရပါဘူး။ ဒါကြောင့် နိုင်ငံအတော်များများဟာ ပဋိပက္ခဖြေရှင်းရေးနဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ်တွေမှာ ဒီအချက်တွေကို ထိပ်ဆုံးဦးစားပေး ဖြေရှင်းခဲ့ကြတယ်။ မျက်မှောက် မြန်မာ့ငြိမ်းချမ်းရေး ဖြစ်

စဉ်မှာတော့ အထက်ပါ Militia အရပ်ဘက်လက်နက်ကိုင်တွေနဲ့ဆိုင်တဲ့ အကြောင်းအရာတွေ agenda ဆွေးနွေးမှုခေါင်းစဉ်တွေ မတွေ့ရသလောက်ပဲ။ ၂၀၀၈ ခြေဥထဲမှာလည်း အလားတူပဲ။ အခန်း (၇) ပုဒ်မ ၃၃၈ နိုင်ငံတော်တွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိရမည် ပြဋ္ဌာန်းချက်နဲ့ ပုဒ်မ ၃၄၀ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးတွင် ပြည်သူတရပ်လုံး ပါဝင်ရေးအတွက် တပ်မတော်က ဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်ဆိုတဲ့ ပြဋ္ဌာန်းချက်တွေကိုပဲ ယေဘုယျ ရည်ညွှန်းထားတယ်။ ဇယား(၁) နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေး ဥပဒေပြုစာရင်းထဲမှာလည်း ဒီပြဿနာကို ထည့်သွင်းမထားဘူး။ ဒါပေမဲ့ အားလုံးနားလည်နေတာက တိုင်းရင်းသားပြည်နယ်တွေမှာ အကြမ်းဖက်နည်းလမ်းတွေနဲ့ လက်နက်တွေ အလုံးအရင်း ကိုင်ဆောင်ခွင့်ရထားတဲ့ အရပ်သား BGF တွေ PMF ပြည်သူ့စစ်တွေ ကာကွယ်ရေးတွေ အနံ့အပြားရှိနေတယ်။ သူ့နယ်နဲ့သူ စစ်ဘုရင်ဖြစ်သူ ဖြစ်နေတယ်။ သူတို့ရဲ့ အနာဂတ်အခန်းကဏ္ဍကို တိတိကျကျ မဖော်ထုတ်လေလေ လက်နက်အင်အား လူအင်အား တိုးချဲ့လေလေဖြစ်နေတယ်။ နယ်မြေသြဇာထူထောင်ဖို့ အဲသလို လက်နက်ကိုင်အုပ်စုအချင်းချင်း ရန်စောင်တာတွေလည်း ရှိနေတယ်။ တာချီလိတ်က ဟောင်လျောက်ပြည်သူ့စစ်ဦးနော်ခမ်းဆိုရင် မူးယစ်ဆေးကုန်ကူးမှုအပြင် တရုတ်သင်္ဘောငယ်တစင်းကို မဲခေါင်မြစ်ထဲမှာ တိုက်ခိုက်သတ်ဖြတ်မှုအတွက်ဖမ်းဆီးပြီး တရုတ်လက်ကို အပ်ရတဲ့အထိ ရှိဖူးတယ်။ သေချာတာကတော့ အဲဒီ ဒေသမျိုးတွေမှာ နေထိုင်ကြရတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံဟာ တပြည်လုံး ရွေးကောက်ပွဲတို့ ပြည်နယ်ဝန်ကြီးချုပ်တင်ရေးတို့ကို လှည့်တောင်မကြည့်အားဘဲ အသက်ဖက်နဲ့ထုပ် နေနေကြရတယ်။ ဒီလို အသက်ဘေးတွေ စားဝတ်နေရေးအကျပ်အတည်းတွေ ရင်ဆိုင်နေရသူတွေဟာ နိုင်ငံရေးကိုစိတ်မဝင် စားတော့တာကို အပြစ်တင်စရာမရှိပါ။ နိုင်ငံရေးဆိုတာ ကိုယ်နဲ့မဆိုင်ဘူးလို့ ထင်လာသူတွေများလာလေလေ ဒီမိုကရေစီ အနှစ်သာရ ပျောက်ကွယ်လေလေဖြစ်မှာပါ။

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ၂၀၀၈ ခြေဥဘောင်ထဲက အရပ်သားအစိုးရအမည်ခံ ဦးသိန်းစိန်လက်ထက် ၂၀၁၂ ခုလောက်ကစတင်တယ်လို့ ဆိုကြတယ်။ အီးဂရက်ဆိုတဲ့ အမည်ခံတတိယအင်အားစုကို ဦးသိန်းစိန်က တာဝန်ပေးပြီး EAOs တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ စတင် ကြားဝင်အောင်သွယ်မှုက စတင်တယ်။ အမှန်က ၂၀၀၈ ခြေဥအရ လက်ရှိEAOs အားလုံးကို တပ်မတော်လက်အောက်ခံ ရဲတပ်ဖွဲ့အဖြစ် ပြောင်းလဲပစ်ရေးစီစဉ်ဖို့ ဖြစ်ပါတယ်။ ညောင်၂ ပင်အမျိုးသားညီလာခံမှာ KIO အဖွဲ့ တင်ပြချက်အရဆိုရင် ရဲအဖွဲ့အဖြစ်ပြောင်းလဲဖို့နဲ့ နိုင်ငံရေးပါတီထောင်ပြီး ရွေးကောက်ပွဲဝင်ဖို့ သူတို့သဘောတူပေမယ့် ဒီရဲအဖွဲ့ကို ပြည်နယ်လက်အောက်မှာပဲ ထားရှိဖို့ တောင်းဆိုကြတယ်။ ဒါပေမဲ့ ထုံးစံအတိုင်း မှတ်တမ်း တင်ပေါ့မယ်ဆိုတာနဲ့ ပြီးသွားခဲ့တယ်။

အားလုံးသိကြတဲ့အတိုင်း နဝတအစိုးရနဲ့ နအဖအစိုးရလက်ထက်တွေမှာ တဖွဲ့ချင်း အပစ်ရပ်ထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေထဲက တချို့ကို လက်နက်ကိုင်တပ် ဖျက်ခိုင်းတဲ့အထိလုပ်သလို တချို့ကို အထူးဒေသတွေပေးပြီး နိုင်ငံရေးပါတီ ထောင်ခိုင်းတာတွေ လုပ်တယ်။ တချို့ကိုလည်း သူတို့စိုးမိုးထားတဲ့ ရှိရင်းစွဲနယ်မြေကနေ တခြားနယ်မြေကိုရွှေ့ခိုင်းတယ်။ ၂၀၀၅ ခုလောက်မှာ EAOs အဖွဲ့တွေထဲက အင်အားသေးတဲ့အဖွဲ့တွေနဲ့ ခွဲထွက်အဖွဲ့လေးတွေဟာ အဲသလို ဖိအားပေးခံရပြီး နိုင်ငံရေးနယ်ထဲက ဖယ်ထုတ်တာတွေ ခံလိုက်ရတယ်။ ၂၀၁၀ ခု ပါတီစုံရွေးကောက်ပွဲနဲ့ စစ်အစိုးရကို အရပ်သားအဖြစ် ပွဲထုတ်ဖို့ စီစဉ်တဲ့အခါမှာတော့ EAOs တွေကို နယ်ခြားစောင့်တပ်ဖွဲ့ BGF တွေအဖြစ် ပြောင်းဖို့ အပူတပြင်း စီစဉ်လာကြ တယ်။

စစ်လုံအဖွဲ့ဥက္ကဋ္ဌ ဒုဗိုလ်ချုပ်ကြီးရဲမြင့်ကို BGF အသွင်ကူးပြောင်းရေးကော်မတီ ဥက္ကဋ္ဌခန့်ပြီး EAOs တွေကိုလှည့်ပြီး ဖိအားပေး အကောင်အထည် ဖော်စေတယ်။ BGF ဆိုတာ တပ်မတော်နဲ့တသားတည်း ပေါင်းစည်းတဲ့ အဖွဲ့ပုံစံဖြစ်ပြီး BGF တပ်ရင်းတိုင်းမှာ တပ်မတော်က ၃% ထည့်သွင်းမှာ ဖြစ်ပါတယ်။

KIO ဆိုရင် BGF အဖြစ်ပြောင်းလဲဖို့ မပခတိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းကနေ နည်းမျိုးစုံ သိမ်းသွင်းတာ ခံရတယ်။ KIA အနေနဲ့ အဲဒီ BGF ကို လက်မခံနိုင်ဘူး၊ KRGF (ကချင်ဒေသကြီးဆိုင်ရာ ကာကွယ်ရေး တပ်ဖွဲ့)အဖြစ် အရာရှိစစ်သည်တွေကိုလည်း KIA က လူတွေကိုပဲ ဆက်ထားမယ့် လက်ရှိအနေအထားကို

မပြောင်းလဲဘဲ ဆက်နေခွင့်ရရေးတောင်းဆိုတော့ နအဖအစိုးရကလက်မခံဘူး။ ဆွေးနွေးမှု မအောင်မြင်တဲ့အတွက် ၂၀၁၀ မှာပြုလုပ်မယ့်ရွေးကောက်ပွဲမှာ KIO နိုင်ငံရေးပါတီထောင်ပြီး ယှဉ်ပြိုင်တာမလုပ်တော့ဘူး။

ဒါကြောင့် အစိုးရက ပြည်သူ့စစ်မဟာဗျူဟာအရ လက်နက်ကိုင်တိုင်းကို တပ်မတော်ကွပ်ကဲမှုအောက်ပို့ပေမယ့် လက်နက်ကိုင်တပ်တွေရဲ့ မူလဆင်းသက်လာပုံချင်း မတူဘူး။ BGFs တွေပေါ်လာပုံနဲ့ PMF ပြည်သူ့စစ်တို့ ကာကွယ်ရေးတို့ ဆင်းသက်လာပုံတွေ မတူကြဘူး။ နိုင်ငံရေးအကျိုးစီးပွားအရ ကွဲပြားမှုတွေလည်း ရှိနေတုန်းပဲ။ ဒါပေမဲ့ လက်ရှိအစိုးရကတော့ BGFs ရော PMF ပြည်သူ့စစ်ရော အားလုံး တပ်မတော်ကွပ်ကဲမှုအောက်ကဖြစ်လို့ နိုင်ငံရေးအကျိုးစီးပွားမှာ တပ်မတော်နဲ့တသားတည်းပဲလို့ သတ်မှတ်နေကြတယ်။ တပ်မတော်ပြီးရင်ပြီးမယ်လို့လည်း အတော်များများက မှတ်ယူနေကြတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ ပါဝင်ခဲ့သူတဦးကတော့Militia အရပ်သားလက်နက်ကိုင်တွေကိစ္စ ဘာကြောင့် ဖယ်ထုတ်ထားသလဲဆိုတဲ့ အချက်နဲ့ပတ်သက်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာသူတို့ကိုထည့်ရင် သူတို့ကို အသိအမှတ်ပြုလိုက်သလိုဖြစ်ပြီး လက်နက်ကိုင်အုပ်စုတွေပိုများလာအောင်လုပ်ပေးလိုက်သလိုဖြစ်သွားမယ်။ ဒါပေမဲ့ သူတို့ကိုမထည့်ပြန်ရင်လည်း ပဋိပက္ခတွေကို ဆက်ပြီးပွေ့ပိုက်ထားသလို ရင်တမမဖြစ်မယ်။ ဒါကြောင့် ဆုပ်လဲစူး စားလဲရူး အခြေအနေ ဖြစ်နေတယ်လို့ မှတ်ချက်ချဖူးတယ်။ သေချာတာကတော့ သူတို့ရဲ့ နိုင်ငံရေးအကျိုးစီးပွားတွေ၊ အနာဂတ်အခန်းကဏ္ဍတွေ မရေရာတဲ့အောက်မှာ တချိန်ချိန်ကျရင် ဒီပဋိပက္ခဟာ ပွင့်ထွက်လာပြီး လက်နက်ကိုင်ပဋိပက္ခသစ်တွေ မွေးလာနိုင်ပါတယ်။ အဲဒီအချိန်ကျရင် လက်ရှိ လက်နက်ကိုင်အင်ပါယာကြီး ပြိုကွဲပြီး စစ်မီးတွေ တောက်လောင်လာနိုင်တယ်။

လက်ရှိ ၂၀၀၈ အခြေခံဥပဒေ ပြင်ဆင်ရေးလှုပ်ရှားမှုတွေ အရှိန်အဟုန်ကြီးမားလာတဲ့အခါ လူအတော်များများအမြင်မှာ မြန်မာပြည် မျက်မှောက်အကျပ်အတည်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ အကျပ်အတည်း ဆိုပြီး ယူဆလာကြတယ်။ ဒီလိုယူဆတာဟာ တစိတ်တဒေသအားဖြင့် မှန်လည်း မှန်နေတယ်။ တကယ်ကတော့ နိုင်ငံတခုမှာ nation လူမျိုးနဲ့ state နိုင်ငံတော်အကြား တထပ်တည်း မကျတာဟာ အကျပ်အတည်းရဲ့ဇာစ်မြစ်ဖြစ်ပါတယ်။ လူမျိုးတမျိုး၊ နိုင်ငံတော်တခုတည်းဆိုရင် ထပ်တူကျနိုင်ပေမယ့် လူမျိုးတခုမကတဲ့အခါမှာတော့ လူမျိုးတွေနဲ့နိုင်ငံတော်အကြား တထပ်တည်းမကျတဲ့ အကျပ်အတည်း ပေါ်လာမှာပါ။ အလားတူပဲ စစ်အာဏာရှင်သက်ဆိုးရှည်ရေးအတွက် ရေးဆွဲပြင်ဆင်ထားတဲ့ အခြေခံဥပဒေတခုဟာ စစ်ခေါင်းဆောင်တွေ စစ်အာဏာပိုင်တွေအတွက် အဆင်ချောနေပေမယ့် ဒီခြေဥကို ပါတီစုံဒီမိုကရေစီ မျက်နှာဖုံးစွပ်ဖို့ အသုံးပြုတဲ့အခါမှာတော့ အကျပ်အတည်းဖြစ်ကုန်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါတယ်။

အလားတူပဲ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုအပိုင်းတွေမှာလည်း အခြေခံအုတ်မြစ်ကို ပြုပြင်ပြောင်းလဲမှုမရှိဘဲ လူတစုနဲ့ ခရိုနီတွေ အုပ်စီးအခွင့်ထူးခံနေတဲ့ အခြေခံပေါ်မှာ တည်ဆောက်ရင် အကျပ်အတည်းတွေ ပေါ်လာမှာဖြစ်ပါတယ်။ ဒီနေရာမှာ ရှည်သွားမှာစိုးလို့ တခြား အကျပ်အတည်းတွေ ချန်ထားပြီး နိုင်ငံတော်ကာကွယ်ရေး လုံခြုံရေးဆိုင်ရာ လက်နက်ကိုင်အင်ပါယာ ထူထောင်ခြင်း အကျပ်အတည်းကိုပဲ အဓိကထား ရေးသားခြင်းဖြစ်ပါတယ်။ ဒီအကျပ်အတည်းဟာ လောလောဆယ်မှာ တိုင်းရင်းသားဒေသတွေနဲ့သက်ဆိုင်ပြီး နောင်မှာ ပြည်သူ့စစ်မဟာဗျူဟာအရ ကျန် တိုင်းနဲ့ပြည်နယ်တွေဆီ ဘယ်လောက်အထိ ပျံ့နှံ့လာဦးမလဲ မသိနိုင်တဲ့ အကျပ်အတည်း ဖြစ်ပါတယ်။

ဒီအကျပ်အတည်းဟာ၂၀၀၈ ခြေဥပြင်ရုံနဲ့တင် မဖြေရှင်းနိုင်တဲ့အကျပ်အတည်း ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ အဲဒီလက်နက်ကိုင်အင်ပါယာထဲမှာရှိတဲ့ အရပ်သားလက်နက်ကိုင်တွေရဲ့ အနာဂတ်အခန်းကဏ္ဍတွေနဲ့ နိုင်ငံရေးအကျိုးစီးပွားတွေ တိတိကျကျ ညှိနှိုင်းသတ်မှတ်မှုတွေ သီးသန့်လုပ်ဆောင်မှ အဖြေရနိုင်မယ့် အကျပ်အတည်း ဖြစ်ပါတယ်။

လက်ရှိ အခြေခံဥပဒေအကျပ်အတည်း၊ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော် တည်ဆောက်နိုင်ရေးအကျပ်အတည်း၊ တပ်မတော် နိုင်ငံရေးကနေ ထွက်ခွာရေးအကျပ်အတည်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ အနာဂတ်ဘယ်ပုံစံ ဘယ်အခန်းကပါဝင်မလဲ အကျပ်အတည်း စတာတွေကို ဖြေရှင်းနိုင်ရေးတွေဟာ ပြည်တွင်းစစ်ရပ်စဲရေး ငြိမ်းချမ်းရေးတည်ဆောက်ရေးနဲ့ တိုက်ရိုက်ဆက်နွယ်နေပါတယ်။ ဒီအချက်တွေဟာ အပြန်အလှန် ဆက်နွယ်နေသလို အပြန်အလှန်လည်း အမှီပြုနေကြတယ်။ အပြန်အလှန်လည်း ပဋိ

ပကွ ဖြစ်နေတတ်ပါတယ်။ ဘယ်လိုပင်ဖြစ်စေ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့ပြီဆိုရင်တောင် ဖွံ့ ဖြိုးမှု အလွန်နောက်ကျတဲ့ တိုင်းရင်းသားလူမျိုးစုဒေသတွေမှာ လက်နက်အင်ပါယာကြီးတခု ဆက်ကျန်နေသမျှ တိုးတက်လာဖို့မလွယ်ပါဘူး။

ဒီပြဿနာဟာ တရားဝင်အစိုးရတရပ်ရဲ့ ဩဇာအာဏာတွေ ဟန်ပြလောက်သာကျန်ရှိတဲ့ ဒေသတွေ နယ်မြေတွေမှာ ဖြစ်တတ်တဲ့ နိုင်ငံရေး လူမျိုးရေး တင်းမာမှုတွေ၊ စီးပွားရေး လူမှုရေး မတည်မငြိမ် ပျက်ပြားနေမှုတွေ၊ နာတာရှည်ဆင်းရဲမှုတွေ၊ စစ်မီးနဲ့ရင်ဆိုင်ရပြီး နေရပ်စွန့်ခွာမှုတွေ၊ စစ်ရှောင်ဒုက္ခသည်တွေ များပြားလာမှုတွေကို ထိထိရောက်ရောက် ကုစားပေးနိုင်မယ့် အင်စတီကျူးရှင်း လုပ်ထုံးစည်းမျဉ်း ဥပဒေသစ်တွေနဲ့ ဒါတွေကို အကောင်အထည်ဖော်မယ့် ဦးစီးဌာန အစိုးရအဖွဲ့စည်းသစ်တွေ အရပ်ဖက် အဖွဲ့အစည်းတွေ ထူထောင်ဖို့လိုတယ်။ နိုင်ငံရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေး ဖွဲ့စည်းမှုအသစ်တွေ ထူထောင်ပေးဖို့ လိုတယ်။ ရဲအဖွဲ့ကို အရပ်သားအစိုးရလက်အောက်မှာထားပြီး တရားစီရင်ရေးကို လွတ်လပ်စွာ တရားဥပဒေနဲ့အညီစီရင်ဆုံးဖြတ်ခွင့်တွေ ပေးဖို့လိုတယ်။ အကျင့်ပျက်လာဘ်စားမှုတွေ ဗျူရိုကရေစီ ကြိုးနီစနစ်တွေကို အစွမ်းကုန် လျော့ကျအောင် လုပ်ရမယ်။ လက်နက်ကိုင်အဖွဲ့အစည်းအဖြစ်နဲ့ ကြီးလေးတဲ့အခွန်ကောက်ခံနေသူတွေ၊ ဒေသခံတွေရဲ့ သယံဇာတအရင်းအမြစ်တွေသိမ်းပိုက်နေသူတွေ၊ အရွေးကောက်ခံမဟုတ်ဘဲ တပိုလ်တမင်း နိုင်ထက်စီးနင်းအုပ်ချုပ်သူတွေကို ထိထိရောက်ရောက် ဟန့်တား နှိမ်နင်းဖို့လည်း လိုပါတယ်။

ဒီအချက်တွေကို တခွန်းတည်းပြောရရင် ဒီမိုကရေစီအင်စတီကျူးရှင်းတွေကို လက်တွေ့ထူထောင်ပြီး သက်ဆိုင်ရာနယ်မြေက တိုင်းရင်းသားပေါင်းစုံလူထုကြီးကို တပြည်လုံးနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်အောင် လုပ်ဆောင်နေတဲ့ လှုပ်ရှားမှုဖြစ်စဉ်ကြီးထဲကို ပြန်လည်ရောက်ရှိအောင် လုပ်ဆောင်ပေးရေး ဖြစ်ပါတယ်။


နိဂုံးချုပ်ပြောလိုတာကတော့ ၂၀၀၈ ခြေဥ ပုဒ်မ ၂၆၁ ပြင်ဆင်ရုံနဲ့ ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံသစ်ကိုပဲ ရောက်တော့မလိုလို၊၂၀၀၈ ခြေဥဇယား ၂ တို့ ၃ တို့ကို ပြင်ပေးလိုက်ရုံနဲ့ တိုင်းရင်းသားအခွင့်အရေးတွေ ရလာတော့မလိုလို ပြောဆိုချက်များကို နည်းနည်းလျှော့ပြီး တကယ် မြေပြင်မှာဖြစ်နေတဲ့ တိုင်းရင်းသား လူမျိုးပေါင်းစုံပြည်သူတွေရဲ့ အခြေအနေကို သုံးသပ်အဖြေရှာမှုတွေပြုသင့်ပြီဖြစ်ကြောင်းဒီစာတမ်းနဲ့ အကြံပြုပါရစေ။

လက်နက်ကိုင် အနိုင်ကျင့် စိုးမိုးမှု ကျဆုံးပါစေ။

တန်းတူသွေးစည်းတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရတဲ့ စစ်မှန်တဲ့ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်သစ် မုချပေါ်ထွန်းရမယ်။

ရဲရင့်သံလွင်

## သို့ ဗဟုတ်



## ရဲဘော်မောင်လေးအား အလေးနီပြုခြင်း

ကဗျာ

(ဒိုးငြိမ်းချမ်း)

(၁)

၉၀ ခုရဲ့ ဖောက်ပြန်တဲ့ ဒီဇင်ဘာမှာ ...

အဲဒီနေ့ ကဆို

မန်းတောင်ရိပ်ခိုနေရှာတဲ့
ရွှေကျင်ဟာ ငိုရှိုက်ခြင်းအလျဉ်းမရှိခဲ့ ...။

ဒါပေမဲ့
ရွှေကျင်ဟာ
မျက်နှာရဲတင်း သွေးလှိုင်းတို့ဆူပွက်ခဲ့
ထွက်သမျှ ဒေါသ၊ အသိတရားနဲ့ ထိန်းချုပ်
ကျောက်ဆစ်ရုပ်လိုနေပြတယ်...။

အဲဒီနေ့ကဆို
ရွှေကျင်ဟာ
သမိုင်းဝင် တော်လှန်သူရဲကောင်း
မွေးဖွားကြောင်း မောင်းခတ်ဖို့မလို
ဒင်းတို့ ရေဒီယိုက ဝါဒဖြန့်ပေးလေရဲ့ ...။

အဲဒီနေ့ကဆို
လေးလေးနဲ့ ရဲဘော်များ၊ ပြည်သူများ
ရန်သူရဲ့ ကျားပါးစပ်ထဲကျရောက်တဲ့ သတင်းဆိုးက
မိုးအောက်မြေပြင်၊ ရပ်ခွင်ရှစ်တိုင်း
နှင်းခါးရိုင်းတွေလိုတိုးဝင်လာကြ
" က , ကောင်းတုန်းဇာတ်စင်ကျိုး" ခဲ့ရသမို့
ဘာနဲ့မှ အစားထိုးမရဘဲ
ဝမ်းနည်းစရာတွေက
တလောကလုံးဖုံးလွှမ်းလို့နေပေ့ါ...။

အဲဒီနေ့ကဆို
ကျုပ်တို့ဟာ
ရှုပ်ထွေးတဲ့ နိုင်ငံရေးလေထုတွေကြား
ရူးသွပ်နေတဲ့ ထင်းရှူးတောင်တန်းမှာ
ဒေါသယမ်းအိုးတွေပေါက်ကွဲကြ

လက်ထဲကသေနတ်ဒင် ချိုင့်ဝင်မတတ်ဆုပ်ကိုင်မိ
ကျုပ်တို့လေ ...ကျုပ်တို့ ...
ဒါပဲ တတ်နိုင်ခဲ့ကြတယ်....။

(၂)
ဒါပေမဲ့
အဖြစ်အပျက်တို့နောက်
ချက်ချင်းဆိုစိတ်များ
အတိတ်ဆီပြေးလွှားပြီ ...
လေးလေးရဲ့ စကားများ
လေးလေးရဲ့ တရားများ
အသွေးအသားမှာရှင်သန်,ရှန်းကြွ
နိုးထလာခဲ့ပေါ့ ...။

တကယ်ဆို
လေးလေးနဲ့ ကျုပ် အကြား
တံတားထိုးပေးတာ ဘုရားသခင်မဟုတ်ခဲ့
အမှန်တရားရှာဖွေသူနဲ့
အမှန်တရားအတွက် တိုက်ပွဲဝင်သူတို့
ဆုံစည်းလက်တွဲရင်း တသားတည်းဖြစ်ခြင်းမျိုး
ရိုးရှင်းလှပေတယ်။

အတူဖြတ်သန်းကာလ
တခဏမျှ ဆိုစေဦးတော့ ...
သင်ယူစရာ တပြုံတထွေးကြီး ရခဲ့တယ်။
လေးလေးရဲ့
သွေးသင်ခန်းစာ၊ လက်တွေ့ လက်ချာများနဲ့
ဝမ်းစာဖြည့်ဆည်း ၊ ခရီးရှည်ကြီးချီတက်တော့
မျိုးဆက် ..အဆက်ဆက်ထိ
လက်ဆင့်ကမ်းဝေငှ မျိုးစေ့ချခဲ့တယ်...။

(၃)
မေးသမျှဖြေကြား၊မှတ်သားရရှိချက်
မျှဝေဖော်ပြ အလင်းရပါစေ ..။

-"မြေပေါ်နိုင်ငံရေး လုပ်ခွင့်မပေးသမျှ
အခြေအနေက ပြဋ္ဌာန်းလိမ့်
ရွေးလမ်းဟာမြေအောက်နိုင်ငံရေးပဲ
ဘာမှားလဲ?
"ဒါ ပကတိဘာဝ"...ပဲလေ

" U G * ရဲ့ အသက်
လျှို့ဝှက်ရေးနဲ့ စည်းကမ်း" ကွ ...
ဟော့ ဟော့ ရမ်းရမ်း၊ မျက်ကန်းလို မလုပ်ရ။
UG သမိုင်းထဲ"ပေါ်" ခဲ့သမျှ အစုအဖွဲ့
ရန်သူတော်လို့မဟုတ်ခဲ့..
ကိုယ် ရှော် ခြင်းသာ အဓိကပဲ."

တိတိပပ ..ချုပ်ပြပုံကလည်း
ကျုပ်တို့ အတွက် လက်ချာသစ်ပဲလေ ...။

"လမ်းစဉ်မှန် ရှင်သန်လှုပ်ရှားစေဖို့
ကေဒါဟာနံပါတ် ၁ , ၂ , ၃"ဆိုပြီး
အလွယ်ဆုံးရှင်းပြ သင်ခန်းစာရစေတယ်...။

ဒါပဲလား ...မဟုတ်ပါ
သေနတ်ပြောင်းမှာ အာဏာတွေခိုအောင်းတယ်
သေနတ်ပြောင်းမှာ ရတနာရှိတယ်၊ ကေဒါရှိတယ်
သေနတ်ကို ဘယ်သူကိုင်လဲ
ဘယ်လိုသုံးသလဲ
ခွဲခြမ်းစိတ်ဖြာပြ၊ ဒိုင်ယာလက်တစ်ဆန်လှတယ် ။

လေးလေးရေ ...
ခဏတာထိတွေ့ရပေမယ့်
မမေ့နိုင်တဲ့ ဘဝပေးလက်ချာများ
သင်ကြားပေးခဲ့တာ သိပ်များပါတယ်
အမှောင်ထုပိန်းပိတ် သိပ်သည်းလေလေ ...
လက်ချာများရဲ့ စံနှုန်းတန်ဖိုး၊ မြင့်မားလေလေ ...ပါပဲ ။

(၄)

ခုတော့ ... ခုတော့
လေးလေးရဲ့
ချစ်ရဲဘော်များ၊ ပြည်သူများက
ဒီနေ့ပဲမဟုတ်
နေ့စဉ်တိုင်းပဲ
" နာကျင်နာကြည်းမှုတွေကို
အင်အားအဖြစ်ပြောင်းလဲ " လို့
" အမှောင်ထဲကတိုင်းပြည်ကယ်တင်ဖို့ "
ဒီနေရာ ... ဟိုနေရာမှာ
စုရုံးရောက်ရှိနေကြပြီ...။

လေးလေးရေ ...
သင့်ရဲဘော်များ၊
သင့် ပြည်သူများဟာ
သင့်အား ...
အင်တာနေရှင်နယ်နဲ့ ဂုဏ်ပြုနေကြတယ်...၊
အလေးနီပြုရင်း သံဓိဋ္ဌာန်ချနေကြတယ်...၊
အေးချမ်းသက်သာ၊ အနားယူပါလေ !

မကြာမီလာမယ့်
မုန်တိုင်းနီရဲ့ တေးသံများ လွင့်ပျံလာလည်း
အေးချမ်းသက်သာ၊ အနားယူပါလေ ! ....။ ။

ဒိုးငြိမ်းချမ်း
( ၂၀၁၉)

## ၂၁ ရာစု

# အပြောင်းအလဲများ အောက်မှာ စမာပြည် ဘယ်လဲ

မောင်သန်းမြရွှေ

ပြည်တွင်းပြည်ပမှာ ဘေးရောဥပဒ်ပါ သင့်ကာ ကြာလေလူကြိုက်နည်းလေ ဖြစ်နေတဲ့ သက်တမ်းလွန်တပ်ချုပ် ဗိုလ်မင်းအောင်လှိုင်ဟာ ခုတလော ဘုရားကု-ကုတာတွေ များလာတယ်။ ပေါ်ပြူလာဝါဒ ခေတ်ထနေချိန်မှာ ဘာသာပေါင်းစုံ လူမျိုးပေါင်းစုံ ချစ်ကြည်ရေးတရားကို ဝှင်(ခွင်)ဖန် ပြောဟောရင်း သွေးစွန်းနေတဲ့လက်ကို ဖုံးကွယ်ဖို့ ကြိုစားနေတယ်။

နိုင်ငံရေး စီးပွားရေး လူမှုရေး၊ ငြိမ်းချမ်းရေး ခြေဥပြင်ရေး တရားဥပဒေစိုးမိုးရေး စတဲ့ ပြည်တွင်းရေးပြဿနာများမှာ ဖြစ်ထွန်းတိုးတက်မှု မမြင်တွေ့ရတဲ့အပြင်၊ ပြည်ပမှာ ICC တင်မက ICJ နိုင်ငံတကာ တရားရုံး နဲ့ အာဂျင်းတီးနားတရားရုံး ဆိုတာကပါ လူမျိုးတုံးသတ်ဖြတ်မှု လူ့အခွင့်အရေးချိုးဖောက်မှုတို့ဖြင့် တရားစွဲဆို ဖိအားပေးခြင်းခံနေရတဲ့ စစ်ဗိုလ်ချုပ်ကြီးများနဲ့ ၂၀၀၈ အောက်က ရင်ကြားစေ့အစိုးရ ခေါင်းဆောင်များဟာ ခုတလော ပွဲလမ်းသဘင်တွေလုပ် မိန့်ခွန်းပြောတာတွေ များလာတယ်။

ဗိုလ်မင်းအောင်လှိုင်က အရေးသုံးပါးမထိပါးဖို့ ၂၀၀၈ ကိုပျက်အောင်မလုပ်ဖို့ စစ်ကျွန်ဒီမိုကရေ စီကို တန်ဖိုးထားဖို့ဆိုတဲ့ ဓာတ်ပြားဟောင်းကလွဲလို့ သူ့မှာ ဓာတ်ပြားသစ်မရှိတော့ဘူး။

အတိုင်ပင်ခံကတော့ အာရှမှာ မြန်မာ့စီးပွားရေး အမြန်ဆုံးနှုန်းနဲ့ တိုးတက်နေကြောင်း ထုတ်ဖော်ပြသဖို့နည်းပေါင်းစုံနဲ့ ကြိုးစားနေတာတွေ့ ရတယ်။

လက်တွေ့မှာတော့ ရခိုင်ဖြတ်လေးဖြတ်ထိုးစစ် ကြာလေပြင်းထန်လေဖြစ်ကာ ပြည်တွင်းစစ်မီး ကြီးထွားလာတယ်။ အရပ်သားသေဆုံးမှု ရာချီလာတယ်။ စစ်ဘေးဒုက္ခသည် ထောင်သောင်းချီလာတယ်။ ၂၁ ပင်လုံနဲ့ NCA ကိုယ်တပိုင်းသေနေတယ်။ လယ်သမားတွေ လယ်ယာမြေ လက်လွတ် ဆုံးရှုံးနေတယ် (မန်းတိုင်းလွှတ်တော်ကိုယ်စားလှယ်တဦးက တောင်သူလယ်သမားတွေ စိုက်တိုင်းရှုံးနေလို့ မစိုက်ကြတော့ဘူးလို့ ဆို

တယ်)။ အလုပ်လက်မဲ့တွေ တိုးပွားနေတယ်။ ဝင်ငွေနိမ့်ပါး ပြည်သူတွေ နေထိုင်မှုစရိတ်မြင့်မားမှုကို ခါးစည်းခံနေရတယ်။ နေရေးကော သေရေးပါ ခက်ခဲလာတယ်။

စစ်ဗျူရိုကရက်တွေဟာ ဝေဖန်တာကို ဆတ်ဆတ်ထိမခံ မတရားဖမ်းဆီး-တရားစွဲ-ထောင်ချ လုပ်လာတယ် (တိုက်ရိုက်တရားစွဲတာ ၂၄မှု၊ ကြားဝင်တရားစွဲတာ ၆ မှု၊ ပေါင်း ၃၀မှု ရှိတယ်လို့ ဆိုတယ်)။ ဦးပိုင်နဲ့ စစ်ခရိုနီအကျိုးစီးပွား ထိပါးတဲ့ ကျေးလက်နဲ့မြို့ပြ လူထုတိုက်ပွဲတွေကို အကြမ်းဖက်ဖြိုခွဲလာတယ်။ ဗျူရိုကရေစီဟောင်းအုပ်ချုပ်ရေးယန္တရားနဲ့ တရားရေးစနစ်ရဲ့ဆင်ခြင်တုံတရားဟာ အကျင့်ပျက်ခြစား ခံထားရလို့ ဖိနပ်နဲ့ အပေါက်ခံရရုံတင်မက တံတွေးခွက်ထဲ ပုပ်ဟောင်နံစော်နေတယ်။ မြေယာနဲ့ဘဏ္ဍာအရင်း လက်ဝါးကြီးအုပ်မှုကို မထိန်းချုပ်နိုင်ရင် ပြည်သူ့အကျိုးစီးပွားနဲ့ အမျိုးသား(နိုင်ငံတော်)စီးပွားရေးကို ခိုင်မာတောင့်တင်းအောင် တည်ဆောက်နိုင်မှာ မဟုတ်ဘူး။ အခြေခံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမရှိရင် လူသားအရင်းအမြစ်(ပညာရေး ကျန်းမာရေး လူမှုရေး ယဉ်ကျေးမှု စသည်) မဖွံ့ဖြိုးမတိုးတက်နိုင်ဘူး။

စစ်အုပ်စုမင်းဆက်-အဆက်ဆက် မြေယာ ဘဏ္ဍာအရင်းနဲ့ စီးပွားရေးလုပ်ငန်းကြီးများအား စစ်ခရိုနီ (ပုဂ္ဂလိက)ပိုင်ပြု (ဦးပိုင် မြန်မာ့စီးပွားရေးကော်ရှင်း စသည်ဖြင့်) လက်ဝါးကြီးအုပ်ထားမှုကို (၂၀၀၈ ခြေဥနဲ့အတူ) မဖျက်သိမ်းနိုင်ရင် ဗမာပြည်အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ ခြေတလှမ်းမှ လှမ်းနိုင်မှာ မဟုတ်ဘူး။

၂၀၁၅ ရွေးကောက်ပွဲနိုင် ဒီချုပ်-အရပ်သားတပိုင်း အစိုးရရဲ့လုပ်ပိုင်ခွင့်က စစ်အုပ်စုခန့်ထားတဲ့ အမှုဆောင်အရာရှိချုပ် CEO အဆင့်ပဲ ရှိပါတယ်။ ပေးထားချက်ပေါ်လစီကို ကျော်လုပ်လို့မရဘူး။ ဘယ်ခရိုနီအပေါ်ကိုမှလည်း အမိန့်အာဏာ မသက်ရောက်ဘူး။

ဒ့ါကြောင့် ဗမာပြည်ရဲ့ ပဋိပက္ခဆုံချက်ဟာ နိုင်ငံရေးပြဿနာဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း သိဖို့လိုပါတယ်။ အရေးသုံးပါး အကြောင်းပြပြီး စစ်အုပ်စုကအာဏာသိမ်း - ပြည်တွင်းစစ်တိုးချဲ့- အာဏာလက်မလွှတ်တော့တာ၊ ၂၀၀၈ နဲ့ အကာအကွယ်ယူထားတာကို ပြတ်ပြတ်သားသား တိုက်ဖျက်ဖို့ လိုပါတယ်။

ဗမာပြည်ဟာ အစဉ်အလာ လယ်ယာစိုက်ပျိုးရေးနိုင်ငံပါ။ လယ်သမားလူတန်းစား ၇၀% ခန့် ရှိတယ် ဆိုပါတယ်။ လယ်သမားလူတန်းစား ရာခိုင်နှုန်း အတိုးအလျော့ အနည်းအပါး ရှိနိုင်ပေမယ့် ဒီဖွဲ့တည်မှုပုံစံ Model ဟာ အခုထိ မပြောင်းသေးပါဘူး။ စက်မှုကတော့ ၂၁ ရာစုနည်းပညာမပြောနဲ့ ၂၀ ရာစု နည်းပညာတောင် မထွန်းကားပါဘူး။ အခုအထိ ရေနံ၊ ဓာတ်ငွေ့၊ သတ္တု ကျောက်မျက် စတဲ့ တွင်းထွက်သယံဇာတ တူးဖော်ရာမှာ လက်ယက်တွင်းတွေနဲ့ တူးဖော်ပြီး မကြာခဏ မြေပြို သေပျောက်မှုဖြစ်နေတာပါ။ အကြီးစားတူးဖော်မှုတွေကတော့ စစ်ခရိုနီ လက်ဝေခံအရင်းရှင်တွေ လက်ထဲမှာ သယံဇာတကျိန်စာ သင့်နေတာပါ။

ဗမာပြည်ဟာ LDC အဆင်းရဲဆုံးနိုင်ငံ ဘဝကတောင် မလွတ်ကျွတ်နိုင်သေးဘဲ ဘယ်လိုလုပ်ပြီး Myanmar 4:0 (စတုတ္ထအကြိမ်မြောက် နိုးထလာသောမြန်မာ) ဖြစ်နိုင်မှာတုံး။

ကမ္ဘာမှာမြန်မာဟေ့လို့ အသားလွတ် စိတ်ကြီးဝင်နေမှုမှာ စစ်ဗိုလ်ချုပ်ကြီးများနဲ့ လစ်ဘရယ်ခေါင်းဆောင်တို့ တူပါပေတယ်။

ဒါဟာ မျက်မှောက် ဗမာပြည်ရဲ့ ပြည်တွင်း ဘက်စုံအခြေအနေကို အကြမ်းဖျင်း ကြည့်မြင်ချက်ပါ။

နိုင်ငံတကာရဲ့ အခြေအနေကို ကြည့်ရင်လည်း ၂၁ ရာစုအစမှာ ကမ္ဘာကြီးဟာ အကြီးအကျယ်ပြောင်းလဲမှုများနဲ့ ကြုံတွေ့နေရတယ်။ လွန်ခဲ့တဲ့ နှစ် ၁၀၀ လောက်က ကြုံရတဲ့ အပြောင်းအလဲများလိုပဲ လို့လည်း ဆိုတယ်။ ဘဏ္ဍာအရင်း ကမ္ဘာဖြန့်ကြက်မှုနဲ့အတူ နက်ရှိုင်းလာတဲ့ ဆင်းရဲချမ်းသာကွာဟမှု၊ ၂၀၀၈ မှစတင်ခဲ့တဲ့ အရင်းရှင်စနစ်ဘဏ္ဍာရေးကပ်၊ စတုတ္ထနည်းပညာတော်လှန်ရေးရဲ့ သက်ရောက်မှု၊ ကမ္ဘာ့စည်းစနစ်သစ်လွန်ပွဲနဲ့ ဝန်ရိုးစုံကမ္ဘာသို့ အပြောင်းအလဲ စတာတွေဟာ သိသာထင်ရှားတဲ့ အပြောင်းအလဲများ ဖြစ်ပါတယ်။

အပြောင်းအလဲများဟာ ရှုပ်ထွေးတယ်၊ ကြမ်းတယ်၊ စိန်ခေါ်မှုများတယ်။ နိုင်ငံကြီးတချို့နဲ့သာ သက်ဆိုင်တာမဟုတ်၊ နိုင်ငံတိုင်းသို့ ရိုက်ခတ်ပါတယ်။ ကိုယ့်အခြေအနေနဲ့ကိုယ် ကိုယ်စီပြင်ဆင်မှု ရှိမှ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ပါလိမ့်မယ်။

သမိုင်းကို ပြန်ကြည့်တဲ့အခါ ဗမာပြည်က အလုပ်သမားလူတန်းစား၊ လယ်သမားလူတန်းစားအပါအဝင် အဖိနှိပ်ခံ ပြည်သူလူထုကြီးတရပ်လုံးကတော့ ဖောက်ပြန်တဲ့အုပ်စိုးသူအဆက်ဆက်ကို တာဝန်ကျေပွန်စွာ တိုက်ပွဲဝင်ခဲ့ကြကြောင်း တွေ့ရှိနိုင်ပါတယ်။

လွန်ခဲ့တဲ့ နှစ် ၁၅၀ လောက်က အနောက်နိုင်ငံတွေမှာ စက်မှုတော်လှန်ရေးတွေ ပေါ်ပေါက်ပြီး အရင်းရှင်နယ်ချဲ့စနစ်သို့ ကူးပြောင်းနေချိန်မှာ ဗမာပြည်ပဒေသရာဇ်တွေဟာ အာဏာလုပွဲတွေနဲ့ စည်းစိမ်ယစ်ပြီး ဘုန်းတော်ဘွဲ့တွေနဲ့ ယစ်မူးနေခဲ့ပါတယ်။ တတိယ အင်္ဂလိပ်-ဗမာစစ်ပွဲနဲ့ အင်္ဂလိပ်ကိုလိုနီစစ်တပ် မန္တလေးနန်းတော်ထဲ ဝင်ရောက်လာချိန်မှာ ဘုရင်နဲ့တကွ ပဒေသရာဇ်မင်းညီမင်းသား မှူးမတ်တွေ အလွယ်တကူ လက်နက်ချခဲ့သော်လည်း တောင်သူလယ်သမား နင်းပြားတွေဟာ ကိုယ့်မင်းကိုယ့်ချင်း အလံထောင်ပြီး နယ်ချဲ့သမားကို ဆယ်နှစ်ဆယ်မိုး ဓားဆွဲလို့ခုခံတိုက်ခိုက်ခဲ့ပါတယ်။

ဗမာပြည် ကျွန်ဘဝကျရောက်ချိန်မှာ ခေတ်မီတိုးတက် အမြင်ကျယ်တဲ့ အလုပ်သမားလူတန်းစား ပီပီပြင်ပြင် မပေါ်ပေါက်သေးဘူး။ ရုရှားအောက်တိုဘာ တော်လှန်ရေးနဲ့အတူ မာ့က်စ်-လီနင်ဝါဒ ဗမာပြည်ရောက်လာပြီးနောက် ၁၃၀၀ပြည့်အရေးတော်ပုံနဲ့အတူ ဗမာပြည် အလုပ်သမားလူတန်းစား တပ်ဦးပါတီဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်ပေါက်လာတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဒုတိယကမ္ဘာစစ်အတွင်း (နယ်ချဲ့ဆန့်ကျင်ရေး-ဖက်ဆစ်တော်လှန်ရေး - အမျိုးသားလွတ်မြောက်ရေး) အလံကိုလွှင့်ထူကာ ဗမာပြည်လွတ်လပ်ရေးတိုက်ပွဲရဲ့ တပ်ဦးအခန်းက သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါတယ်။ လွတ်လပ်ရေးလွန်ခေတ်မှာလည်း စစ်အစိုးရအပါအဝင် ဖောက်ပြန်ရေးအစိုးရအဆက်ဆက်ကို အလံမလှဲ ရေရှည်ဖွဲ့နဲ့ဘဲ နည်းသဏ္ဍာန်ပေါင်းစုံကျင့်သုံးကာ တိုက်ပွဲဝင်လာခဲ့တာ ဖြစ်ပါတယ်။ သူ့ကျွန်ဘဝကျ ရောက်ချိန်မှ သည် ယနေ့အထိ ဗမာပြည်က အလုပ်သမားလူတန်းစားရဲ့ တပ်ဦးပါတီ၊ အလုပ်သမားလူတန်းစား၊ တောင်သူလယ်သမားလူတန်းစားအပါအဝင် အဖိနှိပ်ခံပြည်သူတွေဟာ တလျှောက်လုံး ဖောက်ပြန်ရေးအုပ်စိုးသူလူတန်းစားတွေရဲ့ ဖိနှိပ်မှုအမျိုးမျိုးကို မလျှော့သောဇွဲလုံ့လနဲ့ တိုက်ပွဲဝင်ခဲ့ကြသလို ဆက်လက် တိုက်ပွဲဝင်နေဆဲ လည်း ဖြစ်ပါတယ်။

၂၁ ရာစု အပြောင်းအလဲနဲ့အတူ မာ့က်စ်လီနင်ဝါဒ ပြန်လည်ဆန်းသစ်လာချိန်မှာ ဖရိုဖရဲဖြစ်နေတဲ့ တိုင်းပြည်ကို ကယ်တင်ဖို့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ အဖိနှိပ်ခံလူမျိုးပေါင်းစုံပြည်သူများနဲ့ တစည်းတလုံးတည်း လက်တွဲကာ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တော်လှန်သွားမှာဖြစ်ပါတယ်။

မောင်သန်းမြွေ (၁၇ နိုဝင်ဘာ ၂၀၁၅)

# ၂၀၀၈ အခြေခံဥပဒေက
# မြင်မ်းနိုဘယ်ဆုရှင်ကို
## အိုင်စီဂျေ သို့ ပို့လိုက်ပြီ

**ဇော်လတ်**

(၂၂-၁၁-၂၀၁၉)

"မသီတာထွေး" နဲ့ မွေးခဲ့သော ရခိုင်ပြည်နယ်က မီးပွားဟာ (ICJ) ရောက်တဲ့အထိ ကြီးမားကျယ်ပြန့်သွားခဲ့ပါပြီ။ အမြင်တိုတို၊ မိုက်မိုက်ကန်းကန်း တနပ်စားဉာဏ်နဲ့ မစားရတဲ့ အမဲသဲနဲ့ပက်ခဲ့ကြတဲ့ အမှုအခင်းဟာ "အင်းဒင်-ဂူတာပြင်" အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီးတွေ အထိ ဘူးပေါ်သလို ပေါ်လာခဲ့ပါပြီ။ အခုတော့ လူမဆန်တဲ့ သတ်ဖြတ်မှုကြီးတွေကို ဆက်ပြီး လိမ်ညာကွယ်ဝှက် မဖုံးနိုင်မဖိနိုင်တော့ဘဲ မရှုနိုင်မကယ်နိုင်ဖြစ်ရပြီ။ တိုင်းကျော်ပြည်ကျော်ဖြစ်ကြရပြီ။

ဒီလို လူမဆန်တဲ့ အမှုအခင်းကြီးကို လူမဆန်စွာကျူးလွန်ခဲ့ကြသူတွေဟာ ကွင်းဆက်အားဖြင့် နှစ်ပိုင်းဖြစ်ပါတယ်။ ပထမပိုင်းဟာ အထက်ကနေ အမိန့်ပေးညွှန်ကြားစေခိုင်းတဲ့ အပိုင်းဖြစ်ပြီး၊ ဒုတိယအပိုင်းကတော့ အထက်က အမိန့်ပေးညွှန်ကြားတဲ့အတိုင်း လက်ရဲဇက်ရဲ လက်တွေ့ ကျူးလွန်ခဲ့ကြတဲ့ အပိုင်းဆိုပြီးဖြစ်ပါတယ်။ ပြစ်မှုတခုလုံးအတွက် အဓိကနဲ့ နံပါတ်တစ် တာဝန်အရှိဆုံးဟာ အထက်က အမိန့်ပေးညွှန်ကြားခိုင်းစေသူတွေပဲဖြစ်တယ်။ လက်တွေ့အကောင်အထည်ဖော်မှုအဖြစ် တာဝန်ရှိသူတွေဟာ အောက်ခြေအဆင့်ဆင့်က မိုက်မိုက်ကန်းကန်းလုပ်ခဲ့ကြသူတွေဖြစ်တယ်။

အဲဒီ အပိုင်းနှစ်ပိုင်းပါတဲ့ ကွင်းဆက်ကို တိတိကျကျ ရှင်းလင်းဖော်ပြရရင် စစ်တပ်ကို တလက်ကိုင် - ခါးပိုက်ဆောင်တပ်သဖွယ် ချုပ်ကိုင်ပြီး အဆင့်ဆင့်အမိန့်ပေးညွှန်ကြား ကွပ်ကဲခဲ့ကြသူ စစ်အုပ်စု ထိပ်သီးတွေနဲ့ အောက်ခြေတပ်က အဆင့်ဆင့်သော စစ်သည်နဲ့ အရာရှိတွေပဲဖြစ်တယ်။ ဒါကြောင့် အောက်ခြေက လက်ရဲ ဇက်ရဲ အကောင်အထည်ဖော်ခဲ့သူအချို့ကို ထိုးကျွေးပြီး တရားခံဖော်ပြရုံနဲ့မှုနဲ့ ဘယ်လိုမှ မဖြစ်ပါ။ တာဝန်အရှိဆုံးသူကို ထိထိရောက်ရောက် အပြစ်ပေးအရေးယူနိုင်မှသာ ဒီအမှုကို မျှတစွာ စစ်ဆေးစီရင်နိုင်တယ်လို့ ကောက်ချက်ချနိုင်ပါလိမ့်မယ်။

ဒီအမှုအခင်းကို ကွင်းဆက်ကျကျ ကျူးလွန်ခဲ့သူ အပိုင်းနှစ်ပိုင်းကို ထိထိရောက်ရောက် စီရင်အပြစ်ပေးရုံနဲ့ ဒီအမှုကြီးကို အပြီးအပြတ်စီရင်နိုင်ခဲ့ပြီလို့ မပြောနိုင်သေးပါဘူး။ ဒီလို လူမဆန်တဲ့အမှုကြီးကို ကျူးလွန်နိုင်အောင် ကျောထောက်နောက်ခံပြုထားတဲ့ "၂၀၀၈ အခြေခံဥပဒေ"ကိုပါ ထည့်သွင်းစီရင်ဖို့ ကျန်ပါသေးတယ်။ ဒီစီရင်မှုတွေကို (ICJ) က မစီရင်နိုင်ဘဲ ဗမာပြည် အဖိနှိပ်ခံပြည်သူတရပ်လုံးသာ စီရင်ဆုံးဖြတ်ရမှာလည်းဖြစ်ပါတယ်။

"၂၀၀၈ အခြေခံဥပဒေ"ဟာ စစ်အုပ်စုက စစ်တပ်ကို တလက်ကိုင်တပ်သဖွယ်-ခါးပိုက်ဆောင်တပ်သဖွယ် ထင်ရာလုပ်ခွင့် ပေးထားပါတယ်။ ဒီလို ထင်သလိုလုပ်နေတာမှန်သမျှကို ရွေးကောက်ခံ အစိုးရနဲ့ လွှတ်တော်က အချိန်မီ- စစ်ဆေး- ကွပ်ကဲ- ဟန့်တား နိုင်ခြင်းမပြုနိုင်အောင်လည်း ကန့်သတ်တားဆီးထား

ပြန်ပါတယ်။ ဒီအချက်ကို ၂၀၀၈ အခြေခံဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) ကို ကြည့်ပါ။ စစ်အုပ်စုနဲ့ ကာချုပ်က စစ်တပ်ကို ထင်သလို လုပ်ပိုင်ခွင့်ရှိနေပေမယ့် ဒီလိုထင်ရာလုပ် နေတာကို အစိုးရနဲ့လွှတ်တော်က အချိန်မီ - စစ်ဆေး- ကွပ်ကဲ- ဟန့်တားနိုင်ခြင်းဘယ်လိုမှမပြုနိုင်ပါဘူးဆိုတာ အဲဒီပုဒ်မတွေကို ဖတ်ကြည့်တာနဲ့ အလွယ်တ ကူသိနိုင်မြင်နိုင်ပါတယ်။

ယေဘုယျအားဖြင့် နိုင်ငံတကာရဲ့ အခြေခံလုပ်ထုံးလုပ်နည်းစနစ်အရ ကြည့်တဲ့အခါ နိုင်ငံတခုကို စီမံအုပ်ချုပ်နေတဲ့ အစိတ်အပိုင်းဟာ အဓိကအားဖြင့် အုပ်ချုပ်ရေး- ဥပဒေပြုရေး- တရားစီရင်ဆိုတဲ့ အပိုင်းတွေပဲဖြစ်တယ်။ ကာကွယ်ရေး ဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနအားလုံးဟာ အစိုးရရဲ့ စီမံကွပ်ကဲမှုအောက်မှာ ထားရှိကြတာပဲဖြစ်တယ်။ ကာချုပ်က ကွပ်ကဲတဲ့ (ကြည်း- ရေ- လေ) တပ်ဖွဲ့တွေဟာ ကာကွယ်ရေး ဝန်ကြီး အောက်မှာ ထားရှိကြရိုးဖြစ်တယ်။ ဒါကြောင့် ဖွဲ့စည်းထားတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ တာဝန်ခံ ဝန်ကြီးများဟာ မိမိဝန်ကြီး ဌာနနဲ့သက်ဆိုင်တဲ့ကိစ္စတိုင်းအတွက် အစိုးရရဲ့ စီမံခန့်ခွဲမှုကို တိတိကျကျ နာခံကြရတာပဲ ဖြစ်တယ်။ ဒါဟာ နိုင်ငံတကာလုပ်ထုံးလုပ်နည်းဖြစ်တယ်။ ၂၀၀၈ အခြေခံဥပဒေအရတော့ ဒီနိုင်ငံတကာလုပ်ထုံးလုပ်နည်းဟာ ဗမာပြည်မှာ ပြောင်းပြန်ဖြစ်နေတယ်။

"ပြည်ထဲရေး- ကာကွယ်ရေး- နယ်စပ်ရေး" စတဲ့ ဝန်ကြီးဌာန ဝန်ကြီးခန့်အပ်မှုနဲ့ စစ်တပ်ဟာ အစိုးရနဲ့လွှတ်တော်ရဲ့ စီမံကွပ်ကဲမှုအောက်မှာမရှိဘဲ၊ စစ်တပ်အကြီးအကဲဖြစ်တဲ့ ကာချုပ်လက်ထဲမှာ ရှိနေတာ ဖြစ်တယ်။ (ပုဒ်မ ၂၃၂ ပုဒ်မခွဲ ခ ပုဒ်မခွဲငယ် ၂ နဲ့ ၃ ) ကာချုပ်ဟာ အမြင့်ဆုံး ဥပဒေလွှတ်တော်ရဲ့ ၂၅ ရာခိုင်နှုန်းကို စိတ်ကြိုက်ခန့်ထားနိုင်-ဖြုတ်ပယ်နိုင် လဲလှယ်နိုင်သူ ဖြစ်နေတယ်။(ပုဒ်မ ၁၄)

ဒုတိယသမ္မတ တဦး စိတ်ကြိုက်တင်မြှောက်ခွင့်ရထားတယ်။ (ပုဒ်မ ၆၀ ပုဒ်မခွဲ ခ၊ ပုဒ်မခွဲငယ် ၃) အရေးသုံးပါးနဲ့ပတ်သက်လျှင် အရေးပေါ်အာဏာ ရယူသုံးစွဲခွင့်ရထားတယ် (ပုဒ်မ ၄၀ ပုဒ်မခွဲ ဂ )။

ဒီလို ထင်ရာလုပ်ခွင့်တွေ ရရှိထားတဲ့ စစ်အုပ်စုနဲ့ စစ်တပ်ကာချုပ်တို့ ထင်သလိုလုပ်ခဲ့ကြတဲ့ အမှုအခင်းတွေဟာ အခုတော့ "အစိုးရ"ခေါင်းပေါ်ပုံကျနေပါပြီ။ တာဝန်ယူဖြေရှင်းနေရပါပြီ။ ဒါဟာ ၂၀၀၈ အခြေခံဥပဒေ တည်မြဲနေသမျှ ကြုံနေရမယ့်၊ စစ်တပ်နဲ့စစ်အုပ်စု လုပ်သမျှခေါင်းခံနေရမယ့် ကံကြမ္မာလည်း ဖြစ်တယ်။ ၂၀၀၈ အခြေခံဥပဒေ တည်မြဲနေသမျှ ရွေးချယ်ခံရတဲ့ ဘယ်အစိုးရမဆို ရင်ဆိုင်ရမယ့် ကိစ္စလည်း ဖြစ်တယ်။

ပြစ်မှုကျူးလွန်သူဟာ ဒီအိမ်ထဲကနေထွက်လာပြီး လူမဆန်တဲ့ပြစ်မှုကိုကျူးလွန်သွားတာကို လူတိုင်းမျက်မြင်ထင်ရှားဖြစ်တယ်။ ပြစ်မှုကျူးလွန်ပြီးတဲ့နောက် အဲဒီအိမ်ထဲကို ပြေးဝင်သွားတာလည်း အားလုံးကမျက်မြင်ကိုယ် တွေ့ဖြစ်တယ်။ အမှုစွဲတင်ပြီး တရားရင်ဆိုင်ရတဲ့အခါမှာတော့ ဒီအိမ်ကြီးမှာ လောလောဆယ်အမည်ပေါက် နေထိုင်နေတဲ့သူက ရင်ဆိုင်နေရတဲ့ သဘောမျိုးဆန်ဆန် ဖြစ်နေတယ်။ သတ္တုချလိုက်တော့ "၂၀၀၈ အခြေခံဥပဒေဘောင်"ထဲ ဝင်မိတဲ့ နောက်ဆက်တွဲရလဒ်တွေကို မလွှဲနိုင်မရှောင်နိုင်ဘဲ အိုးစွပ်ခွက်စွပ် ခံရတယ်ဆိုတာ ထင်ရှားပါတယ်။ အခုတော့ အမှုဟောင်း အခင်းဟောင်းတွေရော- ကိုယ့်လက်ထက်ပွားအမှုအခင်းတွေရော ဆိုးမွေဟောင်း ဆိုးမွေသစ် အားလုံးကိုစုပုံပြီး ရွေးချယ်ခံအစိုးရဟာ ငါးတကာယိုတဲ့ချေးပုစွန်ဆိတ်ခေါင်းစုဆိုတာလို ခေါင်းခံနေရပြီဖြစ်တယ်။

"နိုင်ငံတော်၏ အချုပ်အခြာအာဏာဟာ နိုင်ငံသားပြည်သူများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တဝန်းလုံး၌ တည်သည်" ဆိုတဲ့ ဒီသဘောတရားအရဆိုရင် အထွေထွေရွေးကောက်/ ကြားဖြတ်ရေးကောက်ပွဲတွေမှာ မဲဆန္ဒနယ်အလိုက် ပြည်သူက တိုက်ရိုက်ဆန္ဒမဲပေးပြီး ရွေးချယ်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေမှာ အချုပ်အခြာအာဏာ အပြည့်အစုံရှိဖို့ မုချလိုအပ်တယ်။ ဒါမှသာ အချုပ်အခြာအာဏာ အပြည့်အဝရှိတဲ့ လွှတ်တော်နဲ့အစိုးရကို ဖွဲ့စည်း နိုင်မှာဖြစ်တယ်။

သို့မှသာ (ဥပဒေပြုရေးနဲ့အုပ်ချုပ်ရေး) လွှတ်တော်နဲ့ အစိုးရမှာ ပြည့်စုံတဲ့အချုပ်အခြာအာဏာ အပြည့်အဝရှိနေပြီး တိုင်းပြည်နဲ့ ပြည်သူလူထုအရေးကိစ္စမှန်သမျှကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့် အပြည့်အဝ ရှိမှာဖြစ်ပါတယ်။ ဒီတော့

၁။ "ပါတီစုံဒီမိုကရေစီစနစ်" မှန်ကန်ပီပြင်ဖို့ လိုအပ်ပါတယ်။ မိမိယုံကြည်ရာ ဝါဒ၊ သဘောတရားနဲ့ လုပ်ငန်းစဉ်ကို လွတ်လပ်စွာ စည်းရုံးဟောပြော စုစည်းဆောင်ရွက်နိုင်တဲ့ အခွင့်အရေးတွေ နိုင်ငံရေးပါတီတိုင်းမှာ အပြည့်အဝရှိရပါ့မယ်။ ဒီအခွင့်အရေးတွေကို တားဆီးပိတ်ပင်ကန့်သတ်ထားတဲ့ဥပဒေ - နည်းဥပဒေများ- အမိန့်များ- ညွှန်ကြားချက်များကို အကုန်အစင် ဖျက်သိမ်းပစ်ရပါမယ်။

၂။ တရားမျှတပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲတွေ ဖြစ်စေဖို့ ရွေးကောက်ပွဲဆိုင်ရာ မတရားတဲ့ ဥပဒေ၊ နည်းဥပဒေတွေ- အမိန့်ညွှန်ကြားချက်တွေကို အကုန်အစင် ဖျက်သိမ်းပစ်ရပါ့မယ်။

၃။ အထွေထွေဒီမိုကရေစီအခွင့်အရေးတွေကို တားဆီးပိတ်ပင်ကန့်သတ်ထားတဲ့ ဥပဒေ- နည်းဥပဒေများ- အမိန့်များ- ညွှန်ကြားချက်များကို အကုန်အစင် ဖျက်သိမ်းပစ်ရပါ့မယ်။ ဥပမာ -မတရားသင်းဥပဒေ

၄။ "၂၀၀၈ အခြေခံဥပဒေ" ကို ဖျက်သိမ်းပစ်ပြီး - အခြေခံဥပဒေသစ်ရေးဆွဲကာ အစားထိုးရပါ့မယ်။ "၂၀၀၈ အခြေခံဥပဒေ" ဟာ အထွေထွေရွေးကောက်ပွဲနဲ့ ကြားဖြတ်ရွေးကောက်ပွဲတွေကနေ ပြည်သူက ဆန္ဒမဲပေး ရွေးချယ်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များ၊ ထိုကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းအပ်သော "လွှတ်တော်နဲ့အစိုးရ" တို့ဟာ ပြည့်စုံတဲ့အချုပ်အခြာအာဏာ အပြည့်အဝမရှိဘဲ (ရာခိုင်နှုန်းပြည့်မရှိဘဲ) သတ်မှတ် ကန့်သတ်ပေးထားတဲ့ အခွင့်အာဏာသာ(၇၅ ရာခိုင်နှုန်းမျှသာ) ခွင့်ပြုထားတဲ့ အခြေခံဥပဒေဖြစ်ပါတယ်။

တနည်းအားဖြင့် ရွေးကောက်ပွဲနဲ့ ပြည်သူလူထုက ဆန္ဒမဲပေးခြင်းမပြုဘဲ စစ်တပ်အကြီးအကဲဖြစ်တဲ့ ကာချုပ်က ရယူထားတဲ့ (၂၅ ရာခိုင်နှုန်းအာဏာဖြင့်) "ဥပဒေပြုရေးနဲ့အုပ်ချုပ်ရေး" ကိစ္စအရပ်ရပ်မှာ စိတ်ကြိုက် စီမံခန့်ခွဲနေတဲ့ အချက်ပါပဲ။ ကာချုပ်က ချုပ်ကိုင်ထားတဲ့ " ၂၅ ရာခိုင်နှုန်း" ဟာ "ရွေးကောက်ခံ ၇၅ ရာခိုင်နှုန်း" ရဲ့ဆုံးဖြတ်ချက်တွေကို ပယ်ချ- ပယ်ဖျက်နိုင်တဲ့ အခွင့်အာဏာတွေကို (ကာချုပ်က) အပိုင်စားရယူထားတဲ့ အခြေခံဥပဒေလည်း ဖြစ်ပါတယ်။

ဒါ့အပြင် လွှတ်တော်နဲ့အစိုးရရဲ့ လုပ်ဆောင်ချက်မှန်သမျှကို ကာချုပ်တစ်ဦးတည်းသဘောနဲ့ ပယ်ချနိုင် ဖျက်သိမ်းနိုင်တဲ့ အခွင့်အာဏာ ရယူထားတယ်။ အပြန်အလှန်အားဖြင့် ကာချုပ်နဲ့ စစ်တပ်ရဲ့ လုပ်ဆောင်နေမှုမှန်သမျှကို လွှတ်တော်နဲ့အစိုးရက နည်းနည်းလေးမှ စီမံ- စစ်ဆေး- မေးမြန်း- စွက်ဖက်- ထိပါး လို့မရတဲ့ အနေအထားလည်း ဖြစ်တယ်။

ဒီအချက်တွေကြောင့်ပဲ ၂၀၀၈ အခြေခံဥပဒေဟာ အခြေခံဒီမိုကရေစီစံနှုန်းတွေနဲ့ မကိုက်ညီတဲ့ မပြည့်ဝတဲ့ အခြေခံဥပဒေသာ ဖြစ်ပါတယ်။ တနည်းအားဖြင့် စစ်အုပ်စုရဲ့ အာဏာနဲ့ခနဉစ္စာ အကျိုးစီးပွားတွေကို အတိတ် ပစ္စုပ္ပန် အနာဂတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးထားတဲ့ အခြေခံဥပဒေပဲဖြစ်တယ်။

၂၀၀၈ အခြေခံဥပဒေရဲ့ ဒီအနှစ်သာရကို လွှတ်တော်တွင်း ပြင်ဆင်တဲ့နည်း မဖြစ်နိုင်ဘူး။ ဖျက်သိမ်းပစ်ရမယ်။ အခြေခံဥပဒေသစ် ညှိနှိုင်းရေးဆွဲပြီး အစားထိုးရမယ်။ ရေးဆွဲအတည်ပြုလိုက်တဲ့ အဲဒီ အခြေခံဥပဒေတစ်ခုထဲမှာ စစ်တပ်ကို ချုပ်ကိုင်ထားနိုင်သူက စိတ်ကြိုက်လုပ်ခွင့်တွေ ရယူထားတဲ့၊ ပေးအပ်ထားတဲ့ ဥပဒေ၊ ပုဒ်မ၊ အခွင့်ထူးပြဋ္ဌာန်းချက်တွေ လုံးဝ မပါရှိစေရ။

ဒီလိုလုပ်နိုင်မှသာ စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ အချုပ်အခြာအာဏာဟာ နိုင်ငံသားပြည်သူများထံကနေ ဆင်းသက်တယ်ဆိုတဲ့ သဘောတရားကို ပေမီကိုက်မီ အကောင်အထည်ဖော်နိုင်ပါလိမ့်မယ်။



# လတ်တလော ချီလီလူထုအုံကြွမှု

ကျော်မြတ်ထွန်း

(အပိုင်း-၁)

၂၀၁၉ အောက်တိုဘာ ၁၄ ရက်နေ့မှာ မြေအောက်ရထားခဈေးတက်တာကို ကျောင်းသားတွေက စတင်ဆန္ဒပြတဲ့ အလိုအလျောက်ပေါက်ကွဲမှုကနေ အဆင့်ဆင့် ပြောင်းပြီး နိုင်ငံရေးလက္ခဏာဆောင်တဲ့ လှုပ်ရှားမှု ဖြစ်လာတယ်။ ဒီအုံကြွမှုဟာ နိုဝင်ဘာလလယ်ရောက်တော့ အဆင့် ၃ ဆင့်ပြောင်းလာတယ်။

စင်တီယာဂိုမြို့တော်မှာ စတင်ရာက တခြားမြို့ကြီးတွေဆီပြန့်သွားတယ်။ အောက်တိုဘာ ၂၅ ရက် ပြည်လုံးကျွတ် အထွေထွေသပိတ်ကြီးမှောက်တော့ လူသိန်းသန်းချီ ပါဝင်လာတယ်။ လက်ယာစွန်း ဘီလျံနာသူဌေးကြီးဖြစ်သူ သမ္မတက ဦးဆောင်တဲ့အစိုးရဟာ ပထမတော့ ခပ်ပေ့ါပေ့ါသဘောထားပြီး ဟိုတယ်မှာ ညစာစားမပျက်ဘူး။ အောက်တိုဘာ ၁၈ ရက်မှာ ချီလီသမ္မတက အရေးပေါ်အခြေအနေကြေညာ၊ သံချပ်ကာကားတွေ စစ်ကားတွေ ကင်းလှည့်ခိုင်းပြီး နေရာတကာ စစ်တပ်တွေချထားတယ်။

ဒီလိုတင်းကျပ်တဲ့ကြားထဲက လူထုကြီးဟာ ကြောက်စိတ်မရှိဘဲ လမ်းတွေပေါ်ထွက်ပြီး ဆန္ဒပြတယ်။ မီးသတ်ပိုက်တွေ မျက်ရည်ယိုဗုံးတွေ ရာဘာကျည်တွေကြားမှာ ဆန္ဒပြသူအင်အားဟာ လျော့မသွားဘဲ တိုးလာတယ်။ တနိုင်ငံလုံးကို ပြန့်လာတယ်။ သေနတ်နဲ့ပစ်လို့ လူ နှစ်ဆယ်ကျော် သေဆုံးရသလို လူရာချီ ဒဏ်ရာရတယ်။ အိမ်တွေထဲထိ စစ်တပ်က တရကြမ်း ဝင်ဖမ်းတာတွေလုပ်တယ်။ ကလေးတွေအမျိုးသမီးတွေအပါ လူထောင်ချီ အဖမ်းခံရတယ်။ ရာဘာကျည်တွေက မျက်လုံးကို တည့်တည့်ပစ်တယ်ဆိုတဲ့ အသံတွေ ထွက်လာတယ်။ စစ်သားတွေဟာ မဲမဲမြင်ရာ ပစ်ကြသလို သွားရင်းလာရင်း ရိုက်နှက်တာတွေလည်း လုပ်လာကြတယ်။ ဒေါသ ပေါက်ကွဲလာတဲ့လူအုပ်တချို့ဟာ စူပါမားကက်တွေ အီလက်ထရောနစ် စတိုးဆိုင်တွေ ဖျက်ဆီးကြ၊ ကားတွေမီးတင်ရှို့တာတွေ ဖြစ်လာတယ်။ လူထုအုံကြွမှုဟာ ရပ်မသွားဘဲ ပြင်းထန်လာပြီး တန်းတူညီမျှမှုကင်းတဲ့ လက်ရှိ နိုင်ငံရေး စီးပွားရေးစနစ်ကို ကန့်ကွက်လာကြပြီး ပီနိုရှေးလက်ထက် ပြဋ္ဌာန်းခဲ့တဲ့ စစ် အခြေခံဥပဒေ ဖျက်သိမ်းရေးတွေအထိ တောင်းဆိုလာကြတယ်။

ချီလီအစိုးရဟာ နည်းဗျူဟာ တမျိုးပြောင်းပြီး အရေးပေါ်အခြေအနေအမိန့်ကို ရုပ်သိမ်းတယ်။ မြေအောက်ရထားခ တိုးမြှင့်မှုကို ဆိုင်းငံ့တဲ့အမိန့်တွေကို ထုတ်တယ်။ သူ့အစိုးရအဖွဲ့ ဝန်ကြီးတချို့ကို ဒီအရေးအခင်းအတွက် တာဝန်ရှိသူတွေဆိုပြီး ထုတ်ပစ်တာ အသစ်တွေနဲ့ အစားထိုးတာတွေ လုပ်တယ်။ တပြိုင်နက်မှာပဲ အာဏာရပါတီနဲ့ မဟာမိတ်တွေဟာ ပါလီမန်တွင်း အတိုက်အခံအမတ်တွေနဲ့ အခြေခံဥပဒေကိစ္စ စေ့စပ်ညှိနှိုင်းကြတယ်။

ချီလီအစိုးရက လက်ရှိပါလီမန်အမတ်တွေနဲ့ ခြေဥပြင်ဆင်ရေးအတွက် ရောနှောညီလာခံတခု ကျင်းပပြီးပြင်တဲ့လမ်းကို ကမ်းလှမ်းတယ်။ လွှတ်တော်ထဲက အတိုက်အခံမဟာမိတ်တွေက တိုင်းပြုပြည်ပြု လွှတ်တော်ခေါ်ပြီး ပြင်တဲ့လမ်းကြောင်းကို တင်တယ်။ အကြမ်းအားဖြင့်တော့ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲတွေလုပ်ပြီး အဲဒီလွှတ်တော်မှာ အခြေခံဥပဒေသစ် ရေးဆွဲမယ်၊ ပြီးရင် လူထုဆန္ဒခံယူပွဲကျင်းပပြီး ဒီခြေဥကို အတည်ပြုမယ်။ လာမယ့်ရွေးကောက်ပွဲက ၂၀၂၁ မှ ကျင်းပမှာဆိုတော့ အဲဒီရွေးကောက်ပွဲနဲ့အတူ ခြေဥပြင်ဆင်ရေးတွေလုပ်ဖို့ ပြင်ဆင်တာတွေလုပ်မယ်ဆိုတဲ့ သတင်းတွေကြားရတယ်။အတိုက်အခံတွေထဲက ဗဟိုလက်ဝဲယိမ်းပါတီတွေ ဆိုရှယ်လစ်ပါတီတွေနဲ့ အခြားမဟာမိတ်တွေက အစိုးရကမ်းလှမ်းချက်ကို လက်ခံပေမယ့် လွှတ်တော်ထဲမှာရှိတဲ့ ကွန်မြူနစ်ပါတီနဲ့ သူ့မဟာမိတ် ၇ ပါတီက လက်မခံသေးဘဲ ခြေဥပြင်ဆင်ရေးကို အခုလူထုလှုပ်ရှားမှု ကိုယ်စားလှယ်တွေမပါဘဲ မဖြစ်နိုင်၊ လက်ရှိလွှတ်တော်က ဖွတ်လုပ်ရင် တိုင်းပြည်ဒုက္ခ ပိုရောက်မယ်ဆိုပြီး သတိပေးတာတွေလုပ်နေတယ်ဆိုတဲ့ သတင်းတွေ ထွက်လာတယ်။

မက်ထရိုရထားခ ပီဆို ၃၀ (အမေရိကန် ၄ ဆင့်ခန့်) တိုးတာဟာ ဘာမှ မဖြစ်လောက်ဘူး ထင်ပေမယ့် ဒီတခါမှာတော့ လောင်စာပုံထဲ မီးတောက်တချက်ခတ်လိုက်တာ ဖြစ်သွားတယ်။ ချီလီအလုပ်သမားလူတန်းစားမိသားစုတွေဟာ အလုပ်သွားလုပ်ဖို့ လစဉ် ကားခ ရထားခပေးနေရတဲ့ ပမာဏဟာ သူတို့ တလဝင်ငွေရဲ့ ၂၀% ရှိတယ်။ ဆေးရုံတွေမှာ ဆေးမရှိလို့ ဆရာဝန်တွေ ညည်းနေကြရတယ်။ သာမန်ပြည်သားတယောက် ခွဲစိတ်ကုသဖို့ လိုလာရင် ၃ လလောက်စောင့်မှ ခွဲတဲ့အလှည့်ကျတယ်။ ၂၀၁၈ ခုနှစ်အတွင်း ဆေးကုဖို့ စောင့်ရင်း သေဆုံးရသူပေါင်း ၂၆၀၀၀ တောင်ရှိတယ်တဲ့။ လူဦးရေစုစုပေါင်း ၁၈ သန်းနဲ့တွက်ရင် သေဆုံးသူအရေအတွက် အချိုးအစားကို သိနိုင်မှာပါ။ ပျမ်းမျှ အနိမ့်ဆုံး တလလုပ်ခက ပီဆို ၃ သိန်း (၄၁၄ ဒေါ်လာ) ရှိပေမယ့် မလောက်ငလို့ ချီလီမှာ ဆိုရိုးစကားတစ်ခုတောင် ပေါ်နေတယ်။"ဒီနေ့ ပေါင်မုန့်စားဖို့တော့ လောက်တယ်၊ နက်ဖန်တော့ငတ်မယ်"တဲ့။

မက်ထရိုရထားခတွေ တိုးတောင်းလိုက်တဲ့နေ့မှာ သမ္မတပင်ညဲရားဟာ အကောင်းစား ဟိုတယ်တခုမှာ ပီဇာစားနေတယ်ဆိုတဲ့ ဓာတ်ပုံကိုတွေ့ရတော့ ရောမခေတ် နီရိုးဘုရင်ကြီးဆိုပြီး လူတွေက အော်ဟစ်ကြတယ်။ လူထု အများစုကတော့ လက်ရှိသမ္မတကို လွှန်ခဲ့တဲ့အာဏာရှင် ဗိုလ်ချုပ်ကြီးပီနိုရှေးနဲ့ တထပ်တည်းပဲလို့တောင် ပြောနေကြတယ်။

သေချာတာကတော့ လက်ရှိချီလီလူထုအရေးတော်ပုံဟာ စစ်ခြေဥ အကြွင်းအကျန်မှန်သမျှ ဖျက်သိမ်းရေး၊ တန်းတူညီမျှမှုကင်းမဲ့ရာက တန်းတူညီမျှတဲ့လူ့အဖွဲ့အစည်း ထူထောင်ရေးတွေအတွက် လမ်းပေါ်ကို ထွက်လာကြတယ် ဆိုတဲ့အချက် ဖြစ်ပါတယ်။

<u>သုံးသပ်ချက်</u>

၁။ဒီမိုကရက်တိုက်ဖေးရှင်း တတိယလှိုင်းမှာ အာဏာရှင်စနစ်ကနေ ဒီမိုကို ကူးပြောင်းတဲ့ စံပြနိုင်ငံအဖြစ် ဒီမိုကရက်တိုက်ဖေးရှင်း သဘောတရားဂုရုကြီးတွေက လက်ညိုးထိုးပြခဲ့ကြတဲ့ ချီလီနိုင်ငံရဲ့ ပြည်သူအများစုကြီးဟာ အဲဒီ- ဒီမိုတတိယလှိုင်းအသီးအပွင့်ကို မခံစားရသူတွေဖြစ်ကြောင်း ဒီနေ့ လမ်းပေါ်ထွက်ပြီး သက်သေပြလိုက်တယ်။

ဗမာပြည်က အီးဂရက်အုပ်စုအပါ ဒီမိုကရက်တိုက်ဖေးရှင်း ကဂိအဆူဆူကလည်း ချီလီဟာ အာဏာရှင်ပီနိုရှေးလက်ကနေ ဒီမိုကရေစီ အပြည့်အဝရလာဖို့ နှစ်ပေါင်း ၂၀ လောက် အဆင့်ဆင့်ဖြတ်ရသလို မြန်မာပြည်ဟာလည်း နှစ်ပေါင်းများစွာ စိတ်ရှည်စွာ ဖြတ်ဖို့လိုတယ်ဆိုပြီး ချီလီနမူနာ မကြာခဏ ရေးကြပြောကြတယ်။ ဒီနေ့ လူထုအုံကြွမှုမှာတော့ ချီလီဟာ ၁၉၈၀ ခုများတုန်းက အာဏာရှင်ပီနိုရှေး ရေးဆွဲခဲ့တဲ့ခြေဥကို ပိုင်းဆန့်ကျင်နေကြပြီ။ ဆိုလိုတာက အာဏာရှင်ပီနိုရှေးရေးဆွဲခဲ့တဲ့ ခြေဥကို ကြားကာလအတွင်း အဆင့်ဆင့် ပြင်ဆင်တာတွေ လုပ်ကြပေမယ့် ပီနိုရှေးရဲ့ခြေဥအနှစ်သာရတွေကို လွှတ်တော်တွင်း ဝင်ပြင်သမားတွေက လက်ဖျားနဲ့ မထိဘဲထားခဲ့ကြလို့ လူထုမကျေနပ်မှုတွေ ရှိနေတယ်။ ဒီမိုကရက်တိုက်ဖေးရှင်း ဂုရုတွေပြောသလို ချီလီဟာ နှစ်ပေါင်း ၂၀ စိတ်ရှည်စွာ ပီနိုရှေးခြေဥကို တဖြည်းဖြည်း ပြင်နိုင်ခဲ့ပြီ၊ ချီလီဟာ လစ်ဘရယ်နိုင်ငံဖြစ်ပြီ-ဆိုတဲ့စကားဟာ မုသားစကားများသာဖြစ်ကြောင်း ပွင့်ကျလာတယ်။

အာဏာရှင်ပီနိုရှေးရဲ့ စစ်ခြေဥပဒေဟာ အဓိကအားဖြင့် အဲဒီတုန်းက ချီလီအရင်းရှင်ကြီးတစု အကျိုးနဲ့ စစ်အာဏာသိမ်းခေါင်းဆောင်တွေ ဆက်လက် သက်ဆိုးရှည်ရေးအတွက် ရေးဆွဲထားတဲ့ ခြေဥဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးပီနိုရှေးဟာ ရွေးကောက်ပွဲကတက်လာတဲ့ ဆိုရှယ်လစ်သမ္မတ အာယန်ဒေးကို အမေရိကန် စီအိုင်အေ အကူအညီနဲ့ ဖြုတ်ချပြီး စစ်အာဏာသိမ်းခဲ့တယ်။ ဒီအာဏာသိမ်းပွဲဟာ လက်တင်အမေရိကမှာ သွေးထွက်သံယိုအများဆုံး အာဏာသိမ်းပွဲဖြစ်သလို သမ္မတနန်းတော်ကိုတောင် လေတပ်နဲ့ ဗုံးကြဲတာတွေ လုပ်တာပါ။ ဒီအာဏာသိမ်းပွဲမှာပဲ ဆိုရှယ်လစ်ပါတီက သမ္မတအာယန်ဒေးကျဆုံးခဲ့ရသလို ကျန်အများအပြားလည်း သေဆုံးခဲ့တယ်။ အာဏာရှင်လက်ထက် ၁၉၇၃ ကနေ ၁၉၉၀ အတွင်း လူပေါင်း၃၀၆၅ အသတ်ခံရတယ်။ လူ ၄ သောင်းကျော် နှိပ်စက်ညှဉ်းပန်း ခံရတယ်။ လူမသိသူမသိ ပြန်ပေးဆွဲ အစဖျောက်ခံရတာတွေ ရှိသလို လူသိန်းချီပြီးလည်း တိုင်းပြည်က မောင်းအထုတ်ခံရတယ်။

၂။ ပီနိုရှေးရဲ့ ၁၉၈၀ ခု စစ်ခြေဥပဒေဟာ ပီနိုရှေးကို အထက်လွှတ်တော်အမတ်အဖြစ် ရာသက်ပန် နေခွင့်ရအောင် ရေးဆွဲထားတာဖြစ်သလို ပီနိုရှေးမရှိတော့တဲ့နောက်ပိုင်းမှာ စစ်တပ်ကို ချီလီနိုင်ငံရေး ဖြစ်စဉ်အပေါ် ဆက်ပြီးထိန်းချုပ်ခွင့်ရအောင် လမ်းခင်းထားတယ်။ လက်တဆုပ်စာသူဌေးကြီးတွေ အာဏာရှင်တွေ လက်ထဲမှာ စီးပွားရေးအာဏာနဲ့ အာဏာအလွဲသုံးစားခွင့်တွေ စုပုံရောက်ရှိအောင်လုပ်ထားတဲ့ တရားမဝင် အခွန်ရှောင်တာတွေ၊ မမျှတတဲ့ အခွန်အတုတ်ကောက်ခံတာတွေကို လမ်းခင်းပေးတဲ့ အခြခံဥပဒေ ဖြစ်ပါတယ်။ ဒီအပေါ်ကနေ ကျယ်ပြန့်တဲ့ဒီမိုကရေစီနဲ့ရေးဆွဲတဲ့ လူအများပါဝင်ပြီးရေးဆွဲတဲ့ အခြေခံဥပဒေသစ်ကို နိုင်ငံသားတွေက လိုချင်နေကြတယ်လို့ ချီလီကွန်မြူနစ်ပါတီက ကြေညာချက်ထုတ်တယ်။ ဒီလို ဘာဖြစ်လို့ ထုတ်သလဲဆိုတာ နောက်ကြောင်းကို နည်းနည်း ပြန်ကြည့်ဖို့လိုလိမ့်မယ်။

ပီနိုရှေးဟာ မာရှယ်လောစစ်အမိန့်နဲ့ တိုင်းပြည်ကို နိုင်ငံရေးအရ ချုပ်ကိုင်နေတဲ့တချိန်တည်းမှာ အဲဒီကာလတုန်းက စတင်ရေပန်းစားနေတဲ့ နီယိုလစ်ဘရယ်ဂါဒနဲ့ သူ့တိုင်းပြည်ကို စီးပွားရေးအရ ပြောင်းပစ်ခဲ့တယ်။ အမေရိကန် နီယိုလစ်ဘရယ်ဂါဒီများဖြစ်တဲ့ ချီကာဂိုတက္ကသိုလ်ဆင်းတွေကို Chicago Boy လို့ ခေါ်ကြပြီး ပီနိုရှေးဟာ ချီလီစစ်ဗိုလ် Chicago Boys တစုကို လက်ရုံးပြုပြီး စီးပွားရေးဘဝကို ချုပ်ကိုင်တာတွေ လုပ်တယ်။

နီယိုလစ်ဘရယ်ဂါဒစီးပွားရေးဆိုတာ အားလုံးသိကြတဲ့အတိုင်း နိုင်ငံပိုင်စက်ရုံ အလုပ်ရုံ လုပ်ခင်းကိုင်ခင်းတွေကို ပုဂ္ဂလိကလက်ထဲ လွှဲပြောင်းရေး၊ အစိုးရသုံးစွဲနေတဲ့ ထောက်ပံ့ငွေတွေ လူမှုဖူလုံရေးစရိတ်တွေ ဖျက်သိမ်းရေး၊ အစိုးရဘတ်ဂျက်ထဲမှာပါတဲ့ ပညာရေး၊ ကျန်းမာရေး၊ ပင်စင်ထောက်ပံ့ကြေးတွေ ဖြတ်တောက်ရေး၊ အစိုးရအမှုထမ်းဦးရေတွေ လျှော့ချရေးတွေ၊ တနည်းအားဖြင့် မျက်မှောက်ကာလ နိုင်ငံအများအပြား ဆန္ဒပြနေတဲ့ austerity အတင်းအကျပ် ခြိုးခြံချွေတာရေးတွေကို ချက်ချင်း အကောင်အထည် ဖော်ကြသလို စီးပွားရေးကဏ္ဍဖွဲ့စည်းမှုတွေ အပြောင်းအလဲလုပ်ပြီး ကာယလုပ်သားလျှော့ချတာတွေ နည်း ပညာသစ် တပ်ဆင်တာတွေ ဝန်ဆောင်လုပ်ငန်းတွေ တိုးလုပ်တာတွေနဲ့ စက်ရုံအလုပ်ရုံတွေက အလုပ်သမား အခွင့်အရေးမျိုးစုံနဲ့ အလုပ်သမားသမဂ္ဂတွေကို ဖျက်သိမ်းပစ်တာတွေ လုပ်ကြတယ်။

ချီလီမှာ နီယိုလစ်ဘရယ်စီးပွားရေး ပေါ်လာတာကြောင့် စီးပွားရေးတခုလုံး တမျိုးတမည် ပြောင်းလဲပြီး ပြည်တွင်းထုတ်ကုန်တွေတိုးတက်လာတာမှန်ပေမယ့် အလုပ်လက်မဲ့တွေ ထောင်သောင်းချီလာတယ်။ အစစ်အမှန်လုပ်ခတွေ ကျဆင်းလာပြီး နေထိုင်မှုတွေ ကျဆင်းလာတယ်။ လက်ရှိ ချီလီနိုင်ငံမှာ အောက်ဆုံးအဆင့်လူဦးရေရဲ့ တလပျမ်းမျှဝင်ငွေက ၄၁၄ ဒေါ်လာပဲရှိပေမယ့် အရင်းရှင်ကြီးတွေရဲ့ နှစ်စဉ် အခွန်ရှောင်လို့ ဆုံးရှုံးရတဲ့ငွေက ဒေါ်လာ ၁.၅ ဘီလီယံတောင် ရှိနေတယ်။ လူမှုဖူလုံရေးတွေ ကျန်းမာရေးတွေ မရတော့ဘူး၊ ပိုက်ဆံချမ်းသာမှ ဆေးကုနိုင်သလို ပိုက်ဆံချမ်းသာမှ ကျောင်းကောင်းကောင်းမှာ နေနိုင်တယ်။ ပိုက်ဆံချမ်းသာမှ တက္ကသိုလ်တွေကို တက်နိုင်တယ်။ ၂၀၁၁-၁၃ ခုတွေမှာ ပညာရေးစနစ်ကန့်ကွက်တဲ့ ကျောင်းသားဆန္ဒပြပွဲတွေ ချီလီမှာ အကြီးအကျယ် ပေါ်လာတယ်။ ဒီလိုပေါ်လာတော့လည်း ပီနိုရှေး စစ်ခြေဥ အရ ပေးထားတဲ့အာဏာနဲ့ အရေးပေါ်အခြေအနေ ကြေညာတာတို့ စစ်တပ်နဲ့နှိမ်နင်းတာတို့ လုပ်ကြတယ်။ ဒီနေ့ ချီလီသမ္မတပင်ညဲရားကိုယ်တိုင်လည်း အဲဒီ စစ်ခြေဥကပေးတဲ့အာဏာနဲ့ သူတို့အကျိုးစီးပွားကို ဆက်ကာကွယ်နေဆဲ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၉ အောက်တိုဘာလူထုအုံကြွမှုဟာ ၁၉၈၀ စစ်ခြေဥကို လူမှုရေး

စီးပွားရေး ပေါ်လစီအပြောင်းအလဲမပါဘဲ၊ အပေါ်ယံလောက် ပြုပြင်ဖာထေးတာ မလုပ်ဘဲ ပြည်သူအများ ပါဝင်ပြီး ဒီမိုကရေစီကျယ်ပြန့်စွာရတဲ့ အခြေအနေမှာ အစအဆုံး အသစ်ပြန်ရေးရမယ်လို့ တောင်းဆိုတာ ဖြစ်ပါတယ်။

၃။ လမ်းပေါ်တက်နိုင်ငံရေး ခေတ်ကုန်ပြီလို့ အသံကုန်အော်နေကြတဲ့ လစ်ဘရယ်ရှေ့နေကဂိတွေရဲ့ ကျုံးသွင်းရေးပေါ်လစီဟာ ဒီတခါ ချီလီလူထုအုံကြွမှုကြီးက လုံးဂမားကြောင်း မျက်နှာဖုံးခွာချလိုက်ရုံမက မျက်မှောက်ကာလမှာ ဂန်ဆောင်လုပ်ငန်းတွေ များလာပြီး လူလတ်တန်းစားတွေ တိုးပွားလာနေတဲ့အတွက် ပစ္စည်းမဲ့လူတန်းစား မရှိတော့ဘူး။ လူ့အဖွဲ့အစည်းလည်း တည်ငြိမ်လာပြီ၊ တစတစ တိုးတက်လာပြီဆိုတဲ့ သဘောတရားတွေလည်း မှားယွင်းကြောင်း သက်သေပြလိုက်တာဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ချီလီနိုင်ငံဟာ လက်တင်အမေရိကနိုင်ငံတွေမှာ စီးပွားရေး မှန်မှန်တိုးတက်နေသလို ဝန်ဆောင်လုပ်ငန်းလုပ်တဲ့အမှုထမ်းက အဓိက ဖြစ်လာနေတယ်။ ချီလီရဲ့ GDP ထဲမှာပါဝင်တဲ့ ကဏ္ဍအလိုက် ရာခိုင်နှုန်းအချိုးအစားကို ပြန်ကြည့်လိုက်ရင် ဝန်ဆောင်ကဏ္ဍက ၅၇.၅၉% ရှိတယ်။ ဒီကဏ္ဍမှာ အလုပ်လုပ်သူက အလုပ်လုပ်နိုင်သူဦးရေရဲ့ ၆၇.၉၂% ရှိတယ်။ စက်မှုကဏ္ဍက ၂၉.၉၆ ရှိပြီး စက်မှုကဏ္ဍ အလုပ်သမား ၂၂.၇၄% ရှိတယ်။ လယ်ယာကဏ္ဍက GDP ရဲ့ ၃.၈၃%ရှိပြီး လုပ်ကိုင်သူက အလုပ်လုပ်နိုင်သူရဲ့ ၉.၃၅ရှိတယ်။

ဒါတွေဟာ ၂၀၁၈ ခုစာရင်းပါ။ ချီလီသမ္မတ ဘီလီယံနာသူဌေးကြီး ပင်ညဲရားက "ချီလီဟာ သဲကန္တာရထဲက အိုအေစစ်လိုပဲ"လို့ ပြောပါတယ်။ သူ့စကားက လောလောဆယ် နိုင်ငံရေး စီးပွားရေး ဖြောင်းဆန်နေတဲ့ လက်တင်အမေရိကနိုင်ငံတွေ-ဆိုတဲ့ သဲကန္တာရထဲမှာ သူ့တိုင်းပြည်တစ်ခုသာ အေးဆေးနေတယ် ဆိုတဲ့ သဘောပါပဲ။ ဒါပေမဲ့ အောက်တိုဘာ ကျောင်းသားဆန္ဒပြပွဲဟာ မက်ထရိုမြေအောက်ရထားခတွေ ၃% တိုးလိုက်တဲ့အပေါ် ကန့်ကွက်ရာက စတင်ခဲ့တာပါ။ မက်ထရိုဘူတာရုံ ၁၂ ခုကို ဆန္ဒပြသူတွေ မီးတင်ရှို့ခဲ့ကြလို့ ၂ ရက်လောက်အတွင်း ဒေါ်လာ သန်း ၃၀၀ လောက် ဆုံးရှုံးသွားတယ်။ သမ္မတပင်ညဲရားက ဆန္ဒပြသူတွေကို အလွန်အင်အားကြီးတဲ့ မကောင်းဆိုးဂါးရန်သူတွေလို့ စွပ်စွဲလိုက်တဲ့အခါ မကျေနပ်မှုတွေ နိုင်ငံအနှံ့ ပေါ်လာတယ်။ ဆန္ဒပြပွဲတွေကူးစက်လာတော့ လုယက်မှုတွေ မီးရှို့မှုတွေ ဖျက်ဆီးမှုတွေကြောင့် ချီလီ မြို့တော်ထဲမှာ ဒေါ်လာ သန်းပေါင်းထောင်ချီပြီး ဆုံးရှုံးကုန်တယ်။ လူထုအုံကြွမှုကြီး တပြည်လုံးအနှံ့ ကူးစက်သွားတဲ့အခါ ဂန်ဆောင်လုပ်ငန်းတွေ ဆိပ်ကမ်းတွေ သယ်ယူပို့ဆောင်ရေးတွေပါ အကြောအဆိုင်း ရပ်တန့်ကုန် တယ်။

ရက်သတ္တ ၂ ပတ် လူထုလှုပ်ရှားမှုကြီးထဲ ပါဂင်သူတွေဟာ ကျောင်းသားတွေတင် မကဘူး။ ပြည်လုံးကျွတ်သပိတ် တိုက်ပွဲကော်မတီကို ထောက်ခံထားတာကတော့ သမဂ္ဂပေါင်းစုံနဲ့ အဖွဲ့အစည်းပေါင်းစုံ ၂၀၀ ကျော်ပါတဲ့ လူမှုသွေးစည်းရေး ဘုတ်အဖွဲ့ကြီး ဖြစ်ပါတယ်။ အလုပ်သမားသမဂ္ဂတွေကလည်း လုပ်ငန်းခွင်မျိုးစုံ ပါတယ်။ ဆိပ်ကမ်းအလုပ်သမား၊ သတ္တုတွင်းအလုပ်သမား၊ ဆောက်လုပ်ရေးအလုပ်သမား၊ စက်မှုအလုပ်သမား၊ ကူးသန်းရောင်းဂယ်ရေးနဲ့ ဘဏ္ဍာရေး ဝန်ဆောင်မှုအမှုထမ်းများ၊ ပညာရေးအမှုထမ်းများ၊ ကျန်းမာရေးအမှုထမ်းများ၊ လယ်ယာအလုပ်သမားများ၊ လယ်ယာစီးပွားအလုပ်သမားများနဲ့ အများပြည်သူ့ ဝန်ဆောင် အလုပ်သမားများ ပါဝင်နေတယ်။

သဲကန္တာရထဲက အိုအေစစ်နဲ့တူတဲ့ ချီလီနိုင်ငံမှာ ဘာလို့ နိုင်ငံအနှံ့ လူတွေသိန်းသန်းချီပြီး လမ်းပေါ်ထွက် ဆန္ဒပြလာကြတာလဲ။ ဒီလူအုပ်ကြီးထဲမှာ လူလတ်တန်းစားနဲ့ ဝန်ဆောင်ကဏ္ဍက အလုပ်သမားတွေလည်း ထုန့်ထည်နဲ့ချီပြီး ဘာကြောင့် ပါလာကြတာပါလဲ။

နိုင်ငံရေးကျွမ်းကျင်သူတွေကတော့ အဓိကပြဿနာဟာ ပြည်တွင်း နေဥစ္စာခွဲဝေမှု လွန်စွာ မမျှတမှု ပြဿနာ၊ တနည်းအားဖြင့် အီလစ် လက်တဆုပ်စာသူဌေးတွေက ရွှေဘုံပေါ်မှာစံပြီး ကျန်အများစုကြီးက အသက်ရှင်ရေးရုန်းကန်ရင်း ဆင်းရဲသထက် ဆင်းရဲနေတဲ့ပြဿနာကြောင့်လို့ ဆိုကြပါတယ်။ လူများစုကြီးဟာ လုပ်ခနဲ့လူနေမှုစရိတ် မကာမိတော့သလို ကျန်းမာရေး၊ ပညာရေး၊ အိုးအိမ်ရရှိရေး ခံစားခွင့်တွေ အလှမ်းဝေးလာနေတာ နှစ်ပေါင်း ဆယ်ချီကြာနေပြီ။ မက်ထရိုရထားခတွေ တက်လိုက်တဲ့အခါ မီးပွားကလေးကနေ တောမီးကြီးလောင်သွားတာဖြစ်ပါတယ်။

၄။ နီယိုလစ်ဘရယ် စီးပွားရေးဝါဒဟာ လက်တင်အမေရိက နိုင်ငံအများစုမှာ အမြစ်တွယ်နေတာ ကြာပြီ။ ဒီဝါဒကြောင့် တန်းတူညီမျှမှု ပိုကင်းမဲ့လာသလို ဆင်းရဲချမ်းသာကွာဟမှုကလည်း ပိုပြီးကြီးမားလာတယ်။ ၂၀၁၄ နှစ်ကုန်ပိုင်းစာရင်းအရ လက်တင်အမေရိကတိုက်က လူဦးရေ ၁၈၄ သန်းဟာ ဆင်းရဲအမှတ်အောက်မှာ ရောက်နေပြီး အဲဒီထဲက ၆၂ သန်းဟာ အလွန်အမင်းဆင်းရဲတဲ့အဆင့်မှာ ရှိနေကြတယ်။ ဒီအချိန်မှာ ဘရာဇီး၊ ချီလီ၊ ကိုလံဘီယာ၊ မက္ကဆီကိုက လူဦးရေရဲ့ ၁% သာ ရှိတဲ့ အချမ်းသာဆုံးသူဌေးကြီးတွေက ခနဉစ္စာ စုစုပေါင်းရဲ့ ၂၀% ကို ပိုင်ဆိုင်နေကြတယ်။ ချီလီမှာဆိုရင် အဲဒီ ၁% ပိုင်ဆိုင်တဲ့ အချိုးအစားက ချီလီတခုလုံး ခနဉစ္စာရဲ့ ၃၃% တောင် ရှိတယ်။ Gini coefficient ခေါ်တဲ့ ဆင်းရဲချမ်းသာကွာဟမှု တိုင်းတာတဲ့ ညွှန်းကိန်းမှာ OECD နိုင်ငံတွေမှာ ၀.၃ လောက် ရှိသလို ဥရောပအလယ်နဲ့ဗဟိုနိုင်ငံတွေမှာလည်း ၀.၃ လောက်ပဲ ရှိတယ်။ အရှေ့အာရှတို့ အာဖရိကတို့မှာ ၀.၄ လောက်ပဲ ရှိတယ်။ လက်တင်အမေရိကမှာတော့ ၀.၅ တောင်ဖြစ်သွားပြီ။ လက်တင်အမေရိကမှာ နောက်ထပ် ထူးခြားတာကတော့ သူဌေးကြီးတွေ အခွန်မဆောင်ဘဲနေကြတဲ့ ပြဿနာပါ။ အဲဒီစာရင်းထဲမှာ လက်တင်အမေရိက တတိုက်လုံး အခွန်ရှောင်တဲ့ ငွေပမာဏဟာ အမေရိကန်ဒေါ်လာနဲ့တွက်ရင် တစ်နှစ်ကို ဘီလီယံ ၃၆၀ တောင် ရှိနေတယ်တဲ့။

ချီလီမှာ အာဏာရှင်ပိုလ်ချုပ်ကြီးပီနိုရှေးလက်ထက်ကတည်းက အမေရိကန်ကော်ပိုရေးရှင်းကြီးတွေ ဝင်လာလို့ရအောင် နီယိုလစ်ဘရယ်ဝါဒအခင်းအကျင်းတွေ စခင်းခဲ့တာ ဖြစ်ပါတယ်။ ၁၉၇၄ မှာ ချီလီဒေသခံ တိုင်းရင်းသားတွေဖြစ်တဲ့ မာပူချီတွေ ဘိုးဘေးအဆက်ဆက်နေထိုင်ရာ သစ်တောကြီးကို သစ်ကုမ္ပဏီလက်ထဲ ထည့်လိုက်တဲ့ပြဿနာဟာ ဒီနေ့အထိ မပြီမ်းသေးဘူး။ နီယိုလစ်ဘရယ်ပေါ်လစီအရ ပီနိုရှေးဟာ ရေတွေ စွမ်းအင်တွေ လူမှုအာမခံစနစ်တွေ အကုန်လုံး ပုဂ္ဂလိကပိုင်အဖြစ် လုပ်ပစ်လိုက်လို့ ပင်စင်ငွေတွေဟာ နိုင်ငံစုံကော်ပိုရေးရှင်းတွေလက်ထဲမှာ အမြတ်များများရဖို့ ဈေးကစားတာ ရောင်းဝယ်တာတွေ ဖြစ်လာတယ်။

လက်ရှိသမ္မတဟာ ရွေးကောက်ပွဲမဲဆွယ်ချိန်မှာ အလယ်ဗဟိုလမ်းကို ကျယ်ကျယ်လောင်လောင် ပြောပေမယ့် အရွေးလည်းခံရရော လက်ယာအစွန်းပေါ်လစီတွေ ကျင့်သုံးတော့တာပါပဲ။ သူ့ပတ်ပတ်လည်မှာ ရောက်နေသူတွေကလည်း အရင် အာဏာရှင်ပီနိုရှေးရဲ့လူဟောင်းတွေတဲ့။ သူတက်လာပြီး မကြာခင်မှာ လျှပ်စစ်မီတာခတွေ တိုးတောင်းတယ်။ ဆေးကုစရိတ်တွေ တိုးမြှင့်တယ်။ လူနေမှုစရိတ်အားလုံးလိုလို တက်လာ တယ်။

လက်တင်အမေရိကမှာ အလုပ်သမားတွေ လုပ်ခနိမ့်ပါးတဲ့ပြဿနာအပြင် အလုပ်သမားအတော်များများဟာ အမြဲတမ်းမဟုတ်ဘဲ နေ့စားတို့ ပုတ်ပြတ်တို့ ချီကောက်တို့ စသဖြင့် အချိန်ပိုင်းငှားတာဖြစ်လို့ ဘာအခွင့်အရေးမှ မရကြဘူး။ မြို့ပေါ်တက် အလုပ်လုပ်ကြသူတွေဟာ တရားမဝင် အလုပ်ရုံတွေမှာ အလုပ်လုပ်ကြရတယ်။ လက်တင်အမေရိကတိုက်တခုလုံး မြို့ပေါ်အလုပ်အကိုင် စုစုပေါင်းရဲ့ ၄၈% ဟာ အဲသလို တရားမဝင်အလုပ်ရုံတွေမှာ လုပ်ကြရတဲ့အလုပ်တွေ ဖြစ်နေတယ်။ ကံထရိုက်ကခေါ်လို့လုပ်ရတဲ့ ချီကောက်အလုပ်သမားဟာ ၃၀% ကျော်ရှိပြီး ပျမ်းမျှ တနှစ်မှာ ၁၀ လလောက်သာ အလုပ်ရှိကြတယ်။ နီယိုလစ်ဘရယ်ဝါဒဟာ အလုပ်သမားတွေကို ထုထောင်းနှိပ်စက် သွေးစုပ်ရုံမက အလယ်အလတ်လူတန်းစားတွေကိုလည်း အောက်ကိုတွန်းချတဲ့ဝါဒမျိုး ဖြစ်ပါတယ်။ ဒါကြောင့် ဆင်းရဲနဲ့ချမ်းသာ ၂ ခုပဲ ကျန်ပြီး အစွန်း ၂ ဖက် ပိုကွာဟစေပါတယ်။၂၀၀၆ ခုနှစ်တုန်းက ထိပ်ဆုံး၁၀% ရဲ့ ဝင်ငွေနဲ့ အောက်ဆုံး ၁၀% ဝင်ငွေကွာခြားမှုက အဆ ၃၀.၈ ဖြစ်ရာက ၂၀၁၇ မှာ အဆပေါင်း ၃၉.၁ ဆဖြစ်လာတယ်။

ကင်းဘရစ်တက္ကသိုလ်ဆင်း ဘောဂဗေဒပညာရှင် ကလောဒီယာဆန်ဟွာဇာကတော့ တန်းတူညီမျှမှု ကင်းမဲ့ခြင်းကနေ တိုင်းပြည် ဂါးအစည်းပြေသလို ဖြစ်စေတာပါလို့ ပြောပါတယ်။ သူ့အမြင်အရ လက်ရှိပြဿနာဟာ ချီလီပြဿနာတခုတည်း မဟုတ်ဘူး။ နီယိုလစ်ဘရယ်ဝါဒကျင့်သုံးတဲ့ ကျန်နိုင်ငံတွေနဲ့ပါ ပတ်သက်နေတယ်။ ချီလီဆိုရင် ၁၉၈၀ ခုတွေကတည်းက နီယိုလစ်ဘရယ်ဝါဒကို ကျင့်သုံးလာတဲ့ စမ်းသပ်ကွက်ကြီး တခုဆိုလည်း မမှားဘူးလို့ သူကပြောပါတယ်။ နီယိုလစ်ဘရယ်ဝါဒကို လက်ဝါးကြီးအုပ်နိုင်ငံစုံကော်ပိုရေးရှင်းတွေနဲ့ ကမ္ဘာလွှမ်းပတ် ဘဏ္ဍာရေးအဖွဲ့ကြီးတွေ၊ အီလစ်အထက်လွှာလက်တဆုပ်စာရဲ့ဘက်တော်သား စီးပွားရေးပညာရှင်တွေသဘောကျနေကြပေမယ့် အများစုဘောဂဗေဒပညာရှင်တွေကတော့ မကြိုက်ကြဘူး။ နိဘယ်ဆုရ ဘောဂဗေဒပညာရှင် ဂျိုးဇက် စတစ်ဂလစ်ဆိုရင် “another world is possible” ဆိုတဲ့ နီယိုလစ်

ဘာရယ်မဟုတ်တဲ့ တခြားလမ်းကိုရွေးဖို့ တိုက်တွန်းတယ်။ ပညာရေး ကျန်းမာရေး လူမှုဖူလုံရေးတွေ လုပ်ပေးမယ့်အစိုးရမျိုးကို လိုတယ်လို့လည်း သူကရေးပါတယ်။ အလားတူပဲ သောမတ်ပစ်ကက်တီကလည်း စီးပွားရေးကဏ္ဍတွေကို ပုဂ္ဂလိကနဲ့ ဒီအတိုင်းလွှတ်မထားဘဲ အစိုးရ သို့မဟုတ် အများပြည်သူက ဝင်ရောက်ထိန်းချုပ် စွက်ဖက်ဖို့လိုကြောင်း ရေးသားပါတယ်။

ဒီနေ့ချီလီပြဿနာဟာ နီယိုလစ်ဘရယ်ပေါ်လစီဟောင်းတွေအတိုင်း ဆက်သွားမသွား ဆုံးဖြတ်ရမယ့် အချိန်ပါဘဲ။

၅။ ဂလိုဘယ်လိုက်ဇေးရှင်းအကျပ်အတည်းကလည်း ချီလီသာမက လက်တင်အမေရိကတိုက်ကို စီးပွားရေးအကျပ်အတည်းတွေဆီတွန်းပို့ပေးလိုက်တယ်။

ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် ကုန်စည်စီးဆင်းမှုတွေတိုးပွားလာပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ စက်မှုလုပ်ငန်းတွေဟာ တကမ္ဘာလုံး သံကြိုးကွင်းဆက်လို တခုနဲ့တခု ချိတ်ဆက်ကုန်တယ်။ ကုန်ပစ္စည်း တခုကို တနိုင်ငံတည်းက ထုတ်လုပ်တာမဟုတ်တော့ဘဲ အစိတ်အပိုင်းတခုချင်းအလိုက် နိုင်ငံမျိုးစုံမှာ တနိုင်ငံနည်းနည်းစီ တန်ဖိုးဖြည့်တဲ့အလုပ်အဖြစ် ပြောင်းလဲကုန်တယ်။ ဒါကြောင့်တန်ဖိုးဖြည့်မယ့်ကုန်ချောတပိုင်း သို့မဟုတ် ကုန်ကြမ်းတွေ၊ ဂန်ဆောင်မှုတွေကို အဲဒီနိုင်ငံက သွင်းကုန်အဖြစ်သွင်းရသလို ကိုယ်တန်ဖိုးဖြည့်ပြီးတဲ့ ကုန်ချောတပိုင်းတွေကို နောက်တနိုင်ငံမှာကုန်ချောအဖြစ်ပြောင်းနိုင်အောင် ပို့ကုန်အဖြစ်ပို့ရတယ်။ ဒီလိုနဲ့ တန်ဖိုးဖြည့်လုပ်ငန်းဟာ ကုန်သွယ်ရေးနဲ့ တိုက်ရိုက်ဆက်စပ်နေသလို ပြည်တွင်း တန်ဖိုးဖြည့်လုပ်ငန်းရှင်တွေဟာလည်း ပြည်ပအမှတ်တံဆိပ်ကုမ္ပဏီတွေရဲ့ ဈေးကွက်ရောင်းအားအရ အမှာစာကို အမှီပြုပြီး ထုတ်လုပ်ကြတယ်။ ဒါကြောင့် ကုန်သွယ်မှုနဲ့ဈေးကွက်မှာ အကျပ်အတည်းဖြစ်တာနဲ့ သံကြိုးကွင်းဆက်တခုလုံး ထိခိုက်သွားနိုင်တယ်။ အမေရိကန်နဲ့ တရုတ်ကုန်သွယ်ရေးစစ်ပွဲကို လူတွေ အလန့်တကြားစိုးရိမ်နေကြတဲ့ အချက်တွေထဲမှာ ဒီသံကြိုးကွင်းဆက် ထိခိုက်မှာကြောက်လို့ဆိုတဲ့ အချက်လည်း ပါတယ်။

ဂလိုဘယ်လိုက်ဇေးရှင်းကာလမှာ အရင်းမြှုပ်နှံသူတွေဟာ အမြဲလိုလို ပိုမိုသက်သာတဲ့ ရွေးချယ်စရာတွေရှိနေတတ်တယ်။ ဒီအခါမှာ ပြည်ပအရင်းရောက်လာဖို့ နိုင်ငံအချင်းချင်း ပြိုင်ဆိုင်မှုတွေပေါ်လာရုံမက တနေ့တခြား ပြင်းထန်လာတယ်။ အဲဒီပြိုင်ဆိုင်မှုမှာ အနိုင်ရသူက ရှုံးတဲ့သူနေရာကို အစားဝင်ကြတာချည့်ပဲ။ ပိုဆိုးတာက ရှုံးသွားတဲ့သူဟာ မူလနေရာရဖို့ ဘယ်လောက်ကြိုးစားကြိုးစား ပြန် နာလန်မထူနိုင်တော့တဲ့ ကိစ္စပဲ။ ဒီထက်ဆိုးတာက နီယိုလစ်ဘရယ်စီးပွားရေးဂါဒအောက်မှာ စက်မှုလုပ်ငန်းဖြုတ်သိမ်းရေးတွေ လုပ်ကြတဲ့သူတွေဟာ စက်မှုလုပ်ငန်းတွေပြန်ထူထောင်ဖို့ ဘယ်တော့မှ ဖြစ်မလာနိုင်တော့တဲ့ပြဿနာပဲ။

Deindustrialization လုပ်လိုက်ပြီးတဲ့နောက် တန်ဖိုးမြှင့်ပို့ကုန်လုပ်ငန်းတွေ အဆင်မပြေဖြစ်ရင် ကိုယ့်နိုင်ငံကို စက်မှုတပ်ဆင်ရေး စီးပွားရေးပေါ်လစီ ပြောင်းချင်ရင် သိပ်ခက်တတ်တယ်။ အမေရိကန်မှာတောင် သမ္မတထရန့်က စက်မှုပြန်လည်တပ်ဆင်ချင်ပေမယ့် မလွယ်တော့ဘူး။ အလားတူပဲ ပြည်ပက ဈေးသက်သာတဲ့ စားနပ်ရိက္ခာကိုပဲ အားကိုးပြီး ပြည်တွင်း စားနပ်ရိက္ခာထုတ်လုပ်ရေးတွေ လျှော့ချပစ်တာဟာလည်း ပြည်ပကုန်သွယ်မှုမိုးလေဝသကို အမှီပြုထားရလို့ ဘယ်နေ့ မုန်တိုင်းတိုက်မလဲ တထိတ်ထိတ် ဖြစ်နေရတဲ့ အခြေအနေ ရောက်သွားစေခဲ့တယ်။

ဂလိုဘယ်ကုန်ထုတ်လုပ်မှု သံကြိုးကွင်းဆက်ထဲက တန်ဖိုးဖြည့်ပို့ကုန်အမှီပြုနိုင်ငံတွေ နောက်ထပ်ရင်ဆိုင်နေရတဲ့ ပြဿနာက ကမ္ဘာလုံးဆိုင်ရာ သံကြိုးကွင်းဆက်ထဲမှာ ကိုယ့်နိုင်ငံဟာ အမြဲတမ်း တဖြည်းဖြည်း အောက်ဘက် တွန်းပို့ခံနေရတာကို ဘယ်လိုမှ တားလို့မရနိုင်တဲ့ပြဿနာလည်း ပါဝင်နေတယ်။ ဒီကြားထဲ ကမ္ဘာလုံးဆိုင်ရာ သံကြိုးကွင်းဆက် တသီတတန်းကြီး အကျပ်အတည်းဆိုက်ပြီး စီးပွားကပ်ဖြစ်လာရင် သူတို့နိုင်ငံက တန်ဖိုးဖြည့်စက်ရုံအလုပ်ရုံတွေ ပိတ်ပစ်ရတော့တာပါပဲ။ လက်တင်အမေရိက နိုင်ငံအများအပြားဟာ အဲသလို ဂလိုဘယ်သံကြိုးကွင်းဆက်ထဲကို ပျော်ပျော်ကြီးဝင်ကြရင်း မူလရှိနေတဲ့ကုန်ထုတ်လုပ်မှုတွေကို တန်ဖိုးဖြည့်ပို့ကုန်အဖြစ် ပြောင်းလဲပစ်ခဲ့ကြတယ်။ လုပ်ခနည်းနည်းသာရတဲ့ အနိမ့်စားတန်ဖိုးဖြည့်လုပ်ငန်းတွေကိုလုပ်ရင်း တန်ဖိုးဖြည့်များများလုပ်နိုင်မယ့် လုပ်ငန်းတွေကို သူတို့မျှော်ကိုးကြပေမယ့် အထက်

မှာပြောခဲ့တဲ့ ပဋိပက္ခတွေနဲ့ လုံးလည်လိုက်နေကြတယ်။ တန်ဖိုးဖြည့်စီးပွားရေးဆိုပြီး တိုင်တစ်လုံးတည်း အိမ်ကို ဆောက်ထားကြတာဖြစ်တော့ တန်ဖိုးဖြည့်မှုကရတဲ့ ဝင်ငွေကျဆင်းလာတာနဲ့ တိုင်းပြည်စီးပွားရေးတခုလုံး ကမောက်ကမဖြစ်တော့တာပဲ။ ကမ္ဘာ့ဘဏ်ရဲ့စာရင်းအရ အာဂျင်တီးနားနိုင်ငံရဲ့ GDP ထဲမှာ ပါဝင်တဲ့ တန်ဖိုးဖြည့်ပို့ကုန်လုပ်ငန်းက ဝင်ငွေရာခိုင်နှုန်းဟာ ၁၉၆၅ တုန်းက ၄၀%ကျော်ရှိရာက ၂၀၁၈ ခုမှာ ၁၃% အောက်ကျဆင်းသွားတယ်။

ချီလီမှာလည်း ၁၉၇၀ ခုများအလယ်ကာလတုန်းက ၃၀%ကျော်ရှိရာက ၂၀၁၈ မှာ ၁၁% ကို ကျဆင်းသွား တယ်။ ချီလီနိုင်ငံဟာ စိန်ခေါ်မှု အနည်းဆုံး ၃ မျိုးလောက် ရင်ဆိုင်နေရတယ်။ ပထမတခုက သူ့ပို့ကုန်ဝင်ငွေ ၅၀%ဟာ ကြေးနီကုန်ကြမ်းတွေပို့တဲ့ဆီက ရရှိတာဖြစ်ပြီး ကမ္ဘာ့ကြေးနီ ပေါက်ဈေးအပေါ် အများကြီး အမှီပြုနေတယ်။ ဒီအချက်ဟာ တိုင်းပြည်ကို အချိန်မရွေး ကိုင်လှုပ်လို့ရတယ်။ ဒုတိယအချက်က ချီလီနိုင်ငံသားတွေ အလုံအလောက်စားသုံးနိုင်ဖို့ လယ်ယာလုပ်ငန်းက မထုတ်လုပ်နိုင်ဘူး။ ပြည်တွင်းရိက္ခာ ၅၀ %ကို ပြည်ပကနေ တင်သွင်းနေရတယ်။ ဒီအချက်ကလည်း သူ့နိုင်ငံကို အချိန်မရွေး ကိုင်လှုပ်ပစ်နိုင်တယ်။

နောက်ဆုံးအချက်ကတော့ ချီလီနိုင်ငံတခုလုံး ကုန်ထုတ်လုပ်နိုင်စွမ်း တိုးမလာတဲ့ကိစ္စ ဖြစ်ပါ တယ်။ အထူးသဖြင့် သတ္တုတွင်းလုပ်ငန်းတွေမှာ ကုန်ထုတ်နိုင်စွမ်း တိုးမလာဘူးတဲ့။ ချီလီရဲ့ နိုင်ငံခြားဝင်ငွေအားထားရာ ခရီးသွားလုပ်ငန်းဆိုရင် ၂၀၁၇ ခုမှာ ၁၁% တောင် ကျဆင်းသွားတယ်။ ချီလီစီးပွားရေး ကဏ္ဍအလိုက် အလုပ်သမား% ကိုကြည့်ရင် လယ်ယာမှာ ၉.၃%၊ စက်မှုမှာ ၂၂.၇% ရှိပြီး ဝန်ဆောင်ကဏ္ဍမှာ ၆၇.၆%ရှိတယ်။ ဝန်ဆောင်ကဏ္ဍရဲ့ တန်ဖိုးဖြည့်ပို့ကုန်လုပ်ငန်းကနေ ရတဲ့ငွေက GDP ရဲ့ ၅၇.၆% ဖြစ်တာကြောင့် ဂလိုဘယ်လိုက်ဇေးရှင်း သံကြိုးကွင်းဆက်မှာ အကျပ်အတည်းပေါ်တာနဲ့ အရင်ဆုံးအထိနာမယ့်အနေအထားမှာရှိနေတာဖြစ်ပါတယ်။

၆။ ပင်မရေစီးနိုင်ငံရေး mainstream politics နဲ့ လူထုလှုပ်ရှားမှု အားပြိုင်ပွဲ။ စစ်အေးကာလ အတွင်းမှာပဲ ဝါဒရေးအရအဓိကထားတဲ့ နိုင်ငံရေးပါတီတွေအကြားမှာ အလယ်ဗဟိုလမ်းဆိုတဲ့ လမ်းကြောင်း တခု ပေါ်လာတယ်။ ရွေးကောက်ပွဲအခြေပြု လွှတ်တော်အခြေပြုနိုင်ငံရေးလှုပ်ရှားမှုလုပ်မယ်ဆိုရင် ထောက်ခံမဲ များများရဖို့ ကိုယ့်မူဝါဒတွေကို အစွန်းရောက်မှုရှောင်ပြီး တတ်နိုင်သမျှ အလယ်ဗဟိုမူဝါဒတွေ ချမှတ်ရမယ်ဆိုတဲ့လမ်းဖြစ်ပါတယ်။ ဒီလမ်းကြောင်းကို mainstream လို့လည်း ခေါ်တယ်။ လက်ဝဲလိုလားတဲ့ ပါတီတွေဆိုရင် ဒီလမ်းကြောင်းနဲ့နီးစပ်အောင် အလယ်ဗဟိုလက်ဝဲယိမ်း မူဝါဒချသလို လက်ယာလိုလားတဲ့ပါတီဆိုရင်လည်း အလယ်ဗဟိုလက်ယာယိမ်းမူဝါဒတွေချတယ်။ ကြာတော့ ရွေးကောက်ပွဲတွေမှာ မဲဆန္ဒရှင်တွေအကြား မဲဆွယ်တာကအစ မူဝါဒတွေ ပိန်မသာလိမ်မသာဖြစ်ကုန်တယ်။

ဥရောပမှာဆိုရင် ခရစ်ယာန်ဒီမိုကရက်တွေ ဗဟိုလက်ယာယိမ်းဖြစ်လာသလို ဆိုရှယ်လစ်ပါတီတွေ ဆိုရှယ်ဒီမိုကရက်ပါတီတွေလည်း ဗဟိုလက်ဝဲယိမ်း ဖြစ်လာကြတယ်။ ဥရောပ ကွန်မြူနစ်ပါတီတွေဆို mainstream ထဲ ဝင်ဖို့ဆိုပြီး ပါတီနာမည်ပြောင်းတာတောင် လုပ်ကြတယ်။ အမေရိကန်ဆိုရင်လည်း ဒီမိုကရက်နဲ့ ရီပတ်ဗလစ်ကင် ပါတီကြီး ၂ ခုဆိုပေမယ့် အတတ်နိုင်ဆုံး အလယ်ဗဟိုဆီ ရွေ့လာကြလို့ ပေါ်လစီချင်း သိပ်မကွာတော့ဘူး။ ဒီလမ်းကြောင်းကျင့်သုံးတဲ့နိုင်ငံတွေမှာ မဲရုံကိုလာတဲ့မဲဆန္ဒရှင် နည်းလာနေတာဟာ သူ တို့မှာ ရွေးစရာ သိပ်မရှိတော့တဲ့အချက်ကြောင့်လည်း ပါတယ်။

ချီလီမှာတော့ လက်ဝဲအစဉ်အလာနဲ့ လက်ဝဲပါတီတွေ အားကောင်းခဲ့တဲ့သမိုင်းရှိတယ်။ ဒုတိယကမ္ဘာစစ် ကာလမှာ တတိယအင်တာနေရှင်နယ်နဲ့ ဆက်သွယ်ပြီး ပေါ်ပြူလာတပ်ပေါင်းစုအစိုးရထဲမှာ ပါဝင်ခဲ့ဖူးတဲ့ ချီလီကွန်မြူနစ်ပါတီဆိုရင် ရွေးကောက်ပွဲမဲအများအပြားနဲ့ လူထုထောက်ခံမှုတွေ ရခဲ့ဖူးသလို ဗိုလ်ချုပ်ကြီးပီနိုရှေး စစ်အာဏာသိမ်းတော့ တရားမဝင်ပါတီအဖြစ် မြေအောက်လုပ်ငန်းတွေလုပ်ရင်း ပါတီအလံထူခဲ့တယ်။ ဒီပါတီထဲက တချို့ဆိုရင် စစ်အာဏာရှင်ကို လက်နက်ကိုင်တိုက်ဖို့ ပြောက်ကျားတပ်ဖွဲ့တာတွေတောင်လုပ်ကြတယ်။ ၁၉၈၃ ကနေ ၁၉၈၇ အတွင်း ပြည်သူ့ဒီမိုကရက်တစ်လှုပ်ရှားမှုမှာ အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး အာဏာရှင်စနစ်ကို ဆန့်ကျင်ခဲ့တယ်။ ၁၉၉၀ ခု ပီနိုရှေး အာဏာလက်လွှတ်ရပြီးနောက်မှာတော့ တရားဝင်ပါတီ ပြန်ဖြစ်လာတယ်။ ဒီအချိန်မှာ အားလုံးသိကြတဲ့အတိုင်း ဆိုဗီယက်ယူနီယံပြိုလဲမှုတွေ တရုတ်

ဈေးကွက် တံခါးဖွင့်စနစ် စတာတွေပေါ်လာပြီး လစ်ဘရယ်စနစ်က ကမ္ဘာမှာ လွှမ်းမိုးဖို့ ကြိုးစားလာတယ်။ လက်ဝဲအင်အားစုအများအပြားလည်း ပြိုကွဲပြန့်ကျဲကုန်တယ်။ ချီလီကွန်မြူနစ်ပါတီကတော့ ပါလီမန် လမ်းကြောင်းအတိုင်း ရွေးကောက်ပွဲဝင်ရင်း လွှတ်တော်ထဲက ကျန်လက်ဝဲအင်အားစုတွေနဲ့ လက်တွဲပြီး ပီနိုရှေးရဲ့ စစ်ခြေဥပြင်ဆင်ရေးတို့ လူမှုဖူလုံရေးစရိတ်တိုးမြှင့်ရေးတို့ အလုပ်သမားအခွင့်အရေးကာကွယ်ရေးတို့ကို လုပ်ဆောင်နေတယ်။

သေချာတာကတော့ အခုထွက်ပေါ်လာတဲ့ ချီလီလူထုအုံကြွမှုကြီးကို လွှတ်တော်နိုင်ငံရေးအင်အားစု အားလုံးနီးပါး မျှော်လင့်မထားကြဘူး ဆိုတဲ့အချက် ဖြစ်ပါတယ်။ ချီလီနိုင်ငံရေးပါတီတွေထဲမှာ အကြမ်းဖျင်း အားဖြင့် အုပ်စု ၃ စု ရှိတယ်။ ပထမအစုက လက်ရှိအာဏာရ လက်ယာညွှန့်ပေါင်းဖြစ်တဲ့ Chile Vamos အုပ်စု၊ ဒုတိယအုပ်စုက ဗဟိုလက်ဝဲယိမ်းဖြစ်တဲ့ Ex-Concertacio Nueva Mayoria ဖြစ်ပြီး အစိုးရအဖွဲ့တွေမှာ ပါဝင်လာတာ နှစ်ပေါင်း ၂၀ ကျော်နေတဲ့ အုပ်စုဖြစ်ပါတယ်။

တတိယအုပ်စုက လက်ဝဲနဲ့လစ်ဘရယ်ကျယ်ပြန့်တဲ့ညွှန့်ပေါင်းဖြစ်တဲ့ Frente Amplio လို့ ခေါ်တဲ့ Broad Left အုပ်စု ဖြစ်ပါတယ်။ နောက်ဆုံးအုပ်စုထဲမှာ ကွန်မြူနစ်ပါတီလည်း ပါတယ်။ ဂရင်း အစိမ်းရောင်ပါတီတွေ၊ လူသားအဓိကဝါဒီပါတီတွေ၊ အမျိုးသမီးအခွင့်အရေးလှုပ်ရှားတဲ့ ပါတီတွေ ပါဝင်ကြတယ်။ လွှတ်တော်တွင်း လှုပ်ရှားတဲ့ပါတီတွေဟာ အထက်မှာပြောခဲ့သလို mainstream နိုင်ငံရေး သို့မဟုတ် ရွေးကောက်ပွဲမှာ ထောက်ခံမဲများများရရေး ကြိုးစားရတာချည့်ပဲ။ တတ်နိုင်သမျှ အလယ်ဗဟိုမူဝါဒတွေ ချမှတ်ကြသလို တခြားအင်အားရှိတဲ့ လက်ဝဲအုပ်စုတွေနဲ့မဟာမိတ်ဖွဲ့ရတာတွေလည်း လုပ်ကြတယ်။ လက်တင်အမေရိက လွှတ်တော်တွင်း လက်ဝဲပါတီအများအပြားဟာ နီယိုလစ်ဘရယ်စနစ်ကို မလွန်ဆန်နိုင်ကြသလို ဒီဝါဒကြောင့် ထွက်လာတဲ့ ပြဿနာပေါင်းစုံကို ငါးပွက်ရာငါးစာချ ဖြေရှင်းရတာနဲ့ အချိန်ကုန်နေလေ့ရှိတယ်။ တနည်းအားဖြင့် ပြင်ပလူထုကြီးနဲ့ အဆက်ပြတ်လာကြတယ်။ လက်ဝဲယိမ်းတွေ အာဏာရလာရင်လည်း နီယိုလစ်ဘရယ်ဝါဒ အတိုင်း ပြည်ပကော်ပိုရေးရှင်းကြီးတွေနဲ့ လက်ဂါးချင်းရိုက်တာများသလို အကျင့်ပျက်ချစားတာတွေလည်း များလာတယ်။ အဆိုးဆုံးက လူထုကို မျက်ကွယ်ပြုတာတွေ လုပ်လာတတ်ခြင်းပဲ။ နောက်ဆက်တွဲကတော့ လက်ယာဝါဒီတွေအာဏာပြန်ရကုန်ကြခြင်းပါပဲ။

အောက်တိုဘာ ၁၄ ရက် မက်ထရိုရထားခ တိုးတောင်းတာကို ဆန့်ကျင်တာက စလိုက်တဲ့ လူထုအုံကြွမှုကြီးပေါ်လာတော့ လွှတ်တော်တွင်းမှာ မတူတဲ့အမြင်တွေ ပေါ်လာတယ်။ ပထမအုပ်စုက စစချင်း အကြမ်းဖက်နှိမ်နင်းမယ်။ မရတော့တဲ့အခါ ပြုပြင်ပြောင်းလဲမှုတချို့နဲ့ ချွေးသိပ်ပြီး လှုပ်ရှားမှုငြိမ်သွားအောင် လုပ်မယ်။ ဒုတိယအုပ်စုကလည်း ခြေဥပြင်ရေးကို ကိုယ့်အဖွဲ့အစည်းအပိုင်းပညာရှင်တွေ ဥပဒေပါရဂူတွေနဲ့ ပြင်တာမျိုး ဖောင်းပေးပြီး လူထုလှုပ်ရှားမှုထဲမှာ အေးချမ်းစွာဆန္ဒပြသူတွေနဲ့ ဆူပူသူတွေ ၂ မျိုး ရှိနေတဲ့အတွက် လှုပ်ရှားမှုကို အမြန်ရပ်တန့်ဖို့ တိုက်တွန်းကြတယ်။ တတိယအုပ်စုကတော့ ၁၉၈၀ စစ်ခြေဥပြင်ဆင်ရာမှာ ဒီထက်ကျယ်ပြန့်ပြီး ဒီထက်ဒီမိုကရေစီကျဖို့တောင်းဆိုရင်း အထက်ကအုပ်စုနှစ်စု တင်ပြတဲ့ တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ဖို့ အစီအစဉ်ကို (ကွန်မြူနစ်ပါတီကလွဲရင်) လက်ခံလိုက်ကြတယ်။

လမ်းပေါ်ရောက်နေတဲ့လူထုကြီးကတော့ (၁) ပီနိုရှေးခေတ်ကရေးခဲ့တဲ့ စစ်ခြေဥကို အစအဆုံးပြင်ရေး (၂) ပင်ညဲရား သမ္မတရာထူးကဆင်းပေးရေး (၃) စီးပွားရေးမှာ အချက်အချာကဏ္ဍတွေကို ပြည်သူပိုင်လုပ်ရေး (၄) ရေနဲ့ ပင်စင်ရံပုံငွေတွေ ပုဂ္ဂလိကပိုင်လုပ်ထားတာတွေကို ဖျက်သိမ်းရေး (၅) ကျောင်းသားတွေတင်နေတဲ့ ကြွေးမြီတွေကို လျှော်ပစ်ရေး (၆) လုပ်ခတိုးရေး၊ လူနေမှုစရိတ်ကာမိအောင် လုပ်ပေးရေးနဲ့ အလုပ်သမားအခွင့်အရေးတွေ ပြဋ္ဌာန်းပြီး ကာကွယ်ပေးရေးတွေ တောင်းဆိုကြတာ တွေ့ရတယ်။ သူတို့တောင်းဆိုထားတာတွေထဲက တချို့ကို လက်ရှိသမ္မတက ပူပူနွေးနွေး ပြုပြင်ပြောင်းလဲရေး အမိန့်ထဲမှာ ထည့်ပေးထားပေမယ့် လူထုကြီးကတော့ အစိုးရဆင်းပေးရေးကို ဦးတည်ပြီး နောက်ထပ်အထွေထွေသပိတ်ကြီး တလုံး ထပ်မှောက်မယ်ဆိုပြီးတောင် သတိပေးနေကြတယ်။ တချို့ကလည်း လူထုလှုပ်ရှားမှုဟာ အချိန်တန်ရင် သူ့အလိုလို ရပ်သွားမှာပဲလို့ မျှော်လင့်ကြတယ်။ ဒီဘက်ခေတ် ချီလီသမိုင်းမှာ အဲသလို ပွဲပြီးမီးသေမဖြစ်ဘဲ ကာလရှည်သပိတ်တခု ပေါ်ခဲ့ဖူးတာကို မမေ့ဖို့လည်း လိုတယ်။ အဲဒီသပိတ်ကတော့ ၂၀၁၁ တုန်းက ပုဂ္ဂလိ

က ပညာရေးစီမံကိန်းကို ကန့်ကွက်တဲ့ ကျောင်းသားသပိတ်ကြီး ဖြစ်ပါတယ်။ ဒီသပိတ်ဟာ ၄ လကြာပြီး အစိုးရက ကျောင်းသားတွေရဲ့တောင်းဆိုချက်ကို တတိတိနဲ့ လိုက်လျောပေးခဲ့ရတယ်။

လမ်းပေါ်လူထုလှုပ်ရှားမှုကြီးဟာ ကျယ်ပြန့်ပြီး အလုပ်သမားလူတန်းစားအများစုပါဝင်တဲ့ လှုပ်ရှားမှုကြီး ဖြစ်ပါတယ်။ ဒါပေမဲ့ အလိုအလျောက်လှုပ်ရှားမှုကို လူတန်းစားအသိ နိုင်ငံရေးနဲ့ပေါင်းစပ်နိုင်ဖို့ အကျပ်အတည်းတွေ ရှိနေတယ်။ လှုပ်ရှားမှုလုပ်ကြရင်း ကိုယ့်ဘာသာထူထောင်တဲ့ သပိတ်ကော်မတီတို့ ရပ်ရွာအဖွဲ့တွေ အလုပ်သမားအဖွဲ့တွေ ပေါ်လာပေမယ့် တပြည်လုံးဆိုင်ရာ အဖွဲ့မျိုး မစုစည်းနိုင်သေးဘူး။ အများအားဖြင့် လူမှုမီဒီယာ ဖေ့စ်ဘုတ်လိုဟာမျိုးတွေကတဆင့် ချိတ်ဆက်ပြီး လုပ်ကိုင်တာလောက်ပဲ ရှိတယ်။ ဒီလောက် ကျယ်ပြန့်တဲ့သပိတ်ကြီးကို ကိုယ်စားပြုတောင်းဆိုမယ့် အဖွဲ့အစည်းမျိုး မရှိသေးဘူး။ တော်တော်များများဟာ စစ်အာဏာရှင်ပီနိုရှေးက အာဏာသိမ်းခဲ့တဲ့ ဆိုရှယ်လစ်အစိုးရခေတ်က အတွေ့အကြုံတွေကို ဖက်တွယ်ထားကြတယ်။ ပီနိုရှေး ညှဉ်းပန်းနှိပ်စက်ပြီး သတ်ပစ်ခဲ့တဲ့ တေးဂီတအနုပညာရှင် ဗစ်တာဟားရားရဲ့ ငြိမ်းချမ်းစွာအသက်ရှင်နေထိုင်ခွင့် ဆိုတဲ့သီချင်းကို ချီလီနေရာအနှံ့မှာ ဖွင့်သူဖွင့် ဆိုသူဆို လုပ်နေကြတယ်။ တချို့ကတော့ ဒီလှုပ်ရှားမှုဟာ ဒီထက်ကြီးထွားလာပြီး အလုပ်သမားတွေအာဏာရနိုင်တဲ့ အခြေအနေ ရှိနေတဲ့အတွက် နောက်တဆင့် လုပ်ဆောင်သင့်တာတွေကို အကြံပေးတာတွေလည်း ရှိနေတယ်။

လူထုလှုပ်ရှားမှုတွေနဲ့ လွှတ်တော်တွင်း Mainstream နိုင်ငံရေးပါတီတွေရဲ့အမြင်တွေဟာ ပြဒါးတလမ်း သံတလမ်း ဖြစ်နေပြီဆိုတော့ အခြေအနေနဲ့ကိုက်အောင် mainstream နိုင်ငံရေးထဲက လက်ဝဲပါတီတွေ ဘယ်လိုအပြောင်းအလဲတွေ လုပ်မလဲ လို့လည်း မျှော်နေကြသူတွေရှိတယ်။

နိဂုံးအနေနဲ့ပြောရရင် ဒီစာတမ်းဟာ မပြည့်စုံသေးပါဘူး၊ လူထုလှုပ်ရှားမှုကြီးလည်း ဒီစာတမ်းရေးနေချိန်အထိ လမ်းမတွေပေါ်မှာပဲ ရှိနေကြတုန်းပဲ။ မျက်မှောက်ကာလဟာ ပြင်သစ်ကိုယ်ကျပ်အင်္ကျီဝါ လှုပ်ရှားမှုတို့ လက်ဘနွန်လူထုလှုပ်ရှားမှုတို့ အီရတ်လူထုလှုပ်ရှားမှုတို့ အီရန်လူထုလှုပ်ရှားမှုတို့ ဟောင်ကောင်လူထုလှုပ်ရှားမှုတို့ကနေ လက်တင်အမေရိကတိုက်က အာဂျင်တီးနား အီကွေဒေါ ဘိုလီးဗီးယား ချီလီတို့က လူထုလှုပ်ရှားမှုတွေအထိ အစချီပုံချင်းမတူသလို အဆုံးသတ်ပုံချင်းလည်း မတူနိုင်ဘူး။ ဘိုလီးဗီးယားဆိုရင် စစချင်း ရဲအဖွဲ့ သပိတ်မှောက်တယ်။ နောက်တော့ အတိုက်အခံတွေက သပိတ်မှောက်တယ်။ နောက်ဆုံးတော့ စစ်တပ်က သမ္မတကို နုတ်ထွက်ခိုင်းတော့တာပါပဲ။ စစ်တပ်က အာဏာအသိမ်းခံလိုက်ရတဲ့အတွက် ကန့်ကွက်မှုတွေလည်း ပေါ်နေပြီ။ ဗင်နီဇွဲလားဆိုရင် အနောက်အုပ်စုက ထောက်ခံတဲ့ အတိုက်အခံနဲ့ ထိပ်တိုက်ရင်ဆိုင်နိုင်းတာမျိုး ရှိတယ်။ ချီလီသမိုင်းမှာတော့ အမေရိကန်ကော်ပိုရေးရှင်းကြီးတွေအကျိုးနဲ့ အမေရိကန်ရဲ့ ပထဂီနိုင်ငံရေးအကျိုးတွေအတွက် ချီလီစစ်တပ်ကို တဖက်လှည့်နဲ့ ကူညီပြီး အာဏာသိမ်းခိုင်းခဲ့တဲ့ သမိုင်းရှိခဲ့ဖူးတယ်။ လောလောဆယ်မှာတော့ လက်ရှိသမ္မတ ဘီလီယံနာလုပ်ငန်းရှင်ကြီး ပင်ညဲရားက သူ့တိုင်းပြည်ကို ဘယ်လောက်ဆက်ထိန်းထားမလဲဆိုတာ အင်အားကြီးနိုင်ငံတွေကရော ချီလီစစ်တပ်ကပါ စောင့်ကြည့်နေကြတယ်။

သေချာတာကတော့ ၂၀၀၈ အရင်းရှင်ဘဏ္ဍာရေးကပ်နဲ့ ကမ္ဘာ့စီးပွားရေးကပ်တွေ ပေါ်လာပြီးနောက်ပိုင်းမှာ အရင်းရှင်တွေရဲ့အကျပ်အတည်းမှန်သမျှ အလုပ်သမားတွေနဲ့ လုပ်သားပြည်သူတွေရဲ့ပခုံးပေါ် လွှဲပြောင်းလာတာတွေကို လူထုက ဆက်သည်းမခံနိုင်တော့ဘူး။ ချီလီလို လူထုအုံကြွမှုတွေ ခပ်စိပ်စိပ် နေရာအများအပြားမှာ ဆက်ပြီးပေါ်ထွက်လာလိမ့်မယ်ဆိုတာပါဘဲ။

ကျော်မြတ်ထွန်း

## စစ်အုပ်စုက

## သေနတ်နဲ့

## ခြေထောက်နဲ့ ရေးခဲ့သမျှ

## ဖျက်ပေးနေရတဲ့ ၁၁၀

**မောင်ထွန်းကျော်မြိုင်**

(၂၃ - ၁၁- ၂၀၁၉)

တိုင်းပြည်နဲ့လူထု ရေတိုရေရှည်အကျိုးကို မြော်မြင်ပြီး ဝန်းရံသူများက သူမကိုဝန်းရံခဲ့စဉ်က လပြည့်ဝန်းကြီးသာသလို တိုင်းပြည်နဲ့လူထုအပေါ် သာပါစေ၊ လင်းပါးစေ၊ အေးပါစေ ဆိုတဲ့ ကြယ်ပွင့်ကလေးများရဲ့ မုဒိတာဖြင့်သာ။ ဝန်းရံရင်း အချို့ကြယ်ပွင့်များဟာ လှပစွာ ရဲရင့်စွာ ကြွေလွင့်သွားခဲ့ကြရပါတယ်။ အချို့ကတော့ ခါးပြီး ခါသွားကြသလို နာပြီး နားသွားကြပါတယ်။ တချိန်ကသူမအပေါ် တချိန်ကဝန်းရံခဲ့မှုဟာ မမှားပါ။ ထိုစဉ် ထိုအချိန်ကာလက အခြေအနေ အကြောင်းအချက်များအရ ဆုံးဖြတ်ချက်များအရ ကြောင်းကျိုးဆီလျော်ပြီး မှန်ကန်ခဲ့သည်သာ။ သို့အတွက် နောင်တရစရာလည်း အလျင်းမဟုတ်ပါ။ အဖိနှိပ်ခံလူမျိုးပေါင်းစုံပြည်သူများက သူမအပေါ် သြဒိသမေတ္တာဖြင့် ပေးဝေခဲ့ကြသော"ဆုများ"မှာလည်း စံပယ်လို ဖြူစင်မွှေးမြသော "ဆု"များသာ ဖြစ်ပါတယ်။မလိုတဲ့အခါ မုန်းတီးနာကြည်းမှုတွေ ပြွမ်းတီးသော ဆူးတွေ ဖြစ်စေပြီး၊ ပြန်လည်ရုပ်သိမ်းကြတဲ့၊ ပေးပြီးသားပစ္စည်း ပြန်ယူတဲ့ ကလေးဆန်သော အတွေးစိတ်ကူးများလည်း မဟုတ်ခဲ့ပါ။ နှောင်ကြိုးမဲ့သော စေတနာ- မေတ္တာ- အကြင်နာဖြင့် ပို့သမျှ ဝေခဲ့ကြသည်မှာ "ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ- အန်တီစု- အမေစု သက်တော်ရာကျော်ရှည်ပါစေ" စသဖြင့် ရင်မှာဖြစ်သော၊ လှပသော ရိုးရှင်းသော၊ ပကတိအေးမြကြည်လင်သော၊ မရေတွက်နိုင်သော မေတ္တာရေစင်သာ ဖြစ်ပါတယ်။ အရေအတွက် တစုံတရာ ရေတွက်နိုင်သော ဒေါ်လာငွေကြေးများဖြင့် ချည်နှောင်ထားခြင်းလည်း မရှိပါ။ မဟုတ်ပါ။

ဒီလိုဝန်းရံတာဟာ စစ်အုပ်စုကဲ့သို့ လှယမင်းရုပ်ကလေးကို ကြိုးဆွဲပြီး ကိုယ်က ကစေ၊ သီစေချင်တဲ့ ကကွက်၊ တီးကွက်နဲ့ အသုံးတော်ခံစေဖို့တော့ လုံးဝ(လုံးဝ) မဟုတ်ခဲ့။ စစ်အုပ်စုကတော့ သူမကို တချိန်က အိမ်ချုပ်ချ၍ ပြည်သူများနဲ့ "ဖြတ် ၄ ဖြတ်" မက ဖြတ်တောက်ကာ ပြည်တွင်းပြည်ပ ဖိအားတွေကို ဈေးဆစ်စရာကိရိယာသဖွယ် အသုံးချခဲ့ပါတယ်။ အိမ်ချုပ်က လွှတ်ပေးရပြန်တော့လည်း "၂၀၀၈ အခြေခံဥပဒေ" စည်းဝိုင်းထဲမှာ အကျယ်ချုပ် ချည်နှောင်ထားနိုင်ဖို့ သွေးရူးသွေးတန်း ကြိုးပမ်းခဲ့ကြတယ်။ ဒီမှာတော့ သူမ

ကိုယ်တိုင် ကျေကျေနပ်နပ်အချုပ်ခံဖို့ "အရှိကို အရှိတိုင်းမြင်တယ်"ဆိုတဲ့စကားနဲ့ ဆုံးဖြတ် တိုးဝင်သွားခဲ့ပါတယ်။

ဒီလိုနဲ့ မီးလောင်ပုံးဟာ မီးခိုးပုံးဖြစ်ခဲ့ရတယ်။ အခုတော့ (ICJ) တရားခွင် တက်ရောက်ရတော့မယ်။ "စစ်အုပ်စု"ရဲ့ခေါင်းနဲ့အသည်းကို ဦးတည်ပြီး ပစ်ခတ်လိုက်တဲ့ ပြည်တွင်းက "မြား"ပဲဖြစ်စေ ပြည်ပက ပစ်လွှတ်လိုက်တဲ့ "လှံလျင်" ပဲဖြစ်စေ "ခံစရာ- ကာစရာ၊ ဒိုင်းလွှား- ကာ ပမာ" သူမသည် အသုံးတော်ခံနေခဲ့ရပြီ။

နိဂုံးချုပ်လိုက်တော့ ဒီလိုဘဝ တစတစ သက်ဆင်းကျရောက်သွားစေတဲ့ အခြေခံ အကြောင်းအချက် ၂ ချက်ရှိတာကို သွားတွေ့ရပါတယ်။

၁။ မှုမဲ့သော တဖတ်သတ်သင့်မြတ်ရေးအမြင်

၂။ ၂၀၀၈ အခြေခံဥပဒေထဲ မပြင်ဘဲ ဖွတ်တိုးဝင်ကာ၊ ဝင်ပြီးပြင်ရင် ရနိုင်ကောင်းရဲ့ဆိုတဲ့ ထင်မှတ်မှားမှု ဆိုတဲ့ အကြောင်းအချက် ၂ ရပ်ပဲဖြစ်ပါတယ်။

ဒီအခြေခံပေါ်မှာ အခုတော့ ကိုယ်မပြုသော အမှုအခင်းများအတွက် ကိုယ်တိုင်ကိုယ်ကျ ခေါင်းခံနေရပြီ။ ရင်ဆိုင်နေရပြီ။ ဖြေရှင်းနေရပြီ။ တိုင်းပြည်နဲ့လူထု ရေရှည်အကျိုးအတွက် "သင့်မြတ်ရေး" ကို လက်ကမ်းခဲ့သော်လည်း မှုမဲ့ပြီး တဖက်သတ်ဖြစ်နေတော့ တဖက်စစ်အုပ်စုက ရောင့်တက်ပြီး သူတို့ ထာဝရအကျိုးစီးပွား ထိန်းသိမ်းကာကွယ်ရေးတွက် မြေမြန်လက်မြန် အသုံးချ စတေးပစ်ခဲ့ပြီ။ "၂၀၀၈ အခြေခံ ဥပဒေ"ဟာ စစ်အုပ်စု(ကာချုပ်နဲ့စစ်တပ်) ထင်ရာစိုင်းနိုင်ခွင့်တွေ ပြဋ္ဌာန်းပေးအပ်ထားပြီး၊ အစိုးရနဲ့လွှတ်တော်ဟာ "ကာချုပ်"က စစ်တပ်ကို ခါးပိုက်ဆောင်ပြီး ထင်သလိုလုပ်မှုမှန်သမျှကို ဘယ်လိုမှ ကန့်သတ်တားဆီးနိုင်စွမ်းမရှိတာပါ။ ပိုဆိုးတဲ့အချက်က ကန့်သတ်တားဆီးနိုင်စွမ်းမရှိတာအပြင် စစ်အုပ်စု ကျူးလွန်ခဲ့သမျှ အကြမ်းဖက်ခဲ့သမျှ ဘယ်ကိစ္စကိုမဆို တာဝန်ခံ ခေါင်းခံပြီး ရင်ဆိုင်ဖြေရှင်းနေရတဲ့အဖြစ်ပါပဲ။ "၂၀၀၈ အခြေခံဥပဒေ" တည်မြဲနေသမျှ ဒီအဖြစ်က မလွတ်မြောက်နိုင်ပါ။

အရင်းစစ်အမြစ်မြေဆိုသလို ဖြစ်နေရတဲ့ဖြစ်သမျှအကြောင်းက စစ်အုပ်စုက သေနတ်နဲ့ခြေထောက်နဲ့ရေးခဲ့သမျှ၊ သင့်မြတ်လိုသောလက်နဲ့ ဖျောက်ဖျက်ပေးနေရတဲ့ဘဝ- ကာနေရတဲ့ကွယ်နေရတဲ့ဘဝ ဆေးကြောနေရတဲ့ ဘဝပါ။ မှုမဲ့တဲ့ တဖက်သတ်သင့်မြတ်ရေးကို ပြန်လည်သုံးသပ် ပြင်ဆင်ဖို့နဲ့ "၂၀၀၈ အခြေခံဥပဒေ"ကို အကုန်အစင်ဖျက်သိမ်းပစ်ရေးဟာ ယနေ့ရင်ဆိုင်ရေတဲ့ အကျပ်အတည်းပေါင်းစုံကနေ တကယ့်ထွက်ရပ် လမ်းမှန် သို့မဟုတ် စစ်မှန်တဲ့ လွတ်မြောက်ရာလမ်းသာဖြစ်ပါတယ်။

# လှုပ်ရှားလာသော

# နေ့သစ်

## ညီဌေးကျော်

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံမှာ အထွေထွေအတွင်းရေးမှူး ဂူတာရက်စ် Antonio Guterres က ကမ္ဘာတဝန်းပေါ်ပေါက်နေတဲ့ ဆန္ဒပြပွဲများရဲ့ပြဿနာကို နားစွင့်ဖို့ တိုက်တွန်းသွားခဲ့တယ် (၂၆ အောက်တိုဘာ ၂၀၁၉)။

လက်တင်အမေရိကမှာ- နီကရာဂွာ အီကွေဒေါ ပေါတီ ဟွန်ဒူးရပ်စ် ဗင်နီဇွဲလား ဘိုလီဗီးယား ချီလီ ကိုလံဘီယာ၊ အာဖရိကမှာ - မာလာဝီ ဇင်ဘာဗွေ ဂီနီ အီသီယိုးပီးယား၊ အရှေ့အလယ်ပိုင်းမှာဆိုရင်- အီဂျစ် အယ်ဂျီးရီးယား ဆူဒန် လစ်ဘနွန် အီရတ် အီရန်၊ ဥရောပမှာ ပြင်သစ် ဗြိတိန် စပိန် စသဖြင့်နဲ့ အာရှမှာ ဟောင်ကောင်တို့မှာ ပွက်လောရိုက်အောင် ဖြစ်ပွားနေတဲ့ လူထုလှုပ်ရှားမှုများဟာ ထင်သာမြင်သာဖြစ်ပါတယ်။ အမေရိကန်မှ စတင်လိုက်တဲ့ (ဝေါလမ်းမ)သိမ်းပိုက်ရေးလှုပ်ရှားမှု၊ ပြင်သစ်မှာ ပေါ်ပေါက်တဲ့ ကိုယ်ကျပ်အင်္ကျီဝါ လှုပ်ရှားမှု တို့ဟာလည်း ထင်ရှားပါတယ်။

၂၀၀၈ အမေရိကန်ဘဏ္ဍာရေးကပ်မှ စတင်လာတဲ့ ဂလိုဘယ် အရင်းရှင်စီးပွားရေးကပ်အပေါ် အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲ ထပ်ဆင့်လိုက်တာကြောင့်၊ ကမ္ဘာ့စီးပွားရေးဟာ ထိုင်းအီနေရာမှ ထပ်မံကျဆင်းလာတယ်။

ဒီတကြိမ်အကျပ်အတည်းဟာ ၁၉၂၉-၃၀ စီးပွားပျက်ကပ်ကြီးလိုပဲ အရင်းရှင်စနစ်ရဲ့ အခြေခံ အဆောက်အအုံ တခုလုံးကို သွက်ချာပါဒလိုက်အောင် နက်ရှိုင်းပါတယ်။

အရင်းရှင်နိုင်ငံကြီးများဟာ ထိရောက်တဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ မလုပ်နိုင်ဘဲ- ငွေစက္ကူ ဖုံးပေါလအော ရိုက်ထုတ်တာ၊ ဘဏ်တိုးနှုန်း သုညအောက်ထိချတာ၊ စီးပွားလုပ်ငန်းကြီးများကို ကယ်မတာ၊ ခြိမ်းခြောက်တာရေးပေါ်လစီ ကျင့်သုံးတာ (လူမှုသက်သာချောင်ချိရေး အသုံးစရိတ်များ ဖြတ်တောက်တာ)၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ ကျင့်သုံးလာတာကနေ ကုန်သွယ်ရေးစစ်အထိ တလွဲတချော်ပေါ်လစီများ ကျင့်သုံးနေတယ်။

ဝန်ထုပ်ဝန်ပိုးကို အခြေခံလူတန်းစားများနဲ့ တောင်ခြမ်း(ဖွံ့ဖြိုးဆဲ) နိုင်ငံများအပေါ် ပုံချလာတယ်။ မိမိတို့ရဲ့ လျှောကျနေတဲ့ အဆင့်နေရာကို ထိန်းသိမ်းဖို့၊ အိပ်မက်ဟောင်းတွေ ပြန်မက်နိုင်ဖို့အတွက် အစွန်းရောက်အမျိုးသားရေးဝါဒနဲ့ ပေါ်ပင်အမျိုးသားရေးဝါဒတို့ကို ဖြန့်ချိလာတယ်။

အတွင်းပိုင်း ပြုပြင်ပြောင်းလဲမှုများ မလုပ်နိုင်ဘဲ အတိတ်က ရွှေထီးဆောင်းခဲ့ရတဲ့ခေတ်ကို ပြန်လည်တမ်းတတဲ့ အတိတ်လွမ်းဝေဒနာ စွဲကပ်ကာ လူမျိုးရေး-ဘာသာရေး သွေးထိုးလှုံ့ဆော်မှုများကျင့်သုံးပြီး အမျိုးသားရေး၊ ပေါ်ပင်နိုင်ငံရေးတွေ လုပ်လာတယ်။ ကြီးကျယ်သောအမေရိကန် America Great Again၊ ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မှု Brexit ၊ ဟောင်ကောင်ဆန္ဒပြပွဲ စသည်တို့ဟာ ဒီသဘောပါပဲ။

အရင်းရှင်စနစ်ရဲ့ ဖွံ့ဖြိုးမှုအဆင်အကွက်ဟာ ဘဏ္ဍာအရင်းတင်ပို့မှုမှာ အခြေခံပါတယ်။ ၁၉၇၁ စီးပွားရေးကပ်နောက်ပိုင်း ရွှေအခြေခံငွေကြေးစနစ် ပြိုပျက်သွားပြီး အမေရိကန်ဒေါ်လာ လွှမ်းမိုးတဲ့ ငွေကြေးစနစ် ဖြစ်တည်လာတယ်။ ဒေါ်လာ(ဘဏ္ဍာအရင်း)တွေ ဖုံးပေါလအော ရိုက်ထုတ်တင်ပို့မှုနဲ့အတူ အစိုးရကြွေးမြီ မြင့်လာတယ်။ ဘတ်ဂျက်လိုငွေပြမှုဟာ ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး GDP နဲ့အတူ အချိုးကျ မြင့်တက်လာတယ်။ ပြည်တွင်းဝယ်လိုအား ထိုးဆွတဲ့ အကြွေးရောင်းအကြွေးဝယ်စနစ် ထွန်းကားလာတာနဲ့အမျှ စတော့ဈေးနှုန်းတွေ မြင့်တက်လာတယ်။ ဒီလိုနဲ့ ရရန်ပိုင်ခွင့် Assets တန်ဖိုးတွေ ဖောင်းပွလာတယ်။

ဘဏ္ဍာအရင်းတင်ပို့မှုနဲ့အတူ နီရိုလစ်ဘရယ်(လစ်ဘရယ်လက်သစ်) စီးပွားရေးမူဝါဒများအောက်မှာ ဈေးကွက်၊ ကုန်ကြမ်း၊ စွမ်းအင်၊ နည်းပညာ၊ မူပိုင်ခွင့် စသည်ဖြင့် လက်ဝါးကြီးအုပ်မှု ကျယ်ပြန့်လာတယ်။ ထောက်ပံ့ရေးကွင်းဆက် Supply Chains ၊ တန်ဖိုးကွင်းဆက် Value Chains ဆိုတာတွေနဲ့အတူ တဆင့်ခံကုန်ချောနဲ့ကုန်ချောတပိုင်း ထုတ်လုပ်မှုလုပ်ငန်းတွေ ပြည်ပထုတ် Outsourcing လာခြင်းဖြင့် လုပ်အားခဈေးပေါတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ဘဏ္ဍာအရင်း ဖြန့်ကြက်လာတယ်။

ဒါပေမဲ့ အရင်းရှင်စီးပွားရေးဖွံ့ဖြိုးမှုဟာ အစစ်အမှန် စီးပွားရေးဖွံ့ဖြိုးမှု Real Economic Growth မဟုတ်ဘူး။ အက်ဆက်တန်ဖိုးတွေ Assets ဖောင်းပွနေတာဖြစ်ကြောင်း ထင်ရှားလာတယ်။ ဘဏ်ကြီးတွေနဲ့ စတော့ဈေးကွက်ပြိုပျက်မှု အန္တရာယ်ဟာ ကြီးမားကျယ်ပြန့်လာတယ်။ ဖောင်းပွမှုနဲ့ပေါက်ကွဲမှု Boom & Burst သံသရာလည်ကာ ကပ်ကိုကျော်နင်းနိုင်စွမ်း မရှိတာ ထင်ရှားလာပါတယ်။

ဒစ်ဂျစ်တယ်နည်းပညာနဲ့ သတင်းနည်းပညာ ဖွံ့ဖြိုးလာတာနဲ့အမျှ ကမ္ဘာမှုပြုမှု Globalization ပိုမြန်လာတယ်။ စတုတ္ထနည်းပညာတော်လှန်ရေးနဲ့အတူ ဉာဏ်ရည်တုနည်းပညာ၊ သုံးဘက်မြင် 3D နည်းပညာ၊ ပဥ္စမမျိုးဆက် ဆက်သွယ်ရေးကွန်ရက်၊ စက်ရုပ်နည်းပညာ စတဲ့ နည်းပညာပေါက်ကွဲမှုသစ်တွေလည်း ပေါ်ပေါက်နေတယ်။ တောင်ခြမ်းနဲ့မြောက်ခြမ်း၊ ဖွံ့ဖြိုးဆဲနဲ့ဖွံ့ဖြိုးပြီး၊ ဆင်းရဲနဲ့ချမ်းသာ၊ လူတန်းစားကွဲပြားမှုအ စွန်းနှစ်ဖက် မကြုံစဖူး ကြီးထွားလာတယ်။ နိုင်ငံကြီးများကြား ပြိုင်ဆိုင်မှု သည်းသန်ပြင်းထန်လာတယ်။ ဂလို ဘယ်စည်းစနစ်ဟောင်းဖြစ်တဲ့ စစ်အေးခေတ် ဒွိစုံဝင်ရိုးကမ္ဘာကော စစ်အေးခေတ်လွန် ဝင်ရိုးတခုတည်းကမ္ဘာပါ(စူပါပါဝါတဦးတည်း လွှမ်းမိုးသောကမ္ဘာ) ပြိုပျက်လာနေပေမယ့်လည်း ဝင်ရိုးစုံကမ္ဘာ့ စည်းစနစ်သစ်တရပ်လည်း ပီပီပြင်ပြင် ပေါ်ထွက်မလာသေးဘူး။ ကမ္ဘာကြီးဟာ ရှုပ်ထွေး ကြမ်းတမ်း အပြောင်းအလဲနဲ့ စိန်ခေါ်မှုများတဲ့ မရေမရာကာလမှာ ကျရောက်နေတယ်။

ဒီလိုအခြေအနေမှာ ယနေ့ ကမ္ဘာတဝန်း ပေါ်ပေါက်လာတဲ့ လူထုအုံကြွမှုများဟာ အရင်းခံအားဖြင့် စီးပွားရေး နိုင်ငံရေး အထွေထွေမကျေနပ်မှုများမှ အလိုအလျောက် လက္ခဏာဆောင်တဲ့ အုံကြွမှုများ ဖြစ်တယ်။

တတိယကမ္ဘာလို့ခေါ်တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများဟာ ငြိမ်းချမ်းလိုတယ်၊ တည်ငြိမ်လိုတယ်၊ ဖွံ့ဖြိုးတိုးတက်လိုတယ်။ ဒါဟာ တားမရတဲ့ ကမ္ဘာ့ရေစီးကြောင်း ဖြစ်ပါတယ်။ လမ်းမတွေပေါ် လျှံထွက်လာတဲ့ လူထုတိုက်ပွဲတွေဟာ အာဏာရှင်စနစ်စစ်အစိုးရနဲ့ အကျင့်ပျက်ခြစားမှုများကို ဆန့်ကျင်အုံကြွလာတဲ့ ဒီမိုကရေစီတော်လှန်ရေးတွေပဲ ဖြစ်တယ်။

ဒီလူထုတိုက်ပွဲများဟာ ဒီမိုကရေစီဟောင်း ခေနရှင်တော်လှန်ရေးလား- ဒီမိုကရေစီသစ် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးလား ဆိုတာကတော့ ဘယ်လူတန်းစားက ခေါင်းဆောင်သလဲ၊ ဘာသဘောတရားလက်နက် ကိုင်စွဲသလဲ ဆိုတာက အဆုံးအဖြတ်ပြုပါလိမ့်မယ်။

ဒီအထဲက အာရပ်ကမ္ဘာမှာ ပေါ်ပေါက်နေတဲ့ ဒုတိယအာရပ်နွေဦး Arab Spring . 2 လို့ ခေါ်ဆိုရမယ့် အီရတ် လစ်ဘနွန် အယ်ဂျီးရီးယား ဆူဒန် တို့မှ လူထုအုံကြွမှုများဟာ ထူးခြားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၂၀၁၀-၁၁ ပထမအာရပ်နွေဦးမှာ ဆီးရီးယား လစ်ဗျား ယီမင် အီဂျစ် တို့ရဲ့သင်ခန်းစာများကို ရရှိဆုပ်ကိုင်ထားနိုင်လို့ပါပဲ။

(အီရတ်)- ၂၀၀၃ ဆဒ္ဒန်ဟူစိန် ပြုတ်ကျပြီးနောက် အကြီးမားဆုံး ဆန္ဒပြပွဲများဖြစ်တယ်။ အောက်တိုဘာမှာ ဘက်ဂဒက်နဲ့အီရတ်တောင်ပိုင်းက စတင်လာတဲ့ အစိုးရဖြုတ်ချရေး လူထုအုံကြွမှုဖြစ်ပြီး လူပေါင်း ၃၃၀ ကျော် သေဆုံးခဲ့ပြီးဖြစ်တယ်။

(လက်ဘနွန်)- အောက်တိုဘာ ၁၇ ကစတင်ပြီး လူ့အဖွဲ့အစည်းအတွင်း ဘာသာရေး မျိုးနွယ်စု အယူအဆ စသဖြင့် အကွဲကွဲအပြားပြားဖြစ်နေတဲ့ ဂိုဏ်းပေါင်းစုံ ပူးပေါင်းလှုပ်ရှားမှု လူထုတိုက်ပွဲများ စတင်တယ်။ အောက်တိုဘာ ၂၉ အစိုးရအဖွဲ့ နုတ်ထွက်ကြောင်းကြေညာတယ်။ အုပ်စိုးသူဟောင်းနဲ့ လုံးဝ မပတ်သက်တဲ့ သစ်လွင်တဲ့ နိုင်ငံရေးကို တောင်းဆိုတယ်။

(အယ်ဂျီးရီးယား) - လပေါင်းများစွာ ချေမှုန်းလို့မရတဲ့ လူထုဆန္ဒပြပွဲများကြောင့် ဧပြီလမှာ သမ္မတ Abdelazig Boatefiku နုတ်ထွက်ရတယ်။ ဒီဇင်ဘာ ရွေးကောက်ပွဲ ကို မကျေနပ်တာကြောင့် ဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပွားနေတယ်။

(ဆူဒန်)- နန်းသက်ရှည်သမ္မတ Omar al-Bashir ပြုတ်ကျသွားသော်လည်း စစ်တပ်က အာဏာ သိမ်းထားတာကြောင့် စစ်ဘက်နဲ့ ဒီမိုကရေစီရေးလှုပ်ရှားသူများ အားပြိုင်ကာ လူထုအုံကြွမှုများ ပြင်းထန် လာပြီး စစ်ဘက်က သတ်ဖြတ်မှုများလည်း ပေါ်ပေါက်နေတယ်။

ထူးခြားချက်က ( ၁) အတိတ်ကသင်ခန်းစာနဲ့ နိုင်ငံတကာအတွေ့အကြုံများကို သင်ခန်းစာ ရယူ တယ်။ (၂) ပြည်တွင်း- ပြည်ပ ထောက်ခံမှု ကျယ်ကျယ်ပြန့်ပြန့်ရအောင် အချိန်နဲ့တပြေးညီ ကြိုးပမ်းတယ်။ (၃) တန်ပြန်တော်လှန်ရေး နည်းပရိယာယ်များ သုံးပြီး ဖြိုခွဲဖို့ အုပ်စိုးသူဟောင်းကို အခွင့်အရေး မပေးဘူး (လက်ဦးမှု အဆုံးအရှုံးမခံဘူး)။ (၄) သပိတ်ကို ကာကွယ်ပေးရေး လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းကြတယ်။ ဥပမာ- အယ်ဂျီးရီးယားမှာ- ၂၀၁၄ ကစလို့ ရေနံဈေးပြိုကျ စီးပွားရေးဖရိုဖရဲဖြစ်လာတယ်။ ၂၀၁၁ တုန်းကလို လူမှုရေးတည်ငြိမ်အောင် လူထုကို ချွေးသိပ်ဖို့၊ ဝယ်ယူဖို့ မတတ်နိုင်တော့ဘူး။

လစ်ဘနွန်နဲ့ အီရတ်မှာ- (ဆီးရီးယား လစ်ဗျား ယီမင် တို့မှာလိုမဖြစ်အောင်) မင်းပြောင်းမင်းလွဲ Regime Change ဆရာကြီးများရဲ့ စွက်ဖက်မှုကြောင့် ပြည်တွင်းစစ်နဲ့အတူ ကျဆုံးနိုင်ငံမဖြစ်ရအောင် ဂိုဏ်း ဂဏကို ရှောင်ရှားပြီး ပြည်ချစ်စိတ်ဓာတ်ကို ရှေ့တန်းတင်ကာ ညီညွတ်ရေးတည်ဆောက်ကြတယ်။

ဆူဒန်မှာ- လူထုထောက်ခံမှု အလွန်ကြီးမားတယ်။ အီဂျစ်လို သွေးခွဲရန်တိုက် လိမ်လည်လှည့်ဖြားပြီး အင်အားသုံးဖြိုခွဲကာ အာဏာပြန်သိမ်းမှာကို အညှံ့မခံ၊ အခိုင်အမာ ခုခံဆန့်ကျင်ကြတယ်။ ပထမ အာရပ်နွေ ဦးဟာ ၂၀၁၃ မှာ အဆုံးသတ်သွားခဲ့တယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ချောမွေ့ခဲ့တယ်ဆိုတဲ့ ကျူနီး ရှားရဲ့ ရှေ့ရေးသည်ပင်လျှင် မရေရာလှပါဘူး။ စီးပွားရေး နိုင်ငံရေး ဘာပြုပြင်ပြောင်းလဲရေးမှ မပေါ်ပေါက် ခဲ့ပါဘူး။

ရန်သူက ပရိယာယ်ကြွယ်သလို လူထုကလည်း အတွေ့အကြုံများလာတယ်။ ၂၁ ရာစု လူထုတိုက်ပွဲ များဟာ ရုပ်ပြအာဏာရှင်သာမက Deep State ဆိုတဲ့ နောက်ကွယ်က လက်မဲကြီးကိုလည်း ရှင်းလင်းဖယ် ရှားဖို့ ပြုပြင်ပြောင်းလဲရေးထက် တော်လှန်ပြောင်းလဲရေးကို ဦးတည်တိုက်ပွဲဝင်လာကြတယ်။

၂၁ ရာစု မှော်က်စ်ဝါဒ တခေတ်ဆန်းလာခြင်းနဲ့အတူ အဖိနှိပ်ခံလူထုဟာ လက်တွေ့တိုက်ပွဲထဲမှာ တိုက်ပွဲသဏ္ဍာန်သစ်ကို သင်ယူတတ်မြောက်လာပါလိမ့်မယ်။

ညီဌေးကျော်(၂၉ နိုဝင်ဘာ ၂၀၁၉)

*နိုင်ငံတကာ*

# ကွန်မြူနစ်လှုပ်ရှားမှု

# အစီရင်ခံစာ(၂၀၁၈-၂၀၁၉)

**အေးမြမွန်သိန်း**

၂၀၁၉ ဇွန်လ ၁ ရက်။ တရုတ်ပြည်လူမှုရေးသိပ္ပံ အကယ်ဒမီ၊ မာ့က်စ်ဝါဒ သုတေသန အင်စတီကျုနဲ့ တရုတ်ပြည်လူမှုရေးသိပ္ပံ ပုံနှိပ်တိုက်တို့ ပူးတွဲပြီး "နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှု စက္ကူဝါစာတမ်း-နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှု ဖွံ့ဖြိုးတိုးတက်မှု" အစီရင်ခံစာ (၂၀၁၈-၂၀၁၉) ကို ထုတ်ဝေခဲ့ရာ စာတမ်းပါ အချက်အလက်များကို ထုတ်နုတ်တင်ပြလိုက်ပါတယ်။

၎င်းအစီရင်ခံစာက-နိုင်ငံတကာစနစ်မှာ အရေးပါတဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ အရေးပါတဲ့ ပြုပြင်ပြောင်းလဲမှုနဲ့ အရေးပါတဲ့ထိန်းညှိမှုတွေ ပေါ်ပေါက်နေမှုအောက်မှာ ၂၀၁၈ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုဟာ သမိုင်းနဲ့ တကယ့်ဖြစ်ရပ်၊ သဘောတရားနဲ့လက်တွေ့၊ တရုတ်ပြည်နဲ့ကမ္ဘာကြီးတို့ဟာ အမျိုးမျိုး အပြန်အလှန် လှုပ်ရှားမှုများအတွင်းမှာ အပြန်အလှန်ရိုက်ခတ်မှုများ ဖြစ်တည်လာတယ်လို့ ညွှန်ပြထားတယ်။

မာ့က်စ်သက်တမ်း အနှစ် ၂၀၀ ပြည့်နဲ့ "ကွန်မြူနစ်ပါတီကြေညာစာတမ်း" နှစ် ၁၇၀ ပြည့်ကာလကို ကမ္ဘာ့နေရာအနှံ့အပြားမှာ ပုံစံအသီးသီးနဲ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့ခြင်းဟာ မာ့က်စ်ရဲ့ ဉာဏ်ပညာ ကြီးမြတ်မှုနဲ့ မာ့က်စ်ဝါဒရဲ့ အရေးကြီးတဲ့သမိုင်းတန်ဖိုးနဲ့ လက်တွေ့အဓိပ္ပာယ်ဆောင်မှုတို့ကို ထပ်မံ အသိအမှတ်ပြုလိုက်ခြင်း ဖြစ်တယ်။ တရုတ်ပြည်က တံခါးဖွင့်ပြုပြင်ပြောင်းလဲရေး အနှစ် ၄၀ မြောက် ကောင်းချီးထောမနာပြုတဲ့ အစည်းဝေးကြီးကျင်းပခြင်းအားဖြင့် တရုတ်ပြည်ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ်ရဲ့ ကြီးမြတ်တဲ့ လက်တွေ့အောင်မြင်ချက်များက မာ့က်စ်ဝါဒရဲ့ သိပ္ပံနည်းကျမှုနဲ့ လက်တွေ့ နဲ့ကိုက်ညီမှုရှိကြောင်းနဲ့ "ကွန်မြူနစ်ပါတီကြေညာစာတမ်း" မှာ ရှင်းလင်းဖွင့်ဆိုခဲ့တဲ့ သိပ္ပံနည်းကျ ဆိုရှယ်လစ်စနစ် သဘောတရားကို မိမိနိုင်ငံရဲ့ အခိုင်အမာလက်တွေ့နဲ့ အပြန်အလှန်ပေါင်းစပ်လိုက်ခြင်းဟာ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးရဲ့ အောင်မြင်တဲ့လမ်းကြောင်းတခုဖြစ်တယ်ဆိုတာကိုလည်း သက်သေပြလိုက်တယ်။ တရုတ်ပြည်ထူးခြားချက် ပါတဲ့ ဆိုရှယ်လစ်စနစ် အောင်မြင်မှုဟာ ဆိုရှယ်လစ်စနစ်ရဲ့သာလွန်မှုကို ပေါ်လွင်ထင်ရှားသွားစေပြီး

နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုနဲ့ ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယုံကြည်ချက် တိုးမြှင့်ပေးခဲ့ပါတယ်။

**(၁) ၂၀၁၉ ခုနှစ်အတွင်းမှာ တရုတ်-အမေရိကန်အကြား အဆင့်မြင့် သိပ္ပံနဲ့ နည်းပညာစတဲ့ နယ်ပယ်များမှာ ပြိုင်ဆိုင်မှု ပြင်းထန်သထက် ပြင်းထန်လာနေခြင်း**

အစီရင်ခံစာက ဉီးနောက်အတုနည်းပညာ(AI)၊ သိပ္ပံနဲ့ နည်းပညာတော်လှန်ရေးတို့ဟာ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှု ဖွံ့ဖြိုးတိုးတက်ရေးအပေါ် သြဇာသက်ရောက်မှုဟာ ကြာလေကြီးမားလေ ဖြစ်လာနေတယ် လို့ ယူဆတယ်။ ဒါကို ဘက်နှစ်ဖက်ကနေ အဓိက ထင်ဟပ်ဖော်ပြနေတယ်။

(၁) အဆင့်မြင့် သိပ္ပံနဲ့ နည်းပညာကို နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုအတွင်း နေရာအနှံ့အပြားမှာ ပိုမိုအသုံးပြုလာနေပြီး နိုင်ငံရေးပါတီများရဲ့ ပြုမူလုပ်ဆောင်ချက်များကို အပြောင်းအလဲဖြစ်လာစေပါတယ်။ ကမ္ဘာ့ကွန်မြူနစ်ပါတီအများအပြားဟာ မာ့က်စ်ဝါဒ ဝါဒဖြန့်ရေးနဲ့ လူထုအတွင်းပြန့်နှံ့ရေး တွန်းဆော်ရာမှာ မီဒီယာနည်းပညာသစ်များကို နေရာအတော်များများမှာ အသုံးပြုလာနေပါပြီ။

(၂) အရင်းရှင်စနစ်နဲ့ ဆိုရှယ်လစ်စနစ် အင်အား ၂ ရပ်အတွင်း အဆင့်မြင့်သိပ္ပံနဲ့ နည်းပညာသစ် လုယက်မှု ပိုမိုပြင်းထန်လာနေတယ်။ ဒီလိုလုယက်မှုကို ၂၀၁၈ ခုနှစ်အတွင်း အမေရိကန်က စတင်လိုက်တာ ဖြစ်တယ်။ အဓိကဖော်ပြချက်ကတော့ အမေရိကန်ဟာ သူ့ရဲ့ အနောက်တိုင်းမဟာမိတ်နိုင်ငံများကို တရုတ်ပြည်ရဲ့ ZTE နဲ့ ဟွာဝေ့တို့က 5G နည်းပညာ အသုံးပြုဆောင်ရွက်လာမှုကို ပိတ်ဆို့ရေး လှုံ့ဆော်လာခဲ့ခြင်း ပါပဲ။ ကြိုတင်ခန့်မှန်းချက်အရ ၂၀၁၉ မှာလည်း အဆင့်မြင့်သိပ္ပံနဲ့နည်းပညာ လုယက်မှုဟာ ဆက်လက်ပြင်းထန်လာနေဦးမှာဖြစ်ပြီး၊ အာကာသနဲ့ စစ်ရေးစတဲ့နယ်ပယ်တွေအထိ ကျယ်ပြန့်ရောက်ရှိသွားနိုင်တယ်လို့ ဆိုတယ်။

အနောက်တိုင်းရဲ့ "စစ်အေးသစ်" တွေးခေါ်ယူဆမှုဟာ ဆက်လက်ရှည်ကြာနိုင်ပြီး တရုတ်ပြည်ကို စီးပွားရေး ကုန်သွယ်ရေးနယ်ပယ်မှာ ကန့်သတ် ပိတ်ဆို့မှုကနေ သိပ္ပံနဲ့ နည်းပညာ၊ ပညာရေး၊ ယဉ်ကျေးမှုနဲ့ တွေးခေါ်ယူဆမှု အယူဝါဒရေးရာတို့မှာပါ တိုးချဲ့လာနေတာလို့ အစီရင်ခံစာက ယူဆနေတယ်။

ဒီလို တိုက်ရိုက်ပိတ်ဆို့ရေးပုံစံကို ကျင့်သုံးတဲ့အပြင် ယဉ်ကျေးမှုအရနဲ့ စနစ်အရပါ စိမ့်ဝင်ထိုးဖောက်ပြီး အဲဒီကနေတဆင့် နောက်ဆုံးမှာ တရုတ်ပြည်ကို အနောက်တိုင်း "ဒီမိုကရေစီစနစ်" အတွင်း ရောနှော ပေါင်းစပ်သွားစေရေးကို ရည်မှန်းချက်ပန်းတိုင်အဖြစ်ထားတဲ့ "ငြိမ်းချမ်းစွာ တစတစ အသွင်ပြောင်းလဲရေး" ဟာလည်း အဆုံးမသတ်သေးပါဘူး။ ဒါပေမဲ့ တရုတ်ပြည်ကတော့ အချင်းမပွားရေးကို ကြိုးစားရှောင်လွှဲနေပြီး လက်ဦးမှုရှိရှိ ကံကြမ္မာတူလူသားလူ့အသိုက်အဝန်းတခု ထူထောင်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ထိန်းသိမ်းကာကွယ်ရေးအတွက်နဲ့ တဆက်တည်း"ရပ်ဝန်းတခုနဲ့လမ်းကြောင်းတခု" အဆိုကို တင်ပြခဲ့တယ်။

ခန့်မှန်းတွက်ချက်မှုအရ တရုတ်အမေရိကန် နိုင်ငံကြီး ၂ နိုင်ငံ ပြိုင်ဆိုင်မှုအတွင်း ကမ္ဘာ့နိုင်ငံ အများစုဟာ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်ပေါ် အခြေခံပြီး သံတမန်ရေးပေါ်လစီအရ လမ်းကြောင်း ၂ ကြောင်း လျှောက်လှမ်းရေးကို လိုလားကြပြီး တချို့ပြဿနာမှာ အမေရိကန်ဘက်ရပ်ပြီး အချို့ပြဿနာမှာ

တရုတ်ဘက် ရပ်ခံကြတယ်။ ဒါကြောင့် တရုတ်-အမေရိကန်ကြားက အပူတပြင်းရှိလှတဲ့ ဆက်ဆံရေး ဟာ ဆက်လက်ရှိမြဲ ရှိနေပါလိမ့်ဦးမယ်။ နယ်ပယ်အသီးသီးမှာ ယှဉ်ပြိုင်မှုဟာ ပြင်းထန်သထက် ပြင်းထန်လာပါလိမ့်ဦးမယ်။ ဒါပေမဲ့ ယှဉ်ပြိုင်မှုအတွင်း ပူးပေါင်းဆောင်ရွက်မှုလည်း ရှိနေပါလိမ့်ဦးမယ်။ နိုင်ငံ ၂ နိုင်ငံဟာ လုံးဝအတိုက်အခံဖြစ်သွားတဲ့ အခြေအနေမျိုးတော့ ကျရောက်သွားမှာ မဟုတ်ပါဘူး။ ဒါကြောင့် စစ်အေးကာ လဟောင်းတုန်းက အခြေအနေမျိုးတော့ ပြန်လည်ပေါ်ပေါက်မလာနိုင်ပါဘူးလို့ ဆိုပါတယ်။

**(၂) ၂၀၁၈ ခုနှစ်၊ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှု သမိုင်းနဲ့ လက်တွေ့ဖြစ်ရပ်၊ သဘောတရားနဲ့ လက်တွေ့ အကောင်အထည်ဖော် ဆောင်မှု၊ တရုတ်ပြည်နဲ့ ကမ္ဘာကြီးရဲ့ အမျိုးမျိုးသော အပြန်အလှန်လှုပ်ရှားမှုအတွင်းမှာ ဖြစ်တည်လာတဲ့ အပြန်အလှန် လှုပ်ရှားရိုက်ခတ်မှု**

ခြုံကြည့်လိုက်ရင် ၂၀၁၈ ခုနှစ် နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုမှာ ဆိုရှယ်လစ်စနစ်ဟာ သဘောတရားနဲ့ လက်တွေ့အကောင်အထည်ဖော်ဆောင်မှု ဘက်အသီးသီးမှာ ဖြစ်ထွန်းတိုးတက်မှုအသစ်တွေ ရရှိခဲ့တယ်။

မျက်မှောက်ရှိနေတဲ့ ဆိုရှယ်လစ်နိုင်ငံတွေကို ကြည့်လိုက်ရင် ၂၀၁၈ မှာ တံခါးဖွင့်ပြုပြင်ပြောင်းလဲရေး ခရီးစဉ်သစ်ချီတက်ပွဲကို စတင်လိုက်တယ်။ တရုတ်ပြည်ဟာ တံခါးဖွင့်ပြုပြင်ပြောင်းလဲရေး နှစ် ၄၀ အောင်မြင်မှု အတွေ့အကြုံနဲ့ မဟာအောင်မြင်မှုများကို ဘက်စုံနိဂုံးချုပ်ခဲ့တယ်။ ဒါကို ခရီးစဉ်သစ်ရဲ့ အစချီချက်အဖြစ် မှတ်ယူပြီး ခေတ်ကာလသစ်မှာ တရုတ်ပြည်ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ်ကို ကြံ့ကြံ့ခိုင်ခိုင် ဆုပ်ကိုင် ဖွံ့ဖြိုးတိုးတက်သွားရေး၊ ဆိုရှယ်လစ်စနစ် ခေတ်မီအင်အားတောင့်တင်းတဲ့ နိုင်ငံအဖြစ် တည်ဆောက်ရေးနဲ့ တရုတ်အမျိုးသားများရဲ့ ကြီးမြတ်တဲ့ ပြန်လည်ဆန်းသစ်လာရေး အထွေထွေ စီမံကိန်းနဲ့ နည်းဗျူဟာ၊ အထွေထွေတောင်းဆိုချက်တို့ကို အကောင် အထည်ဖော်ဆောင်သွားရေးတို့ကို တင်ပြခဲ့တယ်။

ဗီယက်နမ်၊ ကျူးဘား၊ လာအို၊ မြောက်ကိုးရီးယား စတဲ့ လက်ငင်းရှိနေတဲ့ ဆိုရှယ်လစ်နိုင်ငံတော်များမှ အာဏာရပါတီများဟာလည်း ခေတ်ကာလရေစီးကြောင်းနဲ့ ဆီလျော်စွာ ဆိုရှယ်လစ်တည်ဆောက်ရေး တရားဥပဒေသများနဲ့ ကွန်မြူနစ်ပါတီရဲ့ အာဏာချုပ်ကိုင်ရေး တရားဥပဒေသများကို နက်ရှိုင်းစွာ သိမြင်လာကြတယ်။

၎င်းတို့အနက် ဗီယက်နမ်နဲ့ လာအိုတို့ဟာ စီးပွားရေး သိသိသာ တိုးတက်လာတဲ့ အခြေအနေနဲ့ လူမှုဘဝတည်ဆောက်ရေးမှာ အပြုသဘောဆောင်တဲ့ အကျိုးသက်ရောက်မှုများကို ဆက်လက်ထိန်းသိမ်းထားပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲရေးကို တည်တည်ငြိမ်ငြိမ်နဲ့ ရှေ့ကို တွန်းဆော်ပေးခဲ့လို့ ပါတီတည်ဆောက်ရေး တဆင့်တက် အားကောင်းလာတယ်။ မြောက်ကိုးရီးယားရဲ့ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးဟာ တံခါးဖွင့်ပြုပြင်ပြောင်းလဲရေးရဲ့ အခြေအနေသစ်တရပ်ကို ဖော်ပြနေပါတယ်။ သေနင်္ဗျူဟာ အလေးထားချက်ကိုလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအဖြစ် ဦးတည်ထားလိုက်တယ်။ ကျူးဘားကတော့ ဖွဲ့စည်းအုပ် ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်မွမ်းမံရေးကို အပြောင်းအလဲဖြစ်စေတဲ့ အကြောင်းရပ်အဖြစ်ထားကာ တရားဥပဒေစိုးမိုးရေးကို အားဖြည့် တည်ဆောက်နေတယ်။ တကယ့် အနှစ်သာရအားဖြင့် စီးပွားရေးစနစ် ပြုပြင်ပြောင်းလဲရေးကို တွန်းဆော်ပေးပြီး ပိုမိုလက်ဦးမှုရှိစွာ နိုင်ငံတကာလူ့အဖွဲ့အစည်းနဲ့ ပေါင်းစပ်မှု ရှိလာစေရေးဖြစ်တယ်။

အာဏာမရသေးတဲ့ ကွန်မြူနစ်ပါတီတွေကို ကြည့်လိုက်ရင်လည်း ၂၀၁၈ ခုနှစ်ဟာ အခွင့်အလမ်းတွေရော စိန်ခေါ်မှုတွေပါ အတူတည်ရှိ နေတယ်။ နိုင်ငံအသီးသီးက ကွန်မြူနစ်ပါတီတွေဟာ ပြည်တွင်းပြည်ပ အခြေအနေ အပြောင်းအလဲနဲ့ လိုက်လျောညီစွာ သဘောတရား ပြုပြင်ဆန်းသစ်ခြင်းနဲ့ သေနင်္ဂဗျူဟာ ထိန်းညှိမှုကို ဆောင်ရွက်ခဲ့ကြတယ်။ ကွန်မြူနစ်ပါတီ အမြောက်အမြားဟာ မိမိနိုင်ငံရဲ့ဗဟိုရွေးကောက်ပွဲနဲ့ ဒေသန္တရ လွှတ်တော်ရွေးကောက်ပွဲများမှာ ပါဝင်ခဲ့ကြတယ်။ တချို့ပါတီများဟာ ရွေးကောက်ပွဲများအတွင်း ထင်သာမြင်သာရှိတဲ့ တိုးတက်မှုတွေ ရရှိခဲ့ကြတယ်။ ဒါနဲ့တချိန်တည်းမှာ တချို့ပါတီတွေဟာ အာဏာပိုင်များရဲ့ ဖိနှိပ်မှုကို ခံနေရဆဲဖြစ်လို့ အသက်ရှင်သန်ရေးတောင်မှ အရေးကြုံနေရတယ်။ အထောက်အကူဖြစ်ရေးအတွက် နိုင်ငံတကာကွန်မြူနစ်ပါတီများနဲ့ အပြန်အလှန် ချိတ်ဆက်ပြီး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရေးကို အားဖြည့်ခဲ့ကြလို့ ဒေသအသီးသီးနဲ့ နိုင်ငံတကာအဆင့် လှုပ်ရှားမှုတွေ ပိုမိုသွက်လက်လာခဲ့တယ်။ စည်းလုံးညီညွတ်ရေးလည်း ပိုမိုအားကောင်းလာတယ်။

ဒါနဲ့တချိန်တည်းမှာ အမေရိကန်နဲ့ဥရောပ အနောက်တိုင်းအရင်းရှင်နိုင်ငံများမှာ အကျယ်အပြန့်အားဖြင့် လူ့အဖွဲ့အစည်းကွဲထွက်မှုတွေ ပေါ်ပေါက်နေပြီး နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုမှာ ဘေးကျပ်နံကျပ် အခြေအနေထဲ ကျရောက်နေတယ်။ ဥပမာ-ဗြိတိန် အီးယူမှထွက်ရေးကိစ္စ၊ ဥရောပတိုက်မှာ ပေါ်ပြူလစ်ဇင် ပြန်လည်ခေါင်းထောင်ထလာခြင်း စတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းဆန့်ကျင်မှု အခြင်းအရာအမျိုးမျိုး အရှိန်အဟုန်ကောင်းလာနေခြင်း။ ပြင်သစ်ရဲ့ "အဝါရောင် စွပ်ကျယ်လက်ပြတ်ဝတ် လှုပ်ရှားမှု" ကဲ့သို့ အောက်ခြေပြည်သူလူထုကိုယ်စားပြုတဲ့ တန်းတူမှုရရှိရေး၊ ပြည်သူလူထုရဲ့ နေထိုင်မှုဘဝ တိုးတက်ကောင်းမွန်ရေး ခုခံဆန့်ကျင်ရေးလှုပ်ရှားမှုတို့ အဆက်မပြတ် ပေါ်ထွက်လာနေတယ်။ ဂျာမနီ၊ အီတလီတို့မှာ နေရာအနှံ့ လက်ဝဲလက်ယာဂိုဏ်းအသီးသီးအကြား အတိုက်အခံဖြစ်မှု ပြင်းထန်လာနေပြီး၊ ကန့်ကွက်လှည့်လည် ဆန္ဒပြပွဲတွေ အတိုင်းအတာ ကြီးမားကျယ်ပြန့်လာကာ မပြတ်မလပ် ဖြစ်ပေါ်နေတယ်။

အမေရိကန်ဟာ မိမိရဲ့ဗိုလ်ကျစိုးမိုးမှု အဆင့်နေရာကာကွယ်ရေးအတွက် နိုင်ငံတကာ အခြေခံ စံထားချက်တွေကို အကြိမ်ကြိမ်အခါခါ မထီမဲ့မြင်ပြုပြီး "စုပေါင်းအသင်းအဖွဲ့တွေကနေ ထွက်ခဲ့တယ်"။ ငါတကော ကောရေးဝါဒကို ကျင့်သုံးပြီး ကုန်သွယ်ရေးကာကွယ်ရေးဝါဒကို ကျင့်သုံးကာ တရုတ်ပြည်အပါအဝင် အခြားနိုင်ငံတချို့နဲ့  ကုန်သွယ်ရေးစစ်ခင်းဖို့ အကြိမ်ကြိမ်အဖန်ဖန် ရန်စနေတယ်။ နိုင်ငံတကာ အခြေအနေ အမျိုးမျိုးသော ဗရမ်းဗတာဖြစ်နေမှုများက လူတွေကို ကမ္ဘာလုံးဆိုင်ရာနိုင်ငံရေးနဲ့ လုံခြုံရေး အခြေအနေအပေါ် ပူပင်ကြောင့်ကြ သောကရောက်နေရမှုတွေ ဖြစ်ပေါ်စေပါတယ်။ အခုအခါ "စစ်အေး" ရဲ့ အရိပ်အယောင်လည်း နိုင်ငံတကာ စနစ်အပေါ် အသစ်တဖန် လွှမ်းခြုံလာ နေပါတယ်။

ခန့်မှန်းတွက်ချက်ရတာကတော့ ၂၀၁၉ ခုနှစ် နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုဟာ ၂၀၁၈ ခုနှစ် ဖွံ့ဖြိုးတိုးတက်ခဲ့တဲ့ အခြေအနေအတိုင်း ဆက်လက်ပြီး တစ်စတစ်စ တိုးတက်ပြောင်းလဲနေတယ်။ အနောက်တိုင်းနိုင်ငံများမှာ ပေါ်ပြူလာဝါဒနဲ့ ဂလိုဘယ်လိုက်ဇေးရှင်းဆန့်ကျင်ရေး အခြင်းအရာများ ဆက်လက်ဖြစ်ပေါ်နေတယ်။

လူမှုရေးလှုပ်ရှားမှုအမျိုးမျိုးဟာ ငြိမ်သက်သွားဖို့ မလွယ်ပါဘူး။ အမေရိကန်မှာ ဒီမို ကရက်တစ်ပါတီရဲ့ ဆီနိတ်တာ ဘာနီဆန်ဒါ့ရဲ့ တွန်းဆော်ပေးမှုအောက်မှာ ဆိုရှယ်လစ်ဝါဒ အတွေးအခေါ်ရေစီးကြောင်းနဲ့ ရက်ဒီကယ် လက်ဝဲဂိုဏ်း အတွေးအခေါ်ရေစီးကြောင်းများ နောက်ထပ်တချီ ပေါ်ထွန်းလာခဲ့ပါတယ်။ "စစ်အေးသစ်" အရိပ်အယောင်ဟာ အမေရိကန် နိုင်ငံရေးအီလိုက်များရဲ့ ဦးနှောက်အတွင်းမှာ လွှမ်းမိုးနေဆဲပါပဲ။

ဒါနဲ့တချိန်တည်းမှာ တရုတ်ပြည်ဟာ တရုတ်ပြည်သစ်ထူထောင်ခြင်း နှစ် ၇၀ ပြည့်အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပရေးကို ပြင်ဆင်နေတာဖြစ်သလို "မေလ ၄ ရက်နေ့လှုပ်ရှားမှု" နှစ် ၁၀၀ ပြည့်လာခြင်းနဲ့ ၎င်းက တရုတ်ပြည်တော်လှန်ရေးနဲ့ ဆိုရှယ်လစ်စနစ် ဖြစ်ထွန်းတိုးတက်ရေးလမ်းကြောင်းအပေါ် ဩဇာသက်ရောက်မှုကို ပြန်ပြောင်းသုံးသပ်၊ အတွေ့အကြုံနဲ့ သင်ခန်းစာများကို နိဂုံးချုပ်နေကြပါတယ်။

ဗီယက်နမ်၊ လာအို၊ ကျူဘား၊ မြောက်ကိုးရီးယားတို့ဟာ ပြုပြင်ပြောင်းလဲရေးကို ဆက်လက်တွန်းဆော်နေကြပြီး၊ ၎င်းတို့အနက် မြောက်ကိုးရီးယားရဲ့ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးဟာ ထိုးဖောက်မှု အသစ် ဖြစ်နိုင်မဖြစ်နိုင်ကို ဂရုစိုက်စောင့်ကြည့်ထိုက်ပါတယ်။ နိုင်ငံတကာ ကွန်မြူနစ်ပါတီအသီးသီးဟာ "တတိယ အင်တာနေရှင်နယ်" ထူထောင်လိုက်ခြင်း နှစ် ၁၀၀ ပြည့်မြောက်ခြင်းကို နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှု အလှည့်အပြောင်းဖြစ်စေတဲ့ အကြောင်းရပ်အဖြစ်  နှစ် ၁၀၀ သမိုင်း အတွေ့အကြုံနဲ့ သင်ခန်းစာများကို ပြန်ပြောင်းသုံးသပ်ကြပါတယ်။ ရရှိလိုက်တဲ့ ဉာဏ်ဖွင့်ပေးမှုကနေ တဆင့်တက်ကာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကို အားဖြည့်ပေးလိုက်ပြီး နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုမှာ ခိုင်မာသထက်ခိုင်မာတဲ့ အခြေခံအုတ်မြစ်ကို ချပေးနိုင်ခဲ့တယ်။ မျက်မှောက် ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှုအဆင့်၊ အလားအလာနဲ့ ကြန်အင်လက္ခဏာများနဲ့ ပတ်သက်လို့လည်း လူတွေက ပိုမိုရှင်းလင်းထင်ရှားပြတ်သားတဲ့ အကဲဖြတ်ချက်ကို ပေးနိုင်ပါလိမ့်မယ်။

**(၃) မျက်မှောက်ခေတ် တရုတ်ပြည်ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ်ဟာ ကမ္ဘာ့ဆိုရှယ်လစ်စနစ် ပြန်လည်ဆန်းသစ်လာရေး ရေးရှ ချီတက်မှုကို ဦးဆောင်တဲ့ အဓိကအင်အားစု ဖြစ်လာနေတယ်**

အစီရင်ခံစာက မျက်မှောက်ခေတ် တရုတ်ပြည်ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ်ဟာ ကမ္ဘာ့ဆိုရှယ်လစ်စနစ် ပြန်လည်ဆန်းသစ်လာရေး ရှေးရှုချီတက်မှုကို ဦးဆောင်တဲ့ အဓိကအင်အားစု ဖြစ်လာနေတယ်လို့ ညွှန်ပြခဲ့တယ်။

CPC ၁၉ ကြိမ်မြောက် ကွန်ဂရက် အစီရင်ခံစာမှာ တရုတ်ပြည်ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ် လမ်းကြောင်း၊ သဘောတရား၊ စနစ်၊ ယဉ်ကျေးမှု အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ဟာ ဖွံ့ဖြိုးဆဲနိုင်ငံများ ခေတ်မီရေး ရှေးရှုချီတက်ရေးလမ်းကြောင်းကို တိုးချဲ့ပေးလိုက်ခြင်းဖြစ်တယ်။ ကမ္ဘာပေါ်မှာ မြန်မြန်ဖွံ့ဖြိုး တိုးတက်ရေးကိုလည်း လိုလားပြီး  လွတ်လပ်ရေး အမှီခိုကင်းရေးတို့ကို ထိန်းသိမ်းထားနိုင်ရေးကိုလည်း မျှော်မှန်းတဲ့ နိုင်ငံနဲ့အမျိုးသားများအတွက် လုံးဝသစ်လွင်ပြီး ရွေးချယ်စရာလမ်းကြောင်းဖြစ်တယ်လို့ ရှီကျင့်ဖျင်က ထောက်ပြထားတယ်။ တရုတ်ပြည်ထူး ခြားချက် ပါတဲ့ ဆိုရှယ်လစ်စနစ်ဟာ ခေတ်သစ်ထဲကို လှမ်းဝင်နေပြီး ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးသမိုင်းမှာရော လူသားလူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးသမိုင်းမှာပါ အရေးကြီးတဲ့ အဓိပ္ပာယ်သဘောဆောင်ပါတယ်။

တရုတ်ပြည်ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ်က ရရှိခဲ့တဲ့အောင်မြင်ချက်များကို နိုင်ငံတကာ လူ့အဖွဲ့အစည်းကလည်း အကျယ်အပြန့် အသိအမှတ်ပြုခဲ့ကြပါတယ်။ ပါကစ္စတန်လွတ်မြောက်ရေး ဒီမိုကရက်တစ်တပ်ဦး၊ ဗဟိုကော်မတီဝင် Fattah al-kaleb က တရုတ်ပြည် ကွန်မြူနစ်ပါတီရဲ့ မာ့က်စ်ဝါဒ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆိုရှယ်လစ်စနစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မလျော့သောဖွဲ့သတ္တိ၊ ကြိုးပမ်းအားထုတ်မှုနဲ့ ကောင်းမှုပြုချက်များကို ကျွန်တော်တို့ ကျေးဇူးတင်ကြရပါလိမ့်မယ်လို့ ညွှန်ပြခဲ့တယ်။

မက္ကဆီကို ပညာရှင် Heinz Dietrich က "မာ့က်စ်ဝါဒ အမှန်တရားရဲ့ လက်တွေ့ပုံစံကို ထင်ဟပ်ချက်အနေနဲ့ တရုတ်ပြည်က စီးပွားရေးနဲ့ လူမှုရေးစတဲ့ နယ်ပယ်များမှာ ရရှိခဲ့တဲ့ ကြီးမားတဲ့ အောင်မြင်ချက်

များဟာ သိပ္ပံနည်းကျ ဆိုရှယ်လစ်စနစ်ရဲ့ ဖြစ်နိုင်မှုနဲ့အကျိုးသက်ရောက်မှုတို့ကို အင်အားရှိရှိ သက်သေပြလိုက်တာဖြစ်တယ်”လို့ ဆိုပါတယ်။ ကာဇက်ကစ္စတန် ကွန်မြူနစ်ပြည်သူ့ပါတီက “၂၁ ရာစု ဆိုရှယ်လစ်စနစ်ရဲ့ စိတ်ကူးအိပ်မက်ကိုတော့ မရောက်သေးဘူး၊ တရုတ်၊ လက်တင်အမေရိကနဲ့ တခြားနိုင်ငံများရှိ နိုင်ငံရေးအင်အားစုများဟာ ပေါ်ထွက်လာနေတဲ့ လူမှုရေးပြဿနာအရပ်ရပ်ကို မိမိတို့ရဲ့ မတူတဲ့ ‘ဉာဏ်ပညာများ’ ဖြင့်ဖြေရှင်းနေကြခြင်းပဲ” လို့ ယူဆတယ်။ ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ အတွင်းရေးမှူးများအဖွဲ့ အတွင်းရေးမှူး Nguyen Chun-sing က တရုတ်ပြည်၊ ဗီယက်နမ်နဲ့ တခြားနိုင်ငံတချို့ရဲ့ ဆိုရှယ်လစ်စနစ် လက်တွေ့ ဖော်ဆောင်ချက်များဟာ မာ့က်စ်ဝါဒသဘောတရားရဲ့တန်ဖိုးကို လက်တွေ့အကောင်အထည် ဖော်ပြလိုက်တာဖြစ်ပြီး ခေတ်သစ်မှာ ဆိုရှယ်လစ်စနစ်ဟာ အညွန့်တလူလူနဲ့ အသက်ရှင်သန်စွမ်းအား ရှိကြောင်းသက်သေပြလိုက်တာ ဖြစ်တယ်လို့ ညွှန်ပြခဲ့တယ်။ ပါလက်စတိုင်းပြည်သူ့ပါတီ အထွေထွေအတွင်းရေးမှူး Salehiက တရုတ်ပြည်က စူးစမ်းလေ့လာ ဆောင်ရွက်နေမှုတွေ၊ ဖြစ်တည်လာနေတဲ့ တရုတ်ပုံစံနဲ့ တရုတ်စဉ်းစားတွေးခေါ်မှုတွေဟာ ကမ္ဘာလုံးလက္ခဏာဆောင်တဲ့ အရေးပါမှုရှိတယ်လို့ ယူဆတယ်။

**(၄) အနောက်တိုင်း နိုင်ငံများရဲ့ လက်ဝဲဂိုဏ်းပါတီနဲ့ ကွန်မြူနစ်ပါတီများက “ကွန်မြူနစ်ပါတီကြေညာစာတမ်း” ကို မျက်မှောက်အရင်းရှင်စနစ်ရဲ့ “ဓာတ်မှန်” လို့ ယူဆကြတယ်**

“ကွန်မြူနစ်ပါတီကြေညာစာတမ်း”ဟာ ကမ္ဘာ့ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီများရဲ့ ပထမဆုံးလုပ်ငန်းစဉ်သဘောဆောင်တဲ့ မော်ကွန်းဝင်စာတမ်း ဖြစ်တယ်။ ၎င်းပေါ်ထွက်လာခြင်းဟာ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ ပေါ်ပေါက်လာခြင်းရဲ့ မှတ်တိုင်ဖြစ်ပြီး နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုနဲ့ ပတ်သက်တဲ့ အရေးကြီးတဲ့ သမိုင်းအဓိပ္ပာယ်သဘောလည်း ဆောင်ပါတယ်။ ၎င်းဟာ ဒီနေ့အထိ အကျယ်ပြန့်ဆုံးနဲ့ နိုင်ငံတကာလက္ခဏာအဆောင်ဆုံး ပြန့်နှံ့ခဲ့တဲ့ ကျမ်းဖြစ်တယ်။ ၂၀၁၈ ခုနှစ်မှာ ဒီကျမ်းကို ထုတ်ဝေခဲ့တာ နှစ် ၁၇၀ ပြည့်သွားပေမယ့် ကမ္ဘာတဝန်း ၎င်းကိုအထိမ်းအမှတ်ပြုတဲ့ တက်ကြွတဲ့လှုပ်ရှားမှုအတွင်း ၎င်းကဖြန့်လွှင့်ခဲ့တဲ့ အမှန်တရားရဲ့ အလင်းရောင်နဲ့ညှို့ဓာတ်စွမ်းအားတို့ဟာ ခံစားထိတွေ့နေရဆဲ ဖြစ်တယ်။ ၂၀၁၈ ခုနှစ်ဟာ မာ့က်စ် မွေးဖွားခဲ့တဲ့ အနှစ် ၂၀၀ ပြည့် ချိန်ခါသမယ ဖြစ်တယ်။ ကမ္ဘာအနှံ့ ပညာရှင်လောက၊ နိုင်ငံရေး လောကတို့မှာ သုတေသနစာတမ်းဖတ်ခြင်း၊ သုတေသနရလဒ်များကို ပုံနှိပ်ထုတ်ဝေခြင်းစတဲ့ အထိမ်းအမှတ်ပြုတဲ့ လှုပ်ရှားမှုအမျိုးမျိုးကို ပုံစံအသီးသီးနဲ့ လုပ်ဆောင်ခဲ့ကြတယ်။ “ကွန်မြူနစ်ကြေညာစာတမ်း” ထုတ်ဝေခြင်း နှစ် ၁၇၀ ပြည့် အထိမ်းအမှတ်အခမ်းအနားများကိုလည်း တက်တက်ကြွကြွ ကျင်းပခဲ့ကြတယ်။

ဆိုရှယ်လစ်နိုင်ငံများမှာသာမက ဒီလိုအထိမ်းအမှတ်ပြုတဲ့ လှုပ်ရှားမှုများကို တခြားနိုင်ငံများရှိ အာဏာမရသေးတဲ့ ကွန်မြူနစ်ပါတီများနဲ့ လက်ဝဲဂိုဏ်း နိုင်ငံရေးပါတီများကလည်း လုပ်ဆောင်ခဲ့ကြတယ်။ ဥပမာ

- ပြင်သစ်နိုင်ငံမှာ ၂၀၁၈ ဖေဖော်ဝါရီ ၁၉ ရက်က ပြင်သစ်ကွန်မြူနစ်ပါတီရဲ့ Humanity သတင်းစာနဲ့ “မာ့က်စ်ဖိုရမ်”တို့ဟာ “မာ့က်စ် ၂၀၁၈” အထိမ်းအမှတ်ပွဲကို ပဲရစ်မှာ ပူးတွဲကျင်းပခဲ့ကြတယ်။ တက်ရောက်လာသူတွေက မာ့က်စ်ရဲ့ အတွေးအခေါ် အမွေအနှစ် အထူးသဖြင့် ၎င်းက အရင်းရှင်စနစ်အပေါ် ဝေဖန်ခဲ့မှုတွေကို တက်တက်ကြွကြွ ဆွေးနွေးခဲ့ကြတယ်။ ပေါ်တူဂီ လစ်စဘွန်းမြို့မှာ ပေါ်တူဂီကွန်မြူနစ်ပါတီက “အမွေအနှစ်၊ ဝင်ရောက်စွက်ဖက်မှုနဲ့ တိုက်ပွဲ --- ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲခြင်း” ခေါင်းစီးနဲ့ မာ့က်စ် နှစ် ၂၀၀ ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို ၂၀၁၈၊ ဖေဖော်ဝါရီ ၂၄-၂၅ ရက် များမှာ ပြုလုပ်ခဲ့တယ်။ အထိမ်းအမှတ်ပွဲမှာ စီးပွားရေး၊ လူမှုရေး၊ အဘိဓမ္မာ၊ ယဉ်ကျေးမှု၊ နိုင်ငံရေးစတဲ့ အဓိက အကြောင်းအရာများကို ဗဟိုပြုပြီး မာ့က်စ်ရဲ့သဘောတရားကျမ်းများ၊ တော်လှန်ရေးလှုပ်ရှားမှုများ၊ အထူးသဖြင့် ၎င်းရဲ့ အတွေးအခေါ် အမွေအနှစ်များက မျက်မှောက်လူ့အဖွဲ့အစည်း ပြုပြင်ပြောင်းလဲရေးပုံစံများနဲ့ ပတ်သက်လို့ အရေးကြီးတဲ့

အဓိပ္ပာယ်သက်ရောက်မှုကို အကျယ်အပြန့် ဆွေးနွေးခဲ့ကြတယ်။ ဒါ့အပြင် မနည်းလှတဲ့ ကွန်မြူနစ်ပါတီ အဖွဲ့အစည်းများက "ကွန်မြူနစ်ပါတီကြေညာစာတမ်း" နဲ့တကွ မာ့က်စ်ဝါဒရဲ့ သမိုင်း၊ သဘောတရားနဲ့ လက်တွေ့အဓိပ္ပာယ်သက်ရောက်မှုကို နက်နက်နဲနဲ ခွဲခြမ်းစိတ်ဖြာစိစစ် စာတမ်းရှည်များပြုစုခဲ့ကြတယ်။

ကမ္ဘာ့အဝန်းအဝိုင်းအတွင်း အထိမ်းအမှတ်အခမ်းအနားများ တက်တက်ကြွကြွ ပြုလုပ်ခဲ့ကြတာနဲ့ တချိန်တည်းမှာ နိုင်ငံအသီးသီးမှ ကွန်မြူနစ်ပါတီများနဲ့ လက်ဝဲဂိုဏ်းများက မျက်မှောက်ကမ္ဘာကြီးနဲ့ မိမိနိုင်ငံရဲ့ အရင်းရှင်စနစ် ဖြစ်ထွန်းတိုးတက်မှု လက်တွေ့အခြေအနေတို့ကို "ကွန်မြူနစ်ပါတီကြေညာစာတမ်း"နဲ့ မာ့က်စ်ဝါဒ အခြေခံသဘောတရားရဲ့ လက်တွေ့နဲ့ ဆက်စပ်ပြီး လမ်းညွှန်မှုအဓိပ္ပာယ်တို့ကို နက်နက်ရှိုင်းရှိုင်း ရှင်းလင်း ဖွင့်ဆိုပြကြတယ်။ ဥပမာ-အမေရိကန်ကွန်မြူနစ်ပါတီက "ကွန်မြူနစ်ပါတီ ကြေညာစာတမ်း" ဟာ ကမ္ဘာပေါ်မှာ အကျယ်ပြန့်ဆုံး ပြန့်နှံ့ခဲ့တဲ့၊ ဘာသာပြန်ဆိုမှုအများဆုံးနဲ့ ဩဇာသက်ရောက်မှုအရှိဆုံး နိုင်ငံရေး မော်ကွန်းဝင်စာတမ်းတခု ဖြစ်တယ်လို့ ထောက်ပြခဲ့တယ်။ ဒါ့အပြင် "ဒီကြေညာစာတမ်းလောက် မျက်မှောက်ခေတ်သမိုင်းကို နားလည်တဲ့လူ မရှိဘူး၊ ဒီတော်လှန်ရေးကျမ်းဟာ ဘယ်လောက်ထိ အရာရောက်သလဲ ဆိုတာ ကျွန်တော်တို့ ကောင်းစွာမသိဘူးဆိုတာ-ကိုတော့ ကျွန်တော်ပြောရဲတယ်" လို့ဆိုပါတယ်။

"ကွန်မြူနစ်ပါတီကြေညာစာတမ်း"ဟာ သိပ္ပံနည်းကျ ကွန်မြူနစ်ဝါဒနဲ့ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှု "မွေးဖွားလာခြင်းရဲ့ သက်သေအထောက်အထား" ဖြစ်တယ်။ နောက်ထပ် ဥပမာတခုကတော့ ဗြိတိန်ကွန်မြူနစ်ပါတီရဲ့ အထွေထွေအတွင်းရေးမှူး Robert Griffith က ကိုးကားသတင်းစဉ်ရဲ့ သတင်းထောက်ကို လက်ခံတွေ့ဆုံစဉ်က "ကွန်မြူနစ်ကြေညာစာတမ်း" က ဖော်ထုတ်ခဲ့တဲ့ ပကတိဘာဝ အမှန်တရားဟာ မျက်မှောက်ခေတ်လူ့အဖွဲ့အစည်းအပေါ် အရေးကြီးတဲ့အဓိပ္ပာယ် သက်ရောက်နေဆဲ ဖြစ်တယ်။ မာ့က်စ်ဝါဒဟာ စတင်ပေါ်ပေါက်လာကတည်းက ကနေ့အထိ ဗြိတိန်နိုင်ငံအပေါ် ဩဇာသက်ရောက်နေဆဲဖြစ်တယ်လို့ ရှင်းပြခဲ့တယ်။ "ကွန်မြူနစ်ပါတီကြေညာစာတမ်း"ရဲ့ အရေးကြီးတဲ့တန်ဖိုးတခုကတော့ လူသားသမိုင်းတခုလုံးကို ဘက်စုံက ခွဲခြမ်းစိတ်ဖြာမှုနဲ့တကွ အချိန်ကာလ ရွေ့လျားလာတာနဲ့အမျှ လူ့အဖွဲ့အစည်းဟာ ဘယ်လိုနဲ့ ဘာကြောင့် အရင်းခံပြောင်းလဲမှုတွေ ဖြစ်ပေါ်ခဲ့ရသလဲဆိုတာကို အထောက်အကူပြုပေးခြင်းပါပဲ။ ၎င်းဟာ လူသားသမိုင်းနဲ့ အတွေ့အကြုံသင်ခန်းစာများကို အကျဉ်းချုပ် နိဂုံးချုပ်ထားခြင်းဖြစ်ပြီး ဒီနေ့အထိ တန်ဖိုး ကြီးလှပြီး အဓိပ္ပာယ်အရလည်း ထူးကဲလှပါတယ်။ ကျွန်တော်တို့ဟာ လူတန်းစားကွဲပြားနေပြီး တန်းတူမှုမရှိတဲ့ လူ့အဖွဲ့အစည်းတရပ်မှာ နေနေရဆဲ ဖြစ်တယ်။ ဒါက "ကွန်မြူနစ်ပါတီကြေညာစာတမ်း" ဟာ ဒီနေ့အထိ အရေးကြီးတဲ့ အဓိပ္ပာယ်ဆောင်နေဆဲဆိုတာ ဖော်ပြနေတယ်။

နောက်ထပ်တခုကတော့ စပိန်ကွန်မြူနစ်ပါတီက "ကွန်မြူနစ်ပါတီကြေညာစာတမ်း"ကို အရင်းရှင်စနစ်အား ထိုးဖောက်ကြည့်မြင်တဲ့ "ဓာတ်မှန်"အဖြစ် ဥပမာခိုင်းနှိုင်း ပြောဆိုလိုက်ခြင်းပါပဲ။ ၎င်းက အနည်းဆုံးအားဖြင့် သဘောတရား ၂ ရပ်ကို ကောင်းမွန်ပြပေးခဲ့တယ်လို့ အလေးထား ပြောဆိုက်လိုက်တယ်။

(၁) ကတော့ ၎င်းရဲ့ အမြင်ကျယ်ပြန့်မှု ဖြစ်တယ်။ အရင်းရှင်စနစ်ဟာ ဖွံ့ဖြိုးတိုးတက်မှု အစောပိုင်းကာလမှ အောင်တေး တကျော်ကျော်သီရင်းနဲ့ ချီတက်နေခြင်းဖြစ်တယ်။ "ကွန်မြူနစ်ပါတီကြေညာစာတမ်း" က အရင်းရှင်စနစ် ကုန်ထုတ်လုပ်ရေးပုံစံရဲ့ ကြာရှည်ခံနိုင်စွမ်းမရှိမှု၊ တည်ငြိမ်မှုမရှိမှုတို့ကို ထက်မြက်စွာ မြင်တွေ့ခဲ့ခြင်း ဖြစ်တယ်။

(၂) ကတော့ အရင်းရှင်စနစ်ရဲ့ ရှည်ကြာတဲ့သမိုင်းအလားအလာကို တိကျမှန်ကန်စွာ ကြိုတင်ဟောကိန်းထုတ်နိုင်ခဲ့ခြင်းဖြစ်တယ်။ ၂၁ ရာစုကို ဝင်လာခဲ့ပြီးနောက် အထူးသဖြင့် မျက်မှောက်ခေတ် စီးပွားရေး အ

ကျပ်အတည်းများ ဖြစ်ထွန်းတိုးတက်လာနေမှုကို ကြည့်ရင် "ကွန်မြူနစ်ပါတီကြေညာစာတမ်း" က အဲဒီခေတ်တုန်းက လက်လှမ်းမမီနိုင်တဲ့ အရင်းရှင်စနစ်ရဲ့ဂလိုဘယ်လိုက်ဇေးရှင်းကို မှန်ကန်တိကျစွာ ဟောကိန်းထုတ်ခဲ့ခြင်းဟာ လူတွေကို မယုံကြည်နိုင်လောက်အောင် ဖြစ်သွားစေခဲ့တယ်။ ဒါဟာ ၁၉ ရာစု ၄၀ ခုနှစ်များ ကတည်းက ဘယ်လို စာတမ်းမျိုးကမှ မလုပ်နိုင်တဲ့ ကိစ္စ ရပ်ဖြစ်တယ်။

**(၅) ဖွံ့ဖြိုးပြီး နိုင်ငံများ ရှေ့ဆောင်တဲ့ ဂလိုဘယ်စီမံအုပ်ချုပ်ရေးစနစ်မှာ စနစ်ဆိုင်ရာ ချွတ်ယွင်းချက်များ တည်ရှိနေခြင်း**

မျက်မှောက် ဂလိုဘယ်စီမံအုပ်ချုပ်မှုစနစ်ဟာ ဖွံ့ဖြိုးပြီးနိုင်ငံများက ရှေ့ဆောင်နေတာဖြစ်လို့ အမျိုးမျိုးသော သမာသမတ်မကျတဲ့ စည်းကမ်းစည်းမျဉ်းများနဲ့ စနစ်ဆိုင်ရာ ချွတ်ယွင်းချက်များ ရှိနေတယ်လို့ အစီရင်ခံစာက ညွှန်ပြလိုက်တယ်။

၁။ အရေအတွက် အနည်းအကျဉ်းသာရှိတဲ့ နိုင်ငံကြီးတွေက ပြောရေးဆိုခွင့်ပိုမိုရှိနေတယ်။ ယခုရှိနေတဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ်(World Bank) စတဲ့ အဖွဲ့အစည်းများအတွင်းမှာ ဥရောပနဲ့ အမေရိကမှ ဖွံ့ဖြိုးပြီးနိုင်ငံတွေက မဲပေးပိုင်ခွင့် ပိုမိုရရှိနေတယ်။ နိုင်ငံတချို့ဟာ ဒီအဆောက်အအုံများကို အသုံးချပြီး ဖွံ့ဖြိုးဆဲနိုင်ငံများကို သူတို့ရဲ့အကျိုးစီးပွားအတွက် သူတို့နဲ့အတူ ရပ်ခံရေး အကျပ်ကိုင်နည်းဖြင့် ထိန်းညှိ၊ လိုက်လျောစေခဲ့တယ်။

၂။ ဟန့်တားနိုင်မှုစွမ်းအားမရှိခြင်း။ မျက်မှောက် နိုင်ငံတကာကုန်သွယ်ရေး ဆက်ဆံမှုစံကို ကျင့်သုံးနေတဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဖြစ်ဖြစ် ဒါမှမဟုတ် နိုင်ငံတကာ နိုင်ငံရေး၊ ဇီဝလက္ခဏာ စတာတွေ ထိန်းညှိရေးကို ကျင့်သုံးဆောင်ရွက်နေတဲ့ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ စာချုပ်များဖြစ်ဖြစ် အဖွဲ့ဝင်များနဲ့ပတ်သက်ရင် ရှင်းရှင်းလင်းလင်း ထိန်းချုပ်ဟန့်တားမှု မရှိပါဘူး။ အချို့အဖွဲ့ဝင်များဟာ စည်းမျဉ်းစည်းကမ်းများကို မိမိအကျိုးစီးပွားနဲ့ မကိုက်ညီဘူးလို့ ခံစားမိတဲ့အချိန်မှာ သဘောရှိ ကြိုက်သလိုနုတ်ထွက်သွားနိုင်တယ်။ တချို့က နိုင်ငံတကာအဖွဲ့အစည်းကို မထေမဲ့မြင်ပြုပြီး ဒါမှမဟုတ် နိုင်ငံတကာအဖွဲ့အစည်းကို ကျော်လွှားပြီး မိမိအခွင့်အာဏာကို အသုံးချကာ တခြားနိုင်ငံရဲ့စီးပွားရေးကို ပိတ်ဆို့တာ၊ လက်နက်ကိုင်အင်အားဖြင့် ထိုးစစ်ဆင်တိုက်ခိုက်တာတွေလုပ်ကြပေမယ့် နိုင်ငံတကာအဖွဲ့အစည်းအနေနဲ့ အကျိုးသက်ရောက်မှုရှိတဲ့ ဟန့်တားထိန်းချုပ်ဖို့ ခက်နေတယ်။

၃။ တန်းတူမှုမရှိတဲ့ အခြေအနေ အမျိုးမျိုး ဖြစ်ပေါ်စေခြင်း။ မျက်မှောက် ဂလိုဘယ်စီမံအုပ်ချုပ်ရေးအောက်မှာ လက်ဝါးကြီးအုပ် အရင်းအနှီးကို တကမ္ဘာလုံးမှာ စီစဉ်နေရာချထားရေးနဲ့ ရည်မှန်းထားတဲ့ အမြတ်အစွန်းထက်ကျော်လွန်ရရှိရေးအတွက် ပိုမိုအဆင်ပြေနေပြီး ဥစ္စာဓနနဲ့ ဝင်ငွေတန်းတူမှုမရှိခြင်းတို့ဟာ အလွန် ထင်သာမြင်သာ ဖြစ်လာတယ်။ ကမ္ဘာ့အဝန်းအဝိုင်းအတွင်း ဒီလို တန်းတူမှုမရှိခြင်းဟာ ဝင်ငွေကွာဟမှုရဲ့ ဖော်ပြချက်ဖြစ်ရုံသာမက ဖွံ့ဖြိုးပြီးနိုင်ငံများရဲ့အတွင်းပိုင်းမှာ ပိုမိုပေါ်လွင်ပါတယ်။ အမေရိကန်မှာ အချမ်းသာဆုံးဆိုတဲ့ ၁ ရာခိုင်နှုန်းသာရှိတဲ့ လူထုပိုင်ဆိုင်တဲ့ လူမှုဥစ္စာဓနဟာ ဆက်လက်တိုးပွားနေပြီး ၂၀၁၆ ခုနှစ်ရောက်တဲ့အခါ သူတို့ရဲ့ပိုင်ဆိုင်မှုဟာ လူ့အဖွဲ့အစည်းတခုလုံးပိုင်ဆိုင်မှုရဲ့ ၃၈ ဒသမ ၆ ရာခိုင်နှုန်းအထိ ရောက်သွားတယ်။

သာမန်လူထုပိုင်ဆိုင်တဲ့ ဥစ္စာဓနနဲ့ ဝင်ငွေစံချိန်ကတော့ တနေ့တခြားကျသွားခဲ့တယ်။ ၂၀၁၈ ခုနှစ်မှာ ၈၀ ရာခိုင်နှုန်းရှိတဲ့ ကုန်ထုတ်လုပ်ရေးနဲ့ စီမံအုပ်ချုပ်ရေးလုပ်ငန်းမဟုတ်တဲ့ လုပ်သားအင်အားစုရဲ့ အချိန်ပိုင်းလုပ်ခဟာ ၂၀၁၇ ခုနှစ်ကနဲ့နှိုင်းစာရင် ကျဆင်းလာခဲ့တယ်။ အလွန်များပြားလှတဲ့ တိုးပွားလာတဲ့ လုပ်ငန်းခွင်သစ်များရဲ့ လုပ်ခဟာ စားဝတ်နေရေးကိုထိန်းသိမ်းဖို့ အလွန်ခက်ခဲရုံသာမက ဆေးဝါးကုသရေး အာမခံ

ချက်လည်း မရှိပါဘူး။ ဒ့ါအပြင် လူ့အဖွဲ့အစည်း သမာသမတ်ကျရေးကို တလျှောက်လုံး အလေးထားခဲ့တဲ့ ဥရောပတိုက်မှာ ဝင်ငွေကွာဟမှုဟာ အဆက်မပြတ် ကျယ်ပြန့်လာနေတယ်။ အီးယူစာရင်းအင်းဌာနရဲ့ စာရင်းဇယားများအရ အီးယူ ၂၈ နိုင်ငံရဲ့ ဂီနီစနစ်ကိန်းဂဏန်းမှာ ၂၀၁၀ ~၂၀၁၆ မှာ ၃၀ ဒသမ ၅ ရာခိုင်နှုန်းမှ ၃၀ ဒသမ ၈ ရာခိုင်နှုန်းသို့ မြင့်တက်သွားခဲ့ပြီး ၂၀၁၄ ~ ၂၀၁၅ မှာ ၃၁ ရာခိုင်နှုန်းအထိ ရောက်သွားခဲ့တယ်။ ယူရိုငွေကြေးနိုင်ငံ ၁၉ နိုင်ငံရဲ့ ဂီနီစနစ် ကိန်းဂဏန်းမှာ ၂၀၁၀ ~၂၀၁၆ မှာ ၃၀ ဒသမ ၃ ရာခိုင်နှုန်းမှ ၃၀ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ၎င်းအနက် ၂၀၁၄ မှာလည်း ၃၁ ရာခိုင်နှုန်းသို့ ရောက်ခဲ့တယ်။

နောက်ဆုံးတော့ ဖြေရှင်းနိုင်မယ့် နည်းနာရှာမရ ဖြစ်သွားခဲ့ရတယ်။ မျက်မှောက်ကာလ ဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံများရှေ့ဆောင်တဲ့ ဂလိုဘယ်လိုက်ဇေးရှင်းအောက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ တစုံတရာ အတိုင်းအတာထိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းအနှီး၊နည်းပညာ စတာတွေ ရရှိခဲ့ပေမယ့် ပြဿနာအများအပြားလည်း ပေါ်ထွက်ခဲ့တယ်။ ဥပမာ အနောက်တိုင်းနိုင်ငံတွေရဲ့ ဒီမိုကရေစီတင်ပို့ခြင်းနဲ့ လက်နက်ကိုင်အင်အားဖြင့် ဝင်ရောက်စွက်ဖက်ခြင်းတို့က ဖန်တီးပေးလိုက်တဲ့ ဒုက္ခသည်ပြဿနာ၊ ဖွံ့ဖြိုးပြီးနိုင်ငံများရဲ့ အစဉ်အလာစက်မှုလုပ်ငန်းများ ရွှေ့ပြောင်းလာခြင်းက ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ ဇီဝလက္ခဏာပတ်ဝန်းကျင်ဆိုးဝါးလာခြင်း စတဲ့ ပြဿနာများ ဖြစ်ပေါ်စေပါတယ်။ ဒီပြဿနာတွေရဲ့အရင်းအမြစ်ကို ပြောရမယ်ဆိုရင် အရင်းရှင်စနစ်ကိုယ်တိုင်က ဖန်တီးပေးတာပါလို့ပဲ ပြောရတော့မှာပါ။ ဘာကြောင့်လဲ။ ဖွံ့ဖြိုးပြီး နိုင်ငံများရှေ့ဆောင်တဲ့ ဂလိုဘယ်စီမံအုပ်ချုပ်ရေးစနစ်အောက်မှာ အကျိုးသက်ရောက်မှုကောင်းတဲ့ ဖြေရှင်းရေးစီမံကိန်းကို အရင်းခံအားဖြင့် မတင်ပြနိုင်ခြင်းကြောင့်ပါပဲ။ အနောက်တိုင်းနိုင်ငံများဟာ အထိုက်အလျောက် ထမ်းဆောင်သင့်တဲ့ တာဝန်များကို မထမ်းဆောင်ရုံမက ပြောင်းပြန်အားဖြင့် ပြဿနာရဲ့အရင်းအမြစ်ကို ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် အပြစ်လွှဲချနေခြင်းပါပဲ။ ဥပမာ-အမေရိကန်ဟာ "ပါရီသဘောတူစာချုပ်" မှ နုတ်ထွက်သွားခြင်း။ အမေရိကန်က ဖွံ့ဖြိုးဆဲနိုင်ငံများ မြှင့်တင်ရေးအတွက် ဖွံ့ဖြိုးပြီးနိုင်ငံများက နှစ်စဉ် အမေရိကန် ဒေါ်လာ ၁၀၀ ဘီလီယံ ကူညီသွားရေး တောင်းဆိုချက်ကို အပြစ်တင်ပြောဆိုနေခြင်း။ ဥရောပမှာ အီတလီ အစိုးရဟာ ၂၀၁၈ ဖွန်လ ၁၂ ရက်က ဒုက္ခသည်များရဲ့သင်္ဘောကို လက်ခံရန်ငြင်းဆိုခဲ့ခြင်း။ ဗြိတိန် အီးယူကထွက်ခြင်းနဲ့ ဒုက္ခသည် ပြဿနာကလည်း ဆက်စပ်နေခြင်း စသည်။

**(၆) ဗီယက်နမ်ကွန်မြူနစ်ပါတီရဲ့ ကေဒါတပ်ဖွဲ့ တည်ဆောက်ရေးဟာ ဗီယက်နမ်ဆိုရှယ်လစ်တည်ဆောက်ရေးအောင်ရှုံးကို အဆုံးအဖြတ် ပေးတဲ့ အဓိပ္ပာယ်သဘော ဆောင်ခြင်း**

အစီရင်ခံစာက ဗီယက်နမ်ကွန်မြူနစ်ပါတီရဲ့ ကေဒါတပ်ဖွဲ့တည်ဆောက်ရေးဟာ ဗီယက်နမ်ဆိုရှယ်လစ်တည်ဆောက်ရေး အောင်ရှုံးကို အဆုံးအဖြတ်ပေးတဲ့ အဓိပ္ပာယ်သဘောဆောင်တယ်လို့ ညွှန်ပြလိုက်တယ်။

ပါတီရဲ့ တညီတညွတ်တည်းသောခေါင်းဆောင်မှုနဲ့ ကေဒါတပ်ဖွဲ့ကို အုပ်ချုပ်ရေးဟာ ဗီယက်နမ်ကွန်မြူနစ်ပါတီ ကေဒါလုပ်ငန်းရဲ့ အခြေခံမူဖြစ်တယ်။ ကေဒါတပ်ဖွဲ့ တည်ဆောက်ရေးကို ပါတီရဲ့ခေါင်းဆောင်မှုအောက်မှာ ဆောင်ရွက်ခြင်းဖြစ်တယ်။ ဒါနဲ့တချိန်တည်းမှာ ပါတီကေဒါတပ်ဖွဲ့ တည်ဆောက်ရေးဟာ ပါတီရဲ့ ခေါင်းဆောင်မှုအခန်းကို ပြန်လည်တည်ဆောက်ခြင်းလည်း ဖြစ်တယ်။ ဒါကြောင့် ပါတီကေဒါတပ်ဖွဲ့ ကောင်းတာဆိုးတာ၊ အထူးသဖြင့် အမြဲတေအဆင့်နေရာမှာရှိတဲ့ သေနင်္ဂဗျူဟာနဲ့ ကေဒါတပ်ဖွဲ့ရဲ့ ပင်ကိုယ်လက္ခဏာ ၁ပေါ် မှာ တည်ရှိပြီး ဗီယက်နမ်ကွန်မြူနစ်ပါတီခေါင်းဆောင်တဲ့ တော်လှန်ရေး အနိုင်အရှုံးကို အဆုံးအဖြတ်

ပေးပါ တယ်။ တဆက်တည်းမှာလည်း ဗီယက်နမ်ဆိုရှယ်လစ်ရဲ့ အနာဂတ်နဲ့ကံကြမ္မာကို အဆုံးအဖြတ်ပေးပါလိမ့် မယ်။

ပြန်လည်ဆန်းသစ်ခြင်းမတိုင်မီ အထူးသဖြင့် တော်လှန်ရေးတိုက်ပွဲကာလများက ဗီယက်နမ်ကွန်မြူနစ်ပါတီရဲ့ ကေဒါအများစုဟာ ပြင်သစ်ခုခံဆန့်ကျင်ရေး၊ အမေရိကန်ခုခံဆန့်ကျင်ရေး တိုက်ပွဲများကို ဖြတ်သန်းကြီးပြင်းလာတဲ့ ကေဒါများဖြစ်ကြတယ်။ ဒီလူတွေရဲ့ တော်လှန်ရေးစိတ်ဆန္ဒနဲ့သတ္တိဟာ အလွန်ပြတ်သားကြတယ်။ ဒါပေမဲ့ ယဉ်ကျေးမှုအဆင့်အတန်းနဲ့ အတတ်ပညာပိုင်းဆိုင်ရာလုပ်ငန်းများနဲ့ ပတ်သက်ရင် စွမ်းရည် အကန့်အသတ်ရှိတယ်။ ဒါကြောင့် အဲဒီတုန်းက ဗီယက်နမ်ကွန်မြူနစ်ပါတီဟာ ကေဒါများရဲ့ အတွေးအခေါ်နဲ့ အကျင့်စာရိတ္တရေချိန်ကို အာမခံနိုင်ပြီး၊ တချိန်တည်းမှာ ကေဒါရဲ့ အရည်အချင်းနဲ့ အရေအတွက်မြှင့်တင်ရေးကို အလေးထားတယ်။ အထူးသဖြင့် ယဉ်ကျေးမှုအရည်အသွေး အဆင့်အတန်းကို အလေးထားတယ်။ ပြုပြင်ဆန်းသစ်ရေးကာလ ကတည်းက ဗီယက်နမ်ကွန်မြူနစ်ပါတီဟာ ဟိုချီမင်းရဲ့ မပြီးဆုံးသေးတဲ့ မျှော်မှန်းချက်ကို ဆက်ခံကာ ကေဒါတပ်ဖွဲ့တည်ဆောက်ရေးကို အလေးထားခဲ့တယ်။ ဒါပေမဲ့ မတူတဲ့ အဆင့်ကာလရဲ့ တောင်းဆိုတဲ့ တာဝန်ဝတ္တရားများအရ ခေတ်ကာလရဲ့ကြန်အင်လက္ခဏာများပါရှိတဲ့ ကေဒါတပ်ဖွဲ့တည်ဆောက်ရေး တောင်းဆိုချက်အသစ်များကို တင်ပြခဲ့တယ်။

အထူးသဖြင့် ဗီယက်နမ်ကွန်မြူနစ်ပါတီရဲ့ ၁၂ ကြိမ်မြောက်ကွန်ဂရက်နောက်ပိုင်းမှာ ပြုပြင်ဆန်းသစ်မှု နက်ရှိုင်းလာခြင်းနဲ့ နိုင်ငံတကာနဲ့ အပြုသဘောဆောင်စွာ လက်ဦးမှုရှိရှိ ပူးပေါင်းဆောင်ရွက်ရေး သေနင်္ဂဗျူဟာ အပြောင်းအလဲမှာ ဗီယက်နမ်ကွန်မြူနစ်ပါတီဟာ အာဏာရပါတီအနေနဲ့ ကေဒါများနဲ့ စီမံအုပ်ချုပ်သူများကို မြင့်သထက်မြင့်တဲ့ တောင်းဆိုချက်များကို တင်ပြလာရတယ်။ တဖက်မှာ ပြုပြင်ဆန်းသစ်ရေး နက်ရှိုင်းလာခြင်းနဲ့ ကွန်ရက်သတင်း သိပ္ပံနဲ့နည်းပညာ ဖွံ့ဖြိုးတိုးတက်လာခြင်းက ဗီယက်နမ်ကွန်မြူနစ်ပါတီဟာ မိမိကေဒါတပ်ဖွဲ့ကို အတတ်ပညာအရည်အသွေးဘက်မှာ ပိုမိုမြင့်မားတဲ့တောင်းဆိုချက်တွေ တင်ပြလာတယ်။

အခြားတဖက်မှာလည်း ဗီယက်နမ်ကွန်မြူနစ်ပါတီရဲ့ ကေဒါတပ်ဖွဲ့ဟာလည်း ဈေးကွက်စီးပွားရေးနဲ့ ပြုပြင်ဆန်းသစ်မှုနဲ့ ထိတွေ့လာရာက ပြင်ပရဲ့ အနုတ်လက္ခဏာဆောင်တဲ့ အကြောင်းရပ်များရဲ့ ဂယက်ရိုက်ခံရပြီး ပါတီဝင်ကေဒါတချို့ဟာ အတွေးအခေါ်အရ ဆိုးဝါးပြင်းထန်စွာ ထိုးနက်ခြင်းခံကြရတယ်။ တချို့ ပါတီဝင်ကေဒါများမှာ ဆုတ်ယုတ်ပျက်ပြားလာပြီး နိုင်ငံရေးအတွေးအခေါ်နဲ့ အကျင့်စာရိတ္တ ပြောင်းသွားပြီး "မိမိဘာသာ တစတစပြောင်းလဲခြင်း"နဲ့ "မိမိဘာသာ အပြောင်းအလဲ"ဖြစ်သွားကြလို့ ပါတီရဲ့ အာဏာဆုပ်ကိုင်ထားမှု လုံခြုံရေးဟာ အကြီးအကျယ် အစမ်းသပ်ခံလာရတော့တယ်။ ဒါကြောင့် အတွေးအခေါ် အကျင့်စာရိတ္တပညာပေးရေးကို အလေးဂရုပြုတာနဲ့တချိန်တည်းမှာ ဗီယက်နမ်ကွန်မြူနစ်ပါတီရဲ့ကေဒါလုပ်ငန်းရဲ့အလေးထားချက်ကို လုပ်စွမ်းရည်တည်ဆောက်ပေးမှုကနေ စနစ်တည်ဆောက်ရေးသို့ ပြောင်းပစ် လိုက်ရတယ်။

နိုင်ငံတကာ့အခြေအနေ ရှုပ်ရှုပ်ထွေးထွေး ပြောင်းလဲနေတဲ့ အခြေအနေအောက်မှာ ဗီယက်နမ်ကွန်မြူနစ်ပါတီ ၁၂ ကြိမ်မြောက် ဗဟိုကော်မတီ သတ္တမစုံညီအစည်းအဝေးက သေနင်္ဂဗျူဟာနဲ့ ကေဒါတပ်ဖွဲ့တည်ဆောက်ရေးဆုံးဖြတ်ချက်နဲ့ ဆက်စပ်ပြီးပေါ်လစီ၊ အစီအစဉ်တွေကို အတည်ပြုခဲ့တယ်။ ဒါ့အပြင် ဗီယက်နမ်ကွန်မြူနစ်ပါတီရဲ့ ၁၃ ကြိမ်မြောက်ကွန်ဂရက်အတွက် အခြေခံလုပ်ငန်းတာဝန်များ ခွဲဝေအပ်နှံတဲ့ အရေးကြီးအစည်းအဝေးဖြစ်တယ်။ ဗီယက်နမ်ကွန်မြူနစ်ပါတီရဲ့ ၁၃ ကြိမ်မြောက်ကွန်ဂရက်ကို ၂၀၂၁ မှာ ခေါ်ယူကျင်းပရေး ဖြစ်ပြီး၊ အဲဒီနောက် ဆက်လက်ပေါ်ထွက်လာမယ့် ဗဟိုကော်မတီ အကြိမ်အချို့အတွက် သေနင်္ဂဗျူဟာနဲ့ ကေဒါလုပ်ငန်း၊ အထွေထွေအတွင်းရေးမှူး၊ နိုင်ငံတော်သမ္မတ၊ အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ လွှတ်တော်

ဥက္ကဋ္ဌ၊ နိုင်ငံရေးဦးဆောင်အဖွဲ့၊ အတွင်းရေးမှူးအဖွဲ့နဲ့ ဗဟိုကော်မတီစသဖြင့် လုပ်ငန်းအားလုံးအတွက် စီမံကိန်း ရေးဆွဲချမှတ်ခြင်းဖြစ်တယ်။ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးဌာန ယခင်ဒုဌာနမှူး Ruan Ting Heung က "ဗဟိုကော်မတီ သတ္တမစုံညီအစည်းအဝေးဆုံးဖြတ်ချက်ဟာ ဗီယက်နမ် ကွန်မြူနစ်ပါတီ ၁၃ ကြိမ်မြောက်ကွန်ဂရက် အောင်မြင်မလား ရှုံးနိမ့်မလားဆိုတာကို အဆုံးအဖြတ်ပေးတဲ့ အစည်းအဝေးဖြစ်တယ်။ တကယ်လို့ ဒီအစည်း အဝေးမှာ အဆင့်မြင့်ကေဒါတွေနဲ့ အခွင့်အာဏာစောင့်ကြပ် စစ်ဆေးရေး ပြဿနာကို မဆွေးနွေးခဲ့ရင် ဗီယက်နမ်ကွန်မြူနစ်ပါတီရဲ့ ၁၃ ကြိမ်မြောက်ကွန်ဂရက် ကျင်းပရေးဟာ အလွန်ခက်ခဲသွားပါလိမ့်မယ်။ တနည်းပြောရရင် "တပ်နီတော်"နဲ့"တပ်ပြာ"အကြား အခွင့်အာဏာနဲ့ ရာထူးအဆင့် နေရာလုပွဲ အခြေအနေ ပေါ်ပေါက်လာနိုင်တယ်။ ဒီကနေ တွေ့မြင်နိုင်တာကတော့ ဗီယက်နမ် ကွန်မြူနစ်ပါတီ ၁၂ ကြိမ်မြောက်ဗဟိုကော်မတီရဲ့ သတ္တမစုံညီအစည်းအဝေးဟာ ၁၃ ကြိမ်ကွန်ဂရက်အတွက် ရာထူးခန့်ထားရေးနဲ့ ရာထူးမှ နုတ်ထွက်ရေးတို့နဲ့ဆိုင်တဲ့ ဝန်ထမ်းရေးရာကိစ္စရပ်များကို ဆောင်ရွက်ရေးအခြေခံ ချမှတ်ခြင်းဖြစ်ပြီး ဗီယက်နမ်ကွန်မြူနစ်ပါတီ ရေရှည်အာဏာ ဆုပ်ကိုင်ထားနိုင်ရေးနဲ့ ဗီယက်နမ်နိုင်ငံမှာ ဆိုရှယ်လစ်စနစ် ချောမောစွာ ဖွံ့ဖြိုးတိုးတက်ရေး အရေးကြီးစီမံကိန်းများ အာမခံနိုင်ရေးအတွက်လည်း ဖြစ်တယ်။ တရုတ်နဲ့ ဗီယက်နမ် ၂ နိုင်ငံဟာ တိုင်းပြည်အခြေအနေများ အသွင်လက္ခဏာ ဆင်တူတဲ့အလျောက် ဗီယက်နမ်ရဲ့ ကေဒါတပ်ဖွဲ့တည်ဆောက်ရေး အတွေ့အကြုံများနဲ့ လုပ်နည်းကိုင်နည်းများဟာ တရုတ်ပြည် ကေဒါတပ်ဖွဲ့ တည်ဆောက်ရေး အတွက်လည်း အရေးပါတဲ့ မှီငြမ်းကိုးကားစရာ အဓိပ္ပာယ်သဘောလည်း ဆောင်ပါတယ်။

**(၇) ကိုယ့်ဒူးကိုယ်ချွန်ဆိုတာဟာ မြောက်ကိုးရီးယားထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းရဲ့ အရင်းခံ စံထားချက် ဖြစ်လာခြင်း**

အစီရင်ခံစာတမ်းက ကိုယ့်ဒူးကိုယ်ချွန်ဆိုတာဟာ မြောက်ကိုးရီးယားထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း ရဲ့ အရင်းခံ စံထားချက် ဖြစ်လာတယ်လို့ ထောက်ပြလိုက်တယ်။

ဆိုရှယ်လစ်နိုင်ငံများဟာ သဘောတရားနဲ့ လက်တွေ့အကောင်အထည်ဖော်ဆောင်မှုရာမှာ နည်းနာနဲ့ အတွေ့အကြုံတွေ မတူကြဘူးဆိုပေမယ့် ဆိုရှယ်လစ်နိုင်ငံများမှာ ပင်ကိုသဘာဝအားဖြင့်ကိုက အသွင်လက္ခဏာ တူညီချက် အမြောက်အမြားရှိပြီးဖြစ်တယ်။ ဆိုရှယ်လစ်နိုင်ငံများနဲ့ ဆက်လက်ပြီး စည်းလုံးညီညွတ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးကို အားဖြည့်သွားရေးဟာ မြောက်ကိုးရီးယား နောင်အနာဂတ် ကျင့်သုံးဖော်ဆောင်မယ့် တံခါးဖွင့် ပြုပြင်ပြောင်းလဲရေးနဲ့ နိုင်ငံခြားဆက်ဆံမှု အားဖြည့်သွားရေးရဲ့ အခြေခံအုတ်မြစ် ဖြစ်လာတယ်။ မြောက်ကိုးရီးယားရဲ့ ပြုပြင်ပြောင်းလဲရေးဟာ တခြားနိုင်ငံများရဲ့ ဆိုရှယ်လစ်တည်ဆောက်ရေး ထဲမှ ပြီးပြည့်စုံတဲ့ အတွေ့အကြုံများကို လေ့လာနိုင်ပြီး နောက်မှ ပေါ်ပေါက်လာတာဖြစ်လို့ သာလွန်မှုတွေ ဖြစ်ထွန်းနိုင်တယ်။ နိုင်ငံခြားဆက်ဆံရေးမှာလည်း တခြားဆိုရှယ်လစ်နိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်ရေး အားဖြည့်နိုင်တယ်။ အားသာချက်ကိုယူ အားနည်းချက်ကို ဖြည့်ဆည်းရေးလုပ်ပြီး တံခါးဖွင့်ပြုပြင်ပြောင်းလဲရေး ခြေလှမ်းများကို ပိုလျင်မြန်လာနိုင်စေပါတယ်။ ဓမ္မတာအတိုင်းပဲပေါ့။ စတုတ္ထ သိပ္ပံနဲ့နည်းပညာတော်လှန်ရေး ဒီလှိုင်းလည်း ဆိုက်ရောက်လာတာနဲ့အညီ ဒီအကြိမ် သမိုင်းဖွံ့ဖြိုးတိုးတက်လာမှု အခွင့်ကောင်းကို မြောက်ကိုးရီးယားဟာ မုချ- မလွဲချော်သင့်တော့ဘဲ ကမ္ဘာ့ တခြားနိုင်ငံများနဲ့ ကူးလူးဆက်ဆံ ပူးပေါင်းဆောင်ရွက်ရေးကို ဘက်စုံကနေ အားဖြည့်သွားရမယ်။ အထူးသဖြင့် အရင်းရှင်နိုင်ငံများနဲ့ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးနဲ့ ပြည်ပမှသွင်းယူရေးတို့ဟာလည်း လက်တွေ့ရဲ့ ရွေးချယ်ဆောင်ရွက်စရာတမျိုး ဖြစ်လာပါလိမ့်မယ်။

ဒါပေမဲ့ နိုင်ငံတကာနဲ့ ကူးလူးဆက်ဆံမှု အားဖြည့်သွားရေးဆိုတာ ကိုးရီးယားထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို စွန့်လွှတ်ပစ်လိုက်ရမယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးမဟုတ်ပါဘူး။

ကင်အီဆွန်း အာဏာရလာကတည်းက မြောက်ကိုးရီးယားခေါင်းဆောင်များဟာ စီးပွားရေးအရ အမှီခိုကင်းရေး၊ နိုင်ငံရေးအရ လွတ်လပ်ရေးတို့ကို အကြိမ်ပေါင်းများစွာ အလေးထားခဲ့တယ်။ လွတ်လပ် အမှီခိုကင်းစွာ ဆိုရှယ်လစ်တည်ဆောက်ရေးကို ဆင်နွှဲခဲ့ကြတယ်။ တခြားဘယ်နိုင်ငံရဲ့ ဝင်ရောက်နှောင့်ယှက်မှုမှ မခံရပါဘူး။ ၂၀၁၆ ဖေဖော်ဝါရီ ၄ ရက်၊ မြောက်ကိုးရီးယားအလုပ်သမားပါတီ သတ္တမကြိမ်ကွန်ဂရက် ကြိုတင် အသိပေးတဲ့ အစည်းအဝေးမှာ ကင်ဂျုံအန်းက ပါတီတွင်း ဗျူရိုကရက်ဝါဒကို အဓိကထား ဝေဖန်ခဲ့တယ်။ တဆက်တည်း ကိုယ့်ခြေထောက်ပေါ် ကိုယ့်ဘာသာရပ် အင်အားတောင့်တင်းလာရေးကို ထိပ်တန်းထားရေးကို အလေးထား ညွှန်ပြခဲ့တယ်။ သူက “ဌာနအားလုံးနဲ့ ယူနစ်အားလုံးဟာ ကိုယ်ဒူးကိုယ်ချွန်စိတ်ဓာတ်ကို ထွန်းကားစေပြီး အဆင်းရဲအပင်ပန်းခံ ကြိုးပမ်းအားထုတ်တဲ့ တော်လှန်ရေးစိတ်ဓာတ်ဖြင့် တော်လှန်ရေးတာဝန် ပြီးမြောက်ရေးနဲ့ မြောက်ကိုးရီးယား အလုပ်သမားပါတီရဲ့ သတ္တမအကြိမ်မြောက်ကွန်ဂရက်ကို ကြိုဆိုရေး ခြေလှမ်းကျဲကြီးများဖြင့် ရှေ့ကိုချီတက်သွားကြပါစို့” လို့ ညွှန်ပြလိုက်တယ်။ ၂၀၁၈ ဇန်နဝါရီ ၁၂ ရက်မှာ ကင်ဂျုံအန်းဟာ မြောက်ကိုးရီးယား နိုင်ငံတော် သိပ္ပံနဲ့နည်းပညာကောလိပ်ကို ကြည့်ရှုစစ်ဆေးစဉ်မှာ “ဌာန အသီးသီးနဲ့ ယူနစ်အသီးသီးဟာ ကိုယ်ဒူးကိုယ်ချွန်စိတ်ဓာတ်ကို စွဲစွဲမြဲမြဲဆုပ်ကိုင်ပြီး မိမိဘာသာ နည်းပညာ အင်အားစုများနဲ့ ငုပ်နေတဲ့ စီးပွားရေးအင်အားများကို အစွမ်းကုန်ဖော်ထုတ်ကာ လုပ်ငန်းတာဝန်အရပ်ရပ်ကို အောင်မြင်ပြီးမြောက်စေပြီး ဒီနည်းနဲ့ စီးပွားရေးရှင်သန်ရေးလမ်းကြောင်းကို ထိုးဖောက်ဖွင့်လှစ်ကြ”လို့ အလေးထား ညွှန်ပြခဲ့တယ်။ ဒ့ါအပြင် ၂၀၁၈ စက်တင်ဘာ ၉ ရက်၊ မြောက်ကိုးရီးယားနိုင်ငံ ထူထောင်ခြင်း အနှစ် ၇၀ ပြည့်မြောက်တဲ့ အစည်းအဝေးကြီးဖြစ်တဲ့ အမြင့်ဆုံးပြည်သူ့ကွန်ဖရင့်ရဲ့အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ ကင်ယုံနန်က သဘာပတိအဖြစ်ဆောင်ရွက်ကာ “စီးပွားရေး တည်ဆောက်မှုနဲ့ ပြည်သူလူထုနေထိုင်ရေးဘဝ တိုးတက်ကောင်းမွန်ရေးဘက်မှာ အဆုံးအဖြတ်ကျတဲ့အလှည့်အပြောင်းကို လက်တွေ့ဖော်ဆောင်ရင်း သိပ္ပံနဲ့ နည်းပညာ အင်အားတောင့်တင်းတဲ့ နိုင်ငံတော်၊ လူတော်လူကောင်းတွေ အင်အားကောင်းတဲ့ နိုင်ငံတော်အဖြစ် အရယူ တည်ဆောက်သွားကြ” လို့ လှုံ့ဆော် တင်ပြလိုက်တယ်။

ကိုယ့်ဒူးကိုယ်ချွန်ရေး စိတ်ဓာတ်ဟာ မြောက်ကိုးရီးယားထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းရဲ့ အရင်းခံမှု ဖြစ်လာတာကို အလွယ်တကူ ခန့်မှန်းနိုင်ပါတယ်။

ချုပ်လိုက်ရင် ၂၀၁၈ မှာ မြောက်ကိုးရီးယားဟာ ငြိမ်းချမ်းရေးထိုးစစ်ကို လက်ဦးမှုရှိရှိ စတင်စေ့ဆော်ပေးလိုက်ပြီး ကျွန်းဆွယ်ရဲ့အခြေအနေကို တွေ့ဆုံဆွေးနွေးရေး ဖွံ့ဖြိုးတိုးတက်လာရေးဆီသို့ ဦးတည်စေခဲ့တယ်။ လက်တွေ့အားဖြင့်လည်း နိုင်ငံတော်သေနင်္ဂဗျူဟာ လမ်းစဉ်သစ် အပြောင်းအလဲအတွက် လမ်းခင်းပေးလိုက်ပြီး တံခါးဖွင့်ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှု အနေအထားသစ်ကို ဖော်ပြနေတယ်။ ဒီသေနင်္ဂဗျူဟာ အပြောင်းအလဲဟာ ကိုရီးယားကျွန်းဆွယ်နဲ့ အရှေ့မြောက်အာရှ အခြေအနေကို အရေးကြီးတဲ့ ရိုက်ခတ်မှုတွေ ဖြစ်ပေါ်စေခဲ့တယ်။ ဒါပေမဲ့ မြောက်ကိုးရီးယား ဖွံ့ဖြိုးတိုးတက်ရေး သေနင်္ဂဗျူဟာ ထိန်းညှိပြီးနောက် ဘယ်လိုလမ်းကြောင်းနဲ့ လျှောက်လှမ်းသွားမလဲ။ “ဗီယက်နမ်ပုံစံ” ဒါမှမဟုတ် “တရုတ်ပုံစံ” ဘယ်ပုံစံ လိုက်မလဲ စောင့်ကြည့်သင့်ပါတယ်။

ကိုးကား။ ။ တရုတ်ဘာသာဝက်ဆိုက်မှ Yellow Book of international communist movement: development report of international communist movement (2018-2019) တရုတ်ဘာသာနဲ့ စာတမ်းကို ထုတ်နုတ်ပြန်ဆိုပါတယ်။

အေးမြမွန်သိန်း
၂၆ ဩဂုတ်၊ ၂၀၁၉။

# လူတန်းစား

# အကျိုးစီးပွားကို

# သတိပြုကြ

သိန်းထွန်းနိုင်

ရခိုင်နယ်စပ်အရေးအတွက် ဂမ်ဘီယာနဲ့ ဗမာပြည် အမှုအခင်းဖြစ်တော့ နိုင်ငံ့အကျိုးစီးပွားဆိုတဲ့ စကားကို ကြားရပြန်ပါတယ်။ အမျိုးသားရေးတာဝန်တို့ အရေးကြီးပြီသွေးစည်းကြစို့တို့ဆိုတဲ့ နဝတ-နအဖ ခေတ် ကြွေးကြော်သံများ ပြန်ပေါ်လာတယ်။ ကမ္ဘာ့ဇာတ်ခုံပေါ်မှာ တနိုင်ငံနဲ့ တနိုင်ငံ အမျိုးသား အကျိုးစီးပွားအခြေခံကနေ ဆက်ဆံကြတယ်လို့ ယေဘုယျ ပြောနိုင်ပေမယ့် အာဏာရ အုပ်စိုးသူ လူတန်းစားတရပ်က အမျိုးသားအကျိုးစီးပွား(ဝါ)နိုင်ငံ့အကျိုးစီးပွားလို့ဆိုတိုင်း တတိုင်းပြည်လုံးရဲ့၊ ပြည်သူလူထုတရပ်လုံးရဲ့ ဘုံအကျိုးစီးပွား ဟုတ်ချင်မှ ဟုတ်တာပါ။ ကိုယ့်တိုင်းပြည် နာမည်ကြားလိုက်ရုံနဲ့ ဘောလုံးပွဲမှာ မျိုးချစ်စိတ်ဓာတ် တက်ကြွလွန်ပြီး ဆဲဆိုရိုက်နက်ကြသလို မျက်စိစုံမှိတ်ပြီး လက်သီးလက်မောင်းတန်းနေလို့ မဖြစ်ပါဘူး။

လူ့အဖွဲ့အစည်းအတွင်း နေထိုင်ကြသူတွေကြားမှာ အကျိုးစီးပွားပဋိပက္ခတွေ ရှိပါတယ်။ လူတန်းစား တူသူတွေကြားမှာ အကျိုးစီးပွားချင်း သဟဇာတဖြစ်သလို လူတန်းစား မတူသူတွေကြားမှာလည်း အကျိုးစီးပွားပဋိပက္ခက ထင်းထင်းကြီး ရှိနေတာပါ။ သခင်နဲ့ကျွန်၊ အုပ်စိုးသူနဲ့အုပ်စိုးခံ၊ ဓနရှင်လူတန်းစားနဲ့ ပစ္စည်းမဲ့လူတန်းစား စသဖြင့်တွေကြားမှာ အကျိုးစီးပွားပဋိပက္ခ ရှိပါတယ်။

ဗမာပြည်မှာဆိုရင် စစ်ဗျူရိုကရက် ဓနရှင်လူတန်းစားနဲ့ အဖိနှိပ်ခံ ပြည်သူတွေဟာ အကျိုးစီးပွားချင်း ဆန့်ကျင်ဘက်ပါ။ တောင်သူတွေရဲ့မြေယာတွေကို သိမ်းယူပြီး စက်ရုံဆောက်၊ မိုင်းတွင်းတူး၊ ရေကာတာ ဆောက်ပြီး ကြီးပွားချမ်းသာသူတွေနဲ့ မြေသိမ်းယာသိမ်းခံရပြီး ဘဝပျက်ရသူတွေ အကျိုးစီးပွားချင်း ဘယ်လို လုပ် တူမလဲ။ စဉ်းစားကြည့်ပါ။

အုပ်စိုးသူလူတန်းစားက သူတို့လူတန်းစား အကျိုးစီးပွားနဲ့ပြည်သူလူထု တရပ်လုံးရဲ့အကျိုးစီးပွား ထပ်တူကျသလို လိမ်ညာလှည့်စားလေ့ရှိပါတယ်။ သူတို့အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ဖို့လုပ်ကြတဲ့အခါ အမျိုးသားအကျိုးစီးပွား၊ နိုင်ငံ့အကျိုးစီးပွားဆိုတဲ့ တံဆိပ်ကပ်လိုက်ပြီး ပြည်သူတွေက ထောက်ခံ အတည်ပြုပေးအောင် လုပ်ကြပါတယ်။ အခွင့်ထူးခံလူတန်းစားရဲ့ ဖောက်ပြန်တဲ့အတွင်းသရုပ် မဖုံးမဖိနိုင်လောက်အောင် ပွင့်မကျသေးခင် အဲသလိုလုပ်ဖို့ ပိုလွယ်ပါတယ်။ စစ်အုပ်စုက အောက်ခြေစစ်သားတွေကို တိုင်းပြည်အတွက်ဆိုပြီးတော့ သူတို့လက်တဆုပ်စာအတွက် အသက်တွေ၊ ဘဝတွေ စတေးခိုင်းတာလည်း ဒီသဘောပါပဲ။

နပိုလီယန် ရုရှားကို ကျူးကျော်တော့ ပြည်သစ်ပြည်ရဲ့အကျိုးစီးပွားအတွက်လို့ ဆိုပါတယ်။ ဟစ်တလာ နယ်ချဲ့တော့လည်း နိုင်ငံအကျိုးစီးပွားအတွက်လို့ပြောတာပါပဲ။ အမေရိကန်သမ္မတတွေလည်း အမျိုးသားအကျိုးစီးပွား တံဆိပ်ကပ်ပြီး ကျူးကျော်စစ်တွေ တိုက်ကြတာပါ။ ဗမာပြည်ကစစ်အုပ်စုကို ဒဏ်ခတ်အရေးယူမှုတွေမှာလည်း အမေရိကန်နိုင်ငံရဲ့အကျိုးစီးပွားအတွက် ဆိုတဲ့စကားကို အမြဲကြားရပါတယ်။ စစ်အုပ်စုရဲ့ ဒို့တာဝန်အရေးသုံးပါး ဆိုတာဟာ စစ်ဗျူရိုကရက်ဓနရှင်လူတန်းစားရဲ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့ အမျိုးသားအကျိုးစီးပွား မျက်နှာဖုံးစွပ်ထားတာသာ ဖြစ်ပါတယ်။

သူတို့မှာ တိုင်းချစ်ပြည်ချစ်စိတ် မရှိပါဘူး။ ဒါကြောင့်မို့ တတိုင်းတပြည်လုံးက ပြည်သူပိုင် သယံဇာတတွေကို သူတို့ ကိုယ်ကျိုးအတွက် ခွာချွတ်ရောင်းစားပစ်တာပါ။ နိုင်ငံခြားသားဖြစ်ပါစေ လူတန်းစား တူသူချင်း သွေးစည်းတာကိုလည်း လူတန်းစားပဋိပက္ခတွေမှာ အထင်အရှား တွေ့နိုင်ပါတယ်။ လက်ပံတောင်းတောင်အရပ်က ကြေးနီစီမံကိန်းပဋိပက္ခပဲဖြစ်ဖြစ်၊ တခြား နိုင်ငံခြားသားပိုင် စက်ရုံအလုပ်ရုံ ပဋိပက္ခတွေမှာပဲဖြစ်ဖြစ် စစ်ဗျူရိုကရက် ဓနရှင်လူတန်းစားရဲ့ ခါးပိုက်ဆောင် စစ်တပ်၊ ပုလိပ်တပ်တွေနဲ့တရားရုံးတွေက သူတို့နဲ့ အကျိုးတူစီးပွားဖက် နိုင်ငံခြားသား အရင်းရှင်တွေဘက်ကနေ ရပ်တည်တာကို တွေ့ရပါလိမ့်မယ်။ ကိုယ့်လူတန်းစားရဲ့အကျိုးစီးပွားကို မသိမြင်သေးသရွေ့ အုပ်စိုးသူလူတန်းစားလက်တဆုပ်စာက အမျိုးသားအကျိုးစီးပွားအတွက်ဆိုပြီး လိမ်ညာအသုံးချရင် ခံနေရမှာပါ။ အများစုဖြစ်တဲ့ လူမျိုးပေါင်းစုံ ပြည်သူလူထုကို ကိုယ်စားပြုသူတွေက နိုင်ငံရေးနဲ့ စီးပွားရေးအာဏာကို ဆုပ်ကိုင်နိုင်မှသာ လူများစုရဲ့ ဘုံအကျိုးစီးပွားကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ အဖိနှိပ်ခံလူတန်းစား အာဏာရမှသာ စစ်မှန်တဲ့ နိုင်ငံ့အကျိုးစီးပွားကို ကိုယ်စားပြုနိုင်လိမ့်မယ်။ လူမျိုးစုံပြည်သူတွေအနေနဲ့ မျက်ကန်းမျိုးချစ် ရှော်ဗင်ဝါဒကို ဆန့်ကျင်ပြီး လူတန်းစားတိုက်ပွဲလမ်းစဉ်ဖြစ်တဲ့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးလမ်းစဉ်ကို ကိုင်စွဲဖို့ လိုပါတယ်။

မျက်ကန်းမျိုးချစ်ဝါဒကို ပြတ်ပြတ်သားသား ဆန့်ကျင်ဖို့အတွက် ရဲဘော်ထွန်းရဲ့"ပြည်ချစ်ဝါဒ လမ်းစဉ်"ဆောင်းပါးထဲက အရေးကြီးတဲ့ အချက်တချို့ကို ထုတ်နုတ်တင်ပြပါ့မယ်။ ဗမာပြည်ကွန်မြူနစ်ပါတီက ၂၀ ရာစုအကုန် ၂၁ ရာစုအကူးမှာ ပြည်ချစ်ဝါဒလမ်းစဉ်ကို ပြည်သူသို့ တင်ပြခဲ့ပါတယ်။

("ဘာကြောင့် ပြည်ချစ်ဝါဒလမ်းစဉ်လို့ နာမည်ပေးသလဲ။ ကမ္ဘာ့အင်အားပြိုင်ပွဲ က စစ်အေးတိုက်ပွဲ (ဟောင်း) ကာလကလို ဥရောပကို ဗဟိုပြုပြီးဖြစ်မှာ မဟုတ်။ အာရှကို ဗဟိုပြုတဲ့ အင်အားပြိုင်ပွဲ ဖြစ်လိမ့်မည်။ ဗမာပြည်က ရှောင်လို့ မလွတ်။ ကြားညပ်လိမ့်မည်။ ကြားညပ်မခံရဖို့ ဗမာပြည် နိုင်ငံရေးအင်အားစုအားလုံးက 'ပြည်ချစ်ဝါဒ'ဖြင့် ရှောင်ကြရမည်ဟု သဘောရသဖြင့် 'ပြည်ချစ်ဝါဒလမ်းစဉ်'လို့ နာမည်ပေးလိုက်တာ ဖြစ်သည်။")

အထက်မှာ ဆိုခဲ့တဲ့အတိုင်း အာရှကိုဗဟိုပြုတဲ့ အင်အားပြိုင်ပွဲ ဖြစ်လာတာ အားလုံး မျက်မြင်ကိုယ်တွေ့ပါ။ အမေရိကန်က အာရှပစိဖိတ်ဒေသကို ဘယ်တုန်းကမှ မျက်ခြည်ပြတ်မခံဘူး။ တရုတ်ရဲ့ ကုန်းကြောင်း၊ ရေကြောင်း (OBOR) စီမံကိန်းနဲ့အတူ တရုတ်သြဇာကြီးထွားလာတဲ့အခါ တရုတ်ပြည်ရဲ့အင်အား

ကို ကန့်သတ်ဖို့ လိုလာတယ်။ တရုတ်-အမေရိကန် ကုန်သွယ်ရေးစစ် ဖြစ်တယ်။ တပြိုင်တည်းမှာ အနောက် အုပ်စု မီဒီယာက ဟောင်ကောင်အရေး (စီအိုင်အေ ကြိုးကိုင်တဲ့ ဖောက်ပြန်ရေးဆန္ဒပြပွဲတွေက အားကျစရာ မဟုတ်ဘူး။ ဆန္ဒပြပွဲတိုင်းကို အကောင်းမြင်ပြီး ထောက်ခံစရာလို့ မှတ်ရင် မဘသ ဆန္ဒပြပွဲတွေကိုလည်း ထောက်ခံကြဆိုတဲ့သဘောမျိုး သက်ရောက်သွားနိုင်တယ်။) ကို တောက်လျှောက် ဖွပေး၊ ဆွပေးနေတယ်။ တရုတ်ရဲ့ အနောက်ဘက်ကပ်လျက် အိမ်နီးချင်းက ဗမာပြည်ပါ။ စစ်အုပ်စုက သူ့အာဏာတည်မြဲရေး တခု တည်းအတွက် သေနတ်ပြောင်းရမ်းနေတော့ အနောက်အုပ်စုအတွက် ဆုပ်ကိုင်စရာ ဒေသတွင်းပြဿနာ တခု ရသွားပြန်တယ်။ ဒါပေမဲ့ ဗကပရဲ့ ပြည်ချစ်ဝါဒလမ်းစဉ်ကို ဆက်ဖတ်ကြည့်ပါ။

("ဗမာပြည်အရေးကြောင့်တော့ နိုင်ငံကြီးတွေ စစ်တိုက်မှာမဟုတ်။ တခြားအရေးကြောင့်ပဲ စစ်ဖြစ် နိုင်သည်။ အာရှအရှေ့မြောက်တွင် စစ်ဖြစ်လို့ကတော့ ကိုလိုနီဘဝမဟုတ်လို့ စစ်ထဲ တရွတ်တိုက် ဆွဲသွင်း တာ ခံရမည်မဟုတ်။ ပြည်ချစ်ဝါဒနဲ့ ရှောင်နိုင်သည်။ ရှောင်ရလိမ့်မည်။ ကိုယ့်တိုင်းပြည်အတွက် အကျိုးမရှိ တဲ့စစ်ကို ရှောင်တာပင်လျှင် 'ပြည်ချစ်ဝါဒ' ဖြစ်သည်။..........ဗမာပြည်ရဲ့ နယ်မြေပြည့်စုံတည်မြဲမှုကို ထိပါး လာရင်လည်း ဘယ်သူပဲ ထိပါးထိပါး ငုံ့မခံဘဲ တိုက်ရမှာဖြစ်သည်။ ဒါလည်း ပြည်ချစ်ဝါဒလမ်းစဉ်ပါပဲ။ ပြည်ချစ်ဝါဒလမ်းစဉ်ကို ဘာကြောင့်ချသလဲ ဆိုတာကို ရှင်းပြချင်ပါတယ်။ ဗမာပြည်ရဲ့ ပထဝီနိုင်ငံရေးကို အ လေးထားတဲ့ စဉ်းစားမှုပါ။ ဗမာပြည်ဟာ တောင်အာရှထဲမှာ ပါတယ်ဆိုလည်းဖြစ်၊ အရှေ့တောင်အာရှထဲ ပါ တယ်ဆိုလည်းရတဲ့ တိုင်းပြည်ပါ။ ဒါကြောင့်လည်း ASEAN ထဲ ပါနေတယ်။ ဘင်္ဂလားပင်လယ်အော် ဝန်းကျင် ဒေသအဖွဲ့အစည်း(BIMSTEC)ထဲလည်း ပါနေတယ်။ တောင်အာရှအဖွဲ့အစည်း (SAARC)ထဲ ပါချင်ရင် လည်း ကြိုဆိုကြလိမ့်မယ်။ ကျွန်တော်တို့က တိုင်းပြည်(ဗမာပြည်) အနေနဲ့ပဲ ကြည့်တာပါ။ တိုင်းပြည်ကို ကိုယ်စားပြုနေသူ စစ်အာဏာရှင်တွေ ဖြစ်နေတာက ကိုယ့်ပြည်တွင်းရေးကိစ္စပဲ။ ကိုယ့်အိမ်ထဲကအမှိုက် ကိုယ်ပဲ ရှင်းရမှာပါ။ သူများတွေကို လာအရှင်းခိုင်းလို့မဖြစ်ပါဘူး။ 'ပြည်ချစ်ဝါဒ' က တိုင်းပြည်ကို နိုင်ငံတကာ အလယ်မှာ အဆင့်နေရာရရေး၊ ထည်ထည်ဝါဝါ တင့်တင့်တယ်တယ်ရှိရေး၊ နိုင်ငံသားတွေရဲ့ နေထိုင်မှုအဆင့် အတန်း မြင့်တက်ရေး၊ ကိုယ့်ကြမ္မာကိုယ် လွတ်လွတ်လပ်လပ် ဖန်တီးရေး၊ ကိုယ့်ပြည်တွင်းရေး ပြင်ပက ဝင် မစွက်ရေး စတာတွေကို ချုပ်ပြီးပြောတာပါ။)

ဗကပက ပြည်သူကို တင်ပြခဲ့တဲ့ ပြည်ချစ်ဝါဒလမ်းစဉ်မှ ထုတ်နုတ်ဖော်ပြတာ ဖြစ်ပါတယ်။ လူတန်း စားတိုက်ပွဲကို တိုက်တဲ့အခါ ကိုယ့်လူတန်းစားအကျိုးစီးပွားကို သိဖို့ လိုပါတယ်။ စစ်ဖိနပ်နဲ့ အကန်ခံရတဲ့ ရင် ဘတ်ထဲကနေ စစ်အုပ်စုရဲ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်လိုတဲ့ ပြည်ချစ်စိတ်ဓာတ်တွေ နီးကြားမ လာနိုင်ပါဘူး။(ဖောက်ပြန်တဲ့ ပြည်တွင်းစစ်တလျှောက် ဖြတ် ၄ ဖြတ် နယ်မြေရှင်းလင်းရေး (တောရော မြို့ပါ) သွေးစွန်းတဲ့လူသတ်ပွဲများကို ဘယ်စစ်ဘက်နယ်ဘက် တရားရုံးကများ တရားမျှတစွာ တရားစီရင်ခဲ့ဖူးပါ သလဲ။)

အမျိုးသားအကျိုးစီးပွား(ဝါ) နိုင်ငံ့အကျိုးစီးပွားလို့ဘယ်သူကပြောပြော အုပ်စိုးသူလူတန်းစားရဲ့ အ ကျိုးစီးပွားနဲ့ အုပ်စိုးခံလူတန်းစားရဲ့အကျိုးစီးပွားက ဆန့်ကျင်ဘက်ဖြစ်တာကို သတိပြုမိရင် အုပ်စိုးသူ လူ တန်းစားရဲ့လက်ကိုင်တုတ်အဖြစ် အသုံးချခံရမယ့်အဖြစ်ကနေ လွတ်မြောက်နိုင်မယ်။ အုပ်စိုးသူလူတန်းစားရဲ့ နိုင်ငံရေးအမြင် ဩဇာအောက်က ရုန်းထွက်ပြီး အဖိနှိပ်ခံလူတန်းစားရဲ့အမှီအခိုကင်းတဲ့ နိုင်ငံရေးအမြင်တွေ ကို တည်ဆောက်ကိုင်စွဲကြရပါမယ်။ ပြည်ချစ်ဝါဒနဲ့ မျက်ကန်းမျိုးချစ်ရော်ဗင်ဝါဒက ပြဒါးတလမ်း၊ သံတလမ်း ပါ။ စစ်ဗျူရိုကရက်မနေရှင်လူတန်းစားရဲ့အကျိုးစီးပွားနဲ့ အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူတွေရဲ့အကျိုးစီးပွားက လုံးဝဆန့်ကျင်ဘက်ဆိုတာကို အမြဲသတိပြုမိဖို့ လိုပါတယ်။

# ကျွန်တော် ကြားဖူးသလို

## ပြောဆိုပါမည်

အမှတ်(၇)

A.ငြိမ်း

(ရဲဘော်ထွန်း လုပ်လေ့လုပ်ထရှိတာက လမ်းစဉ်ဆိုင်ရာ မူဆိုင်ရာတွေ ပြည်သူ့အာဏာမှာ ရေးကြတော့မယ်ဆိုရင် ကြိုပြင်တာ ကြိုညှိတာ လုပ်လေ့ရှိတယ်။ များသောအားဖြင့် သူရေးတာပဲ များတယ်။ (တချို့ကို ယေဘုယျ တချို့ကို အသေးစိတ် လမ်းညွှန်ချက်ပေးပြီး အရေးခိုင်းတယ်။ အဲဒီဆောင်းပါးအပေါ် ကျန်တဲ့စာ တည်းအဖွဲ့ဝင်တွေက ရေးဖို့လိုသေးတယ်ထင်ရင် အားဖြည့်ရေးကြရပါတယ်။"ပြည်ထောင်စုပြဿနာ" ကို ၂၀၀၂ ခု ပြည်သူ့အာဏာ အမှတ် ၂၂ မှာ သူရေးပါတယ်။ ခုဖော်ပြတဲ့ပေးစာက မရေးခင် လှမ်းညှိတဲ့စာပါ။ ထင်မြင်ချက်တချို့အပေါ် သူစဉ်းစားတယ်။ နောက်တော့ သူပဲ ရေးဖြစ်သွားပါတယ်။အကျိုးများမယ် ထင်လို့ ဖော်ပြလိုက်ခြင်းပါ။)

----------------------------

ရဲဘော်ထွန်းစဉ်းစားတဲ့ပြည်ထောင်စု

နဝတ- က အော်နေတဲ့ ပြည်ထောင်စုမပြိုကွဲရေးဟာ အနှစ်သာရအရ ဗမာလူမျိုးကြီးဝါဒ ဖော်ပြချက် တခု ဖြစ်တယ်။ တိုင်းရင်းသားစည်းလုံးရေးဟာ ပြည်သူအတွက် အကျိုးရှိတယ်ဆိုတာ ယူဂိုဆလပ်-ရုရှားတို့ကို ကြည့်ခြင်းအားဖြင့် လူထုကသိပြီး ဖြစ်တယ်။ ဆလော့ SLORC (နဝတ) ပြောတဲ့ဟာက သူတို့ ဖိနှိပ်မှုအောက်မှာ မပြိုကွဲရေးဖြစ်တယ်။

သခင်သန်းထွန်းရဲ့ မှတ်စုထဲကဟာတွေတချို့လည်း ပြန်ကိုးကားနိုင်တယ်။ အချက်အလက် မသေချာ မခိုင်မာတဲ့ဟာ မကိုးကားနဲ့၊ ဒီနေရာမှာ တန်းတူရည်တူရှိတဲ့ 'တကယ့်ပြည်ထောင်စုစစ်စစ်' ဆိုတာ တင်ရင် သင့်မသင့် COC များနဲ့ ညှိကြည့်ပါ။ ဗမာလူမျိုးကြီးဝါဒကို ဆန့်ကျင်ရာမှာ ပြည်ထောင်စုကို မဆန့်ကျင်ဖို့လိုတယ်။ ဆလော့ကြွေးကြော်သံရဲ့ နောက်ကွယ်ကဟာကို ဖွင့်ချဖို့သာ ဖြစ်တယ်။လက်နက်နိုင်ငံတော် မဖြစ်စေနဲ့၊ တန်းတူသွေးစည်းညီညွတ်တဲ့ ပြည်ထောင်စု ဖြစ်ရမယ်။ (သူတို့က လူမျိုး ၁၃၅ မျိုးဆိုတာ ပြောနေတာဟာ သွေးခွဲအုပ်စိုးဖို့ လုပ်နေတာ။ သွေးတူစု၊ မျိုးနွယ်စုတွေကို စာရင်းတွက်ပြီး ပြောနေတာ။ သမိုင်းနောက်ပြန်ဆွဲပြီး သွေးကွဲရေး၊ မျိုးနွယ်စု အကွဲကွဲဖြစ်ရေးကို လုပ်ရင် ပဋိပက္ခတွေပေါက်ကွဲနိုင်တယ်။ နဝတက ဒါကို လိုချင်နေတာ။ ရှုပ်ထွေးတာကို သူက ကြိုက်တယ်။ ရှုပ်ထွေးနေရင် သူက ဘစ္စမတ်လို လုပ်ဖို့ ရည်ရွယ်နေတာ။) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုပြီး ဓားနဲ့တည်ဆောက်လို့ကတော့ ပြည်တွင်းစစ်ပဲ သက်ဆိုးရှည်မယ်။

စစ်တပ်ဟာ တိုင်းပြည်တစည်းတလုံးတည်းရှိရေးအတွက် အင်အားတရပ်လို့ ထင်နေသရွေ့တော့ တကယ့်ပြည်ထောင်စု ဖြစ်မလာနိုင်ဘူး။ လူမျိုးကြီးဝါဒအရ စုစည်းတာပဲ ဖြစ်တယ်။ စစ်တပ်မှာ လူမျိုးကြီးဝါဒသမားတွေ ရော်ဗင်ဝါဒသမားတွေ လွှမ်းမိုးနေလို့ပဲ။

တကယ်လူထုခေါင်းဆောင်တွေနဲ့ တန်းတူရည်တူ၊ ဒီမိုကရေစီကျကျ ဆွေးနွေးဖြေရှင်းပြီးလုပ်မှ တကယ့် ပြည်ထောင်စု ဖြစ်မယ်။ နဝတဟာ ဒီအခန်းကို မထမ်းဆောင်နိုင်ဘူး။ လူထုထောက်ခံမှုရတဲ့ အစိုးရမျိုးကသာ လုပ်လို့ရမယ်။ (တကယ့်ပြည်ထောင်စုဆိုတာ သုံးချင်တယ်။) စဉ်းစားဖို့ပါ။

ကျဉ်းမြောင်းတဲ့ လူနည်းစုအမျိုးသားဝါဒကို တွန်းဆော်သလို မဖြစ်အောင် ရေးရမယ်။ စကားလုံးရွေးချယ်တာ တိကျမှန်ကန်ဖို့ လိုတယ်။ တည်းဖြတ်ဖို့ ကျွန်တော့်ဆီ ပို့ပါ။

တကယ့်ပြည်ထောင်စု တည်ထောင်ရေးမှာ မဆိုင်သူ တယောက်မှမပါနဲ့။ ဆိုင်သူတွေ အားလုံးပါရမယ်ဆိုတဲ့ ကြွေးကြော်သံ ပြည်ထောင်စုဆောင်းပါးမှာ တင်သင့်တယ်။ လူမျိုးကြီးဝါဒဆိုတာကို ခေါင်းကြီးအဖြစ် မတင်သင့်ပါ။

## အရေးတော်ပုံဂျာနယ်၊ အတွဲ(၃) အမှတ်-၂

## ဖောင်ပိတ်ဆောင်းပါး

**အေးငြိမ်း**

### (၁) ကာလပြောင်းပြန်

(က) စစ်တပ်က ပြောက်ကျားဖြစ်၊ သူပုန်က စစ်တပ်ဖြစ် လက်နက်ကိုင်တိုင်းရင်းသားတွေထဲမှာ အများစုက ဝ လို ဖြစ်ချင်ပြီး တချို့က AA ကို အားကျလာကြတယ်။ ကျလည်း ကျလောက်စရာကိုး -

စစ်တပ်က ပြောက်ကျားဖြစ်နေတာကတော့ ကြာပါပြီ။ ရခိုင်ပြည်နယ်ထဲ ခရီးထွက်ချင်ရင် တပ်ယူနီဖောင်း မဝတ်ရဲ၊ ရဲ (သို့) အရပ်သားအဖြစ် အယောင်ဆောင်သွားကြရတယ်။ စစ်ကြောင်းချီတဲ့အခါ အရပ်သားကို ရှေ့က အလျှောက်ခိုင်းပြီး နောက်က လိုက်တယ်။ တွေ့သမျှ အရပ်သားကိုလည်း သူပုန်ထင်နေတတ်ကြတယ်။ စခန်းချတဲ့အခါ ပတ်လည်မိုင်းထောင်ပြီး အိပ်တယ်။

AA ကတော့ ပြောင်ပြောင်တင်းတင်းပဲ၊ သွားလာလှုပ်ရှားလုပ်ကိုင်ဆောင်ရွက်နေတယ်။ ရွာတွေထဲ အေးအေးဆေးဆေး ဝင်နိုင်ထွက်နိုင် အိပ်နိုင်နေတာ တွေ့ရတယ်။

(ခ) သူပုန်က အစိုးရဖြစ်၊ အစိုးရက သူပုန်ဆီ ဆက်ကြေးပေးရတော့မယ်

AA က သူတို့ အခြေချလှုပ်ရှားနေတဲ့ ဒေသတွေသာမက ပြည်နယ်မြို့တော် စစ်တွေမှာပင် အာဏာစက် ဖြန့်ထားနိုင်တယ်။ စစ်တွေအစိုးရအုပ်ချုပ်ရေးယန္တရားက ပျက်နေပြီ။ ပြည်နယ်ဝန်ကြီးချုပ်လာရင် ဒေသခံတွေက ထပြန်မယ်လုပ်သူက လုပ်တယ်။ နာမည်ခံပဲ ကျန်တော့တယ်ဆိုတဲ့ သဘောပဲ။ လူတွေက လုပ်စရာကိုင်စရာရှိရင် အစိုးရကို အားမကိုး၊ ရပ်ကွက်လူမိုက်ကို မှီခိုတယ်။ ဒါက အလုပ်ဖြစ်တယ်။ ပြည်သူကို အကာအကွယ်ပေးရမယ့် ရဲကလည်း ကိုယ့်ကိုယ်ကိုယ်တောင် မကာကွယ်နိုင်၊ စခန်းဝင်းထဲက မထွက်ရဲဘဲ စားစရာသောက်စရာ လိုလာတဲ့အခါ ဆိုက်ကားဆရာကို ပိုက်ဆံပေးပြီး အဝယ်ခိုင်းနေရတဲ့ဘဝ -

ခု AA က ဆက်တိုက်လို ထုတ်လာခဲ့တဲ့ အမိန့်တွေကြည့်ပါ

- ရေကြောင်းခရီးသွားရင် ခွင့်ပြုချက်ယူပြီးမှ သွားပါ
- မူးယစ်ဆေးဝါးသုံးစွဲ၊ ဖြန့်ဖြူး၊ ရောင်းဝယ်သူတွေ အရေးယူမယ်
- ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေ၊ စီးပွားရေးသမားတွေ ၂၀၂၀ ကစပြီး အခွန်ဆောင်ရမယ်
- ရက္ခိုင်ပြည်သူ့အာဏာပိုင်အဖွဲ့ကို ထူထောင်မယ်

ခုနောက်ဆုံး ကုန်းလမ်းပို့ဆောင်ရေးက ယာဉ်မောင်း ၁၆ ဦး ဖမ်းထားတယ်။ စစ်သားတွေ မဟုတ်မှန်းသိလို့ လွှတ်ပေးလိုက်ပါပြီတဲ့။ ဘယ်သူ-သူပုန် ဘယ်သူ- အစိုးရလဲ မေးကြရတော့မယ်။

..........

### (၂) ဗစ်တိုးရီးယားအမှု

ရဲလုပ်ပုံကတော့ အံ့ရော

ဒါ ပြည်သူလူထုအပေါ်ထားတဲ့ သူတို့ရဲ့သဘောထားပဲ။

ဒီအမှုက သမ္မတနဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်က အချိန်နဲ့တပြေးညီ အစီရင်ခံခိုင်းထားတဲ့အမှု၊ ဂမ်ဘီယာ အမှုပြီးရင် တိုင်းပြည်က အလေးထားတဲ့အမှု၊ မျက်စိဒေါက်ထောက်ကြည့်နေတဲ့အမှု

ဒါတောင် ဂမ်ဘီယာကာလမှာ ဒီလိုလုပ်ချလိုက်တာ ဘာ့ကြောင့်လဲ

အကျိုးဆက်ကတော့ ရှေ့ကဖုံးလို့ နောက်ကပေါ်တဲ့ မသပ်မရပ် လုပ်ဇာတ်ကြီး ပေါလောပေါ်သွား ခြင်းပဲ ဖြစ်တယ်။ ဒုရဲချုပ် ဦးစီးညွှန်ကြားတဲ့ ရှင်းလင်းပွဲမှာ ထိပ်တန်းရဲအရာရှိကြီးတွေ တယောက်မျက်နှာ တယောက်ကြည့် ဖြေနေရတယ်။ ရဲဆိုပြီး 'မရဲဘဲ' ကျွဲပြစီးကြတဲ့ဒဏ်ပဲ။

ဒီအမှုထဲမှာ ဝန်ထမ်းသူရဲကောင်းတွေ ပေါ်ခဲ့တယ်။ ဥပဒေမျက်နှာကြည့်ပြီး အမှုဆင်အဖမ်းခံလိုက် ရတဲ့ တရားခံကို တရားသူကြီးက လွှတ်ပစ်လိုက်တယ်။ နေပြည်တော် ခုတင် ၁၀၀၀ ဆန့် ဆေးရုံကြီးမှ ဆေး ရုံအုပ်ကြီးက မှုခင်းရဲတပ်ဖွဲ့ ထွက်ဆိုစေချင်သလို မထွက်ဘဲ သူတို့အကွက်ဆင်တဲ့ လှည့်ကွက်တွေ ဖွင့်ချ လိုက်တယ်။ သူတို့ ၂ ယောက်စလုံးကို 'မိုးရန်နိုင်' ဘွဲ့ထူးပေးသင့်ပါတယ်။ ထူးခြားတာက ၂ ယောက်စလုံးက အမျိုးသမီးဝန်ထမ်းတွေ ဖြစ်နေတယ်။

မူလလက်ဟောင်း 'မိုးရန်နိုင်' အစစ်လည်း ပြန်ပေါ်လာပြီး ဥပဒေကို တည့်မတ်ပေးတာ တွေ့ရ တယ်။ ဒါက တကျော့ပြန် ပြည်သူတွေလူပ်လာပြီဆိုတာ ပြတယ်။ သူတို့ ဘာ့ကြောင့် ဒီလိုလုပ်လိုက်ရတာလဲ။ လုပ်ကိုလုပ်မှ ဖြစ်မယ်ဆိုတဲ့အဖြေ ထွက်တယ်။ သူတို့လဲပဲ ၂၀၁၈ ခြေဥအနုစ်သာရအရ 'တပ်မတော်သာအမိ တပ်မတော်သာအဖ' ခံယူထားရတာကလား။

ရဲရဲ့ 'ဒို့တာဝန်အရေးသုံးပါး' ဆိုတာရှိရင် 'တပ်မတော်ကို ကာကွယ်ရေး ဒို့အရေး' ဆိုတဲ့ တပါးက တော့ မုချပါရမှာပါ။

**၃။ ပြောရေးဆိုခွင့် ရှိသူများ**

နှစ် ၇၀ ကျော်ရှည်ကြာလွန်းတဲ့ ပြည်တွင်းစစ်ကာလကြီးထဲမှာ အစိုးရနဲ့ သူပုန်၊ အစိုးရနဲ့ အတိုက် အခံ၊ အစိုးရနဲ့ NGO တဖက်နဲ့တဖက် ပြောစရာတွေက များပါတယ်။ ဒီအထဲမှာ အများဆုံးတာဝန်ခံ ပြောနေတဲ့ အစိုးရဘက်က ပုဂ္ဂိုလ်များကို ကြည့်မိပါတယ်။

ထင်ရှားသူများထဲမှာ ဦးဟောက်ဒိုစွမ်း၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးဇော်ဌေး၊ မှူးချုပ်ဇော်မင်းထွန်း၊ မှူးကြီးဝင်းဇော်ဦးတို့ကို တွေ့မိပါတယ်။ ပထမ ၃ ယောက်ဟာ ဆိုင်ရာဆိုင်ရာ နယ်ပယ်တွေမှာ လှည့်ကာ ပတ်ကာ ပါးစပ်လှည်းပဒေါင်း(လှည်းပုံတောင်း) လိုက်အောင် ဖြေရှင်းကြရတာပါ။ မျက်နှာငယ်ငယ်နဲ့ တခါတ ရံ အသံတိမ်ဝင်သွားသည်အထိ တာဝန်ထမ်းရပါတယ်။ စစ်အရာရှိ ၂ ယောက်ကတော့ ပြောင်ပြောင်တင်း တင်းနဲ့ ခပ်ရှင်းရှင်းပဲ ပြောကြပါတယ်။ အခိုင်အမာတွေ ပြနိုင်လျက်နဲ့ ငြင်းကြတယ်၊ မသိသေးဘူးဆိုပြီး ပုတ် ထုတ်တာလည်း ရှိတယ်၊ သူတို့ပြောစကားတွေ ကို မြည်းစမ်းကြည့်ပါ။

- ပုတီးစိပ်ပြီး မေတ္တာမပို့နိုင်ဘူး၊ ကြဲသင့်ကြဲရမှာပဲ၊ ချသင့်ချရမှာပဲ။

- (ခံရသူတွေက ဒဏ်ရာတွေ လှန်ပြနေပေမယ့်) - ဒီဖြစ်စဉ်မျိုး မရှိဘူး၊ မလုပ်ဘူး

------ စစ်ကြောရေးကိစ္စတွေမှာ ခြေလွန်လက်လွန် မဖြစ်အောင် အောက်ခြေကို ညွှန်ကြားထားပြီး သားပဲ။

- (ပလက်ဝ - မြေပုံတိုက်ပွဲအတွင်း) လေယာဉ်ကတော့ အပေါ်က ကင်းထောက်ဝဲတာ ရှိတယ်၊ ဒါပဲ ပြောလို့ရမယ်၊ ကျန်တာက တော့ ကျနော်လည်း ဂဃနဏ မသိသေးဘူး။

- (မြောက်ဦးတမြို့လုံးမြင်နေ၊ ပြေးနေ၊ ရှောင်နေရပါလျက်) လက်နက်ကြီးတလုံးရဲ့ တန်ဖိုးက ၅ သိန်းလောက်ရှိတယ်၊ အဲဒီတော့ မလိုအပ်ဘဲနဲ့တော့ မပစ်ပါဘူး၊ ဘယ်ကမှလည်း မပစ်ဘူး၊ တိုက်ပွဲဖြစ်တာ လည်း မရှိဘူး။

- (နောက်တခါ ပြောပြန်တော့) မြို့လုံခြုံရေး ဆောင်ရွက်နေတဲ့ တပ်အဖွဲ့ကို AA ဘက်က ပစ်ခတ် တာကြောင့် ပြန်ပစ်ခတ်တာ၊ ထိခိုက်ဒဏ်ရာ ရှိမရှိတော့ မသိဘူးဗျ၊ ဘုရားမှာ မြို့လုံခြုံရေးတာဝန် ထမ်း

ဆောင်နေတာကို AA က နေရာ ၃ ခုကနေ ပစ်တာ၊ သူ့ပစ်ကိုယ်ပစ် ပစ်တာပဲ၊ မြို့ထဲမှာ လာပစ်တယ်ဆိုရင်တော့ ဒီလိုပဲ မှန်မှာပဲ၊ ကျွန်တော်တို့ကတော့ ဘာမှ ထိခိုက်မှု မရှိဘူး။

- လက်နက်ကိုင်တပ်ဖွဲ့ဆိုပေမယ့် AA ဟာ သောင်းကျန်းသူဖြစ်တယ်။

ဒီလိုနဲ့ ၂၀၁၉ ခုနှစ်ကုန် ၃ ရက် (ဒီဇင်ဘာ ၂၉၊ ၃၀၊ ၃၁) မှာ ကင်းထောက်တာပဲ လုပ်တယ် ဆိုပေမယ့် တိုက်လေယာဉ် ၃ စင်းနဲ့ တိုက်၊ ရှော့ကက်တွေနဲ့ ပစ်၊ လက်နက်ကြီးတွေနဲ့လည်း ထုပြီး နှုတ်ဆက်လိုက်တာကြောင့် ၂၀၂၀ ဘက် မျှော်တွေးလိုက်သော် ရင်လေးစရာချည်း တွေ့နေရပါတယ်။

လက်ရှိ စာရင်းချုပ်မှာတော့ ရခိုင်ပြည်သူ(အရပ်သား) သေဆုံးရသူ ၈၀ ကျော်၊ ထိခိုက်ဒဏ်ရာရ ၁၂၀ ကျော်နေပါပြီ။

**၄။ အလုပ်ရှုပ်နေသော ကာချုပ်**

နိုဝင်ဘာ ၂၉ ရက်နေ့က NLD အစိုးရကို သဘောမကျကြောင်း၊ တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမယ်လို့ ပြောခဲ့တဲ့ ကာချုပ်-

၂၀၁၉ ခုနှစ်အတွင်း စစ်ရေး၊ နိုင်ငံရေး၊ စစ်စီးပွားရေးကိစ္စခေါင်းစဉ်တွေနဲ့ မိသားစုအနာဂတ်ပြည့်စုံအောင် တရုတ်၊ ရုရှား၊ ဂျပန်၊ အိန္ဒိယ၊ ဗီယက်နမ်နိုင်ငံတွေဘက် တရစပ် ခရီးထွက်ခဲ့တဲ့ကာချုပ်-

ICJ ရုံးတက်နေတဲ့ "အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့၏ လုပ်ဆောင်ချက်များကို ထောက်ခံပါသည်" ဆိုသော "ရှမ်းပြည်နယ်လွှတ်တော်တွင် တင်သွင်းသည့် NLD အမတ်၏ အရေးကြီးအဆို"ကို ကြံ့ဖွံ့နဲ့ စစ်တပ်ကိုယ်စားလှယ်တွေက ကန့်ကွက်ပယ်ချတဲ့ ကိစ္စမှာ တာဝန်ရှိတဲ့ ကာချုပ်-

အနီကာချုပ်က နှစ်ကုန်ကာလတွင်ပေးခဲ့တဲ့ မိန့်ခွန်း ၂ ခုနဲ့ သဝဏ်လွှာကို အလေးထားမိတယ်၊ ခွဲခြမ်းစိတ်ဖြာ၍လည်း ကြည့်မိတယ်။

- ၁။ တပ်မတော်သည် စည်းကမ်းတကျ အမိန့်နှင့် ညွှန်ကြားချက်ဖြင့် ပြဋ္ဌာန်းထားသော စစ်စည်းကမ်းနှင့် နယ်ဘက်ဆိုင်ရာ ဥပဒေများ သိရှိနားလည်ရန်လိုသကဲ့သို့ လိုက်နာရန် လိုအပ်ကြောင်း

- သွေးချင်းညီအစ်ကို တိုင်းရင်းသား မောင်နှမများဖြင့် ဖွဲ့စည်းထားသော မိမိတို့တပ်မတော်တွင် လူမျိုးရေး၊ ဘာသာရေး ခွဲခြားမှု အလျှင်းမရှိသကဲ့သို့ (ဒီဇင်ဘာ ၂၃ / တပ်မတော်ကြည်း ဗိုလ်သင်တန်းကျောင်းဆင်းမိန့်ခွန်း)

မှတ်ချက်။ ။ မျဉ်းသားထားသည်များက ဟုတ်ရဲ့လား၊ လိုက်နာရဲ့လား မေးထားတာပါ။

- ၂။ ဘာသာရေးကို အသုံးချ၍ စည်းလုံးမှု ပြိုကွဲအောင်လုပ်ဆောင်မှု ဂရုပြုရမည် (ဒီဇင်ဘာ ၂၅ ခရစ်စမတ် မိန့်ခွန်း)

မေးခွန်းများ ---- ဘာသာရေးနှင့် လူမျိုးရေး ပဋိပက္ခဖြစ်အောင် ဘယ်သူတွေလုပ်သလဲ၊ ဘယ်ဘာသာဝင်တွေ လူ့အခွင့်အရေး အဆုံးရှုံးဆုံးလဲ။

- ၃။ နှစ်သစ်ကူးသဝဏ်လွှာ- ငြိမ်းချမ်းရေးအတွက်သော်လည်းကောင်း၊ နိုင်ငံရေးအတွက်သော်လည်းကောင်း အရေးပါတဲ့နှစ်တနှစ်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မိဘပြည်သူများကလည်း အစစအရာရာ ချင့်ချိန်သုံးသပ်ကာ တပ်မတော်နဲ့လက်တွဲပြီး ဒီ ၂၀၂၀ ကာလကိုလည်း ကျော်လွန်ကျော်ဖြတ်နိုင်ပါစေ ဟု ဆုမွန်ကောင်းတောင်းပါကြောင်း။

(မှတ်ချက်။ ။ ဘယ်ကာချုပ်မှ ဒီလိုသဝဏ်လွှာမျိုး ပေးတယ်မကြားမိဖူးဘူး၊ သတိပေးသံ၊ တောင်းဆိုသံတွေ ပါနေတယ်လို့ ခံစားမိတယ်၊ ဒါကလည်း ရှေ့မှာဖော်ပြထားတဲ့ အချက်တွေကြောင့် ဖြစ်တယ်။ "တပ်မတော်အနေဖြင့်" ဆိုတာမှာ 'တပ်မတော်အတွက်' မဟုတ်ဖို့ပါပဲ။)

(၁၊ ၁၊ ၂၀၂၀)

# အရေးတော်ပုံဂျာနယ်၊ အတွဲ(၃) အမှတ်(၂)

## မာတိကာ


(၁) စာတည်းအဖွဲ့အမှာ(၂)

(၂) .....ဒီမိုကရေစီ လမ်းမပေါက်ဘူး(၆)

(၃) ဗမာပြည်မှာ ပြဿနာတွေ.....(၁၁)

(၄) ပြည်သူတွေကို လိမ်ညာလှည့်ဖြားဖို့.....(၁၃)

(၅) .....အရင်းရှင်စနစ် ခယောင်းလမ်း(၁၇)

(၆).....အမေရဲ့ဘဝနိဂုံး.....(၂၁)

(၆) နောင်တော်ရဲဘော်ကြီးများ ကျေးဇူး(၂၄)

(၇) အလုပ်သမားလူတန်းစား ရပ်တည်ချက်.....(၂၇)

(၈) .....အရင်းရှင်စနစ်ရဲ့ အကြမ်းဖက်မှု(၂၉)

(၉) ရုရှားဖက်ဒရေးရှင်း ကွန်မြူနစ်ပါတီ.....(၃၃)

(၁၀) ဖက်ဆစ်တော်လှန်ရေးနဲ့ ဖေဖေ(၃၇)

(၁၁) ဖေဖေနဲ့ ဦးလေးဗန်းမော်တင်အောင်(၄၃)

(၁၂).....လက်နက်ကိုင် အင်ပါယာ(၄၇)

(၁၃) .....ရဲဘော်မောင်လေးအား အလေးနီပြုခြင်း(၆၀)

(၁၄) .....ဗမာပြည်ဘယ်လဲ(၆၃)

(၁၅) .....ငြိမ်း နိဘယ်ဆုရှင်ကို.....(၆၆)

(၁၆) .....ချီလီ လူထုအုံကြွမှု(၆၉)

(၁၇) စစ်အုပ်စုက သေနတ်နဲ့.....(၇၈)

(၁၈) လှုပ်ရှားလာသော နွေဦးသစ် (၈၀)

(၁၉) နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှု.....(၈၃)

(၁၉) လူတန်းစားအကျိုးစီးပွားကို သတိပြုကြ (၉၅)

(၂၀) ကျွန်တော်ကြားဖူးသလို ပြောဆိုပါမည်(၉၈)

(၂၁) ဖောင်ပိတ်ဆောင်းပါး (၉၉)